# သိပ္ပံနည်းကျဗုဒ္ဓအဘိဓမ္မာ




## သိပ္ပံမိမျိုး

သိပ္ပံတွဲ့(ရန်ကုန်) မဟာဝိဇ္ဇာ(ကော်နဲလ်)

ပြုစုရေးသားသည်

# သိပ္ပံနည်းကျ ဗုဒ္ဓအဘိဓမ္မာ

သိပ္ပံမျိုး

သိပ္ပံဘွဲ့(ရန်ကုန်) မဟာဝိဇ္ဇာ(ကော်နဲလ်)

ပြုစုရေးသားသည်။

# THE SCIENTIFIC BUDDHISM

(A Scientific Synthesis of the Absolute Philosophy of Absolute Mind and the Relative Ideology of Absolute Matter.)

By

Thapepain Myo

B.Sc (Rgn), M.A. (Cornell)

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ် (၅၀၂၇-က)


ပထမအကြိမ်

အုပ်ရေ ၃၀၀၀

၁၉၇၂၊ ဂျူလိုင်

အရောင်ရိုက်-မောင်ဝင်း

**ရောင်းဈေး ၄-ကျပ်**

**ပုံနှိပ်သူ/ထုတ်ဝေသူ**

ရွှေဟင်္သာပုံနှိပ်တိုက်၊ (၀၁၀၀) ၉၂၊ ၉၃-လမ်း ရန်ကုန်တွင် မောင်ကျော်ညွန့်က တာဝန်ခံပုံနှိပ်၍ ဝင်းမော်ဦးစာပေ (၀၂၂၃) အမှတ် ၅၀၁၊ ကုန်သည်လမ်း၊ရန်ကုန်မှ ဦးတင်မောင်က တာဝန်ခံ ထုတ်ဝေသည်။

# သိပ္ပံမျိုး

✻ ဤစာအုပ်ရေးသားသူမှာ ဟံသာဝတီခရိုင် မုခ်ကျွန်းမှ လယ်သမားတဦး၏သား ဖြစ်ပြီး ငယ်စဉ်က မုခ်ကျွန်းသာသနာ ပိုင် ဆရာတော်ဘုရားကြီး၏တပည့် ဖြစ်ခဲ့သည်။

✻ ၁၉၅၄-၅၆ ခုနှစ်များတွင် ယခင် သက်ကြီးတက္ကသိုလ် **သိပ္ပံ-အသင်း** ဥက္ကဋ္ဌအဖြစ်၎င်း၊ ယခု လုပ်သားကောလိပ် ဖြစ်မြောက်ရေး တိုက်ပွဲဝင် ကော်မီတီကြီး၏ အထွေထွေ အတွင်းရေးမှူးအဖြစ်၎င်း ဆောင်ရွက်ခဲ့သည်။

✻ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ **သိပ္ပံဘွဲ့**ကို ရရှိ ပြီး နည်းပြဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အမေရိကန်ပြည် ကော်နဲလ်တက္ကသိုလ်မှ **မဟာဝိဇ္ဇာ (လူမှု သိပ္ပံ)**ဘွဲ့ကို ရရှိခဲ့သည်။

✻ **ထွန်းနေ့စဉ်သတင်းစာ**တွင် လူမှုသိပ္ပံဆိုင်ရာ အခန်း ဆက် ဆောင်းပါးပေါင်းများစွာကို ရေးခဲ့သည်။ **ဂါးဒီးယန်း မဂ္ဂဇင်း**တွင် အင်္ဂလိပ်ဘာသာဖြင့် လူမှုရေးရာ ဆောင်းပါး အချို့ကို ရေးခဲ့သည်။ **ငွေတာရီမဂ္ဂဇင်း**တွင်လည်း သဘော တရားသိပ္ပံ ဆောင်းပါးအချို့ကို ရေးခဲ့သည်။

✻ သူရေးနိုင်သမျှ ရေးခွင့်မကြုံခဲ့ရ၍ နှစ်နှင့်ချီကာ ရှာမှီး ပြုစုထားသော **သူ့အတွေးနှင့် သူ့အရေးများ**ကို ဤစာအုပ် တွင် တခမ်းတနား ဆန်းပြားစွာ တင်ဆက်ထားသဖြင့် အခက် အခဲအမျိုးမျိုးကြားမှ ထူးခြားစွာ ထုတ်ဝေလိုက်ရပါကြောင်း။

**ဝင်းမော်ဦးစာပေ**

# မာတိကာ


နိဒါန်း .... .... .... ၅

အခန်း(၁) သိပ္ပံနည်း၏ အခြေခံသဘောများ .... ၉

(က) အရှိတရားနှင့် အသိတရား .... ၉

(ခ) အသိတရားနှင့် အကျင့်တရား ၁၆

(ဂ) သိပ္ပံသဘောတရားနှင့် လက်တွေ့ကို ပေါင်းစပ်ခြင်း .... .... ၂၄

အခန်း(၂) သိပ္ပံနည်းကျခြင်းဆိုတာ ဘာလဲ .... ၃၄

အခန်း(၃) သိပ္ပံနည်းကျသော လောကကြီးသုံးပါး ၄၉

အခန်း(၄) သိပ္ပံနည်းကျသော ရုပ်သဘောတရား ၆၉

အခန်း(၅) အချိန်နှင့် နေရာကို ဖန်ဆင်းခြင်း .... ၇၇

အခန်း(၆) ထာဝရတည်မြဲသော နယ်ပယ်ကြီး .... ၈၅

အခန်း(၇) သခ်ီတနယ်နှင့်အသခ်ီတနယ်ကို ပိုင်းခြားခြင်း .... .... ၉၀

အခန်း(၈) သိပ္ပံနည်းအလွန်ကျသော ဗုဒ္ဓ၏ပရမတ် (၄)ပါး အခြေခံတရား .... ၉၆

(က) သိပ္ပံနည်းအလွန်ကျသော ဗုဒ္ဓ၏ ရုပ်ပရမတ်တရား ........ .... ၉၇

(ခ) သိပ္ပံနည်းအလွန်ကျသော ဗုဒ္ဓ၏ စိတ်ပရမတ်တရား .... ၁၀၉

(ဂ) စိတ်ပရမတ်တရားကြီးနှင့် အညမည သမ္ဗန္ဓတရား .... .... ၁၁၅

# မာတိကာ


(ဃ) စိတ်ပရမတ်တရားကြီးနှင့် ကဏ္ဍာ
ကောစ ပဋိပက္ခတရား .... ၁၂၀

(င) သိပ္ပံနည်းအလွန်ကျသော ဗုဒ္ဓ၏
စေတသိက်ပရမတ်တရား .... ၁၂၈

အခန်း(၉) ပရမတ်(၃)ပါးတရားကို သိပ္ပံဥပဒေသ
များဖြင့် ချဉ်းကပ်လေ့လာခြင်း .... ၁၃၂

အခန်း(၁၀) ပရမတ်(၃)ပါး တရားနှင့် သင်္ခတ
စကြာဝဠာ .... .... .... ၁၅၅

အခန်း(၁၁) သင်္ခတစကြာဝဠာနှင့် အိုင်စတိုင်း၏
အမြင်များ .... .... .... ၁၇၃

အခန်း(၁၂) ပရမတ်(၃)ပါး တရားနှင့် အနုမြူသိပ္ပံ
ပြဿနာများ .... .... .... ၁၉၄

အခန်း(၁၃) စိတ်ပရမတ်စွမ်းအင်ကို ညူကလီယားသိပ္ပံ
အမြင်ဖြင့် ဆင်ခြင်သုံးသပ်ခြင်း .... ၂၀၉

အခန်း(၁၄) စိတ်ပရမတ်စွမ်းအင်၏ဖွဲ့စည်းတည်ဆောက်
ပုံကို သိပ္ပံအမြင်ဖြင့် တင်ပြခြင်း .... ၁၃၄

အခန်း(၁၅) နိဗ္ဗာန်ပရမတ်တရားနှင့် အသင်္ခတနယ်ကြီး
အတွင်းသို့သိပ္ပံနည်းများဖြင့်ချဉ်းကပ်ခြင်း ၂၇၀

နိဂုံးချုပ် .... .... .... ၃၀၅

# ကန်တော့ပန်း

သံသရာတခွင်မှ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် အပေါင်းအသင်း ဤစာအုပ်ဖြင့် ကျေးဇူးတုန့်တင် ကန်တော့ပန်းဆင်ပါ၏။

သိပ္ပံမျိုး

# သိပ္ပံနည်းကျ ဗုဒ္ဓအဘိဓမ္မာ

# နိဒါန်း

ဤစာအုပ်သည် သိပ္ပံစာတမ်းလည်း မဟုတ်၊ သဘောတရားစာစောင်လည်း မမည်၊ အဘိဓမ္မာကျမ်းဟုလည်း မဆိုနိုင်သော စာအုပ်တမျိုးသာ ဖြစ်ပါ၏။ ဤစာအုပ်၏ အမျိုးအမည်ကို အသင့်လျော်ဆုံး ကင်မွန်းတတ်ရလျှင် **သုတပဒေသာ စာဆန်းတပုဒ်**ဟုသာ ဆိုရပါမည်။

ဤစာအုပ်၏ အဓိက ရည်ရွယ်ချက်မှာ ခေတ်သိပ္ပံအမြင်ဖြင့် အရာရာကို ဆင်ခြင်တိုင်းထွာလိုကြသော ခေတ်လူသားများအတွက် စဉ်းစားဝေဖန် ကြည့်စတွေးတောဘွယ်ရာ **အစာ** အာဟာရ တမျိုးအဖြစ် လူနှင့် သိပ္ပံပညာကို မဇ္ဈိမတိုင်း ရုပ်သဘောတရားနှင့် စိတ်အဘိဓမ္မာတို့ဖြင့် (စတုမခု)ကြိုကာတင်ပြထားခြင်း ဖြစ်ပါသည်။

မဇ္ဈိမတိုင်း၏ အစာအာဟာရတို့တွင်(စတုမခု)သည် လူတိုင်းနှင့် သင့်မြတ်နိုင်သော အာဟာရ ဆေးတပါးဖြစ်၍ လူမျိုးမရွေး၊ ဘာသာမရွေး၊ ယဉ်ကျေးမှုမရွေး သုံးဆောင်နိုင်သောသဘောရှိ၏။ ဤစာအုပ်မှာလည်း လူမျိုးမရွေး၊ဘာသာမရွေး၊

ယဉ်ကျေးမှုမရှေး၊ ခေတ်သိပ္ပံပညာနှင့် အဘိဓမ္မာပညာကို လိုလားသူတိုင်း သုံးဆောင်နိုင်ရန် ရည်သန်ထားသည်မှာ အမှန်ပင် ဖြစ်၏။

သို့ဖြစ်ရာ ဤစာအုပ်တွင် အဓိကပါဝင်သော အဘိဓမ္မာ ဆရာကြီး ဗုဒ္ဓဂေါတမအား အတိုင်းမသိသော ဉာဏ်ပညာတို့ဖြင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်ဘုရားဟူ၍ ကြည်ညိုလေးစားစွာ ချီးကြူး ရေးသား ဂုဏ်ပြုထားခြင်းကို သိပ္ပံနည်းကျလိုသော လူများသည် ဘာသာရေးအမြင်သက်သက်ဖြင့် မရှုကြည့်သင့်ပေ။ ဘီစီ ၆၀၀ စုနှစ်မှ စ၍ ယနေ့တိုင်အောင် အလွန်ကျော်စော ထင်ရှားသော မဇ္ဈိမတိုင်း အဘိဓမ္မာဆရာကြီး တဆူအဖြစ်သာလျှင် ရှုမြင်သင့်ပေသည်။

ဤသို့ တင်ပြရခြင်းမှာ အခြားကြောင့်မဟုတ် ဗုဒ္ဓ၏ အဘိဓမ္မာစစ်စစ်များသည် ယခုခေတ်၏ အမြင့်မားဆုံးသော သိပ္ပံသဘောတရားများဖြင့် ချိန်ထိုး၍ နားလည်သဘောပေါက်နိုင်သောကြောင့် ဖြစ်၏။ ဤကိစ္စတွင် အဓိကပြဿနာမှာ ဗုဒ္ဓဝေါဟာရများနှင့် သိပ္ပံဝေါဟာရများအတွင်း တိကျစွာ ဆက်စပ်ညှိနှိုင်းပေးနိုင်ခြင်း မရှိသော သမိုင်းပေး ပြဿနာကြီးသာလျှင် ဖြစ်၏။

အကယ်၍သာ ဗုဒ္ဓ၏ အဘိဓမ္မာ ဝေါဟာရတို့သည် ခေတ်သိပ္ပံဝေါဟာရများထက် နှစ်ပေါင်း ၃၀၀၀ ခန့် ဝါရင့်နေခြင်း မရှိခဲ့လျှင် ယနေ့သိပ္ပံပညာသည် ဗုဒ္ဓအဘိဓမ္မာကို သိပ္ပံပညာ၏ လမ်းညွှန်သဘောတရားကြီးအဖြစ် ခံယူကျင့်သုံးနေမည်သာ ဖြစ်သည်။ သို့ရာတွင် ယနေ့ လူသားအများစုတို့မှာ ဗုဒ္ဓဝေါဟာရများကို နားလည်ရန် မဆိုထားနှင့် မှန်ကန်စွာ ဖတ်တတ်

ရန်ပင် အတော်ခဲယဉ်းလာကြပြီ ဖြစ်ရာ အဘိဓမ္မာနှင့် သိပ္ပံပညာကို ကြောင်းကျိုးမှန်ကန်စွာ ဆက်စပ်နားလည်ရန်ထက် တသီးတခြား ကန့်၍ထားရန်သာ ပိုမိုလိုလားလာကြ၏။

ဤသဘောထားမှာ တိုင်းတပါးသားများအတွက် အရေးမကြီးလှသော်လည်း မဇ္ဈိမတိုင်းသားများ အတွက်ကား အလေးအနက် စဉ်းစားရပေ၏။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓအဘိဓမ္မာသည် မဇ္ဈိမတိုင်း အတွေးအခေါ်များတွင် အခက်အခဲဆုံး၊ အနက်နဲဆုံး၊ အကျယ်ပြန့်ဆုံးနှင့် အခိုင်မာဆုံးသော အဘိဓမ္မာကြီး ဖြစ်ခြင်းကြောင့်တည်း။

ဗုဒ္ဓအဘိဓမ္မာကို ဘာသာရေးသက်သက်ဟု ယူဆထားသော တိုင်းတပါးသားအချို့က မဇ္ဈိမတိုင်း အတွေးအခေါ်ဟူ၍ မယ်မယ်ရရမရှိဟုပင် ပြောဆိုရေးသားကြပုံများကို တွေ့ကြရသည်။ ထို့ပြင် ယခုအခါ၌ မဇ္ဈိမတိုင်းသားတို့၏ ကောင်းသော ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ယိုယွင်းပျက်ပြားစေသော တိုင်းတပါး အတွေးအခေါ်များနှင့် ယဉ်ကျေးမှုများမှာ မဇ္ဈိမတိုင်းအတွင်းသို့ ချဉ်းနင်းဝင်ရောက်လာကြသည်က များလှစွာ၏။ မဇ္ဈိမတိုင်းအဘိဓမ္မာနှင့် ယဉ်ကျေးမှု အစဉ်အလာများက တိုင်းတပါးသို့ ထိုးဖောက်ဝင်ရောက်မှုမှာ နည်းပါးလှပေသည်။

ထို့ကြောင့် သိပ္ပံနည်းအလွန်ကျသော ဗုဒ္ဓ၏ မဇ္ဈိမတိုင်းအဘိဓမ္မာကြီးအပေါ်တွင် အချို့သော တိုင်းတပါးသားတို့၏ အမြင်မှာ အလွန်ပင် ချွတ်ချော်တိမ်းပါးလျက် မဟုတ်မတရား ပြောဆို ဝေဖန်ရေးသားမှုများကို တခါတရံ တွေ့ကြုံရတတ်ပေသည်။ ဤသို့ ဖြစ်ရခြင်းမှာ အခြားသော အကြောင်းများ

ထက် ဗုဒ္ဓအဘိဓမ္မာနှင့် ခေတ်သစ်သိပ္ပံပညာကို ပိုင်နိုင်စွာ ညှိနှိုင်းဆက်စပ်ပေးရန် ဝေါဟာရ ခြားနားချက်များက ဟန့်တားလျက် ရှိနေခြင်းကြောင့် ဖြစ်ပေသည်။

သို့ဖြစ်ရာ ခေတ်သိပ္ပံပညာနှင့် အဘိဓမ္မာကို အတော်အသင့် လေ့ကျင့်မှု ရှိထားသူများအနေဖြင့် မဇ္ဈိမတိုင်း အဘိဓမ္မာကြီးကို ခေတ်သိပ္ပံပညာဖြင့် ချိန်ထိုး၍ပြကာ တိုင်းတပါး အတွေးအခေါ်များ နယ်ပယ်တွင် မဇ္ဈိမတိုင်း အဘိဓမ္မာဆိုသည်မှာ ဤမျှ နက်နဲသိမ်မွေ့၍ ညူးကလီးယားသိပ္ပံပညာ၊ အာကာသသိပ္ပံပညာတို့၏ ပြဿနာများကိုပင် ဝေါဟာရအနက်အဓိပ္ပာယ်ချင်း ညှိနှိုင်းဆက်စပ်ကာ အဖြေရှာပေးနိုင်ကြောင်း ဤစာအုပ်တွင် သက်သေထူရန် ကျိုးပမ်းထားပါသည်။

ထို့ပြင် ဗုဒ္ဓအဘိဓမ္မာကို သိပ္ပံမီးမောင်းထိုး၍ ရှုးသားစွာ စူးစမ်းလေ့လာလိုကြသော ခေတ်ပညာတတ် လူငယ်လူရွယ် လူလတ် လူကြီးများအတွက် အဘိဓမ္မာနှင့် သိပ္ပံပညာနယ်ခြားကန့်သတ်မှုကြီးအား ကောင်းစွာ ဆက်သွယ်ပေါင်းကူးလျက် အခြေခံ လမ်းခင်းပေးသော တာဝန်တရပ်ကို ဤစာအုပ်သည် အတော်အသင့်ထမ်းဆောင်မည်ဆိုလျှင် ရေးရကျိုး နပ်ပြီဟု ထင်မြင်ယူဆမိပါသတည်း။

**ဗုဒ္ဓသိပ္ပံစိရံတိဋ္ဌတု**

သိပ္ပံမျိုး
သိပ္ပံဘွဲ့(ရန်ကုန်)၊မဟာဝိဇ္ဇာ(ကော်နဲလ်)

ရန်ကုန်မြို့
၁၉၇၀-ခု၊ နိုဝင်ဘာလ(၁၀ရက်၊)

# အခန်း (၁)

# သိပ္ပံနည်း၏ အခြေခံသဘောများ

## (က) အရှိတရားနှင့် အသိတရား

အရှိတရားနှင့် အသိတရား ဟူသော စကားလုံးများမှာ သုံးရလွယ်သလောက် အနက်အဓိပ္ပာယ် ကျယ်ဝန်းလှ၏။ လူ၏ ပတ်ဝန်းကျင်တခုလုံးသည် အရှိတရားနယ်ပယ်ကြီး ဖြစ်သည်။ လူသည် မွေးဖွားလာသောအချိန်မှစ၍ အရှိတရားနယ်ပယ်ကြီး အတွင်းသို့ ကိုယ်တိုင် သက်ဆင်းလာခဲ့၏။ သေဆုံးရသောအချိန် အထိ ထိုနယ်ပယ်ကြီးအတွင်း၌ ကျင်လည် ကျက်စားခဲ့ရသော အတွေ့အကြုံများမှာ ထိုလူအတွက် အသိတရားများ ဖြစ်လာကြသည်။

ဤနည်းအားဖြင့် အရှိတရားနှင့် အသိတရားတို့သည် အဆက်အသွယ်လုပ်ကာ အပြန်အလှန် အကြောင်းအကျိုး ပြုရင်း နယ်ပယ် ကျယ်ဝန်းလာရလေသည်။ လူတဦး၏ ဘဝ ပေးအခြေအနေနှင့် ဘဝအတွေ့အကြုံများအရ အရှိတရားနှင့် အသိတရားတို့၏ နယ်ပယ် အကျယ်အဝန်းကို မည်သည့်နည်း နှင့်မျှ အတိအကျ တိုင်းတာ၍ မရနိုင်ချေ။ ဤအချက်သည် လူတဦးနှင့်တဦးမှာ အခြေခံအရည်အသွေးများအရ တူညီကြ

ပြီး ဘဝပေးအခြေအနေနှင့် ဘဝအတွေ့အကြုံများအရသာ လျှင် ကွဲပြား ခြားနားမှုဖြစ်ရကြောင်း ညွှန်ပြလေသည်။

ထို့ကြောင့် လူသားတို့အတွက် ဘဝပေးအခြေအနေနှင့် ဘဝအတွေ့အကြုံများပါဝင်သော အရှိတရားနယ်ပယ်ကို တူညီအောင် ဖန်တီးပေးနိုင်လျှင် အသိတရား နယ်ပယ်မှာလည်း တူညီလာမည်ဟု ယူဆရပေသည်။ သို့ရာတွင် ဤနေရာ၌ လူ့သမိုင်း၏အတွေ့အကြုံများအရဆိုလျှင် လူတိုင်းအတွက် အရှိတရားဟူသမျှမှာ အသိတရားဖြစ်မလာနိုင်သကဲ့သို့ အသိတရားဟူသမျှကိုလည်း အရှိတရားဖြစ်အောင် မဖန်တီးနိုင်ကြချေ။

သိပ္ပံသမိုင်းတွင် ထင်ရှားခဲ့သော အာခီးမီးဒီးစ် (ဘီစီ ၂၈၇-၂၁၂)သည် ဆိုင်ရာကျူးစ်ဘုရင် ဟီအီရို၏ ရွှေသရဖူကို ရွှေစစ် မစစ် စူးစမ်းလေ့လာရန် တာဝန်ပေးခြင်း ခံခဲ့ရ၏၊ ဤပြဿနာကို ဖြေရှင်းရန် အာခီးမီးဒီးစ်သည် အမျိုးမျိုး အကြံထုတ်၏၊ သွားရာ၊လာရာ၊စားရာသောက်ရာမှာပင် ဤပြဿနာကိုသာ တွေးတောနေခဲ့သည်။

တနေ့တွင် ရေချိုးခန်းအတွင်း၌ ရေချိုးရန် ရေဇလုံကြီးကို ရေဖြည့်ရင်း ထိုပြဿနာကိုပင် စဉ်းစားနေမိသည်။ စဉ်းစားခန်းဝင်နေသဖြင့် ရေဇလုံတွင် ရေလုံးဝပြည့်မှပင် ရေချိုးရန် သတိရလာသည်။ သတိရသည်နှင့်တပြိုင်နက် အာခီးမီးဒီးစ်သည် ရေပြည့်နေသော ဇလုံကြီးအတွင်းသို့ တကိုယ်လုံး ဆင်းချိုးလိုက်သည်။ ထိုအခါ ဇလုံကြီးထဲမှ ရေတို့သည် လျှံကျလာ၏။ ထိုအချိန်မှာပင် အာခီးမီးဒီးစ်၏ ခေါင်းထဲ၌ လျှပ်ပြက်သကဲ့သို့ အကြံဉာဏ်တခု ပေါ်ထွက်လာကာ ဘုရင်ဟီအီရို၏ သရဖူသည် ရွှေစစ်မစစ် အဆုံးအဖြတ်ပေးနိုင်သော သိပ္ပံနည်း

ကြီးတခုကို တွေ့ရှိလိုက်လေသည်။

အာခီးမီးဒီးစ်၏ တွေ့ရှိချက်မှာ ရုပ်ဝတ္ထုပစ္စည်းများ၏ သိပ်သည်းခြင်း(Density)နှင့်ဆိုင်သော နိယာမတရပ်ဖြစ်၏။ လွယ်ကူအောင် ပြောရလျှင် ရွှေသရဖူကို ရေပြည့်နေသော ဖလားတခုထဲသို့ ထည့်လိုက်ပါက နစ်သွားပြီး ရေလျှံကျလာမည်။အလေးချိန်တူညီသော ငွေသရဖူကို အလားတူ ရေဖလားထဲ ထည့်လိုက်လျှင် နစ်မြုပ်သွားပြီး ရေလျှံကျလာမည်သာ ဖြစ်၏။ သဘော သဘာဝချင်းမှာ အပေါ်ယံ အမြင်အားဖြင့် အတူတူဖြစ်၏။ သို့သော် ရွှေသရဖူ ရေနစ်စဉ်က လျှံကျလာသောရေသည် အလေးချိန်တူသော ငွေသရဖူ ရေနစ်စဉ်က လျှံကျလာသောရေထက် ၂-ဆခန့် ပိုနေကြောင်းကို အာခီးမီးဒီးစ်က ကောင်းစွာ တွေ့မြင် သိရှိလိုက်လေသည်။

ဤတွင် ရွှေ၏ သိပ်သည်းခြင်းသည် ငွေ၏ သိပ်သည်းခြင်းထက် ၂-ဆခန့်ပိုသော အသိတရားကို အသုံးချ၍ အရွယ်တူသော ရေဖလားထဲ၌ ရေအပြည့်ထည့်ပြီး အလေးချိန်တူသော ရွှေထည်အစစ်နှင့် အတုတို့ကို နစ်မြုပ်ကြည့်ခြင်းအားဖြင့် အတုနှင့်အစစ်ကို အလွယ်တကူခွဲခြားသိရှိနိုင်ကြောင်း အာခီးမီးဒီးစ်က သိပ္ပံနည်းကောင်းတရပ်ကို ချမှတ်ပေးခဲ့လေသည်။

အာခီးမီးဒီးစ်၏ တွေ့ရှိချက်သည် မည်မျှ ဆန်းကြယ်ပါသနည်း။ ဆန်းကြယ်ပုံမှာ သိပ္ပံသမိုင်း၌ ပြော၍မကုန်ချေ။ အာခီးမီးဒီးစ်ကဲ့သို့သော သိပ္ပံပညာရှင်ကြီးမှာ သူ့ခေတ်အခါကသာမဟုတ်၊ ယနေ့တိုင်အောင်ပင် ကျော်စော ထင်ရှား၍ လေးစားရသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ သူ၏ တွေ့ရှိချက်ကို နောင်လာနောက်သားတို့က အာခီးမီးဒီးစ်၏ နိယာမဟု ဂုဏ်ပြု

မှတ်ဘမ်းတင်ထားကြရလေသည်။

သာမန် ပဒေသရာဇ်ဘုရင်တပါးသာဖြစ်သော ဟီအီရို၏ သရဖူ ရွှေစစ်မစစ်မှာ အသေးအဖွဲ့ ကိစ္စတရပ်သာ ဖြစ်သော်လည်း ထိုကိစ္စကိုအကြောင်းပြု၍ ရရှိလာသော အာခီးမီးဒီးစ်၏ အသိဘရားမှာ အနာဂတ်လူသားတို့အတွက် အဖိုးမဖြတ်နိုင်ချေ။ အကြောင်းမူ ယနေ့တည်ဆောက်ထားသော ရေပြင်ရေအောက်မှ သွားလာနေကြသည့် သင်္ဘောကြီးငယ် အသွယ်သွယ်နှင့် ရေငုပ်ကိရိယာပစ္စည်း အမျိုးမျိုးတို့မှာ အာခီးမီးဒီး၏ နိယာမ မပေါ်လျှင် အလုပ်ဖြစ်စရာအကြောင်း မမြင်ချေ။

ဤမျှ အရေးပါသော အသိတရားကြီးကို အာခီးမီးဒီးစ်သည် ရေချိုးခန်းအတွင်း ရေဇလုံကြီးထဲ၌ ရေချိုးရာမှ တွေ့ရှိလာခြင်းဖြစ်ရာ အရှိတရားသဘောအရကြည့်လျှင် အနည်းငယ်မျှပင် မဆန်းပါချေ။

ရေပြည့်နေသော ရေပန်းကန်၊ ရေခွက်၊ ရေဇလုံ၊ ရေအိုး အမျိုးမျိုးထဲသို့ လေးသောပစ္စည်းတခုကို ချလိုက်လျှင် ရေလျှံကျလာသည်ကို လူတိုင်း မြင်ဘူးကြသည် မဟုတ်ပါလော။ ဤအခြင်းအရာ၏ အရှိတရားသဘောမှ ထူးခြားသော အသိတရားသဘောတခုကို ထုတ်ယူတတ်ရန်မှာ လူတိုင်းအတွက် မလွယ်ကူလှချေ။ အထူးသဖြင့် နိယာမတရပ်ကို ထုတ်ယူရရှိရန်မှာ သာ၍ပင် ခဲယဉ်းလေသည်။

စင်စစ်သော်ကား အရှိတရားတိုင်း၌ နိယာမတရပ်ရပ်သည် တွယ်ကပ်လျက် ပါဝင်နေသည်သာ ဖြစ်၏။ ဤအချက်နှင့်ပတ်သက်၍ သိပ္ပံပညာရှင်ကြီး အိုက်ဆက်နယူတန်(၁၆၄၂-၁၇၂၇)၏ဖြစ်ရပ်ကိုကြည့်လျှင် အာခီးမီးဒီးစ်၏ ဖြစ်ရပ်ထက်

ပင် ထူးဆန်းအံ့ဩဖွယ်ကောင်းကြောင်း တွေ့ရသည်။

နယူတန်သည် ဘဝပေးအခြေအနေ လုံးဝမကောင်းခဲ့၍ အလွန် ခက်ခဲပင်ပန်းသော ဘဝအတွေ့အကြုံများကြားမှ ရုန်းကန် ရှင်သန်လာရသူ ဖြစ်၏။ နယူတန် မွေးဖွားသောနှစ်သည် အင်္ဂလန်ပြည်၌ ချားလ်စ်ဘုရင်အား ပြည်သူများက လက်နက်ကိုင် တော်လှန်မှု စတင်သော အခါသမယ ဖြစ်၏။ နယူတန်၏ ဖခင်မှာ ထိုတော်လှန်ရေးအတွင်း၌ သေဆုံးခဲ့၍ နယူတန် မွေးဖွားချိန်တွင် ဖတဆိုးလေး ဖြစ်ခဲ့ရ၏။မိခင်မှာ ပြည်တွင်းစစ်ကာလအတွင်း မမာမကျန်းဖြင့်ပင် သားငယ် နယူတန်ကို ခက်ခဲပင်ပန်းစွာ ပြုစုပျိုးထောင်လာခဲ့ရလေသည်။

ဤသို့ ခါးသီးသော ဘဝပေးအခြေအနေများနှင့် ဘဝအတွေ့အကြုံများကို ရင်ဆိုင်ကျော်လွှားခဲ့ရသဖြင့် နယူတန်၏ အသိတရားမှာ သာမန်ထက်ပို၍ စူးရှထက်မြက်ပြီး ရင့်ကျက်သည်ဟု ဆိုရဖွယ်ရှိသည်။ နယူတန်သည် ထရင်နတီကောလိပ်၌ ပညာသင်ခွင့်ရရန် ပိုက်ဆံမတတ်နိုင်၍ ကျောင်းကူလ်လုပ်ရင်း ပညာရှာရ၏။ ငယ်စဉ်ကပင် ပညာတော်၏။ သင်္ချာ၌ ထူးချွန်ပြောင်မြောက်၏။ ထိုကြောင့် မျက်နှာကြီးသားသမီးများသာ ပေါက်ရောက်ရာ ဖြစ်သော ကိန်းဘရစ်(ခ်ျ)တက္ကသိုလ်သည် နယူတန်ကဲ့သို့သော သင်္ချာလူရည်ချွန်ကို မလွဲမသွေလက်ခံခဲ့ရပေ၏။ ၁၆၆၅ ခုနှစ်တွင် နယူတန်သည် ကိန်းဘရစ်(ခ်ျ) တက္ကသိုလ်မှ သင်္ချာဂုဏ်ထူးများဖြင့် (ဘီအေ)အောင်ခဲ့လေသည်။

မျက်နှာမွဲသားသမီးဖြစ်၍ (ဘီအေ)အောင်ပြီးသော်လည်း အလုပ်မရသေးသော နယူတန်သည် သူ၏ တောရွာဌာနေ

အိမ်ခြံလေးအတွင်း၌ စိုက်ပျိုးခင်းများနှင့် မေ့လျော့ရင်း သူ၏ စိတ်ဝင်စားလျက်ရှိသော ဆွဲငင်အားနှင့် ရွေ့လျားမှု ပြဿနာများကို စဉ်းစားနေစဉ် ပန်းသီးတလုံးသည် သူ့ရှေ့မှာ ပင် အပင်ပေါ်မှ ကြွေကျလာ၏။ ကြွေကျလာသော ပန်းသီး သည် မြေကြီးနားနီးလေ အရှိန်မှာပို၍ မြန်လေ ဖြစ်ကြောင်း ကို အခြားသူများ သတိထားမိမည် မဟုတ်သော်ငြားလည်း နယူတန်ကား ကောင်းစွာ သတိထားလိုက်မိသည်။

ဤအချက်ကို မြင်ရှိမှုဖြင့် နယူတန်သည် ကမ္ဘာမြေကြီး၏ ဆွဲငင်အားနှင့်ဆိုင်သော နိယာမများကို အသေအချာ ဖော် ထုတ်လိုက်သည်။ ယခင်က ပေါ်ပေါက်ခဲ့သော သိပ္ပံပညာရှင် ကိုပါ နိကပ်(စ်)ကက်ပလာနှင့် ဂလဲလီယို(၁၅၇၃-၁၆၄၂) တို့၏ ရုပ်ဝတ္ထုများ၏ ဆွဲငင်အားနှင့် ရွေ့လျားမှုဆိုင်ရာ အယူ အဆများကို သိပ္ပံဥပဒေသဖြစ်အောင် စနစ်တကျ အကောင် အထည်ဖော်ခဲ့သည်။ နယူတန်၏ အပြောင်မြောက်ဆုံး လက် ရာများမှာ ကမ္ဘာမြေပြင်ပေါ်ရှိ ရုပ်ဝတ္ထုများ၏ ရွေ့လျားမှု ဆိုင်ရာ ဥပဒေသများကို စနစ်တကျ ဖော်ထုတ်ခဲ့ခြင်းပင် ဖြစ် လေသည်။

ဤသို့အားဖြင့် အရှိတရားများမှ အသိတရားများကို ဖော် ထုတ်ခြင်း ဆိုသည်မှာ လူသမိုင်းတလျှောက်တွင် ပေါ်ပေါက် ခဲ့ကြသော သိပ္ပံပညာရှင်တို့၏ လုပ်နည်း လုပ်ဟန် တရပ်သာ လျှင် ဖြစ်ကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ သိပ္ပံနည်းအရ စူးစမ်း လေ့လာမှုဟူသမျှမှာ အရှိတရားများမှ အသိတရားများကို ဖော်ထုတ်ရန် ကြိုးပမ်းချက်များချည်းသာ ဖြစ်ကြလေသည်။

ထို့ကြောင့် သိပ္ပံသဘောအရ ကြည့်လျှင် အရှိတရားသည်

''အခြေခံ''ဖြစ်ပြီး အသိတရားသည် ''အဖြေမှန်'' ဖြစ်၏။ သိပ္ပံနည်းကျကျ အဖြေမှန်ရှာလိုလျှင် အရှိတရားကို အခြေခံရမည်သာ ဖြစ်၏။ အရှိတရားကို အခြေမခံသော လုပ်နည်းလုပ်ဟန်မှန်သမျှသည် သိပ္ပံနည်းမကျပဲ လုပ်ရာရောက်သဖြင့် အဖြေမှန်ကို ရမည်မဟုတ်ချေ။

သို့သော် လူတို့သည် သာမန်အားဖြင့် အရှိတရားတို့ကို ရှိမှန်းမသိကြ၊ မမြင်ကြချေ။ အရှိတရားတို့ကို ရှိမှန်းသိအောင်၊ မြင်အောင် စူးစမ်းလေ့လာခြင်းသည် သိပ္ပံနည်းကျကျ လုပ်ဆောင်ခြင်း၏ သော့ချက်ပင် ဖြစ်၏။

အရှိတရားတိုင်းသည် ဖုံးကွယ်နေသော အရာများ မဟုတ်ကြချေ။ အာခီမီးဒီးစ်၏ ရေဇလုံမှ ရေလျှံကျသကဲ့သို့ရင်း၊ နယူတန်၏ ပန်းသီးပင်မှ ပန်းသီးကြွေကျသကဲ့သို့ရင်း၊ လဗွိုင်ဆီးယာ၏ မီးဖိုမှ မီးထတောက်သကဲ့သို့ရင်း (၁၇၄၃-၁၇၉၄ အတွင်း မီးလောင်မှုကို အားပေးသော လေထဲမှ အောက်ဆီဂျင်ဓာတ်ကို တွေ့ခဲ့သူ)၊ ဂျိမ်းစ်ဝတ်၏ မီးဖိုချောင်မှ ရေနွေးအိုးဆူလာသကဲ့သို့ရင်း (၁၇၃၆-၁၈၁၉ အတွင်း ရေနွေးငွေ့အင်ဂျင်စက်ကို တည်ထွင်ခဲ့သူ)၊ ဝိလ်ဘာရိုက်နှင့် အော်ဗီးလ်ရိုက်ညီအကိုတို့၏ ငှက်ပျံသန်းမှုကို အတုယူသကဲ့သို့ရင်း (၁၈၆၇-၁၉၁၂ အတွင်း ပထမဆုံး လေယာဉ်ပျံတည်ထွင်ခဲ့သူများ)၊ အရှိတရားဟူသမျှသည် လူတိုင်းသိနေ မြင်နေကျအရာများသာ ဖြစ်၏။

အရှိတရားနယ်ပယ်သည် သေချာစွာ စူးစမ်းလေ့လာပါက အသေအချာ သိနိုင်မြင်နိုင်သော ပကတိမြင်ကွင်းကျယ်ကြီးသာ ဖြစ်၏။ ဤမျှ ပေါ်လွင်ထင်ရှားသော မြင်ကွင်းကျယ်ကြီး

အတွင်း၌ လူ့ဘောင်လောကအတွက် အလွန်အဖိုးတန် အသုံးဝင်သော အသိတရားများ၊ ဥပဒေသများ၊ နိယာမများနှင့် ကြီးမားသော စွမ်းအင်များ (Energies)၊ စွမ်းအားများ (Forces)သည် လူသားတို့ကို စောင့်ကြိုလျက် ရှိနေသည်သာ ဖြစ်ပေသတည်း။

## (ခ) အသိတရားနှင့် အကျင့်တရား

အသိတရားနှင့် အကျင့်တရားတို့မှာ တခုနှင့်တခု အပြန်အလှန် အကြောင်းအကျိုးပြုရင်း ဆက်သွယ်မှု ရှိကြကြောင်းကို လူအများ သိကြပေ၏။ သို့ရာတွင် အသိတရားများကို လက်တွေ့ကျကျ ကျင့်သုံးရေးမှာကား အခက်အခဲများနှင့် ကြုံတွေ့ရတတ်လေသည်။

လက်တွေ့ဘဝ၌ အသိတရားနှင့် အကျင့်တရားတို့၏ စပ်ကြားတွင် ကြီးမားသော ကွာခြားချက်များသည် တည်ရှိနေကြ၏။ ဤသို့ကွာခြားချက် ရှိနေခြင်းမှာ မလွှဲမရှောင်သာသော လူ၏ စရိုက်လက္ခဏာလော။ လူဆိုသည်မှာ အသိဉာဏ်ရှိ၍ ထိုအသိဉာဏ်ကို အသုံးချတတ်ဆုံး သတ္တဝါဖြစ်ရကား အသိတရားနှင့် အကျင့်တရား၏ကြားတွင် ကြီးမားသော ကွာခြားချက် ရှိနေခြင်းမှာ လူ၏စရိုက် လက္ခဏာ မဖြစ်နိုင်ချေ။

လူ့သမိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများက လူသည် အသိတရားနှင့် အကျင့်တရားတို့ကို လက်တွေ့ကျကျ ဆက်သွယ်ပေါင်းစပ်၍ လူ့ဘောင်အတွက် အကျိုးရှိအောင် အသုံးချတတ်ကြောင်း အခိုင်အမာသက်သေပြလျက် ရှိသည်။

တချိန်ကဆိုလျှင် လူတို့နေထိုင်ရာ ဤကမ္ဘာမြေကြီးကို မင်းစိုးရာဇာ အာဏာပိုင်ဟူသမျှနှင့် လူတိုင်းလိုလိုက (ပြားသည်)ဟု စွဲမြဲစွာ ခံယူထားသည်ကို သိပ္ပံပညာရှင် တော်လမီ (၁၀၀-၂၀၀)က (လုံးသည်)ဟု အခိုင်အမာပြဆိုခဲ့၏။ သူ၏ အသိတရားကို မှန်ကန်ကြောင်း လက်တွေ့ကျင့်သုံးကာ နေ ဗိမာန်တည်ရှိပုံနှင့် ကမ္ဘာမြေပုံတို့ကို လတ္တီတွဒ်၊ လောင်ဂျီတွဒ် မျဉ်းများ၏ သဘောတရားပါသော အမှတ်အသားများဖြင့် ပထမဆုံး ရေးဆွဲပြသခဲ့လေသည်။

တော်လမီ၏ ပထမဆုံးလက်ရာသည် အတိအကျမမှန်ကန် လှသော်လည်း ကမ္ဘာမြေကြီးလုံးကြောင်းနှင့် နေဗိမန်ရှိဂြိုဟ် များလုံးကြောင်းကို ကောင်းစွာ ညွှန်ပြနိုင်ခဲ့သည်။ ဤအချက် ပေါ်တွင် မူတည်၍ သိပ္ပံပညာရှင် ကိုပါနိကပ်(စ်)နှင့် ဂျန်ကက်ပလာ(၁၄၇၃-၁၆၃၀)တို့၏ လက်ထက်တွင် နေကို ဗဟိုပြုသော ဂြိုဟ်များ၏ အနေအထားနှင့် သွေဝိုင်းသော လမ်းကြောင်းများအတိုင်း သွားလာနေကြပုံကို အသေအချာတင်ပြ နိုင်ခဲ့သည်။ ထိုအခါတွင် ကမ္ဘာကြီးအား ထာဝရဖန်ဆင်းသူ၏ အလိုကျ လှုပ်ရှားသွားလာနေရသည်ဟု ယုံကြည်သောဘာသာရေး အာဏာပိုင်များက အကြီးအကျယ် ပြစ်တင် ရှုတ်ချခဲ့ကြသည်။

သိပ္ပံပညာရှင်ကြီး ဂလဲလီယို(၁၅၆၄-၁၆၄၂)၏ အသိတရားများဆိုလျှင် လက်တွေ့ကျင့်သုံးပြသရာတွင် သာ၍ပင် ခက်ခဲကြောင်း တွေ့ရလေသည်။ ဂလဲလီယိုက ကမ္ဘာမြေပြင် ပေါ်ရှိ ရုပ်ဝတ္ထုအသီးသီးတွင် အလေးချိန်ရှိရခြင်းမှာ ကမ္ဘာ မြေကြီး၏ ဆွဲငင်အားကြောင့် ဖြစ်ကြောင်း၊ ယင်းဆွဲငင်အား

သာ မရှိပါက လူနှင့်တကွ ရုပ်ဝတ္ထုပစ္စည်းအားလုံးမှာ ကမ္ဘာ ချက်နှာပြင်မှ အာကာသအတွင်းသို့ လွင့်စင်သွားမည် ဖြစ် ကြောင်း၊ ယင်းဆွဲငင်အား နှုန်းထားသည် ရုပ်ဝတ္ထုပစ္စည်း အားလုံးပေါ်တွင် အတူတူပင်ဖြစ်ကြောင်း စသည်ဖြင့် ရှင်း လင်း ပြောကြားခဲ့၏။

ဤသဘာဝတရားများ၏ မှန်ကန်မှုကို ဂလဲလီယိုသည် အီတလီပြည် ပီဆာမြို့ရှိ စောင်းနေသော မျှော်စင်ကြီးပေါ်မှ အလေးချိန်မတူသောပစ္စည်းများကို လက်တွေ့ချပြကာ ဆင်းရဲ မွဲတေသွားလောက်အောင် ငွေကုန်ကြေးကျအမြောက်အမြား ခံ၍ သက်သေထူခဲ့ရလေသည်။

တော်လမီ၊ကိုပါနိကပ်(စ်)၊ကက်ပလာ၊ ဂလဲလီယိုစသော ပုဂ္ဂိုလ်ကြီးများ၏ မလျှော့သောဇွဲသတ္တိဖြင့် ကိုယ်ကျိုးစီးပွား များစွန့်ကာ မိမိတို့အသိတရားများကို လက်တွေ့ကျင့်သုံးပြသခဲ့ ခြင်းကြောင့် ယနေ့လူသားတို့မှာ လကမ္ဘာနှင့် အင်္ဂါဂြိုလ် များသို့ရင်း၊စကြာဝဠာတခွင်သို့ရင်း သွားရောက်ရန် ခြေလှမ်း ပြင်နိုင်ကြခြင်း ဖြစ်သည်။

မိမိ၏အသိတရားကို လက်တွေ့ကျင့်သုံးပြရာတွင် စံတင် လောက်သော ပုဂ္ဂိုလ်တဦးမှာ သိပ္ပံတွေးခေါ်ရှင် ရောဂျာ ဘေကွန်(၁၂၁၄-၁၂၉၄)ပင် ဖြစ်၏။ ရောဂျာဘေကွန်သည် ချမ်းသာကြွယ်ဝသော မျိုးကြီးရိုးကြီးမှ ပေါက်ဖွားလာသူ ဖြစ်သော်လည်း လူတကာ ရှောင်ရှားသော ကိုယ်ရေပြား ရောဂါသယ်များကို ကယ်တင် စောင့်ရှောက်ရန် ဖွဲ့စည်း တည်ဆောက်ထားသည့် စိန့်ဖရန်စစ် (St. Francis) ဘာသာရေး ဂိုဏ်းဝင်တဦး ဖြစ်ခဲ့၏။ သူတို့၏ဂိုဏ်းသည်

လူသားဆန်သောမေတ္တာတရားအခြေခံရှိသော်လည်း ဘာသာရေးနှင့်ပတ်သက်၍ ရှေးဟောင်းအယူအဆနှင့် အစွဲအလန်းပြင်းထန်၏။သို့သော် ရောဂျာဘေကွန်မှာမူ အရာရာကို လက်တွေ့ကျကျ ကျင့်သုံးရမှ ကျေနပ်သူ ဖြစ်၏။

အောက်စဖို့တက္ကသိုလ်၌ ရောဂျာဘေကွန်သည် သိပ္ပံပညာရပ်များကို လေ့လာသင်ကြား၏။အထူးသဖြင့် မှန်ဘီလူးများ၏ သဘာဝကို သုတေသနပြုရာမှ နေရောင်ခြည်ကို မှန်ဘီလူးဖြင့်ဘမ်း၍ မီးထတောက်စေအောင် ပြုလုပ်ပြခြင်း၊ မှန်ဘီလူးဖြင့် ပုံကြီးချဲ့ပြခြင်း စသော လက်တွေ့ပြသမှုများကို ပြုလုပ်ရာ၊ ရှေးဟောင်းအစွဲအလန်းကြီးသော တက္ကသိုလ်အာဏာပိုင်များက ဘေကွန်၏ မှန်ဘီလူးများကို ရိုက်ခွဲကာ ဘေကွန်အားကျောင်းမှ မောင်းထုတ်ပစ်ခဲ့ကြသည်။

ဤအဖြစ်အပျက်ကြောင့် ရောဂျာဘေကွန်အား သူ၏ဂိုဏ်းခေါင်းဆောင်များက ပြင်သစ်ပြည် ပါရီမြို့တွင်(၁၀)နှစ်တိတိ အကျယ်ချုပ် ချထားခဲ့ကြသည်။သိပ္ပံနည်းကျသော သူ၏အသိတရားများကို စာအုပ်စာတမ်းပြုစု၍ အခိုင်အမာ တင်ပြသောအခါမှ ရောဂျာဘေကွန်မှာ အောက်စဖို့တက္ကသိုလ်သို့ ပြန်လာခွင့် ရလေသည်။ သို့သော် ကြာရှည် မနေရချေ။ သူ၏သိပ္ပံနည်းကျသော အသိတရားများကို လက်တွေ့ လုပ်ကိုင်ကျင့်သုံးပြပြန်သဖြင့် သူ၏ ဘာသာရေးဂိုဏ်းမှ သူ့အား ပါရီမြို့တွင် (၁၄)နှစ်တိုင်တိုင် အကျဉ်းချထားခဲ့ပြန်သည်။ အကျဉ်းချခံရစဉ် သူ၏ မှန်ကန်သော အသိတရားများကို အခိုင်အမာထုတ်ဖော်ရေးသားလေသည်။၁၂၉၂-ခုနှစ်တွင်မှ လွတ်မြောက်ခွင့်ရပြီး သူ၏စာမူများကို ထုတ်ပြန်သောအခါ ခေတ်သစ်

သိပ္ပံ၏ လမ်းညွှန်ချက်များနှင့် ပြည့်နှက်နေကြောင်း တွေ့ရလေသည်။

ရောဂျာဘေကွန်သည် ရူပဗေဒ၊ သင်္ချာ၊ နက္ခတ္တဗေဒနှင့် ကမ္ဘာ့ပထဝီတို့ကို လေ့လာလိုက်စားခဲ့သူ ဖြစ်၏။ သူ၏စာမူများတွင် ပင်လယ်၌ ရွက်မပါသော မီးသင်္ဘောများ သွားလာကြလိမ့်မည်။လူတို့သည် လေထဲမှာ ဝဲပျံမည့် စက်ယန္တရားများ တည်ဆောက်ကြလိမ့်မည်ဟု ခေတ်သစ်သိပ္ပံ၏မုခ်ဦးသို့ တင်ကြို၍ ညွှန်ပြနိုင်သော အသိတရားများကို လက်တွေ့ လိုက်နာကျင့်သုံးရင်း အသက်ဆုံး ခံသွားရရှာသော ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။

မိမိ၏ အသိတရားအတိုင်း တိကျမှန်ကန်စွာ လက်တွေ့လိုက်နာကျင့်သုံးပြရာတွင် အပေါ်ယံ အကျိုးစီးပွားများကို မဆိုထားနှင့် မိမိအသက်ကိုပင် ရဲရင့်စွာ စွန့်လွှတ်သွားသော သာဓကအဖြစ် သိပ္ပံပညာရှင်ကြီး ဆာဗီတုစ်(Servetus ၁၅၄၄-၁၅၉၄)၏ ဘဝမှာ ရင်နင့်စရာ ကောင်းလှသည်။ သူသည် ခေတ်သစ်ဆေးသိပ္ပံ၏ ခန္ဓာဗေဒသမိုင်းတွင် စံတင်လောက်သော ပုဂ္ဂိုလ်ကြီးတယောက် ဖြစ်၏။ လူ၏ ခန္ဓာဗေဒသမိုင်း၌ ထင်ရှားသောပုဂ္ဂိုလ်ကြီးများဖြစ်သည့် ဂျွန်ဂလင်း (၁၃၀-၂၀၀)နှင့် ဗာဆေးလိယုစ်(၁၅၁၄-၁၅၆၄)တို့၏ ခွဲစိတ်လေ့လာမှုများမှာ လူ၏ အသက်ရှင်နေခြင်းအကြောင်းရင်းကို အသေအချာ မပြောနိုင်သေးချေ။ ဆာဗီတုစ်၏ လက်ထက်ကျမှပင် အသေအချာ သိရှိလာခြင်း ဖြစ်သည်။

ဆာဗီတုစ်မှာ ဗီယင်နာမြို့မှ သမားတော်တဦး ဖြစ်သော်လည်း ဘာသာတရား အယူအဆများကို လေ့လာလိုက်စား

သူငါဦး ဖြစ်ခဲ့၏။သို့သော် ဘာသာတရားအယူအဆများကို သိပ္ပံနည်းကျကျ လိုက်စားသဖြင့် ထိုအချိန်က ကက်သလစ်နှင့် ပရိုတက်စတန့်ဂိုဏ်း ၂-ခုလုံးအပေါ်တွင် ဆာဗီတုစ်၏အမြင်များမှာ ဝေဖန်ဆန်းစစ်သောသဘော ရှိခဲ့၏။ဤအခြေအနေတွင် ဆာဗီတုစ်သည် ခန္ဓာဗေဒ သုတေသနအရ "လူ၏အသက် ရှင်သန်နေခြင်းမှာ နှလုံးနှင့် အဆုတ်တို့၏ စနစ်တကျဆက်သွယ်မှုဖြင့် ခန္ဓာကိုယ်တွင်း၌ သွေးသစ်များ လျှည့်ပတ်လှုပ်ရှားမှုကြောင့်ဖြစ်ကြောင်း" တွေ့ရှိခဲ့လေသည်။

ဤတွေ့ရှိချက်ကို ဆာဗီတုစ်သည် (The Restitution of Christianity)အမည်ရှိ စာအုပ်တွင် အပြည့်အစုံ ထုတ်ဖော်၍ ရေးချခဲ့လေသည်။ထိုအခါတွင် သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များက ထာဝရဘုရားသခင်ကြောင့် အသက်ရှင်နေရသောလူကို သွေးလှည့်ပတ်ခြင်းကြောင့် အသက်ရှင်နေရသည်ဆိုရသလောဟု ဒေါသအမျက် ချောင်းချောင်းထွက်ကာ သိပ္ပံပညာရှင်ကြီး ဆာဗီတုစ်အား ဂျနီဗာမြို့တွင် ခုံရုံးတင်၍ အရှင်လတ်လတ် မီးရှို့သတ်ခဲ့လေသည်။

ဤသို့သောအဖြစ်ဆိုးနှင့် ရင်ဆိုင်တိုးရမည့် အကြောင်းကို သိပ္ပံပညာရှင်ကြီး ဆာဗီတုစ်မှာ ကောင်းစွာ ကြိုတင်သိရှိခဲ့ပေ၏။သူ၏စာအုပ်ကို ထုတ်ဝေရန် စီစဉ်ပြီးနောက် မိတ်ဆွေရင်းတယောက်ထံသို့ ရေးသားခဲ့သောစာ၌"ကျွန်ုပ်အသက်ကို စွန့်လွှတ်ရမည့် အသိတရားကြီးအား နောင်လာနောက်သားလူအများ၏ အကျိုးစီးပွားအတွက် ဤစာအုပ်တွင် လက်တွေ့ကျကျ မှတ်တမ်းတင်လိုက်ပါသည်"ဟု ပြတ်သားစွာ ဖော်ပြခဲ့လေသည်။

ပြည်ထောင်စုနိုင်ငံရေးဦး...
စာကြည့်တိုက်
၂၁၉၈၈ အမှတ် - ရန်ကုန်။

မိမိတို့၏ အသိတရားကို ရဲဝန့်စွာ ဖော်ထုတ်၍ လက်တွေ့ကျကျ လိုက်နာကျင့်သုံးခဲ့ကြသော ပုဂ္ဂိုလ်ကြီးများသည် လူ့သမိုင်းတွင် အမြောက်အမြား ရှိခဲ့ကြ၏။ ထိုသို့သော ပုဂ္ဂိုလ်များ၏ အစွမ်းသတ္တိကြောင့် လူ့ဘောင်လောကကြီးမှာ အရိုင်းမှ အယဉ်၊ အယဉ်မှ အဆန်းသို့ အံ့ဘနန်းမျှ လျှမ်းလျှမ်းတောက် ပေါက်ရောက်ခဲ့ရပေပြီ။

ထိုသို့သော ပုဂ္ဂိုလ်ကြီးများသည် မည်သို့သော အသိပညာနှင့် အတတ်ပညာနယ်ပယ်မှာပင် ပေါ်ထွန်းခဲ့စေကာမူ သိပ္ပံနည်းကျသော အတွေးအခေါ်များအရ မိမိတို့ ယုံကြည်ခံယူလာသော အသိတရားများကို လက်တွေ့ကျကျ လိုက်နာကျင့်သုံး လုပ်ဆောင်ခဲ့ကြသည်သာ ဖြစ်၏။ ထိုသို့ လက်တွေ့လိုက်နာ ကျင့်သုံးမှုကြောင့် သူတို့သူတို့အားလုံးသည် အမျိုးမျိုးသော ကိုယ်ကျိုးစီးပွားများကို အတန်တန်စွန့်လွှတ်၍ အနစ်နာခံခဲ့ကြရရုံမျှမက အသက်ကိုပင် စွန့်လွှတ်ခဲ့ကြရပေသည်။

လူ့ဘောင်၏ မျက်မှောက်ဘဝ ကောင်းစားရေးနှင့် အနာဂတ်ဘဝအတွက် အာမခံချက်ရရှိရေးတို့အတွက် မည်သည့် အသိပညာ၊ အတတ်ပညာနယ်ပယ်၌မဆို မိမိတွေ့ရှိလာသော အမှန်တရား၊အသိတရားများကို ရဲဝန့်စွာ ဖော်ထုတ်၍ ထိုအသိတရားများအတိုင်း လက်တွေ့ လိုက်နာကျင့်သုံး လုပ်ဆောင်ကာ သို့အပ်လာလျှင် ကိုယ်ကျိုးစီးပွားများကို မဆိုထားနှင့် အသက်ကိုပင် စွန့်လွှတ်ကြသောသူများအား လူ့ဘောင်၏ ကျေးဇူးသခင် သိပ္ပံပညာရှင်ကြီးများဟု လူ့သမိုင်းကို သက်သေတည်၍ မော်ကွန်းတင်ရမည် ဖြစ်ပေ၏။

သို့ဖြစ်လျှင် သိပ္ပံပညာများ အဆမတန် ထွန်းကားနေသော

ယခုခေတ်အခါ၌ အရာရာတွင် သိပ္ပံနည်းကျကျ တွေးခေါ်မြော်မြင်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်ဟု ကြွေးကြော်နေကြသော လူသားအပေါင်းက အမှန်တရားအတွက် အသက်စွန့်ရန် မဆိုထားနှင့် ကိုယ်ကျိုးစီးပွားကို တပြားသိုးမျှ မစွန့်ချင်၊ အတ္တဟိတနှင့် ပရဟိတကို မျှတအောင်ပင် မလုပ်ချင်ကြ။ ပရဟိတဆိုသည့် စကားကို ပါးစပ်ဖျားမှာ တစာစာပြောပြီး လက်တွေ့ကျကျ ကျင့်သုံးပြရမည့်အလုပ်သဘောတွင်မူ ငါလင်၊ ငါသား၊ ငါ့မယားနှင့် ငါ့သားချင်းတစု ကောင်းစားမှုကိုသာ အစဉ်ဦးစားပေး အာရုံပြုနေပါက သိပ္ပံနည်းကျဘို့ဖြင့် လားလားမှ မမြင်ပါချေ။

သိပ္ပံနည်းကျကျဟူသော စကားလုံးကို ရေလဲနှင့် သုံးပြီး လက်တွေ့တွင် ကိုယ်ကျိုးစီးပွားကို တပြားသိုးမှ မစွန့်ချင်ပါက ထိုစကားလုံးများသည်သာ လူ့ဘောင်နှင့်အတူ ပျက်သုဉ်းသွားဖွယ်ရာ ရှိလေသည်။ သို့ဖြစ်လျှင် လူ့သမိုင်းတလျှောက်၌ လူ့ဘောင်၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် အသက်နှင့် စည်းစိမ်ကို စွန့်လွှတ်ကာ မိမိတို့ လေ့လာသိရှိသော အမှန်တရား၊ အသိတရားများအတိုင်း လက်တွေ့ လိုက်နာကျင့်သုံးခဲ့ကြသော တကယ့်သိပ္ပံနည်းကျသည့် တကယ့်သိပ္ပံပညာရှင်ကြီးများက ယနေ့ လူ့ဘောင်အတွက် အမှန်ပင် ဝမ်းနည်းကြေကွဲလျက် ယူကြုံးမရ ဖြစ်ကြမည်သာတည်း။

# (ဂ) သိပ္ပံသဘောတရားနှင့် လက်တွေ့ကို ပေါင်းစပ်ခြင်း

"သဘောတရားဟူသည် ဘဝရှေ့ဆောင် မီးရှူးရောင်။ ဘဝ ဟူသည် သဘောတရားအမြင် မှတ်ကျောက်ပင်" ဟူသော ပညာရှင်တို့၏ ဆိုစကားသည် သဘောတရားနှင့် လက်တွေ့တို့၏ ပေါင်းစပ်နေမှုကို တိတိကျကျ ဖော်ပြသော စကားပင် ဖြစ်၏။ ဤစကားရပ်မှာ သိပ္ပံပညာနယ်ပယ်တွင် အလွန်ပင် တိကျမှန်ကန်လှပေသည်။

သိပ္ပံပညာနယ်ပယ်တွင် သိပ္ပံသဘောတရားနှင့် လက်တွေ့ဘဝတို့ကို ပေါင်းစပ်ပေးခြင်းမှာ ထာဝရလုပ်နည်း လုပ်ဟန်တရပ်သာ ဖြစ်၏။ အလွန်ပင် အံ့ဝင်ဂွင်ကျ ရှိလွန်းလှသဖြင့် သိပ္ပံသဘောနှင့် သရုပ်ကို ခွဲမထုတ်နိုင်လောက်အောင်ပင် ဆက်စပ်နေတတ်လေသည်။ ဤကဲ့သို့ သဘောနှင့်သရုပ် ခွဲမထုတ်နိုင်လောက်အောင် ဆက်သွယ်ပေါင်းစပ်နေခြင်းကြောင့် သိပ္ပံသဘောတရားအမြင်အရ မကြည့်လျှင် သိပ္ပံနည်းဟူသမျှကို ပုံသေ တရားသေဆန်သည်ဟုပင် ထင်မြင်ယူဆလေ့ ရှိကြပေသည်။

ဤနေရာတွင် သိပ္ပံသဘောနှင့် သရုပ်ကို ခွဲထုတ်ပြရန် အလွယ်ကူဆုံး ဥပမာတခုကို ဆောင်ရသော် ရန်ကုန်မြို့မှ ပဲခူးမြို့သို့ သွားသောမီးရထားခရီးစဉ်လေးကို သိပ္ပံနည်းအရ ပုံသွင်းကြည့်ကြပါစို့။ ရန်ကုန်မှ ပဲခူးအထိ မိုင်(၆၀)ရှိသော ခရီးကို မီးရထားစီး၍ သွားသောအခါ (၂)နာရီကြာသဖြင့် ခရီးနှင့်သောနှုန်းမှာ တနာရီလျှင် မိုင်(၃၀) ဖြစ်ကြောင်း ဈေးတွက်ဖြင့် သိနိုင်ကြပါ၏။ ဤခရီးစဉ်လေးကို မူတည်၍ အခြေခံ ရူပ

ခဲဗဒပုစ္ဆာသုံးခု ထုတ်နိုင်လေသည်။

(၁) ရထားတစင်းသည် ရန်ကုန်မှ ပဲခူးသို့ မိုင် ၆၀ ခရီးကို ၂ နာရီကြာ ခုတ်မောင်းရသော် ရထားသွားနှုန်း (Velocity=v)ကို ရှာပါ။

(၂) ရထားတစင်းသည် တနာရီတွင် မိုင် ၃၀ နှုန်းဖြင့် ခုတ်မောင်းသွားသော် ရန်ကုန်မှ ပဲခူးအထိ မိုင် ၆၀ ခရီးကို မည်မျှအချိန်ကြာမည်နည်း။ (Time=t)

(၃) တနာရီတွင် မိုင် ၃၀ နှုန်းဖြင့် ခုတ်မောင်းသွားသော ရထားတစင်းသည် ရန်ကုန်မှ ပဲခူးသို့ ၂ နာရီကြာ သွားရသော် ခရီးမည်မျှ ကွာဝေးသနည်း။ (Distance=d)

အထက်ပါ ပုစ္ဆာများသည် သုံးလေးတန်း သင်္ချာစာအုပ်တွင် ပါဝင်သော သာမန်ပုစ္ဆာလေးများသာ ဖြစ်၍ စျေးတွက်ဖြင့် အလွယ်တကူ အဖြေရှာနိုင်ပါ၏။ ယင်းပုစ္ဆာသုံးမျိုးကို မတူညီသော ပုစ္ဆာသုံးမျိုးဟု ထင်မြင်ယူဆဖွယ် ရှိ၏။ အကြောင်းမူ ပထမပုစ္ဆာသည် (နှုန်း=v)ကို မေးထား၏။ ဒုတိယပုစ္ဆာသည် (အချိန် =t)ကို မေးထား၏။ တတိယပုစ္ဆာသည် (အကွာအဝေး =d)ကို မေးထားလေသည်။

သိပ္ပံသင်္ချာတရားအရ ကြည့်လျှင် ထိုပုစ္ဆာသုံးခုသည် တမျိုးတစားတည်းသာ ဖြစ်၏။ ရုပ်ဝတ္ထုများ၏ အလျားလိုက် ညီညာစွာ ရွေ့လျားမှုနှင့် ဆိုင်သော သိပ္ပံသင်္ချာတရားတွင် အကြုံးဝင်၏။ ပုစ္ဆာ၏ မြုပ်ကွက်များ ဖြစ်ကြသော (နှုန်း)၊ (အချိန်)နှင့် (အကွာအဝေး)တို့သည် အပြန်အလှန်ဆက်သွယ်မှုရှိကြသော မသိကိန်း (Variables)များသာ ဖြစ်ကြ၏။ယင်း

မသိကိန်းသုံးခုတွင် ၂ ခုကို ပေးထားပါက ကျန်တခုကို ရှာဖွေဖော်ထုတ်၍ ရလေသည်။

သို့ဖြစ်ရာ သိပ္ပံနည်းဗေဒအရ ခရီးသွားနှုန်းကို တနာရီလျှင် (မ)မိုင်ဟုရင်း၊ ခရီးသွားချိန်ကို (န)နာရီဟုရင်း၊ ခရီးအကွာအဝေးကို (က)မိုင်ဟုရင်း အက္ခရာများဖြင့် ကိုယ်စားပြုသတ်မှတ်လျှင် ရရှိလာမည့် အပြန်အလှန် ဆက်သွယ်မှုစနစ်တရပ်မှာ(က=မန) (d=vt)ဟူ၍ ဖြစ်သည်။ ဤဆက်သွယ်မှုစနစ်သည် သိပ္ပံသဘောတရားတခုကို လက်တွေ့ဘဝသို့ရောက်အောင် သိပ္ပံနည်းဗေဒအရ အသက် သွင်းယူလိုက်ခြင်းပင်ဖြစ်လေသည်။

ဤသို့ ရရှိလာသော ဆက်သွယ်မှုစနစ်သည် (က)(မ)(န) တို့အတွင်း အပြန်အလှန် ဆက်သွယ်ပုံကို သိပ္ပံနည်းကျကျဖော်ပြလိုက်ခြင်းဖြစ်၍ လွယ်ကူစွာ မှတ်နိုင်ပြီး လက်တွေ့အသုံးချ၍ ရ၏။ ဤနည်းမျိုးဖြင့် သိပ္ပံသဘောတရားတရပ်မှာ လက်တွေ့ဘဝတွင် အသက်ဝင် လှုပ်ရှားလာခြင်း ဖြစ်လေသည်။ဤဆက်သွယ်မှုစနစ်အရ အထက်ပါ ပုစ္ဆာသုံးခုကို တွက်ချက်ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရ၏။

ပထမပုစ္ဆာအတွက် (က=၆၀မိုင်) (န=၂ နာရီ) ဖြစ်၍

$$(မ = \frac{က}{န} = \frac{၆၀\,မိုင်}{၂\,နာရီ} = ၃၀\text{ မိုင်/နာရီ})\text{ ရ၏။}$$

ဒုတိယပုစ္ဆာအတွက် (မ=၃၀ မိုင်) (က=၆၀မိုင်) ဖြစ်၍

$$(န = \frac{က}{မ} = \frac{၆၀\,မိုင်}{၃၀\,မိုင်နှုန်း} = ၂\text{ နာရီ})\text{ရ၏။}$$

တတိယပုစ္ဆာအတွက် (မ=၃၀ မိုင်/နာရီ) (န=၂ နာရီ) ဖြစ်၍ (က=မန=၃၀ မိုင်/နာရီ×၂ နာရီ=၆၀ မိုင်)ရ၏။

သို့ဖြစ်ရာ(က=မန)ဟူသော ဆက်သွယ်မှုစနစ်သည် သိပ္ပံသဘောတရားတခုကို ပိုင်နိုင်စွာ အသက်သွင်းယူလိုက်သော လက်တွေ့လုပ်ငန်း(လမ်းညွှန်မှု)တရပ် ဖြစ်လာ၏။ဤ(မှု)သည် သေနေသော (မှုသေ)မဟုတ်ချေ။(က)(မ)နှင့်(န)တည်းဟူသော အစဉ် ပြောင်းလဲနေသည့် မသိကိန်း (၃)ခုအတွင်း အပြန်အလှန် ဆက်သွယ်နေမှုကိုပြသော (မှုရှင်)တခုသာဖြစ်၍ ထာဝစဉ် သွက်လက်လှုပ်ရှား ပြောင်းလဲမှုသဘောတရားများကို လက်တွေ့ကျကျ ပိုင်ပိုင်နိုင်နိုင်၊ထိထိမိမိ ခြုံငုံထားသော ရောမ အမှတ်အသားကြီးများ ဖြစ်ကြပေသည်။

တနည်းအားဖြင့်ဆိုသော် အရာခပ်သိမ်းတို့၏ အလျားလိုက် ညီညာစွာ ရွေ့လျားပြောင်းလဲနေမှု အစဉ်ကြီး၏နောက်သို့ ထက်ကြပ်မကွာ လိုက်၍ သိမှတ်နေသော သိပ္ပံပညာရှင်လူသား၏ သွက်လက်သော စိတ်အာရုံကို ကိုယ်စားပြုထားသော (ပညာနာမ်ရုပ်)လေးသည် (က=မန)ဟူသော ဆက်သွယ်မှုစနစ်ပင် ဖြစ်၏။

ဤမျှ သက်ဝင်လှုပ်ရှားနေသော သိပ္ပံနည်းဗေဒ၏ ဆက်သွယ်မှုစနစ်အဝဝကို အင်္ဂလိပ်ဘာသာဖြင့် (ဖော်မြူလာ=Formula)ဟု ခေါ်၍ မြန်မာဘာသာ ပြန်ဆိုရာတွင် (ပုံသေနည်းများ)ဟု လွဲမှားစွာ ခေါ်ဝေါ်သမုတ်လိုက်ကြသောအခါ သိပ္ပံသဘောတရားနှင့် လုံးဝ ကင်းကွာပြီး သိပ္ပံအနှစ်သာရအားလုံး ပျောက်ကွယ်ခြင်းသို့ ရောက်ရလေသည်။

စင်စစ်သော်ကား သင်္ချာသရုပ်ဆောင်သော သိပ္ပံနည်းဗေဒအားလုံး(သိပ္ပံဖော်မြူလာအားလုံး)သည် အစဉ် သက်ဝင်လှုပ်ရှားနေသော (ပုံရှင်နည်းများ) ချည်းသာ ဖြစ်ကြသည်။ ထာဝရ လှုပ်ရှားပြောင်းလဲနေသောရုပ်နှင့် အချိန်၊နေရာတို့၏ လှုပ်ရှားပြောင်းလဲမှုအစဉ်ကြီးအတိုင်း ထက်ကြပ်မကွာ လိုက်ပါ၍ တိုင်းတာ ညွှန်ပြနိုင်သော သိပ္ပံနည်းဗေဒများကို (ပုံသေနည်း)ဟု ခေါ်ဆိုခြင်းမှာ သိပ္ပံပညာကို စော်ကားရာလည်း ရောက်၏။ သိပ္ပံသဘောတရားနှင့် သိပ္ပံလက်တွေ့ဘဝတို့၏ အံဝင်ဂွင်ကျ ဆက်သွယ်ပေါင်းစပ်နေမှုကို မသိကျိုးကျွံပြုရာလည်း ရောက်ပေသည်။

အထက်ပါ(က=မန)ဟူသော သိပ္ပံနည်းသည် မရေမတွက်နိုင်သော သိပ္ပံနည်းဗေဒများအနက် အလွယ်ကူဆုံးနှင့် အခြေခံအကျဆုံး ပုံရှင်နည်းလေးတခုမျှသာ ဖြစ်၏။ အသေးအဖွဲ့မျှသာ ဖြစ်၏။ ထာဝရ ပြောင်းလဲနေသော မသိကိန်းသုံးခုမျှ အတွင်းသာ ဆက်သွယ်၍ ရ၏။ယနေ့ လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များသို့ သွားနေသော အာကာသယာဉ်၏ အလျားလိုက်၊ ဒေါင်လိုက်၊အကောက်လိုက်နှင့် အသွေလိုက် ရွေ့လျား သွားလာမှုအမျိုးမျိုးအတွက် လူသားတို့ တည်ထွင်ထားအပ်သော ပုံရှင်နည်းများဆိုလျှင် ထာဝရပြောင်းလဲနေသော မသိကိန်းပေါင်းများစွာအတွင်း ဆက်သွယ်မှုစနစ် အမျိုးမျိုးကို ချုပ်ထိန်းပေးသော သိပ္ပံသဘောတရားများနှင့် သိပ္ပံလက်တွေ့ဘဝတို့ကို အပိုအလိုမရှိ မဈေးခပင်္ပဒါနည်းအရ အံဝင်ဂွင်ကျဖြစ်အောင် ပေါင်းစပ်၍ ပေးနိုင်ရလေသည်။ အလွန် ထိမိ၍ တိကျလှပေသည်။ဤသို့ တိကျ၍ အပိုအလိုမရှိအောင်ထိထိမိမိ

အံ၀င်ဂွင်ကျဖြစ်ခြင်းသည် သိပ္ပံသဘောတရားနှင့် သိပ္ပံလက်တွေ့ဘ၀ ပေါင်းစပ်ရာတွင် မဏ္ဍိုင်ပဒါဆိုက်ခြင်း မည်ပေ၏။

သိပ္ပံလုပ်ငန်းစဉ်များအတွက် သိပ္ပံပညာရှင် ကြီးငယ်တို့သည် သိပ္ပံနည်းအစစ်အမှန်ကို ရှာကြံရာတွင် လူသားများပီပီ အပိုအလို အမှားအယွင်း ရှိတတ်စမြဲ ဖြစ်ပါ၏။အပိုအလို အမှားအယွင်းကင်းသော သိပ္ပံပညာရှင်ဟူသည် ယနေ့အထိ လူသမိုင်းတွင် မရှိခဲ့ဘူးချေ။သို့သော် သိပ္ပံပညာရှင်တို့သည် အပိုအလို အမှားအယွင်းဟူသမျှကို မကြွင်းမကျန်ရအောင် ပညာဉာဏ်ထုတ်၍ အပြန်အလှန် ဝေဖန်ဆန်းစစ်ပြီးနောက် စမ်းသပ်ခန်းအတွင်းမှာပင် စာရင်းရှင်းပစ်တတ်ကြသည်။ ထို့ကြောင့် တကယ့်လက်တွေ့ဘ၀သို့ ချ၍သုံးသောအခါ အလုံးစုံမမှန်စေကာမူ အမှားကြီးများကင်းစင်၍ အောင်မြင်မှုများကို ရရှိကြလေသည်။ဤကား သိပ္ပံပညာရှင်ကြီးတို့၏ လုပ်နည်းလုပ်ဟန် အစစ်အမှန်ပင် ဖြစ်၏။

ဤသို့သော လုပ်နည်းလုပ်ဟန်ကို အစဉ်အမြဲကျင့်သုံးသည့်တိုင်အောင် သိပ္ပံပညာတွင် ပြီးပြည့်စုံသောအရာသည် မရှိချေ။ နယူတန်ကဲ့သို့ အဓိကရသိပ္ပံပညာရှင်ကြီးကပင် အဓိကရ သိပ္ပံဥပဒေသများစွာကို ပရင်းစပီးယား (The Principia) အမည်ဖြင့် စာအုပ်ကြီး ရေးထုတ်ပြီးခါမှ ဤသို့ ရင့်ကျူးခဲ့ဘူးသည်။

"ကျနော့်ကို လူတွေကဖြင့် အထင်ကြီးနေကြမလား မသိဘူး၊ တကယ်တော့ ကျနော်ဟာ ပင်လယ်ကမ်းစပ်မှာ ကစားမြူးတူးနေတဲ့ ခလေးငယ်တယောက်လို ဗိုလ့်တယ်ထင်တဲ့ ခရုခွံလေးတွေ၊ ကျောက်ခဲလုံးလေးတွေကို အသစ်အဆန်းလုပ်

ပြီး လိုက်ကောက်နေထာပါဘဲ။ ကျနော့်ရှေ့မှာတော့ ကျနော် ဘာမှမသိသေးတဲ့ အမှန်တရားတွေ၊ အသစ်အဆန်းတွေ အမျိုးမျိုး ပြည့်လျှမ်းနေတဲ့ ပင်လယ်ပြင်ကြီးဟာ လဲလျောင်း ကာဆီးနေပါပြီကော''

မှန်လှပေ၏။ သိပ္ပံပညာရှင်ကြီး နယူတန်၏စကားများသည် ယနေ့လည်း မှန်၍ နောင်လည်း မှန်နေဦးမည်သာ ဖြစ်၏။ အာကာသသို့တိုင်အောင် မြင့်ခေါင် သိကြူးလျက် ရှိသော ယနေ့ သိပ္ပံမုခ်ဦးဝယ် နယူတန်ပြောခဲ့သော ခရုငယ်နှင့် ရေ ပင်လယ်ကြီးထက် အပြောကျယ်လှသော ဂြိုဟ်တာရာများနှင့် ကော့စမစ်ပင်လယ်ပြာကြီးသည် ကာဆီးလျက် ရှိနေပေ၏။ သို့သော် ခေတ်သစ်သိပ္ပံပညာရှင်ကြီးတို့သည် ရောမ ကော့စမစ် ပင်လယ်ပြာကြီးအတွင်း တခုမျှသော ခရီးလမ်းကြောင်းကို ဖောက်ထွင်းရှာဖွေ တွေ့ရှိခဲ့ကြပေပြီ။ ဤသို့ တွေ့ရှိနိုင်ခြင်းမှာ အခြားကြောင့် မဟုတ်၊ သိပ္ပံပညာရှင်တို့၏ လက်တွေ့လုပ်ငန်း မှန်သမျှတွင် အကုန်အစင် မသိကြသော်လည်း သိသမျှသော သဘောတရားနှင့် လုပ်သမျှသော လက်တွေ့လုပ်ငန်းတို့မှာ ထာဝစဉ် အံဝင်ဂွင်ကျနေခြင်းကြောင့် ဖြစ်ပေသည်။

သိပ္ပံလုပ်ငန်းမှန်သမျှတွင် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ သဘောတရားနှင့် လက်တွေ့မှာ အံဝင်ဂွင်ကျ ဖြစ်နေမှသာ လုပ်ငန်း ဖြစ်မြောက်နိုင်၏။ လက်တွေ့ဘဝနှင့် အံဝင်ဂွင်ကျ မဖြစ်သေးသော သဘောတရားသည် မူလဘူတအယူအဆ (Hypothesis)အဖြစ်ရင်း၊ ထိုထက် အဆင့်မြင့်လာလျှင် သီဝရီ (Theory)အဖြစ်ရင်း၊ ထိုထက်အဆင့်မြင့်လျှင် အခြေခံ စည်းမျဉ်း (Principle) အဖြစ်ရင်း၊ ထိုထက်အဆင့်မြင့်လာ

လျှင် သိပ္ပံဥပဒေသ (Law)အဖြစ်ရင်း၊ အမျိုးမျိုးစမ်းသပ်စစ်ဆေးခံရ၏။ ထိုသို့ စမ်းသပ်စစ်ဆေး၍ သဘောတရားနှင့်လက်တွေ့ဘဝသည် အံဝင်ဂွင်ကျဖြစ်ပြီး မဇ္ဈိမပဋိပဒါ ဆိုက်သောအခါမှ စမ်းသပ်ခန်းကထွက်၍ လက်တွေ့ဘဝတွင် ကျယ်ပြန့်စွာ အသုံးပြုကြလေသည်။

သို့တိုင်အောင် နယူတန်၏ စကားများအတိုင်း သိပ္ပံသဘောတရားနှင့် လက်တွေ့ဘဝဟူသမျှသည် ဘယ်သောအခါမျှ ပြီးပြည့်စုံခြင်း မရှိကြချေ။ လူတို့လုပ်ထားသော လက်တွေ့စမ်းသပ်ခန်းမှ ချောမောစွာ လွန်မြောက်လာသော သဘောတရားတခုသည် ကျယ်ပြောသော သဘာဝစမ်းသပ်ခန်းကြီးအတွင်းသို့ လက်တွေ့သက်ဆင်းခဲ့ရခြင်း ဖြစ်၏။ ဤအခါတွင် တဖန်အနည်းအကျဉ်း အပိုအလိုရှိသမျှကို ပြုပြင်မွမ်းမံ၍ လုပ်ရင်းကိုင်ရင်း ထိန်းကျောင်းပြုပြင်သွားရလေသည်။ ဤနည်းအားဖြင့် သိပ္ပံသဘောတရားတရပ်နှင့် လက်တွေ့ဘဝတခုသည် အံဝင်ဂွင်ကျ ပေါင်းစပ်မိလာရလေသည်။

လူ့ဘောင်၏ လက်တွေ့လူမှုရေးဘဝ နယ်ပယ်မှာကား သဘောတရားနှင့် လက်တွေ့ကို ပေါင်းစပ်ပေးရာ၌ မသိကိန်းပေါင်းများစွာ ရှိသည့်အနက် အခက်ခဲဆုံးသော မသိကိန်း (Human Variable)မှာ လူသားတို့၏ အပြုအမူများပင်ဖြစ်၏။ ထို့ကြောင့် လူသားတို့၏ အပြုအမူများကို သိပ္ပံနည်းကျကျ လေ့လာသော လူမှုသိပ္ပံပညာရပ်များသည် သိပ္ပံခေတ်တွင် ပို၍ အရေးကြီးလာ၏။

လူ၏ အသိတရားနှင့် အကျင့်တရားတို့ကို သိပ္ပံသဘောတရားနှင့် လက်တွေ့ဘဝကဲ့သို့ အံဝင်ဂွင်ကျ ဖြစ်အောင်

ပေါင်းစပ်ပေးရန်မှာ လူတဦးချင်း၏ အပြောနှင့် အလုပ် သဘောနှင့်သရုပ်တို့ကို လက်တွေ့စမ်းသပ်ကြည့်မှသာ သိနိုင် ပေသည်။

ပြောခြင်းသည် (ဝစီကံ)လူ၏ အပြုအမူတရပ် ဖြစ်၏။ လုပ်ခြင်းသည် (ကာယကံ)လည်း လူ၏ အပြုအမူတရပ် ဖြစ်၏။ ထိုအပြုအမူ ၂ ရပ်တို့မှာ ရုပ်ဒြပ်အကောင်အထည်ရှိ၍ ကြား နိုင် မြင်နိုင်သဖြင့် အလွယ်တကူ စမ်းသပ်ကြည့်ရှု၍ ရ၏။ ရုပ် ဒြပ်အကောင်အထည်မရှိ၍ အလွယ်တကူ မစမ်းသပ်နိုင်သော လူ၏အပြုအမူမှာ ကြံစည်အားထုတ်ခြင်း (မနောကံ)ပင် ဖြစ် သည်။ မနောကံသည် ဝစီကံနှင့် ကာယကံတို့၏ ဦးစီးပဲ့ကိုင် လည်း ဖြစ်ရာ လူ၏ အပြုအမူကို စမ်းသပ်ရာတွင် ကြံစည်အား ထုတ်မှုများကို စမ်းသပ်ခြင်းသည် အဓိက ဖြစ်ကြောင်း တွေ့ ရ၏။

ကြံစည်အားထုတ်ချက်ဟူသမျှမှာ စိတ်ပိုင်းဆိုင်ရာ အရည် အချင်းများသာ ဖြစ်ကြ၏။ သိပ္ပံပညာရှင်ကြီးတို့၏ ကြံစည်အား ထုတ်မှုနှင့် တွေးခေါ်မြော်မြင်မှု အစုစုတို့သည် သိပ္ပံသဘော တရားများ ရှာကြံရေး၊ သိပ္ပံသဘောတရားများနှင့် လက်တွေ့ သိပ္ပံသုပ်ငန်း ပေါင်းစပ်ရေးတို့တွင် ပဓာနကျသော စိတ်ပိုင်း ဆိုင်ရာ အရည်အချင်းများသာ ဖြစ်ကြပေသည်။

သိပ္ပံပညာရှင်ကြီးများသည် ရုပ်ပိုင်းဆိုင်ရာ သိပ္ပံလက်တွေ့ ဘဝလုပ်ငန်း အမျိုးမျိုးအတွက် သိပ္ပံသဘောတရားများနှင့် သိပ္ပံပုံရှင်နည်းများကို တည်ထွင်ကြံဆ ဖော်ထုတ်ကြရခြင်းမှာ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများသာ ဖြစ်၏။ စိတ်အရည် အချင်းများဖြင့် ရုပ်တို့၏ လက်တွေ့ဘဝကို တွက်ချက် တိုင်း

တာ၍ ရသော်လည်း စိတ်အရည်အချင်းကို တွက်ချက်တိုင်းတာပြရန်မှာ လွန်စွာ ခဲယဉ်းလှ၏။ အိုင်-ကျူ (I.Q. Intelligent Quotient)ဟု အတိုကောက် ခေါ်သော ကြံရည်ဖန်ရည် ခန့်မှန်းမှု စနစ်တရပ်ကို လူမှုသိပ္ပံပညာရှင်တို့ တည်ထွင်ထားကြသော်လည်း ယေဘုယျသဘောသာ ခန့်မှန်း၍ရ၏။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အထူးဂရုစိုက်၍ အားပေးလုပ်ဆောင်ကြရန် လိုပေသည်။

ဤစာအုပ်သည် အဓိကအားဖြင့် သိပ္ပံနည်းကျသော စိတ်ပိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများအတွက် လမ်းစရှာဖွေထားသော ကြိုးပမ်းချက်တရပ်သာလျှင် ဖြစ်ကြောင်း တင်ပြလိုက်ရပေသတည်း။

အခန်း (၂)

# သိပ္ပံနည်းကျခြင်းဆိုတာ ဘာလဲ

သိပ္ပံပညာများ အတိုင်းမသိ ထွန်းကားနေသော ယနေ့ လူ့ဘောင်ဝယ် တိုးတက်သော လူသားများစွာသည် အရာရာကို သိပ္ပံနည်းကျကျ လုပ်ဆောင်ရန် အစဉ်ကြိုးပမ်း အားထုတ်လျက် ရှိသည်မှာ ကျေနပ်ဝမ်းသာစရာ ကောင်းလှပေ၏။ သို့ရာတွင် လူအများ ခံယူကျင့်သုံးလျက်ရှိသော သိပ္ပံနည်းဆိုသည်မှာ ဘယ်အရာကို ခေါ်ပါသနည်း။ ဤအချက်ကို လေးနက်စွာ ဆန်းစစ်လေ့လာအပ်ပေသည်။

ယနေ့ လူ့ဘောင်၏ လက်တွေ့ဘဝနယ်ပယ်၌ သိပ္ပံနည်းကျကျဟူသော ဝေါဟာရကို အသုံးပြုသည့်နေရာတိုင်း၌ အဓိက ဆိုလိုရင်းအချက်မှာ ကိန်းဂဏာန်းများဖြင့် ရေတွက်၍ ပြခြင်း၊ (ဖော်မြူလာ)ခေါ် ပုံရှင်နည်းတမျိုးမျိုးဖြင့် တွက်ချက်၍ ပြခြင်းစသော လုပ်နည်းလုပ်ဟန်များကိုသာ ရည်ညွှန်းခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ဤသို့သော လုပ်နည်းလုပ်ဟန်များသည် သိပ္ပံနည်းကျခြင်း မည်ပါသလော။

ကိန်းဂဏာန်းများဖြင့် ရေတွက် တိုင်းတာ ချိန်တွယ်ကာ ပြရုံမျှဖြင့်ရင်း၊ ဖော်မြူလာပေါင်းစုံသုံး၍ သင်ပုန်းကြီးပြည့်လောက်အောင် တွက်ချက်ကာ ပြရုံမျှဖြင့်ရင်း၊ သိပ္ပံနည်းကျပုံကို သက်

သေထူ၍ မရနိုင်ပါချေ။ အဆိုပါ လုပ်နည်းလုပ်ဟန်များသည် သိပ္ပံနည်းကျခြင်းကို သရုပ်ဆောင်ပေသော သင်္ချာဗေဒ အဆောက်အအုံများသာ ဖြစ်ကြပေသည်။ သင်္ချာဗေဒတရပ်လုံးသည် သိပ္ပံနည်းများ၏ ဆူးဆောက်ကိရိယာ တန်ဆာပလာမျှသာ ဖြစ်ပေသည်။

သို့သော် သင်္ချာဗေဒဆိုသည်မှာလည်း သိပ္ပံနည်းကျကျ ဖွဲ့စည်း တည်ဆောက်ထားသော သိပ္ပံသုံး လက်နက်ကိရိယာများ ဖြစ်၍ သိပ္ပံနည်းများကို သရုပ်ဆောင်ကြသော သင်္ချာဗေဒများကို သိပ္ပံနည်း၏ အပြင်သရုပ်သဏ္ဍာန်များဟု နားလည်ထားအပ်ပေသည်။ သို့ဖြစ်ရာ ယနေ့ အများဆုံး ပြောဆိုကျင့်သုံးနေကြသော သိပ္ပံနည်းဆိုသည်မှာ သင်္ချာဗေဒသဘောကို ဆောင်သော အပြင်သရုပ်သဏ္ဍာန်များသာဖြစ်၍ အပေါ်ယံကျင့်သုံးမှုများသာ ဖြစ်နေကြောင်း တွေ့ရသည်။ သို့ဖြစ်လျှင် သိပ္ပံနည်း၏ အတွင်းသဘောသကန်များမှာ ဘယ်သို့ရှိပါသနည်း။

သိပ္ပံနည်း၏ အတွင်းသဘောသကန်သည်ကား အပြင်သရုပ်သဏ္ဍာန်နှင့် များစွာ ကွဲပြား ခြားနားလေသည်။ သိပ္ပံနည်း၏ အပြင်သရုပ်သဏ္ဍာန်ကို အဟုတ်အမှန်ဟု ခံယူကြသူများသည် ကိန်းဂဏန်းများ၊ ဖော်မြူလာများ၊ အတွက်အချက်များကိုသာ အထင်ကြီးကာ တရားသေ စွဲကိုင်လာကြသော အခါ သိပ္ပံနည်း၏ အနှစ်သာရမှာ ပျောက်ကွယ်ခြင်းသို့ ရောက်ရလေသည်။

စင်စစ်မှာမူ သိပ္ပံနည်း၏ အနှစ်သာရသည် အပြင်သရုပ်သဏ္ဍာန်နှင့် လုံးဝကွဲပြား ခြားနားသော အတွင်းသဘော

သကန်၌သာ အခြေစိုက်၏။ အပြင်သရုပ်သဏ္ဌာန်ကို ခံယူခြင်းဖြင့် သိပ္ပံနည်းစစ်စစ်ကို မတွေ့နိုင်ချေ။ အတွင်းသဘောကို စောကြောမှသာလျှင် သိပ္ပံနည်းစစ်စစ်ကို တွေ့နိုင်လေသည်။ သို့ဖြစ်ရာ သိပ္ပံနည်း၏ အတွင်းသဘောမှာ ဘာကို ဆိုလိုပါသနည်း။

ဤမေးခွန်းကို ဖြေဆိုရန်အတွက် သိပ္ပံနည်းများ၏ မူလရည်ရွယ်ချက်နှင့် တာဝန်ကို ဦးစွာ ဆင်ခြင်အပ်၏။ သိပ္ပံနည်းများသည် သိပ္ပံပညာသမိုင်းကို ဖော်ဆောင်ခဲ့ကြသော သိပ္ပံပညာရှင် လူသားကြီးများက သဘာဝ ရုပ်လောကကြီးကို အမျိုးမျိုး စူးစမ်းလေ့လာရာမှ ရရှိလာသော အသိတရားစနစ်ကြီးများ ဖြစ်ကြောင်း သိခဲ့ရပေပြီ။

သိပ္ပံနည်းစနစ်များကို သဘာဝ ရုပ်လောကကြီးအတွင်းမှ ထုတ်ယူခဲ့ကြသော သိပ္ပံပညာရှင် လူသားကြီးတို့သည် ထိုနည်းများဖြင့် သဘာဝ ရုပ်လောကကြီးကို ပို၍ စူးစမ်းလေ့လာနိုင်ကြ၏၊ သဘာဝ ရုပ်လောကကြီးကို လူ့ဘောင်၏ အကျိုးစီးပွားအတွက် ပို၍ အသုံးချလာနိုင်ကြ၏။ ထိုအခါ သဘာဝ ရုပ်လောကမှသည် လူ့လောကအတွက် လူတို့ တည်ထွင် ထုတ်လုပ်သည့် လူ့အသုံးအဆောင် ပစ္စည်းကိရိယာများ ရရှိလာကြလေသည်။ ဤသည်မှာ သိပ္ပံနည်းများ၏ မူလ ရည်ရွယ်ချက်ကြီး ဖြစ်လေသည်။

သိပ္ပံနည်းများ၏ မူလတာဝန်ကား တိုးတက်ကောင်းမွန်သော လူ့အသုံးအဆောင် ရုပ်ဝတ္ထု ပစ္စည်းကိရိယာများ ရရှိအောင် ရုပ်လောကကို ပို၍ နက်ရှိုင်းစွာ ထိုးဖောက်စူးစမ်းလေ့လာရေးပင် ဖြစ်၏။ ဤတာဝန်ကို ထမ်းဆောင်ရန်အလို့

၄၁ သိပ္ပံပညာရှင်ကြီးများသည် သိပ္ပံနည်းများဖြင့် ရုပ်လောက ကြီးအား အဆင့်ဆင့် ခွဲစိတ်ကာ လေ့လာစူးစမ်းလာကြသည် မှာ ယနေ့ဆိုလျှင် အနုမြူကို ခွဲစိတ်သည့် အဆင့်သို့ပင် ရောက် လာခဲ့ပေပြီ။

အနုမြူဆိုသည်မှာ ရုပ်ဒြပ်ကို အဆင့်ဆင့် ခွဲစိတ်လေ့လာစူး စမ်းရာမှ ရရှိလာသော ရုပ်သတ္တိအပြည့်အဝရှိသည့် အသေး ငယ်ဆုံး ရုပ်ဒြပ်မှုန်လေးပင် ဖြစ်၏။ အနုမြူကို ရုပ်ဒြပ်နောက် ဆုံးအဆင့်ဟု သတ်မှတ်ကာ နောက်ထပ် ခွဲစိတ်၍ မရတော့ဟု သိပ္ပံပညာရှင် ဂျွန်ဒေါလတန် (၁၇၆၆–၁၈၄၄)၏ ခေတ်က ယူဆခဲ့သည်။ ဤသို့ ယူဆခဲ့သည်မှာ ထိုခေတ် ထိုအခြေအနေ အရ အလွန်ပင် မှန်ကန်လှပေသည်။ အကြောင်းမူ အနုမြူ သည် ထိုခေတ်သိပ္ပံပညာ၏ ရူပဗေဒနည်း၊ ဓာတုဗေဒနည်း နှင့် ဇီဝဗေဒနည်းများအရ ဘယ်လိုမှ ခွဲစိတ်၍ မရရုံမျှမက သဘာဝနယ်ပယ်အတွင်းရှိ ရုပ်ပြောင်းလဲမှု အစုစု၊ ဓာတ် ပြောင်းလဲမှုအစုစုနှင့် ဇီဝပြောင်းလဲမှုအစုစုတို့တွင် အနုမြူ သည်သာ အခြေခံအကျဆုံးရုပ်ဒြပ် ဖြစ်သည်။အနုမြူသည်သာ အခိုင်မြဲဆုံးဖြစ်၍ အနုမြူ၏ ဖွဲ့စည်းမှု၊လှုပ်ရှားမှုနှင့် ရှင်သန်မှု တို့ကို သိပ္ပံပညာရှင် လူသားကြီးတို့က အလွန်ပင် စိတ်ဝင် စားကြသည်။

ဤသို့ စိတ်ဝင်စားကြခြင်းမှာ အခြားကြောင့်မဟုတ်၊လူ၏ အကျိုးစီးပွားအတွက်ပင် ဖြစ်၏။ လူ၏ အကျိုးစီးပွားတွင် အခြေခံအကျဆုံးမှာ အသက်ရှင်သန်လိုမှုပင် ဖြစ်၏။ လူသည် ထာဝရ အသက်ရှင်သန် လို၏။ခိုင်မြဲ လို၏။အနုမြူလေးသည် ရုပ်ပြောင်းလဲမှု၊ ဓာတ်ပြောင်းလဲမှုနှင့် ဇီဝ ပြောင်းလဲမှု

အမျိုးမျိုးကို ကြို့ကြိုခံနိုင်သောအစွမ်းသတ္တိ ရှိသဖြင့် ထိုသို့သော ပြောင်းလဲမှုအစုစုတို့ကို ကြံ့ကြံ့မခံနိုင်သော လူသားက အနုမြူကို စိတ်ဝင်စားမိခြင်း ဖြစ်သည်။

အနုမြူသည် ဘာကြောင့် ခိုင်မြဲရပါသနည်း။ ချပ်ပြောင်းလဲမှု၊ ဓာတ်ပြောင်းလဲမှုနှင့် ဇီဝပြောင်းလဲမှုတို့ကို ဘာကြောင့် ကြံ့ကြံ့ခံနိုင်ရပါသနည်း။ အနုမြူ၏ လျှို့ဝှက်ချက်များကား အဘယ်နည်း။ ဤမေးခွန်းများ၏အဖြေကို သိလိုကြသော သိပ္ပံပညာရှင် လူသားကြီးတို့က သဘာဝအားဖြင့် ခွဲစိတ်ရန် အလွန်ပင်ခက်ခဲသော အနုမြူကို ခက်ခဲပင်ပန်းစွာပင် ခွဲစိတ်ရန် ကြိုးပမ်းခဲ့ကြသည်မှာ နှစ်ပေါင်းတရာခန့် ကြာခဲ့၏။

၁၀၉၇-ခုနှစ်တွင်မူ သိပ္ပံပညာရှင် ဂျွန်သွမ်ဆင်(၁၀၅၆-၁၉၄၀)က အနုမြူကို ထပ်မံခွဲစိတ်ရကြောင်း လက်တွေ့ သက်သေ ပြခဲ့သည်။ ထိုအချိန်မှ အစပြု၍ **ရုပ်ဒြပ်သိပ္ပံနယ်ပယ်** (Atomic Science)သည် အတိုင်းမသိအောင် နက်ရှိုင်းကျယ်ဝန်းသော **ရုပ်ဓာတ်သိပ္ပံနယ်ပယ်** (Sub-Atomic-Science)အတွင်းသို့ ဖောက်ထွင်း ဝင်ရောက်လာခဲ့လေသည်။

ရုပ်ဒြပ်သိပ္ပံနယ်ပယ်သည် ကြီးကျယ်ခမ်းနား၍ ဆန်းပြားသည် မှန်သော်လည်း ထိုနယ်ပယ်ကို သိပ္ပံပညာရှင် လူသားများသည် ကောင်းစွာ ထိန်းကျောင်းနိုင်ကြပြီဟု ဆိုရပေမည်။ ရုပ်ဓာတ်သိပ္ပံနယ်ပယ်မှာကား အနုမြူလေးတမှုန့်အတွင်း ဖောက်ထွင်းရှာဖွေ စူးစမ်းရခြင်းဖြစ်၍ နက်ရှိုင်းသည်နှင့်အမျှ ခက်ခဲသိမ်မွေ့၍ နူးညံ့လှပေ၏။ ထိုနယ်ပယ်၏ ကျယ်ဝန်းနက်ရှိုင်းပုံကို တင်စားသည့်အနေဖြင့် သိပ္ပံပညာရှင်ကြီးများက **အနုမြူစကြာဝဠာ**ဟုပင် ခေါ်ဆိုကြသည်။ ယနေ့ ထိပ်တန်း

သိပ္ပံပညာရှင်ကြီး များစွာတို့မှာ အသေးငယ်ဆုံးသော အနုမြူစကြာဝဠာအတွင်း၌ စူးစမ်း ရှာဖွေ၍ မကုန်ခန်းနိုင်သော ရုပ်ဓာတ်သိပ္ပံသဘောတရားများဖြင့် နစ်မျောလျက် ရှိနေကြပေသည်။

မည်သို့ပင်ရှိစေကာမူ အနုမြူစကြာဝဠာအတွင်း၌ အဓိကအားဖြင့် စနစ်တကျ ဖွဲ့စည်းပါဝင်သော ဂြိုဟ်တာရာကြီးများမှာ **ညူထရွန်**(Neutron)ဟုခေါ်သော ပင်မဂြိုဟ်ကြီးများ၊ **ပရိုတွန်** (Proton) ဟုခေါ်သော ပင်ရင်းဂြိုဟ်လတ်များနှင့် **အီလက်ထရွန်**(Electron)ဟုခေါ်သော ပတ်လည်ဂြိုဟ်ရံများဖြစ်ကြောင်း တွေ့ရလေသည်။ ရုပ်ဒြပ်အနုမြူဟူသမျှတွင် အဓိကအားဖြင့် ဖွဲ့စည်းပါဝင်ကြသော ညူထရွန်၊ ပရိုတွန်နှင့် အီလက်ထရွန်တို့သည် ရုပ်ဒြပ်တို့၏ ရုပ်သတ္တိ၊ ဓာတ်သတ္တိနှင့် ဇီဝသတ္တိ အမျိုးမျိုးတို့ကို ပြဋ္ဌာန်းကြသဖြင့် ယင်းတို့ကို **အခြေခံရုပ်ဓာတ်များ** (Basic Atomic Particles)ဟု ခေါ်ဆိုအပ်ပေသည်။

အဆိုပါ အခြေခံရုပ်ဓာတ်များသည် မတူညီသော ဓာတ်သဘောများ ရှိကြ၏။ အီလက်ထရွန်သည် အလေးချိန် အနည်းဆုံးဖြစ်ပြီး ယင်း၏ အလေးချိန် အရေအတွက်မှာ (၀.၀၀၀၅၆)ခန့် ဖြစ်၏။ လျှပ်စစ်(မဓာတ်)သဘော ရှိ၏။ ပရိုတွန်သည် အလေးချိန် ပို၍စီးပြီး ယင်း၏အလေးချိန် အရေအတွက်မှာ (၁.၀၀၇၅၀)ခန့် ဖြစ်၏။ လျှပ်စစ်(အဖိုဓာတ်) သဘော ရှိ၏။ ညူထရွန်သည် အလေးချိန် အများဆုံးဖြစ်ပြီး ယင်း၏ အလေးချိန် အရေအတွက်မှာ (၁.၀၀၀၈၄)ခန့် ဖြစ်၏။လျှပ်စစ်(အဖို+အမ)ဓာတ်သဘော

ညီမျှကြောင်း တွေ့ရသည်။

ဤခေတ်သဘောများကို စူးစမ်း လေ့လာသောအခါ အလေးချိန် အများဆုံးနှင့် လျှပ်စစ်ခေတ်သဘော ညီမျှနေသော ညူထရွန်သည် လျှပ်စစ်အဖိုခေတ်သဘော ရှိသော ပရိုတွန်နှင့် လျှပ်စစ်အမခေတ်သဘောရှိသော အီလက်ထရွန်တို့၏ **အပြန်အလှန် ဆွဲငင်ပေါင်းစည်းမှုအရ**(Mutual Attractions)အနုမြူအတွင်း၌ ခိုင်မာသော ပင်မအဖွဲ့အစည်း တခုဖြစ်နေကြောင်း တွေ့ရသည်။ အနုမြူ၏ အလေးချိန် သိပ်သည်းခြင်းနှင့် စွမ်းအင်တို့ကိုလည်း ပြဋ္ဌာန်းပေးနေကြောင်း တွေ့ရသည်။

ထို့ပြင် လျှပ်စစ်အဖိုခေတ်သဘောရှိသော ပရိုတွန်သည် လျှပ်စစ်ခေတ်သဘော ညီမျှနေသော ညူထရွန်နှင့် အတူယှဉ်တွဲနေထိုင်ကာ လျှပ်စစ်အမခေတ်သဘောရှိသော ပတ်လည်ဂြိုဟ်ရံ အီလက်ထရွန်များနှင့် အပြန်အလှန် ဆွဲငင်ပေါင်းစပ်မှုအရ ထိန်းကျောင်းနေခြင်းကြောင့် အီလက်ထရွန်သည် သွေဝိုင်းသောလမ်းကြောင်းများအတိုင်း စနစ်တကျ လှည့်ပတ် လှုပ်ရှားကာ အနုမြူ၏ရှင်သန်မှုကို ဖန်တီးပေးနေခြင်းဖြစ်ကြောင်း တွေ့ရသည်။

သို့ဖြစ်ရာ အနုမြူ၏ ခိုင်မြဲမှုသဘောနှင့် ရှင်သန်မှုသဘော တို့သည် ယင်း၏ ဖွဲ့စည်းပုံတွင် အခြေခံအားဖြင့် ပါဝင်သော ပရိုတွန်နှင့် အီလက်ထရွန်တို့၏ အချင်းချင်း အပြန်အလှန် ဆွဲငင်ပေါင်းစည်းမှုနှင့် ပေါင်းစပ်မှုသဘောတို့ကြောင့် ရရှိလာသော အကျိုးတရားများဖြစ်ကြောင်း တွေ့ရလေသည်။

လျှပ်စစ်အဖိုခေတ်သဘောဆောင်သော ပရိုတွန်သည်ရင်း၊

လျှပ်စစ်အမခေါက်သဘောဆောင်သော အီလက်ထရွန်သည် ၎င်း သီးခြားရပ်တည်၍ မရချေ။ သီးခြားဖြစ်နေသော ပရိုတွန်နှင့် သီးခြားဖြစ်နေသော အီလက်ထရွန်တို့၏ဘဝများသည် သဘာဝလောကခေတ်ကြီးအတွင်း၌ ဆောက်တည်ရာ မရအောင် ပြေးလွှားနေကြရသောသဘော ရှိ၏။ပရိုတွန်သည် အီလက်ထရွန်ကို၎င်း၊အီလက်ထရွန်သည် ပရိုတွန်ကို၎င်း အပြန် အလှန် ဆွဲငင်ပေါင်းစည်းကြရသောအခါမှ ပြေးလွှားနေရသောဘဝများသည် ဆောက်တည်ခွင့် ရပေ၏။

ထို့ကြောင့် အချင်းချင်း အပြန်အလှန် ဆွဲငင်ပေါင်းစည်းကြမှသာ ဆောက်တည်ရာ ရကြသော ခေတ်သဘောချင်း မတူသည့် ပရိုတွန်နှင့် အီလက်ထရွန်တို့ကို **အပြန်အလှန် အကျိုးကျေးဇူးပြုနေကြသော အညမညခေတ်သဘောများ** (Dialecticals)ဟု နားလည်အပ်ပေသည်။

သဘာဝလောကခေတ်ကြီးအတွင်း၌ ဤကဲ့သို့ မတူညီသည့် ခေတ်သဘောဆောင်လျက် အပြန်အလှန် အကျိုးကျေးဇူးပြုတတ်ကြသော အညမညခေတ်သဘောများကို တနည်းအားဖြင့် **ပေါင်းစည်းဘက်ခေတ်သဘောများ** (Constructive Contradictions)ဟု ခေါ်ဆိုနိုင်ပေသည်။ ယင်းသို့သော ခေတ်သဘောများမှာ တခုနှင့်တခု မတူညီကြသော်လည်း အချင်းချင်း မဆန့်ကျင်ကြချေ၊ မရန်းကန်ကြချေ၊ မတွန်းလှန်ကြချေ။ ဆွဲငင် ပေါင်းစည်းကြသည်ကိုသာ တွေ့ရပေ၏။ ထို့ကြောင့် ပေါင်းစည်းဘက် ခေတ်သဘောများ၏ ဆွဲငင်ပေါင်းစည်းရန် ကြိုးပမ်းအားထုတ်မှု ဟူသမျှကို **အပြုသဘောရှိသော အားပြိုင်မှုများ** ( Constructive Struggles )

ဟု နားလည်အပ်ပေသည်။

သို့သော် ပရိုတွန်တခုသည် အခြားသော ပရိုတွန်တခုကို ၎င်း၊ အီလက်ထရွန်တခုသည် အခြားသော အီလက်ထရွန်ကို၎င်း၊ သဘာဝလောကဓာတ်ကြီးအတွင်း၌ ပြေးရင်းလွှားရင်း ကြုံတွေ့သောအခါ **ဆန့်ကျင်ရုန်းကန်၍** (Mutual Repulsions) တွန်းလှန်တိုက်ဖျက်ပစ်ကြောင်း တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ပရိုတွန် တခုနှင့်တခု၊ အီလက်ထရွန် တခုနှင့်တခုတို့သည် သီးခြားနေလိုခြင်းကြောင့် ဖြစ်၏၊ မပေါင်းစည်းနိုင်ခြင်းကြောင့် ဖြစ်၏။ အပြန်အလှန် အကျိုးကျေးဇူး မပြုနိုင်ခြင်းကြောင့် ဖြစ်၏။ ယင်းသို့သော ဓာတ်သဘောများကို **ကဏ္ဍကောစဓာတ်သဘောများ** (Metaphysicals)ဟု နားလည်အပ်ပေသည်။

သဘာဝ လောကဓာတ်ကြီးအတွင်း၌ အချင်းချင်းဆန့်ကျင် တွန်းကန်လျက် တခုနှင့်တခု အကျိုးကျေးဇူးမပြုနိုင်သည့်ကဏ္ဍကောစဓာတ်သဘောများကို တနည်းအားဖြင့် **ဆန့်ကျင်ဘက်ဓာတ်သဘောများ** (Destructive Contradictions) ဟု ခေါ်ဆိုနိုင်ပေသည်။ ယင်းဓာတ်သဘောတို့သည် တခုနှင့်တခု ဆန့်ကျင် ရုန်းကန်၍ တွန်းလှန်တိုက်ဖျက်ပစ်ကြသည်ကိုသာ တွေ့ရပေသည်။ ထိုကြောင့် ဆန့်ကျင်ဘက် ဓာတ်သဘောများ၏ တွန်းလှန်ရုန်းကန်ရန် အားထုတ်မှု ဟူသမျှကို **အဖျက်သဘောရှိသော အားပြိုင်မှုများ** (Destructive Struggles) ဟု နားလည်အပ်ပေသည်။

ထို့ပြင် လျှပ်စစ်အဖိုဓာတ်သဘောဆောင်သော ပရိုတွန်ပင် ဖြစ်စေ၊ လျှပ်စစ်အမဓာတ်သဘောဆောင်သော အီလက်

ထရွန်ပင်ဖြစ်စေ သဘာဝလောကဓာတ်အတွင်း ပြေးရင်းလွှားရင်းဖြင့် ညူထရွန်ကို ဆုံတွေ့သောအခါ အပြုသဘောဖြင့် အတူယှဉ်တွဲသွားနိုင်ကြောင်း တွေ့ရပြန်သည်။ ဤသို့ အတူယှဉ်တွဲသွားနိုင်ခြင်းမှာ ညူထရွန်သည် လျှပ်စစ်ဓာတ်အားညီမျှနေသော သဘောရှိခြင်းကြောင့် ဖြစ်၏။ သို့သော် ညူထရွန်သည်လည်း သဘာဝ လောကဓာတ်အတွင်း၌ သီးခြားနေရသောအခါ ပရိုတွန်နှင့် အီလက်ထရွန်တို့၏ ဘဝများကဲ့သို့ ဆောက်တည်ရာမရအောင် ပြေးလွှားနေရသည်သာ ဖြစ်၏။

တသီးတခြားစီအားဖြင့် ဆောက်တည်ရာမရပဲ မရပ်မနား ပြေးလွှားနေကြသော ပေါင်းစည်းတက် ဓာတ်သဘောများ ဆောင်ထားကြသည့် အီလက်ထရွန်၊ ပရိုတွန်နှင့် ညူထရွန်တို့သည် သုံးဦးသုံးဖလှယ် အပြန်အလှန် အကျိုးကျေးဇူးပြုခြင်းအားဖြင့် အကြောင်းအပေါင်း သင့်ကြသောအခါ အနုမြူဟုခေါ်သော အငယ်ဆုံး ရုပ်ဒြပ်လေးအဖြစ် အလွန်ခိုင်မြဲ၍ ရှင်သန်လှုပ်ရှားမှုရှိသော ဘဝကို တည်ဆောက်မိကြလေသည်။ ဤသို့သော ပေါင်းစည်းတည်ဆောက်မှုမျိုးကို **သိပ္ပံနည်းအရ သမူဟကျခြင်း** (Scientific Synthesis) ဟု နားလည်အပ်ပေသည်။

ထိုကြောင့် သိပ္ပံနည်း၏အတွင်းသဘောဆိုသည်မှာ အချုပ်အားဖြင့် အောက်ပါ အနက်အဓိပ္ပာယ်များကို ဆောင်ယူလေသည်။

(က) သဘာဝ လောကဓာတ်ကြီးအတွင်း မည်သို့သော အခြင်းအရာကိုမဆို လေးနက်စွာ စူးစမ်းလေ့လာမည်ဆိုလျှင် ပကတိအတိုင်း တည်ရှိနေကြသော

**ပေါင်းစည်းဘက် ခေတ်သဘောများနှင့် ဆန့်ကျင်ဘက် ခေတ်သဘောများကို** တွေ့ရှိကြရမည် ဖြစ်သည်။

(ခ) ပေါင်းစည်းဘက် ခေတ်သဘောများကို ဆောင်ကြကုန်သော အရာခပ်သိမ်းတို့သည် အချင်းချင်း အပြန်အလှန် ဆွဲငင် ပေါင်းစည်းခြင်း အားဖြင့် အပြန်အလှန် အကျိုးကျေးဇူးပြုကာ ခိုင်မြဲသော သဘော၊ ဖွံ့စည်းသော သဘောနှင့် ရှင်သန်သော သဘောရှိသည့် ဘဝများကို တည်ဆောက်နိုင်ကြသည်။

(ဂ) ဆန့်ကျင်ဘက် ခေတ်သဘောများကို ဆောင်ကြကုန်သော အရာခပ်သိမ်းတို့သည် တခုနှင့်တခု ဆန့်ကျင် ရန်းကန်၍ တွန်းလှန်တိုက်ဖျက်ပစ်ခြင်းအားဖြင့် မခိုင်မြဲသောသဘော၊ ပြိုကွဲသော သဘောနှင့် ပျက်ပြုန်းရသော သဘောတို့ကြောင့် ဆောက်တည်ရာမရကြချေ။

(ဃ) သဘာဝလောကခေတ်ကြီးအတွင်း၌ရှိသော ပေါင်းစည်းဘက် ခေတ်သဘောများနှင့် ဆန့်ကျင်ဘက် ခေတ်သဘောများသည် **ထာဝစဉ် ပဋိပက္ခအသွင်** (Antigonistical)ဆောင်လျက် ရှိကြသည်။ ယင်း ပဋိပက္ခအသွင်သည် ထာဝစဉ် ဆုတ်ယုတ်ပျက်ပြားရေးသို့သာ ရှေးရှုနေ၏။ အပျက်သဘော အဖျက်သဘောသို့သာ တွန်းပို့နေ၏။

သို့ရာတွင် ပေါင်းစည်းဘက် ခေတ်သဘောများ

က အစဉ်ပေါင်းစည်းရန် ဆွဲငင်လှုပ်ရှားနေကြသလို ဆန့်ကျင်ဘက် ဓာတ်သဘောများက အစဉ်ဆန့်ကျင်ရန် တွန်းကန်လှုပ်ရှားနေကြသည်။ ထို့ကြောင့် သဘာဝ လောကဓာတ်ကြီးမှာ မရပ်မနား လှုပ်ရှား ပြောင်းလဲ ရွေ့လျားရှိသာ နေသည်။

(င) သဘာဝ လောကဓာတ်ကြီး၏ မရပ်မနား လှုပ်ရှား ပြောင်းလဲ ရွေ့လျောနေမှုအတွင်းမှာပင် ပေါင်းစည်းဘက် ဓာတ်သဘောများ၏ ဆွဲငင်လှုပ်ရှားမှုသည် ဆန့်ကျင်ဘက် ဓာတ်သဘောများ၏ တွန်းကန်လှုပ်ရှားမှုအပေါ်တွင် **ပေါင်းစည်းဘက်ဓာတ်သဘောများ၏ သမူဟဖြစ်စဉ်ကြီး** (Synthesis of the Dialecticals)အရ အနိုင်ယူနိုင်ကြကာ ခိုင်မြဲသောသဘောနှင့် ရှင်သန်သောသဘော ရှိသည့် ဘဝများကို တည်ဆောက်နိုင်ကြသည်။

အထက်ပါ အချက်ကြီးများသည် သိပ္ပံနည်း၏ အတွင်းသဘောသကန်ကို မှန်ကန်စွာ ဖော်ပြသော ဝိသေသလက္ခဏာများ ဖြစ်ကြ၏။ ယင်းလက္ခဏာများသည် အနုမြူရုပ်ဒြပ်အဆောက်အအုံလေးကို ခွဲစိတ်လေ့လာသောအခါ မြင်တွေ့လာရသော အတွင်းရုပ်ဓာတ်များမှ ထုတ်နုတ်ရယူသည့် အတွင်းသဘောတရားများ ဖြစ်သည်မှာ ထင်ရှားလှပေသည်။ အနုမြူ၏ အတွင်းရုပ်ဓာတ်များကို ယနေ့ရောက်ရှိနေသော ညူကလီးယားသိပ္ပံပညာအမြင်ဖြင့် (Nuclear Science or Sub-Atomic Science)ထပ်မံ ခွဲစိတ်၍ လေ့လာကြပြန်သောအခါ ထွက်ပေါ်လာသော ရုပ်ဓာတ်ခန္ဓာများတွင် ညူထရွန်

နှင့် သဘောသရုပ်ချင်းတူသော **ညူထရီနို** (Neutrino) ကိုဎင်း၊ ပရိုတွန်နှင့် သဘောသရုပ်ချင်းတူသော **ပိုဆစ်ထရွန်** (Positron)ကိုဎင်း၊ အီလက်ထရွန်နှင့် သဘောသရုပ်ချင်းတူသော **နဂ္ဂါထရွန်**(Negatron)ကိုဎင်း တွေ့လာကြရသည်။

ဤရုပ်ဓာတ်ခန္ဓာလေးများ အတွင်း၌လည်း ပေါင်းစည်းဘက် ဓာတ်သဘောများနှင့် ဆန့်ကျင်ဘက်ဓာတ်သဘောများ၏ အထက်ဖော်ပြပါ ဝိသေသလက္ခဏာများကို တွေ့ရသည်။ ယနေ့အထိ ရှာဖွေတွေ့ရှိထားသော ရုပ်ဓာတ်ခန္ဓာလေးများမှာ အရေအတွက်အားဖြင့် (၉၀)ခန့် ရှိပြီးဖြစ်ရာ အမည်များပင် အပြည့်အစုံ မပေးရသေးချေ။ သို့သော် ယင်းတို့၏ အတွင်းသဘောသကန်နှင့် အချင်းချင်း ဆက်ဆံပုံများမှာ အထက်ပါ ဝိသေသ လက္ခဏာများအတိုင်းသာ ဖြစ်ကြောင်း တွေ့ရှိရလေသည်။

ထို့ကြောင့် သိပ္ပံနည်းကို မှန်ကန်စွာ လိုက်နာကျင့်သုံးမည် ဆိုလျှင် သိပ္ပံနည်းဟူသမျှ၏ အပြင်သရုပ်သဏ္ဍာန်နှင့် အတွင်းသဘောသကန်တို့ကို မှန်ကန်စွာ ခွဲခြားသိမြင်ရန် လိုအပ်၏။ သိပ္ပံနည်းများ၏ အပြင်သရုပ်သဏ္ဍာန်၌ ကိန်းဂဏန်းများ၊ အရေအတွက်များ၊ အတိုင်းအတာများ၊ အလေးချိန်များ၊ စာရင်းဇယားများ၊ဖော်မြူလာများနှင့် အတွက်အချက်များကို မှတ်သားမကုန်အောင် တွေ့ကြုံရမည် ဖြစ်၏။ယင်းအပိုင်းများသည် သိပ္ပံနည်း၏ အပြင်သရုပ်သဏ္ဍာန်များဖြစ်သည်နှင့်အညီ ရုပ်ဆန်ကြပေသည်။

**သို့ရာတွင် သိပ္ပံနည်း၏ အတွင်းသဘောသကန်၌ ပါဝင်လျက်ရှိသော ပေါင်းစည်းဘက်ဓာတ်သဘော၊ ဆန့်ကျင်ဘက်**

ခေတ်သဘော၊ပေါင်းစည်းဘက်များနှင့် ဆန့်ကျင်ဘက်များ၏ ပဋိပက္ခသဘော၊ ပေါင်းစည်းဘက်များ အချင်းချင်း အညမည အကျိုးကျေးဇူးပြုကြသော သမ္ပယုတ္တသဘောတို့နှင့် ယှဉ်းသဘောများ အတွင်း၌ ကိန်းအောင်းလျက် ရှိသော အကြောင်းအကျိုး တရားသဘောတို့သည်ကား သဘောသကန်များသာဖြစ်ပြီး သရုပ်သဏ္ဌာန်များ မဟုတ်ကြ၍ လုံးဝ ရုပ်မဆန်ကြချေ။ စိတ်ဆန်ကြသည်ကိုသာ တွေ့ရပေ၏။

သိပ္ပံနည်းများ၏ အပြင်သရုပ်သဏ္ဌာန်ကို အတွင်းသဘော သကန်ကသာလျှင် ပြဋ္ဌာန်းပေးသည်။ အဓိပ္ပာယ် ဖော်ဆောင်ပေးသည်။ အတွင်းသဘောသကန်များ၏ ပြဋ္ဌာန်းချက်နှင့် ကင်းကွာသော အပြင်သရုပ်သဏ္ဌာန်များသည် အဓိပ္ပာယ် အဆက်အစပ်မရှိသော ရုပ်လက္ခဏာ အမှတ်အသားများသာ ဖြစ်ကြ၏။ ထို့ကြောင့် သိပ္ပံနည်းအစစ်အမှန်သည် ရုပ်ခေတ် ခန္ဓာများ၏ အတွင်းသဘောသကန်များ၌သာ အခြေစိုက်ပေ သည်။

သိပ္ပံနည်း အစစ်အမှန်ကို ကျင့်သုံးကြသော သိပ္ပံပညာရှင် ကြီးများသည် အရာရာကို စူးစမ်းလေ့လာရာတွင် အတွင်း သဘောသကန်များ၌ ကိန်းအောင်းလျက်ရှိသော ပေါင်းစည်း ဘက် ခေတ်သဘောများ၊ ဆန့်ကျင်ဘက် ခေတ်သဘောများ၊ ပဋိပက္ခ ခေတ်သဘောများ၊ သမ္ပယုတ် ခေတ်သဘောများနှင့် ယှဉ်းသဘောများ၏ အကြောင်းအကျိုး ဖြစ်စဉ်တရားများကို သာ ရှာဖွေလေ့ ရှိကြသည်။

ထိပ်တန်းသိပ္ပံပညာရှင်ကြီးများစွာတို့သည် ရံဖန်ရံခါ၌ သိပ္ပံ နည်းများ၏ အပြင်သရုပ်သဏ္ဌာန်များကို လုံးဝစိတ်မဝင်စား

ကြ၍ ကိန်းဂဏာန်းများ၊ ဖော်မြူလာများနှင့် အတွက်အချက်များကို မေ့လျော့နေတတ်ကြသည်။ စင်စစ်အားဖြင့် ကိန်းဂဏာန်းများ၊ ဖော်မြူလာများနှင့် အတွက်အချက်များသည် သိပ္ပံနည်း၏ ဆူးဆောက်ကိရိယာများဖြစ်၍ သုံးသင့်သုံးဆိုက်သော်လည်း သိပ္ပံနည်းကျရေးအတွက် ယင်းတို့မှာ ပဓာနမဟုတ်ချေ။ သိပ္ပံနည်း၏ အတွင်းသဘောသကန်များကို မှန်ကန်စွာ နားလည်ထားအပ်သော **ကြောင်းကျိုးညီညာသည့်သိပ္ပံအတွေးအခေါ် သဘောတရားများ**(Dialectical Philosophy of Science)သည်သာလျှင် သိပ္ပံနည်းကျခြင်း၏ ပဓာနအကြောင်းရင်း ဖြစ်ပေသတည်း။

# အခန်း (၃)

# သိပ္ပံနည်းကျသော လောကကြီး သုံးပါး

မြန်မာ့အတွေးအခေါ် နယ်ပယ်တွင် သဘာဝအမြင်တရား သည် ပဝေဏီကစ၍ အထင်ရှားရှိခဲ့သော **လောကကြီးသုံးပါးအမြင်တရားသာလျှင်** အခြေခံအကျဆုံး ဖြစ်၏။ လောကကြီး သုံးပါးတို့မှာ ဩကာသလောက၊ သတ္တလောက၊ သင်္ခါရ လောကဟူ၍ ဖော်ပြတတ်ကြသည်။

**ဩကာသလောက**သည် လေထု၊ ရေထု၊ မြေထုအစုစုတို့ ပါဝင်ဖွဲ့စည်းထားသော **တည်ရာမှီရာဌာနကြီး**ဟူ၍ရင်း၊ **သတ္တလောက**သည် သက်ရှိသတ္တဝါ အစုစုတို့ ပါဝင်ဖွဲ့စည်းထား သော **ဘဝဖြစ်စဉ်ကြီးများ**ဟူ၍ရင်း၊ **သင်္ခါရလောက**သည် ဖြစ်မှု ပျက်မှု အစုစုတို့ ပါဝင်ဖွဲ့စည်းထားသော **ဖြစ်ပျက်စဉ်ကြီးများ**ဟူ၍ရင်း၊ ယေဘုယျအားဖြင့် နားလည်ထားကြသည်။

ဤသို့ ဆိုသော်ငြားလည်း **သင်္ခါရလောက**ဆိုသည်မှာ သီးခြားလောကတရပ် မဟုတ်ချေ။ ဩကာသလောကနှင့် သတ္တလောကတို့အတွင်း၌ ပါဝင်ကိန်းအောင်းလျက်ရှိသော နိယာမ တရားကြီးတရပ်သာလျှင် ဖြစ်၏။ လောကကြီးသုံးပါးတွင် သင်္ခါရတရားကြီးမှာ အချုပ်အချာ အာဏာပိုင်လည်း ဖြစ်၏။ ထို့ကြောင့် မြန်မာ့အတွေးအခေါ် နယ်ပယ်တွင် သဘာဝအမြင်

တရားကို လေ့လာမည်ဆိုလျှင် သင်္ချာတရားကြီးကို အဓိက ထား၍ စူးစမ်းလေ့လာရပေမည်။ သင်္ချာတရားကြီးကို သေချာစွာ နားလည်ပါက သဘာဝ လောကကြီးအား မှန်ကန်စွာ သိမြင်နားလည်လာမည်ဟု ယူဆရပေသည်။

ဤနေရာတွင် သိပ္ပံနည်း၏ ဝိသေသလက္ခဏာများကို အခြေခံပြုမှသာလျှင် သဘာဝလောကကြီးအား မှန်ကန်စွာ လေ့လာသုံးသပ်နိုင်မည်ဖြစ်ရာ ရှေ့ခန်းတွင် တင်ပြခဲ့သော အချက်ကြီး (၅) ချက်ကို သေချာစွာ သဘောပေါက်ထားရန် လိုပေ၏။

အဆိုပါ အချက်ကြီးများသည် သိပ္ပံနည်း၏ အတွင်းသဘောသကန်များကို ယေဘုယျအားဖြင့် မှန်ကန်စွာ ဖော်ပြသော သိပ္ပံသဘော တရားကိုယ်များ ဖြစ်ကြ၏။ သိပ္ပံနည်း အစစ်အမှန်သည် သိပ္ပံသဘောတရားများ၌သာ အခြေစိုက်လေသည်။ **သိပ္ပံသဘောတရားများမှာ သဘာဝလောကဓာတ်ကြီးအား ခွဲခြမ်းစိတ်ဖြာ၍ စူးစမ်းလေ့လာရာမှ မှန်ကန်စွာ ရရှိလာသော ကြောင်းကျိုးညီညာသည့် လူ၏အသိတရားစနစ်များ ဖြစ်၍ လူ၏ စိတ်ပိုင်းဆိုင်ရာ ဘဝကြီးများဟု** နားလည်ထားအပ်၏။ ယင်းအသိတရားစနစ်များဖြင့် လူသားသည် သဘာဝလောကဓာတ်ကြီး၏ သဘောသဘာဝတို့ကို ပိုမိုထိုးဖောက်၍ နားလည်သဘောပေါက်ကာ လူသားတို့၏ အကျိုးစီးပွားအတွက် ပိုမိုကောင်းမွန်စွာ အသုံးချနိုင်မည် ဖြစ်လေသည်။

သဘာဝ လောကဓာတ်ကြီးတွင် ပါဝင်သော ပေါင်းစည်းဘက် ဓာတ်သဘောများနှင့် ဆန့်ကျင်ဘက် ဓာတ်သဘောများ၏ သဘောသဘာဝကို သိပ္ပံနည်းကျစွာ လေ့လာရန် လို၏။

ပေါင်းစည်းဘက် ဓာတ်သဘောများတွင် အခြေခံကျသော ပရိုတွန်နှင့် အီလက်ထရွန်တို့သည် အကြောင်းမလှ၍ ပေါင်းစည်းခွင့် မရသော သီးခြားဘဝများတွင် အာကာသတခွင်၌ ဆောက်တည်ရာမရအောင် ပြေးလွှားနေကြရ၏။ ပရိုတွန်သည် ဘစက္ကန့်တွင် မိုင်ပေါင်း တသိန်း ခုနစ်သောင်းခန့် ဖြင့်၎င်း၊ အီလက်ထရွန်သည် တစက္ကန့်တွင် မိုင်ပေါင်း တသိန်း ခြောက်သောင်းခန့်ဖြင့်၎င်း၊ အစအဆုံးမရှိသော အာကာသတွင် မရပ်မနား ပြေးလွှားနေရလေသည်။

သဘာဝ လောကဓာတ်အတွင်း၌ ပြေးလွှားနေရသော ပရိုတွန်များကို **အာလဖာရောင်ခြည်** ( Alpha rays ) များဟူ၍၎င်း၊ ပြေးလွှားနေသော အီလက်တရွန်များကို **ဘီတာရောင်ခြည်** (Beta rays)ဟူ၍၎င်း၊ သိပ္ပံပညာရှင်တို့က နာမည်ပေးထားကြသည်။ သို့သော် လူသား၏ သာမန်မျက်စေ့ဖြင့် အဆိုပါ ရောင်ခြည်များကို မမြင်တွေ့နိုင်ချေ။ ခန္ဓာကိုယ်ဖြင့်လည်း အထိအတွေ့ မခံနိုင်ချေ။ ထိုရောင်ခြည်များ ထိတွေ့လျှင် လူသား၏ ရုပ်ခန္ဓာမှာ ဓာတ်ပြောင်းလဲမှုနှင့် ဇီဝပြောင်းလဲမှုများ ဖြစ်ပွားနိုင်လေသည်။

သဘာဝ လောကဓာတ်အတွင်း၌ ပြေးလွှားနေကြသော ပရိုတွန်နှင့် အီလက်ထရွန်တို့သည် တခုနှင့်တခု အညမညအကျိုးကျေးဇူးပြုမှုအရ ဆွဲငင်ပေါင်းစည်းမိကြသောအခါ ဖွဲ့စည်းဖြစ်ပေါ်လာသော **ညူထရွန်တခု၏ ဘဝသည် အခြေခံအကျဆုံးသော သမူဟဘဝပင် ဖြစ်၏။** ညူထရွန်၏ ဘဝသည် လျှပ်စစ်အဖို+အမဓာတ်သဘောညီမျှနေရုံမျှမက အဖို+အမ ပေါင်းစည်းမှု၏ ကျစ်လစ်သိပ်သည်းခြင်းနှင့် စွမ်းအင်ကြီး

မားခြင်းတို့ကြောင့် အစအဆုံးမရှိသော အာကာသအတွင်း၌ အမှိုခိုကင်းစွာဖြင့် နေနိုင်၏။ သို့သော် ညူထရွန်၏ သီးခြားဘဝမှာလည်း ပရိုတွန်နှင့် အီလက်ထရွန်တို့၏သီးခြားဘဝများကဲ့သို့ တစက္ကန့်တွင် မိုင်ပေါင်း တသိန်းရှစ်သောင်းခန့်ဖြင့် ခရီးပြင်းနှင်နေရသော ဘဝသာ ဖြစ်၏။

အာကာသအတွင်း၌ အမှိုခိုကင်းစွာ ခရီးပြင်းနှင်နေရသော ညူထရွန်တို့၏ဘဝကို **ဂါမာရောင်ခြည်များ** (Gamma rays)ဟု သိပ္ပံပညာရှင်တို့က သိထားကြသည်။ ဂါမာရောင်ခြည်များသည် လျှပ်စစ်အဖို+အမဓာတ်သဘော ညီမျှနေ၍ ဦးတည်ရာလမ်းကြောင်းကို မတိမ်းမစောင်းပဲ ခရီးပြင်းမောင်းနှင်နိုင်ကြ၏။ အရာရာကို ဖောက်ထွင်းနိုင်ပြီး အလွန်အမင်းအစွမ်းထက်ကြ၏။ သက်ရှိသတ္တဝါအားလုံးသည် ဂါမာရောင်ခြည် ရိုက်ခတ်ခြင်း ခံရပါက ဓာတ်ပြောင်းလဲခြင်းနှင့် ဇီဝပြောင်းလဲခြင်း အမျိုးမျိုးကို တမဟုတ်ချင်းခံရပြီး အစရှာမရအောင် ဘဝပြောင်းသွားနိုင်လေသည်။

အချုပ်အားဖြင့်ဆိုရသော် သီးခြားစီ ဖြစ်နေကြသော ပရိုတွန်၏ဘဝ၊ အီလက်ထရွန်၏ဘဝနှင့် ညူထရွန်၏ဘဝတို့သည် အာလ်ဖာရောင်ခြည်၊ ဘီတာရောင်ခြည်နှင့် ဂါမာရောင်ခြည်ဟု ခေါ်သော တန်ခိုးပြင်းထန်သည့် ရောင်ခြည်မီးလျှံများ ဖြစ်ကာ အရာဝတ္ထုတို့ကို ကြေမွ ပျက်သုဉ်းသွားစေနိုင်၏။ သို့သော်ငြားလည်း ယင်းဓာတ်သဘောအားလုံးမှာ ပေါင်းစည်းဘက် ဓာတ်သဘောများသာ ဖြစ်၍ အချင်းချင်း အညမည အကျိုးကျေးဇူးပြုနိုင်ကြပေရာ အကြောင်းသင့်၍ ပေါင်းဆုံခွင့် ရသည်နှင့် တပြိုင်နက် ပေါင်းစည်းဘက် ဓာတ်သဘော

များ၏ သမူဟတရားကြီးအရ ဆဲ့ငင်တွဲယှက်၍ ပေါင်းဖက်ကြသောအခါ အနုမြူဟုခေါ်သော အခြေခံရုပ်ဒြပ်ကို ခိုင်မြဲစွာ တည်ဆောက်မိကြပေသည်။

အနုမြူဘဝသည် အာကာသတွင် မရပ်မနား ပြေးလွှားနေစရာ မလိုတော့ချေ။ အနုမြူ၏ဘဝသည် ခိုင်မာ၏။ လေးနက်၏။ တည်ငြိမ်၏။ ပီပီပြင်ပြင် ထင်ထင်ရှားရှား ရှိ၏။ အထူးခြားဆုံးသော ဝိသေသမှာ အနုမြူသည် ရုပ်ပြောင်းလဲမှု၊ ဓာတ်ပြောင်းလဲမှုနှင့် ဇီဝပြောင်းလဲမှုအမျိုးမျိုးတို့ကို ခံနိုင်ရည်ရှိပြီး ဘဝကူးအနုမြူများအား ပေါင်းစည်းဘက်တို့၏ သမူဟတရားကြီးအရ ဆဲ့ငင်ပေါင်းစည်းကာ ဖွဲ့စည်းသောသဘောနှင့် ရှင်သန်ကြီးထွားသော သဘောရှိသည့် ဘဝများကို တည်ဆောက်၍ ရသည်။

ဤနည်းအားဖြင့် အာကာသအတွင်း၌ ရုပ်ဓာတ်ခန္ဓာလေးများ၊ ရုပ်ဓာတ်များ၊ ရုပ်ဒြပ်များ၊ ရုပ်ဝတ္ထုများ၊ ကမ္ဘာများ၊ ဂြိုဟ်များ၊ ကြယ်တာရာကြီးများနှင့် ကြယ်စုကြီးများသည် ကျယ်ပြန့်စွာ ဖွဲ့စည်း ဖြစ်ပေါ်လာကြသည်။ ဤသို့ဖြင့် ဩကာသလောကကြီးမှာ ပေါ်ပေါက်လာရလေသည်။

ထို့ကြောင့် အာကာသအတွင်း ရှိရှိသမျှသော ရုပ်ဝတ္ထုအဖွဲ့အစည်းအားလုံး၏အခြေခံကား အနုမြူမှုန်လေးတမှုန်သာဖြစ်၏။ အနုမြူသည် ရုပ်ပြောင်းလဲခြင်း၊ ဓာတ်ပြောင်းလဲခြင်းနှင့် ဇီဝပြောင်းလဲခြင်း အမျိုးမျိုးတို့ကို ခံနိုင်ရည်ရှိရုံမျှမက ယင်းပြောင်းလဲမှုဟူသမျှတွင် အနုမြူသည် အခြေခံအကျဆုံးသောဓာတ်ကောင်အဖြစ် အလွန်ပိုင်နိုင်စွာ ကပြ အသုံးတော်ခံလေသည်။ အနုမြူကား လူတို့သိသမျှသော ရုပ်ဓာတ်ခန္ဓာ

ဖွဲ့စည်းမှုဘွင် အခိုင်မာဆုံး၊အတည်မြဲမြံဆုံးနှင့် အရှင်သန်ဆုံး ဖြစ်လေသည်။

ဤနည်းအားဖြင့် အနန္တသည် အာကာသအတွင်း၌ ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုအမျိုးမျိုးကို အခြေခံ ဖော်ဆောင်လျက် လေထု၊ရေထု၊မြေထုနှင့်တကွ သစ်ပင်ကြီးငယ် အသွယ်သွယ်တို့ ပါဝင်ကြသော ဩကာသလောကကြီးများကို ပေါင်းစည်းဘက်ခေတ်သဘောများ၏ အညမည သမ္ဗန္ဓတရားကြီးအရ ဖွဲ့စည်းဖြစ်ပေါ်လာကြလေသည်။

အလားတူစွာပင် **သတ္တလောက၏ ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုအစုစုတို့**မှာလည်း သဘာဝ လောကခေတ် အတွင်းရှိ ပေါင်းစည်းဘက်ခေတ်သဘောများ၏ အညမည သမ္ဗန္ဓဖြစ်စဉ်ကြီးအရ ဖွဲ့စည်း ဖြစ်ပေါ်လာကြလေသည်။

**ဩကာသလောကကြီး တရပ်လုံးနှင့် သတ္တလောက၏ ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းဖြစ်ပေါ်မှု** အားလုံးသည် ပေါင်းစည်း ဘက်ခေတ်သဘောများ၏ အညမည သမ္ဗန္ဓဖြစ်စဉ်ကြီးအရ ဖြစ်ပေါ်တည်ရှိလာကြခြင်းကြောင့် ယင်းတို့၏ ရုပ်ပိုင်းဘဝ ဖွဲ့စည်းပုံများတွင် ကဏ္ဍကောစ ပဋိပက္ခခေတ်သဘောများ လုံးဝ ပါဝင်နိုင်ခြင်းမရှိကြောင်း သိသာလှပေသည်။

သို့သော် သဘာဝလောကခေတ်ကြီးအတွင်း၌ ရှိရှိသမျှသော ရုပ်ဒြပ်အဖွဲ့အစည်းဟူသမျှသည် ဖြစ်ပေါ်တည်ရှိလာပြီးနောက် ပျက်စီးယိုယွင်းခြင်းကို မလွဲမသွေ ရင်ဆိုင်ရပေ၏။ **ဖြစ်လာသော အကြောင်းတရားသည် ပေါင်းစည်းဘက်ခေတ်သဘောများ၏ အညမည သမ္ဗန္ဓတရားဖြစ်ရာ** ပျက်စီး ယိုယွင်းရခြင်းအကြောင်းတရားမှာ အဘယ်နည်း။

**ပျက်စီးယိုယွင်းရခြင်းအကြောင်းတရားမှာကား အခြား မဟုတ်။ ဆန့်ကျင်ဘက်ဓာတ်သဘောများ၏ ကဏ္ဍကောစ ပဋိပက္ခတရားကြီးသာလျှင် ဖြစ်ပေ၏။**

သဘာဝလောကဓာတ်ကြီးအတွင်း၌ရှိ မရေမတွက်နိုင်သော ပရိုတွန်တခုနှင့်တခုသည်၎င်း၊ မရေမတွက်နိုင်သော အီလက်ထရွန်တခုနှင့်တခုသည်၎င်း၊ ယင်းတို့နှင့် သဘောသရုပ်ချင်းတူသော အခြား ရုပ်ဓာတ်များသည်၎င်း၊ အာကာသတွင် ပြေးရင်းလွှားရင်း ကြုံတွေ့ရသောအခါ တခုနှင့်တခု ဆန့်ကျင် ရုန်းကန်ကြသည်၊ တွန်းလှန်တိုက်ဖျက်ကြသည်။ ဤသို့ ဖြစ်ကြခြင်းမှာ ယင်းဓာတ်သဘောတို့သည် တခုနှင့်တခု မပေါင်းစည်းနိုင်၊အပြန်အလှန် အကျိုးကျေးဇူးမပြုနိုင်ကြ၍ပင် ဖြစ်ကြလေသည်။

ယင်းသို့သော ကဏ္ဍကောစ ဓာတ်သဘောများသည် အညမည သမ္ပယုတ္တ ဓာတ်သဘောများအပေါ်တွင် ထာဝစဉ် ပဋိပက္ခအသွင် ဆောင်လျက် ရှိကြသည်။ ယင်းပဋိပက္ခအသွင်သည် ပေါင်းစည်းဘက် ဓာတ်သဘောများ၏ အညမည သမ္ပယုတ္တတရားအရ ဖွဲ့စည်းတည်ဆောက်မှုဟူသမျှကို ပျက်စီးယိုယွင်းစေသည်။ **အချုပ်သဘောမှာ ပေါင်းစည်းဘက် ဓာတ်သဘောများ၏ အညမည သမ္ပယုတ္တ ဖြစ်စဉ်ကြီးကို ဆန့်ကျင်ဘက်ဓာတ်သဘောများ၏ ကဏ္ဍကောစ ပဋိပက္ခ ပျက်စဉ်ကြီးက အစဉ်တိုက်ဖျက်ခြေမှုန်း၍ ဆုတ်ယုတ် ပျက်ပြုန်းအောင် ဖန်တီးနေခြင်း ဖြစ်သည်။**

ဤသို့သောအကြောင်းတရားများကြောင့် သင်္ခါရလောကဟုခေါ်သော ဖြစ်ပျက်တရားစဉ်ကြီးမှာ လောကဓာတ်တခွင်

လုံးကို လွှမ်းဖုံးနေခြင်း ဖြစ်သည်။ သင်္ခါရလောကကြီးဟူ လူအများ နားလည်ထားသောအချင်းအရာသည် အမှန်စင်စစ် ဩကာသလောကနှင့် သတ္တလောကတို့ကဲ့သို့ လောကကြီး တရပ် မဟုတ်ချေ။ သဘာဝလောကကြီး၏ **အတောမသတ်သော နိယာမတရားကြီး**တရပ်သာလျှင် ဖြစ်ပေသည်။ ဩကာသလောကနှင့် သတ္တလောကများတွင်းသို့ ထိုးဖောက်စိမ့်ဝင်လျက် ချုပ်ကိုင် စိုးမိုးထားသော နိယာမတရားကြီး ဖြစ်ပေသည်။သင်္ခါရ နိယာမတရားကြီး၏ ဖြစ်ပျက်စဉ်ကို သိပ္ပံနည်းကျစွာ ရှုမြင်သောအခါ ဖြစ်ခြင်းက တပိုင်း၊ ပျက်ခြင်းက တပိုင်း အပိုင်းကြီးနှစ်ပိုင်း ပါဝင်ကြောင်း တွေ့ရ၏။ ဖြစ်ခြင်းတွင် ဖြစ်ခြင်းအကြောင်းတရားများ ရှိသလို၊ ပျက်ခြင်းတွင် ပျက်ခြင်း အကြောင်းတရားများ ရှိကြသည်။ ဖြစ်ခြင်းအကြောင်းတရားမှာ ပေါင်းစည်းဘက်ဓာတ်သဘောများ၏ အညမည သမ္ပယုတရားကြီးဖြစ်ပြီး ပျက်ခြင်းအကြောင်းတရားမှာ ဆန့်ကျင်ဘက်ဓာတ်သဘောများ၏ ကဏ္ဍကောစ ပဋိပက္ခတရားကြီးဖြစ်ကြောင်း တွေ့ရလေသည်။

သို့သော် သဘာဝလောကဓာတ်ကြီးအတွင်း၌ ပေါင်းစည်းဘက်ဓာတ်သဘောများ၏ အညမည သမ္ပယုတရားကြီးသည် ထာဝစဉ် အပြုသဘောများကိုသာဆောင်သော တရားကြီး ဖြစ်သည်နှင့်အညီ၊ ထာဝစဉ် အပျက်သဘောကိုသာ ဆောင်သော ဆန့်ကျင်ဘက်ဓာတ်သဘောများ၏ ကဏ္ဍကောစ ပဋိပက္ခတရားကြီးအပေါ်တွင် တစုံတခုသော အတိုင်းအတာအထိ အနိုင်ရလျက်ရှိ၏။ထိုသို့ အနိုင်ရရှိသော အတိုင်းအတာ ကာလဒေသအတွင်း၌ ဖြစ်လာသော အရာဝတ္ထုအစုစု

ဘို့သည် တည်တံ့ ခိုင်မြဲနိုင်ကြပေ၏။

တနည်းဆိုရသော် ပေါင်းစည်းဘက်ခေတ်သဘောများ၏ အညမည သမ္ဗန္ဓတရားကြီးသည် ဆန့်ကျင်ဘက်ခေတ်သဘော များ၏ ကဏ္ဍကောစ ပဋိပက္ခတရားကြီးအပေါ်တွင် အနိုင်ယူ ၍ အားကောင်းနေဆဲဖြစ်သော ကာလဒေသအပိုင်းအခြား အတွင်း၌ ဖွဲ့စည်းဖြစ်ပေါ်မှုအစုစုတို့မှာ ရှင်သန်ကြီးထွား၍ တည်တံ့ခိုင်မြဲနေကြခြင်း ဖြစ်လေသည်။ထို့ကြောင့် ဤဘည်တံ့ ခိုင်မြဲမှုသည် **ယာယီတည်တံ့မှု**သာလျှင် (Relative Stability)ဖြစ်လေသည်။

သင်္ခါရတရားကြီး၏ ဖြစ်ခြင်းနှင့် ပျက်ခြင်း နိယာမ သဘောများကို တချိန်က သိပ္ပံပညာ၏ ကန့်သတ်ချက်များ ကြောင့် မှန်ကန်စွာ သိရှိခွင့် မရခဲ့ကြသော ရှေးအတိတ် ကာလမှ တွေးခေါ်ရှင်ကြီးအချို့မှာ သဘာဝတရားပေါ်တွင် အမြင်မှားခဲ့ကြရှာသည်။ သူ့ခေတ်အခါအရ အလွန်ထင်ရှား ကျော်ကြားခဲ့သော တွေးခေါ်ရှင်ကြီး **ဟေဂဲလ်** (Hegel ၁၇၇၀-၁၈၃၁)သည် သဘာဝတရားကြီးကို ရှုမြင်သုံးသပ်ရာ တွင် သင်္ခါရနိယာမများကို ပီပီပြင်ပြင် သိမြင်နိုင်စွမ်း မရှိခဲ့ ချေ။ သူ့ခေတ် **သိပ္ပံပညာ၏ကန့်သတ်ချက်** (Scientific Limitation)ကို သူ၏ ဝိဇ္ဇာအတွေးအခေါ်များက မကျော် လွှားနိုင်ခဲ့ချေ။

ထို့ကြောင့် ဟေဂဲလ်သည် သင်္ခါရနိယာမတရား၏ ဖြစ်ခြင်း အကြောင်းတရားနှင့် ပျက်ခြင်းအကြောင်းတရားများကို ရှာ မရသောအခါ မမြင်နိုင်သော ''ဝိညာဉ်တော်ကြီး''(Absolute Idea) ဟူသည့် စကားလုံးဖြင့် ပျောက်ဆုံးနေသော

အကြောင်းတရားများကို လက်ညှိုးထိုးပြနိုင်ရန် ကြံဖန်ခဲ့သည်။

သူ၏ "သုံးဆင့်ဒွန္ဒနည်း" (Hegelian Triads)ကို သဘာဝတရားမှ ထုတ်နုတ်တင်ပြရာတွင် **မူလဘာဝ**(Thesis) မှ **ပဋိဘာဝ** (Anti- thesis)ကို ကူးပြောင်းရန်အတွက် **ပြောင်းလဲရေးအကြောင်းတရားများ**သည်ဂုဏ်း၊ မူလဘာဝနှင့် ပဋိပက္ခဘာဝတို့ကို **သမူဟကျအောင်** (Synthesis) ပေါင်း စည်းပေးမည့် **ပေါင်းစည်းရေးအကြောင်းတရားများ**သည် ဂုဏ်း လိုအပ်နေပေ၏။ ဤသို့ လိုအပ်နေမှန်းသိခဲ့ခြင်းအတွက် ပင် ဟေဂဲလ်အား ချီးကျူးလောက်ပေပြီ။

သို့သော် ဤနေရာ၌ "ဝိဉာဉ်တော်ကြီး"ကို အစားထိုး လိုက်သောအခါ တွေးခေါ်ရှင်ကြီး ဟေဂဲလ်၏ "သုံးဆင့် ဒွန္ဒနည်း"မှာ သိပ္ပံနည်းမကျပဲ နှောင်းခေတ်လူများအတွက် ပျက်ရယ်ပြုစရာ ဖြစ်ခဲ့ရသည်။အမှန်စင်စစ် ဟေဂဲလ်၏ခေတ် သိပ္ပံပညာကန့်သတ်ချက်၊သမိုင်းကန့်သတ်ချက်နှင့် လူတန်းစား ကန့်သတ်ချက်များကို သိရှိထားပါလျှင် ဟေဂဲလ်၏အမှားကို ခွင့်လွှတ်ရုံမျှမက သူ့ခေတ်အခါအရ ထင်ပေါ်ကျော်ကြားခဲ့ သော ဟေဂဲလ်အား သမိုင်းတကွေ့မှ မမေ့နိုင်သော တွေး ခေါ်ရှင်ကြီးတဦးအဖြစ် ချီးကျူးဂုဏ်ပြုရမည်သာ ဖြစ်သည်။

ဤနေရာတွင် ဝိဇ္ဇာပညာသမိုင်းနှင့် သိပ္ပံပညာသမိုင်းတို့ ၏ ခြားနားချက်များကို သတိပြုဖွယ်ကောင်း၏။ ဝိဇ္ဇာပညာ သမိုင်းတွင် အတိတ်ကာလမှ ဝိဇ္ဇာပညာရှင်များ၏ အတွေး အခေါ် အယူအဆများကို ပစ္စုပ္ပန်ကာလရှိ ဝိဇ္ဇာပညာရှင် အချို့က ကောင်းသမျှ အမွေခံယူ၍ မကောင်းသမျှအတွက် ထိုးနှက်ပြစ်တင်ကာ သိက္ခာချတတ်ကြသည်။သိပ္ပံပညာသမိုင်း

တွင်ကား ဤသို့ ပြစ်တင်ရှုတ်ချရိုးထုံးစံ မရှိချေ။

၁၈ ရာစုနှစ် သိပ္ပံပညာရှင် **ဂျွန်ဒေါ်လ်တန်** (John Dalton)၏ ခေတ်ကအနုမြူသည် အန္တိမရုပ်ဒြပ်ဖြစ်၍ နောက်ထပ်ခွဲ စိတ်၍ မရတော့ဟု ခံယူကာ **အနုမြူ၏ ခွဲမရသောသီဝရီ** (Dalton's Atomic Theory)ကို ချမှတ်ခဲ့၍ ထိုခေတ် သိပ္ပံပညာရှင်များ လက်ခံခဲ့ကြ၏။ သို့သော် ၁၉ ရာစုနှစ် သိပ္ပံပညာရှင် **ဂျီးဇာက်ဂျွန်သွမ္မဆင်** (J. J. Thompson ၁၈၅၆–၁၉၄၀)၏ ခေတ်တွင် အနုမြူကို ခွဲစိတ်၍ ရသောအခါ ဒေါ်လ်တန်အား ပုတ်ခတ်ပြစ်တင်ခြင်း မရှိကြချေ။ ဒေါ်လ်တန်က အနုမြူ၏ ခိုင်မြဲမှုကို သက်သေပြခဲ့၍သာ ဘာကြောင့် ခိုင်မြဲရသည်ကို နောင်လာ နောက်သား သိပ္ပံပညာရှင်များက မရမနေ ရှာဖွေ စူးစမ်းလိုစိတ် ပြင်းပြခဲ့ကြပြီး သိပ္ပံနည်းအမျိုးမျိုးဖြင့် ထုခွဲကြည့်သောအခါ ခွဲထွက်လာရခြင်း ဖြစ်သည်။ ထို့ကြောင့် ဒေါ်လ်တန်ကို သိပ္ပံသမိုင်း၏ တနေရာတွင် ဂုဏ်ပြု၍ နေရာပေးကြသည်။

ဝိဇ္ဇာပညာ သမိုင်းတွင်ကား ဤသို့ ကြုံခဲလှသည်။ အရင်းမဲ့ တွေးခေါ်ရှင်ကြီး **ကားလ်မာ့စ်** (**၁၈၁၈-၁၈၈၃**)သည် ဟေဂဲလ်ထံမှ "သုံးဆင့်ဒွန္ဒနည်း"ကို အမွေခံယူရာတွင် "ဝိညာဉ်တော်ကြီး"နှင့် ဟေဂဲလ်အား အကြီးအကျယ် ပြစ်တင်ဝေဖန်ခဲ့သည်။ "ဝိညာဉ်တော်ကြီး"အယူအဆ မမှန်ခြင်းကြောင့် ထိုအယူအဆကို ပယ်ရှိသာရှိသည်။ "သုံးဆင့်ဒွန္ဒနည်း"၏ ကောင်းသောအပိုင်းကို အမွေခံယူလျှင် ထိုအမွေအတွက် ဟေဂဲလ်အား သမိုင်းတနေရာတွင် ကျေးဇူးတင် ဂုဏ်ပြုရမည်သာ ဖြစ်သည်။ ဟေဂဲလ်၏ခေတ် သိပ္ပံပညာကန့်သတ်ချက်၊

သမိုင်းကန့်သတ်ချက်နှင့် လူတန်းစား ကန့်သတ်ချက်များကို သဘောပေါက်၍ ဟေဂဲလ်အား ခွင့်လွှတ်နိုင်ရမည်သာဖြစ်သည်။

ယနေ့ခေတ် ညှုကလီယားသိပ္ပံအမြင်ဖြင့် သဘာဝတရားကြီးအား ရှုကြည့် ဆင်ခြင်မိသောအခါ ''ဒိုင်ယာလက်တစ်ရပ်ဝါဒီ''ကြီး ဖြစ်သော မာ့က်စ်ကိုယ်တိုင်ပင် ခွင့်လွှတ်စရာတွေ အများကြီး ရှိနေကြောင်း တွေ့ရသည်။ အရင်းမဲ့ တွေးခေါ်ရှင်ကြီး မာ့က်စ်သည် အရင်းမဲ့လူတန်းစား၏ လွတ်မြောက်ရေးကို အမှန်တကယ် လိုလားခဲ့သူတဦး ဖြစ်သည်မှာ ယုံမှားဖွယ် မရှိချေ။ထို့ အတွက် အလွန်လေးစားထိုက်ပေသည်။

သို့သော် သူ၏ အတွေးအခေါ်တွင် သူ့ခေတ်သိပ္ပံပညာ၏ ကန့်သတ်ချက်များအရ ပေါင်းစည်းဘက် ခေတ်သဘောများ၊ ဆန့်ကျင်ဘက်ခေတ်သဘောများ၊ ပဋိပက္ခခေတ်သဘောများ၊ သမူဟ ခေတ်သဘောများနှင့် ယင်းခေတ်သဘောများ၏ ကြောင်းကျိုးတရားများကို ပီပီပြင်ပြင် မခွဲခြားနိုင်ခဲ့ချေ။ မာ့စ်သည် သူ့ခေတ် သိပ္ပံပညာကို အတော်ပင် ခြုံငုံမိသော သိပ္ပံနည်းကျသည့် တွေးခေါ်ရှင်ကြီး ဖြစ်သည်မှာ အမှန်ပင် ဖြစ်၏။ သို့သော် သူသည် သဘာဝ လောကခေတ်ကြီးအတွင်း၌ တွေ့ရှိရသော ပေါင်းစည်းဘက် ခေတ်သဘောများနှင့် ဆန့်ကျင်ဘက် ခေတ်သဘောများ၏ ကြောင်းကျိုးတရားစဉ်များကို ပီပီပြင်ပြင်သိမြင်ခွင့် မကြုံခဲ့ချေ။ **အထူးသဖြင့် သဘာဝ လောကကြီးအား စိုးမိုးချုပ်ကိုင်ထားသော သင်္ခါရ နိယာမတရားကြီး၏ သဘောသရုပ်များကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာနိုင်ရန် အခြေအနေမပေးခဲ့ချေ။**

အမှန်စင်စစ် မော်ကစ်ခေတ်တွင် အမြင့်ဆုံးအဆင့် သိပ္ပံပညာသည် ရုပ်ဒြပ်အနုမြူကို ခွဲစိတ်နိုင်မည့် အကြောင်း သိခဲ့ရပြီဖြစ်၏။ သို့သော် ဤသို့ခွဲစိတ်လိုက်လျှင် ထွက်ပေါ်လာမည့် အတွင်းရုပ်ဓာတ်များ၏ အခြေအနေနှင့် ဆက်သွယ်မှုသဘောတရားများကိုကား သိပ္ပံပညာရှင်များပင် သိမြင်နိုင်စွမ်းမရှိကြသေးချေ။ ထိုဓာတ်သဘောများ၏ ဖွဲ့စည်းပုံကိုမူ သဘာဝလောကဓာတ်နှင့် ယှဉ်၍ ဆက်စပ်မြော်မြင်နိုင်ရန် အလားအလာ လုံးဝ မရှိခဲ့သေးချေ။

ထိုကြောင့် ယေဘုယျအားဖြင့် သဘာဝတရားကြီးသည် ထာဝစဉ် ဆန့်ကျင်ဘက်အသွင်ဆောင်လျက်ရှိသည်ဟု ထိုခေတ်သိပ္ပံပညာအရ ခန့်မှန်း၍ ရသော်လည်း ယင်းဆန့်ကျင်ဘက်အသွင်များသည် အပြုသဘောရှိသလော၊ အဖျက်သဘောရှိသလော၊ သမူဟသဘော ရှိသလော၊ ပဋိပက္ခသဘောရှိသလောဟု တိတိကျကျ ယထာဘူတကျကျ ခွဲခြား ပြောဆိုနိုင်ရန် အလွန်ပင် ခဲယဉ်းလှပေသည်။

ဤအခြေအနေတွင် သဘာဝအမြင်မှာလည်း ရုပ်အမြင်သက်သက်မျှသာ ဖြစ်၍ သဘာဝတရားကြီး ဆိုသည်မှာ ရုပ်ဆန့်ကျင်ဘက်တရားများနှင့် ရုပ်ပဋိပက္ခတရားများသာ ပါဝင်ကြသည်ဟု လုံးလုံးထွေးထွေး တွေးခေါ်ယူဆခဲ့ကြသူများ ရှိသည်။ ဤသို့ ယူဆခဲ့ရုံမျှဖြင့် မော်ကစ်ခေတ်သိပ္ပံနည်းအရ သဘာဝအမြင်သည် မှားယွင်းခြင်း မရှိသေးချေ။ မှားယွင်းလာသည်မှာ ဤအယူအဆပေါ်တွင် မူတည်၍ ချမှတ်လိုက်သော ကောက်ချက် ဖြစ်၏။

"သဘာဝတရားကြီးသည် ရုပ်ဆန့်ကျင်ဘက် တရားနှင့်

ရုပ်ပဋိပက္ခတရားများသာ ပါဝင်၍ ဤတရားများကြောင့်သာလျှင် လောကကြီးမှာ ရှင်သန်လှုပ်ရှား၍ တိုးတက်ပြောင်းလဲလာရခြင်း ဖြစ်သည်''ဟု သိပ္ပံနည်းမကျသော ကောက်ချက်ကို ချလိုက်သောအခါ ''ရုပ်ဆန့်ကျင်ဘက် တရားများနှင့် ရုပ်ပဋိပက္ခတရားများသည် တိုးတက်ပြောင်းလဲရေး၏ အကြောင်းတရားများ ဖြစ်သည်''ဟု လွဲမှားစွာ ခံယူသူများ ပေါ်ထွက်လာခဲ့လေသည်။

ဤသို့ ခံယူမိခြင်းကို အထောက်အကူ ဖြစ်စေသော အကြောင်းတရားများမှာ မာ့က်စ်ခေတ် သိပ္ပံပညာတွင် အလွန်ရေပန်းစားခဲ့သော **ဒါဝင်သီဝရီ**(Darwin Theory ၁၈၅၉) ၏ **လူ့ဖြစ်စဉ်သမိုင်း**(Evolution of man)နှင့် **ဖွိုင်ယားဘာ့ဂ်၏ မနုဿဗေဒရုပ်ဝါဒ** (Ludwig Feuerberg's Anthropological Materialism ၁၈၀၄-၁၈၇၂) များဖြစ်ကြ၏။ ယင်းအယူအဆများအရ ရုပ်ကမ္ဘာကြီးက မူလစတင်၍ လူက တရွေ့ရွေ့ တဖြည်းဖြည်း ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ တိုးတက်ပြောင်းလဲမှုအရ ပေါက်ဖွားရှင်သန်လာရသည်ဟု နားလည်ခဲ့ကြသည်။ ဤကမ္ဘာမြေကြီးပေါ်တွင် ဤသို့ နားလည်ရုံမျှဖြင့်လည်း မမှားသေးချေ။

သို့သော် ''လူနှင့် လူ့ဘောင်လောကသည် ဤသို့ ဖြစ်ပေါ်တိုးတက် ပြောင်းလဲလာခြင်းမှာ ရုပ်ဆန့်ကျင်ဘက် တရားများနှင့် ရုပ်ပဋိပက္ခတရားများကြောင့် ဖြစ်သည်''ဟု သိပ္ပံနည်းမကျသော ကောက်ချက်ကို ငင်မိသောအခါ လူနှင့်တကွ လူ့ယဉ်ကျေးမှုသမိုင်းစဉ်ကြီးကိုပါ လွဲမှားစွာ ရှုမြင်သည်အထိ ဖြစ်လာခဲ့ပေသည်။အမှန်စင်စစ် ဤသို့ ကောက်ချက်အငင်မှား၍ အမြင်

မှားခဲ့ကြသည်။ အမြင်မှား၍ အသိမှားခဲ့ကြသည်။

မြန်မာ့အတွေးအခေါ်များအရ ပဝေဏီရေးမှစတင်၍ သိရှိခဲ့ကြသော သင်္ခါရတရားကြီးသည် သဘာဝအမြင်တွင် အချုပ်အချာဖြစ်၍ ယင်းတရားကြီးကို အသေအချာ စူးစမ်းလေ့လာနိုင်သော ညှကလီယားသိပ္ပံပညာအမြင်ဖြင့် ရှုကြည့်ဆင်ခြင်သောအခါ **အဖြစ်တရားက တပိုင်း၊ အပျက်တရားက တပိုင်း၊ နှစ်ပိုင်းရှိကြောင်း** တွေ့လာရပုံကို အသေးစိတ် ဖော်ပြခဲ့ပြီးဖြစ်သည်။

**သင်္ခါရနိယာမတရားကြီးတွင် ဖြစ်ခြင်းသည် ပျက်ခြင်း၏ အကြောင်းတရား မဟုတ်သလို ပျက်ခြင်းသည်လည်း ဖြစ်ခြင်း၏ အကြောင်းတရား မဟုတ်ချေ။** ဤအချက်မှာ ခေတ်သစ်သိပ္ပံပညာက ညွှန်ပြသော အဓိကအချက် ဖြစ်၏။ ဖြစ်ခြင်းတွင် ဖြစ်ခြင်းအကြောင်းတရားများ ရှိသလို ပျက်ခြင်းတွင်လည်း ပျက်ခြင်းအကြောင်းတရားများ သီးခြားရှိကြ၏။ ဖြစ်ခြင်းအကြောင်းတရားသည် ပေါင်းစည်းဘက် ဓာတ်သဘောများ၏ အညမည သမ္မဟတရားကြီးဖြစ်၍ ပျက်ခြင်းအကြောင်းတရားမှာ ဆန့်ကျင်ဘက် ဓာတ်သဘောများ၏ ကဏ္ဍကောစ ပဋိပက္ခတရားကြီး ဖြစ်သည်။ ယင်းအကြောင်းတရားကြီး ၂-ရပ်တို့မှာ တခုနှင့်တခု ပြောင်းပြောင်းကြီး ဆန့်ကျင် ရန်းကန်လျက် ရှိကြ၏။ (They are Diametric Opposites)။

ယင်းအကြောင်းတရားကြီး ၂-ရပ်ကို ဖော်ဆောင်ပေးလျက်ရှိသော ပေါင်းစည်းဘက်ဓာတ်သဘောများနှင့် ဆန့်ကျင်ဘက်ဓာတ်သဘောများမှာ သဘာဝလောကကြီးအတွင်း

၌ **ထာဝစဉ်ပဋိပက္ခအသွင်ဆောင်လျက်** ရှိကြသည်။(Antigonisation of Diametric opposites)**ယင်းပဋိပက္ခအသွင်သည် ထာဝစဉ်** ဆုတ်ယုတ်ပျက်ပြားရေးသို့သာ ဦးရှုနေကြောင်း တွေ့ရသည်။

ဤအဖြစ်မှန်များကို အရင်းမဲ့ တွေးခေါ်ရှင်ကြီး ကားလ်မာ့က်စ်သည်ငင်း၊ အရင်းမဲ့ တော်လှန်ရေးသမားကြီး ဗွီ-အိုင်-လီနင်သည်ငင်း၊ပီပီပြင်ပြင် သိမြင်ချင်ပါလျက် သိမြင်ခွင့် ရခဲ့ကြမည် မဟုတ်ချေ။အကြောင်းမူ ထိုပုဂ္ဂိုလ်ကြီးများ၏ အတွေးအခေါ်ကို သူတို့ခေတ် သိပ္ပံပညာက ဘောင်ခတ်ထားခဲ့၍ပင်ဖြစ်လေသည်။

နှစ်ဆယ်ရာစုနှစ်အတွင်း ခေတ်၏ဘောင်ခတ်မှုအမျိုးမျိုးကို ရိုက်ချိုးဘော်လှန်၍ သဘာဝလောကဓာတ်ကြီး၏ တရားမှန်ကို ရှာကြံတွေးတောကာ လက်တွေ့ကျကျ သရုပ်ပြနိုင်ခဲ့သူမှာ အဓိကရ သိပ္ပံတွေးခေါ်ရှင်ကြီး (Great Philosopher of Sciences) **အိုင်စတိုင်း** (Dr. Albert Einstein ၁၈၇၉-၁၉၅၅)ပင် ဖြစ်၏။ အိုင်စတိုင်းသည် အထက်တန်းကျောင်းတွင် ပညာသင်စဉ်ကပင် သူ၏ဆရာများထက် အစွမ်းထက်နေသဖြင့် ဆရာများက သူ့ကို ငြိုငြင်ကာ အပြစ်ရှာပြီး ကျောင်းထုတ်ပစ်ခြင်း ခံခဲ့ရသည်။

အိုင်စတိုင်းအား ကမ္ဘာကျော်သွားစေသော **အညမည သမုတိသစ္စာသီဝရီ** (Theory of Relativity)စာတမ်းကို သာမန်သိပ္ပံဘွဲ့ရပြီးခါစ ၁၉၀၅-ခုနှစ်တွင် စတင် ရေးသားထုတ်ပြန်သောအခါ တက္ကသိုလ်အရပ်ရပ်မှ ဒီသာပါမောက္ခကြီးများစွာတို့က **လှုပုပုသေးသေး၊ အလုပ်မှာ မှတ်ပုံတင်စာရေး**

လေးမျှသာဖြစ်သော အိုင်စတိုင်းအား ဟက်ဟက်ပက်ပက် လှောင်ပြောင် သရော်ခဲ့ကြဘူး၏။ တန်ရာတန်ရာ ရေးပါ ဟုလည်း မလေးမစား ပျက်ရယ်ပြုခဲ့ကြဘူး၏။

ဤသို့ လှောင်ပြောင်သရော်ခဲ့ကြခြင်းမှာ အခြားကြောင့် မဟုတ်၊အဆိုပါစာတမ်းတွင် အိုင်စတိုင်းသည် သူ၏ သီဝရီ ကို အတွေးအခေါ်သဘောတရားများအရသာ တင်ပြနိုင်ခဲ့ပြီး သင်္ချာဗေဒဖြင့် လက်တွေ့ တွက်ချက်၍ သက်သေမပြနိုင်သေး သောကြောင့် ဖြစ်၏။ တနည်းဆိုရသော် အိုင်စတိုင်း၏ သိပ္ပံ အတွေးအခေါ်များသည် သူ့ခေတ် သိပ္ပံလက်တွေ့ဘဝ၏ ရှေ့သို့ ကျော်လွှားကာ ပြေးနေခြင်းကြောင့် ဖြစ်လေသည်။

သူ၏ သိပ္ပံအတွေးအခေါ်များကို နောင် နှစ်ပေါင်း(၂၀) ခန့်ကြာမှ အိုင်စတိုင်းကိုယ်တိုင်ပင် သင်္ချာဗေဒဖြင့် တွက်ချက် ၍ပြလိုက်သောအခါ သိပ္ပံလောကကြီးတရပ်လုံးသာမက လူ သားတို့၏ ကမ္ဘာမြေကြီးနှင့် နေပိမာန်တခုလုံးပါ တုန်လှုပ် ချောက်ချား၍သွားရလေသည်။အကြောင်းမူကား အိုင်စတိုင်း ၏ သီဝရီကို သင်္ချာဗေဒပုံစံသွင်း၍ လက်တွေ့ပြလိုက်သော အခါ ရရှိလာသည့် ($E=mc^2$)**စွမ်းအင်=ရုပ်ဒြပ်(အလင်း ရောင်ခရီးနှုန်း)**²ဟူသော ပုံရှင်နည်းကြီးမှာ အနုမြူစွမ်းအင်ကို ဖော်ထုတ်ပေးလိုက်ခြင်းကြောင့် ဖြစ်လေသည်။

အိုင်စတိုင်း၏ အညမည သမုတိသစ္စာသီဝရီအရ သဘာဝ လောကကြီးအား ရှုမြင်ရာတွင် အလွန် ပီပြင် ကြည်လင်စွာ တွေ့ရှိခဲ့သည်။ အိုင်စတိုင်းက "**သဘာဝလောကကြီးသည် တိကျသော်ငြားလည်း နယ်နိမိတ်ကား မရှိ**" (The Universe is Finite but Unbounded)ဟု သိပ္ပံနည်းကျ

စွာ ဖွဲ့ဆိုခဲ့ခြင်းသည် အကြည်လင်ဆုံးသော သဘာဝအမြင်ဖြစ်၏။ ဤသို့ ဖွင့်ဆိုလိုက်ခြင်းကို ပထမတွင် သိပ္ပံပညာရှင်အတော်များများပင် နားရှုပ်သွားခဲ့ကြသည်။ နားရှင်းစေရန် အိုင်စတိုင်းသည် **အထွေထွေ အညမည သမုတိသစ္စာ သီဝရီများ** (General Relativity Theories) ကို မရပ်မနားရေးသား၍ ရှင်းပြခဲ့ရပေသည်။ အမှန်မှာကား အိုင်စတိုင်း၏ အဆိုသည် သင်္ချိုင်ရနိယာမတရားကြီး၏ ဖြစ်ခြင်းအကြောင်းတရားနှင့် ပျက်ခြင်းအကြောင်းတရားတို့ကို ကွဲကွဲပြားပြားထောက်ပြလိုက်ခြင်းပင် ဖြစ်လေသည်။

ပေါင်းစည်းဘက်ခေတ်သဘောများ၏ အညမည သမ္မုဟဖြစ်စဉ်အရ သဘာဝလောကကြီးတွင် ကြယ်တာရာကြီးများ၊ ကြယ်စုကြီးများ၊ ဂြိုဟ်များ၊ ကမ္ဘာများ၊ ရုပ်ဝတ္ထုများ၊ ရုပ်ဒြပ်များ၊ ရုပ်ခေတ်များနှင့် ရုပ်ခေတ်ခန္ဓာလေးများသည် ထာဝစဉ်ဖွဲ့စည်းဖြစ်ပေါ်နေကြ၏။ ထိုသဘောအရ သဘာဝလောကကြီးသည် ဖွဲ့ဖွဲ့စည်းစည်း ရှိ၏၊ ပီပီပြင်ပြင် ရှိ၏၊ တိတိကျကျရှိ၏၊ တစုံတခုသော ကာလဒေသ အပိုင်းအခြားအတွင်း၌ တည်တည်တံ့တံ့ ရှိ၏။

သို့သော် ဆန့်ကျင်ဘက်ခေတ်သဘောများ၏ ကဏ္ဍကောစပဋိပက္ခတရားကြောင့် ဖွဲ့စည်း ဖြစ်ပေါ်လာသမျှသော အရာခပ်သိမ်းတို့သည် ထာဝစဉ် ပြိုကွဲပျက်ပြား ပြန့်ကားထွက်လျက်ရှိနေကြပြန်သည်။ ထိုသဘောအရမူ သဘာဝလောကခေတ်ကြီးမှာ မရပ်မနား လှုပ်ရှား ရွေ့လျောပြောင်းလဲသော သဘောရှိနေ၏၊ ထာဝစဉ် တွန်းကန် ရုန်းထွက်လျက် ရှိနေ၏။ ထို့ကြောင့် နယ်နိမိတ် ဘောင်ခတ်၍ မရနိုင်ချေ။

ဤသဘောတရားများကို ခြုံငုံ၍ သိပ္ပံပညာကျော် အိုင်စတိုင်းက သဘာဝလောကဓာတ်ကြီးသည် တိကျသော်ငြား လည်း နယ်နိမိတ်ကား မရှိဟု သိပ္ပံနည်းကျကျ ကောက်ချက် ချခဲ့ခြင်း ဖြစ်သည်။

အိုင်စတိုင်းကဲ့သို့ သိပ္ပံနည်းကျအောင် တွေးခေါ် မြော်မြင် ဆင်ခြင် သုံးသပ်တတ်သော သိပ္ပံတွေးခေါ်ရှင်ကြီးတို့သည်ကား ရံဖန်ရံခါ သူ့ခေတ်၏ဘောင်ခတ်မှု အမျိုးမျိုးကို ကျော်လွှား ထိုးဖောက်၍ ပြောင်မြောက်စွာ တွေးခေါ်နိုင်ကြပေ၏။ သူတို့ လို လူသားများသည် လူ့ဘောင်လောက၏ အကျိုးစီးပွား အတွက် သဘာဝလောကဓာတ်ကြီးအတွင်းမှ တန်ဖိုးမဖြတ် နိုင်သော အသိတရားမှန်များကို မီးမောင်းထိုး ပြနိုင်ခဲ့ကြပါ၏။ သူတို့၏ ကာယ၊ ဉာဏ၊ စိတ္တစွမ်းအင်များဖြင့် လူသားတို့ အား အကျိုးစီးပွားပြုရန် သိပ္ပံပညာအဖြာဖြာတို့ကို ကြံဆောင် ဖော်ထုတ်ခဲ့ကြပါ၏။

ဤသို့ ကြံဆောင်ဖော်ထုတ်ချက်များကို ယနေ့ကာလတွင် ဖောက်ပြန် ယစ်မူးသော ဘဏ္ဍာရှူး၊ အာဏာရှူးနှင့် စစ်ရူးတစု တို့က ကမ္ဘာကြီးအား လက်ဝါးကြီးအုပ် သွေးစုတ်ချယ်လှယ်မှု အတွက် အနုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး၊ ဓာတုဗေဒဗုံးနှင့် ပိုးမွှား ဗေဒဗုံးအမျိုးမျိုးတို့ကိုဎင်း၊ အနုမြူရောင်ခြည် လက်နက်သစ် ဆန်း အမျိုးမျိုးတို့ကိုဎင်း၊ အနုမြူဒုံးပျံ၊ ဒုံးယာဉ်လက်နက် အမျိုးမျိုးတို့ကိုဎင်း၊ တဟုန်ထိုး ပြုလုပ်စုဆောင်ကိုင်လျက် လူ့ဘောင် လောကကြီးအား ဖျက်ဆီးပစ်ရန် ခြိမ်းခြောက်လျက် ရှိနေကြ သည်မှာ သိပ္ပံပညာရှင်ကြီးများအတွက် ရှက်ဖွယ် ရင်နာဖွယ် ကောင်းလှပေ၏။

ထို့ကြောင့် လူသားတို့၏ အသက်ရှင်သန်ရေးနှင့် လူ့ဘောင် လောကကြီးတရပ်လုံး၏ ငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် မူလရည်ရွယ်ချက်ကြီးအတိုင်း သိပ္ပံပညာ၏ သမိုင်းနှင့် အစဉ်အလာတို့ကို ချစ်မြတ်နိုးကြသည် ဆိုပါလျှင် ယနေ့ကမ္ဘာတခွင်၌ ဖောက်ပြန်ယစ်မူးနေသော ဘဏ္ဍာရူး၊ အာဏာရူးနှင့် စစ်ရူးကြီးတစု၏ အသုံးတော်ခံ ဖြစ်နေကြသည့် သိပ္ပံပညာရှင်ကြီးတို့သည် **လူ့ဘောင်၏ပျက်စီးရာပျက်စီးကြောင်းဟူသမျှတွင် မိမိတို့၏ မွန်မြတ်မှန်ကန်သော သိပ္ပံပညာကို လုံးဝ အသုံးမပြုကြစတမ်းဟု** တညီတညွတ်တည်း ဆုံးဖြတ်ကြကာ ဖောက်ပြန်ယစ်မူးနေသော ဘဏ္ဍာရူး၊ အာဏာရူးနှင့် စစ်ရူးကြီးတစုတို့အား **နိုင်ငံတကာ** သိပ္ပံသပိတ်ကြီး မှောက်၍ တော်လှန် တိုက်ထုတ်ပစ်ကြရန် တပ်လှန့် နှိုးဆော်လိုက်ရပါသတည်း။

အခန်း (၄)

# သိပ္ပံနည်းကျသော ရုပ်သဘောတရား

သဘာဝလောကကြီးအား ရုပ်အမြင်သက်သက်ဖြင့် ကြည့်တတ်သူများ၏ အမှားကြောင့် ရုပ်နှင့် ပတ်သက်သော သဘောတရားများအပေါ်တွင် အထင်အမြင်လွဲမှားလျက် ရှိကြောင်း တွေ့ရပေ၏။ ရုပ်သဘောတရားတို့အပေါ်တွင် ယေဘုယျအားဖြင့် ထင်မြင်သုံးသပ်ချက်ဟူသမျှမှာ ရုပ်ဝတ္ထုဆန်လွန်းလှသည်ကိုသာ တွေ့ကြုံလေ့ရှိရကား သိပ္ပံနည်းကျသော ရုပ်သဘောတရား၏ နက်နဲသိမ်မွေ့၍ ခက်ခဲလေးနက်ပုံများကို ပေါ်လွင်ထင်ရှားစွာ သိမြင်ရေးမှာ အလှမ်းဝေးသထက် ဝေးနေရပေ၏။

"သိပ္ပံနည်းကျသည်"ဟူသော အသုံးအနှုန်းကိုပင် ရုပ်ဝတ္ထုဆန်လွန်းလှသော အမြင်ဖြင့် ရှုကြည့်တတ်ကြသောကြောင့် **သိပ္ပံသဘောတရား**(Philosophy of Sciences)မှာ အနှစ်သာရအားဖြင့် ပျောက်ကွယ်သွားတတ်လေသည်။ သိပ္ပံပညာသည် တိကျပြတ်သားမှုကို လက်တွေ့ ဆောင်ယူခြင်းကြောင့် မှုသေခြင်း၊ ပုံသေခြင်း၊ တရားသေခြင်း စသော လွဲမှားသည့် ပညက်ချက်များကို မလွဲမရှောင်သာပဲ ရင်ဆိုင်ရပေ၏။

သိပ္ပံနည်းနှင့် ပတ်သက်လာလျှင် (၁+၁=၂) ဖြစ်သည့် ဟူသော သဘောကိုသာ အလွယ်တကူ ကောက်ယူ၍ တရားသေ ရုပ်ကြွမ်းနည်းဟု လွဲမှားစွာ ထင်မှတ်တတ်ကြလေသည်။ ထိုသို့ ထင်မှတ်သူများအနေဖြင့်(၁-၂-၃-၄)စသော ဂဏန်းစာလုံးများ၏ ဘာဝဖြစ်စဉ်ကလေးကို အနည်းငယ်မျှ ဆင်ခြင်စဉ်းစားကြည့်မည်ဆိုပါက ထိုစာလုံးများမှာ တလုံးစီအနေဖြင့် လုံးဝ အဓိပ္ပာယ်မရှိသော သင်္ကေတ လက္ခဏာများသာ ဖြစ်ကြောင်း သတိပြုမိပေလိမ့်မည်။ ထိုသင်္ကေတများသည် တခုနှင့်တခု အပြန်အလှန်ဆက်သွယ်မှု သဘောကို ဆောင်ယူသောအခါမှသာလျှင် အနက်အဓိပ္ပာယ်ရှိလာကြသည်ကို တွေ့ရပေ၏။

(၁+၁=၂)၊ (၁-၁=၀)၊ (၁×၁=၁)၊ (၁÷၁=၁) (၁×၀=၀)၊ (၁÷၀=∞)ဖြစ်သည်ဟူသော သဘောမှာ တခုစီအနေဖြင့် အဓိပ္ပာယ်မရှိသော သင်္ကေတများအတွင်းအဓိပ္ပာယ်ကို ဖော်ဆောင်ပေးသော ဆက်သွယ်မှု စနစ်ရှိပုံကို ညွှန်ပြပေ၏။

ဤဆက်သွယ်မှု စနစ်သည် အလိုအလျောက် ဖြစ်ပေါ်တည်ရှိနေခြင်း မဟုတ်ပေ။ ထိုသင်္ကေတများကို တည်ထွင်သော **လူက ဖန်ဆင်းပေးခြင်း** ( Man’s Creations ) ကြောင့် ဖြစ်ပေါ်လာသော ဆက်သွယ်မှုစနစ်သာလျှင် ဖြစ်၏။ လူသည် ဤသို့သော ဆက်သွယ်မှု စနစ်မျိုးကို မိမိ၏ အသိတရား စိတ်ပိုင်းဆိုင်ရာ အရည်အချင်းဖြင့် ဖန်ဆင်းထားခြင်း ဖြစ်ရာ သင်္ချာဗေဒတရပ်လုံးသည် လူ၏ အသိဘရားစနစ်ကြီးတရပ်သာလျှင် ဖြစ်ကြောင်း တွေ့နိုင်ပေ၏။ အလားတူစွာပင် ရူပဗေဒ၊ ဓာတု

ဗေဒ၊ ပါဏဗေဒမှ စ၍ အနုမြူဗေဒ၊ အာကာသဗေဒအထိ များပြားလှစွာသော သိပ္ပံပညာရပ် အသီးသီးနှင့် နိုင်ငံရေးဗေဒ၊ လူမှုရေးဗေဒ၊ စီးပွားရေးဗေဒ စသော ဝိဇ္ဇာပညာရပ် အသီးသီးတို့မှာလည်း လူ၏ အသိတရား စနစ်အသီးသီး၊ စိတ်ပိုင်းဆိုင်ရာ ဘဝအသီးသီးတို့သာလျှင် ဖြစ်ကြလေသည်။

သို့ဖြစ်ရာ **သိပ္ပံနည်းကျသည်**ဟူသော အသုံးအနှုန်းကို ကြားရုံမျှဖြင့် တရားသေ၊ ပုံသေဟု သဘောထားတတ်ခြင်းနှင့် ထိုထက် လွဲမှားစွာဖြင့် ရုပ်ဝတ္ထုဆန်လွန်းသည်ဟု သမုတ်တတ်ကြခြင်းတို့မှာ သိပ္ပံနည်းဗေဒ၏ သဘောတရားရေးရာကို နားမလည်ခြင်းကြောင့်သာ ဖြစ်ကြောင်း ထင်ရှားလှပေသည်။စင်စစ်သော်ကား **သိပ္ပံနည်းဗေဒဟူသမျှသည် အများထင်မှတ်လေ့ရှိကြသည့် သဘောထားနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သော တရားရှင်၊မူရှင်နှင့် ပုံရှင်နည်းများချည်းသာလျှင် ဖြစ်ကြပေသည်**။ထို နည်းရှင်များသည် ရုပ်တို့၏ ထာဝရ လှုပ်ရှားပြောင်းလဲနေသော **အစဉ်ကြီးနှင့်** ထက်ကြပ်မကွာ လိုက်ပါ၍ မှတ်သားကာ လေ့လာစူးစမ်းနေကြခြင်းသာလျှင် ဖြစ်ပေ၏။

မရပ်မနား လှုပ်ရှားပြောင်းလဲနေသော သဘာဝလောကကြီးအား ပုံသေ၊ မူသေ၊ တရားသေနည်းများဖြင့် လှေနံဒါးထစ်သကဲ့သို့ မှတ်သားပြီး အဘယ်သို့လျှင် စူးစမ်းလေ့လာနိုင်ပါမည်နည်း။ **ထာဝရ လှုပ်ရှား ပြောင်းလဲနေသော သဘာဝလောကကြီးအား စူးစမ်းလေ့လာနိုင်ခြင်းမှာ အသုံးပြုသော နည်းနိဿယများကိုယ်တိုင်ကပင် ပြောင်းလဲမှုစဉ်နှင့် ထက်ကြပ်မကွာ လိုက်ပါ ပြောင်းလဲနိုင်၍သာ ဖြစ်ပေ၏**။

ဤကား သိပ္ပံပညာနှင့် သိပ္ပံနည်းဟူသမျှ၏ ထာဝရလှုပ်ရှား ပြောင်းလဲနေသော အခြေခံသဘောတရား ဖြစ်ချေသည်။

သိပ္ပံနည်းဗေဒ၏ အခြေခံသဘောတရားကို ဤသို့ နား လည် မှတ်သားမိသောအခါမှ သိပ္ပံနည်းကျသော ရုပ်၏ သဘောကို စောကြော၍ ရနိုင်ပေမည်။ သိပ္ပံနည်းဗေဒ၏ ထာဝရ လှုပ်ရှားပြောင်းလဲနေသော သဘောတရားကို မငုံမိ သမျှကာလပတ်လုံး သိပ္ပံနည်းကျသော ရုပ်အကြောင်းကို လေးလေးနက်နက် ပိုင်ပိုင်နိုင်နိုင် သိရှိလိမ့်မည် မဟုတ်ချေ။

သိပ္ပံနည်းဗေဒသည် ထာဝရ လှုပ်ရှားပြောင်းလဲနေသော သဘောတရားပေါ်တွင် အခြေခံသည်ဖြစ်ရာ **သိပ္ပံနည်းကျသောရုပ်ဆိုသည်မှာ ထာဝရလှုပ်ရှားပြောင်းလဲနေသော ရုပ်ပင် ဖြစ်၏။ ရုပ်တို့၏ ထာဝရလှုပ်ရှားပြောင်းလဲမှုကြောင့် ရုပ်ဖြစ်စဉ်ကြီးသည် ဖြစ်ပေါ်နေပေရာ ယင်းအစဉ်ကြီးကိုပင် ရှင်သန်ရွေ့လျားနေခြင်းဟု မြင်တွေ့ရပေသည်။**

ရုပ်ဖြစ်စဉ်ကြီး၌ ပြောင်းလဲနေသော ရုပ်အသီးသီးမှာ **အချိန်တိုင်း နေရာတိုင်း**(Every Time and Space)တို့၌ ပကတိအတိုင်း တည်ရှိနေကြပေရာ၊ ၎င်းတို့အား မတည်မြဲ သည့်သဘောကြောင့် ရုပ်မဟုတ်ဟု ပြော၍ မရနိုင်ချေ။ ပြောင်းလဲလာသောရုပ်သည် ၎င်း၏အတိတ်ရုပ်နှင့် သဘော သဘာဝ ဂုဏ်သတ္တိချင်း တူသည်ဖြစ်စေ၊ ကွဲပြားခြားနား သည်ဖြစ်စေ ဤအချိန်၊ ဤနေရာ၌ ဤရုပ်သည် **ပကတိ ပစ္စုပ္ပန်ရုပ်**(Objective Present Matter)အတိုင်း မှန် ကန်စွာ တည်ရှိနေ၍ ထိုအချိန်၊ ထိုနေရာ၌ ထိုရုပ်သည် **ပကတိအတိတ်ရုပ်** (Objective Past Matter)အတိုင်း

မှန်ကန်စွာတည်ရှိခဲ့သည်မှာလည်း ထင်ရှား၏။ ဤသို့ ထင်ရှားကြောင်းကို သိပ္ပံနည်းများက မှတ်တမ်းတင် သက်သေပြကြသည်။

ထိုကြောင့် **ရုပ်ဟူသမျှသည် အချိန်နှင့် နေရာကို ယူကြသည်သာ ဖြစ်၏**။ ရုပ်နှင့်ကင်းကွာသော အချိန်နှင့် နေရာသည် မရှိနိုင်သကဲ့သို့ အချိန်၊နေရာတိုင်းနှင့် ကင်းကွာသော ရုပ်သည်လည်း မရှိနိုင်ချေ။ တနည်းအားဖြင့်ဆိုသော် အချိန်နှင့် နေရာတို့သည် ထာဝရ ပြောင်းရွှေနေကြသည် မှန်သော်လည်း ထာဝရ လှုပ်ရှားပြောင်းလဲနေသောရုပ်အတွက်မူကား တည်ရာ၊မှီရာဌာနများသာလျှင် ဖြစ်ကြလေသည်။

**"ထာဝရပြောင်းရွှေ့နေသော အချိန်တိုင်းတွင် ထာဝရ ပြောင်းရွှေ့နေသော နေရာတိုင်း၌ ထာဝရ ပြောင်းလဲနေသော ရုပ်အသီးသီးမှာ တည်ရှိနေကြသည်သာ ဖြစ်၏"** ဟူသောအချက်မှာ ထာဝရ အမှန်တရား ဖြစ်ချေသည်။ ဤကား သိပ္ပံနည်းကျသော ရုပ်သဘောတရားပင်တည်း။

သိပ္ပံနည်းကျသော ရုပ်သဘောတရားကို အထက်ပါအတိုင်း ပိုင်းခြား ဖော်ပြသောအခါ သိပ္ပံနည်းကျခြင်းသည် ရုပ်သဘောတရားကို ဝိသေသပြုရရောက်သဖြင့် ရုပ်သဘောတရား၏ ထာဝရသစ္စာမှာ သိပ္ပံနည်းကျခြင်းကြောင့် ဖြစ်ပါသလောဟု စောကြောဖွယ်ရာ ရှိလေသည်။ စင်စစ်သော်ကား ရုပ်သဘောတရားသည်သာ မူလအခြေခံဖြစ်ပြီး ထိုအခြေခံမူလကို အမှတ်အသားပြု၍ လိုက်ပါ စူးစမ်းလေ့လာသော သိပ္ပံနည်းအမျိုးမျိုးတို့မှာ ထာဝရလှုပ်ရှားပြောင်းလဲနေသော ရုပ်အစဉ်ကြီးကို မှတ်တမ်းတင်သော ကိရိယာများသာလျှင်

ဖြစ်ကြပေ၏။သိပ္ပံနည်းအမျိုးမျိုး၏ စူးစမ်းလေ့လာ မှတ်တမ်းတင်မှုကြောင့် ရုပ်အသီးသီး၏ ထာဝရလှုပ်ရှားပြောင်းလဲမှုအစဉ်ကြီးကို ပေါ်လွင်ထင်ရှားစွာ သိလာသောအခါ သိပ္ပံပညာရပ်များ၊ ဝိဇ္ဇာပညာရပ်များဟူ၍ စနစ်တကျ ဖွဲ့စည်းဖြစ်ပေါ်လာကြလေသည်။

ထို့ကြောင့် သိပ္ပံနည်းများ၊ဝိဇ္ဇာနည်းများ၊ သိပ္ပံပညာရပ်များ၊ဝိဇ္ဇာပညာရပ်များ အားလုံးတို့သည် ထာဝရပြောင်းရွှေ့နေသောအချိန်တိုင်းတွင်၊ ထာဝရပြောင်းရွှေ့နေသော နေရာတိုင်း၌ ထာဝရလှုပ်ရှားပြောင်းလဲနေသော ရုပ်အသီးသီး၏ ရုပ်ဖြစ်စဉ်ကြီးအတိုင်း ထက်ကြပ်မကွာ လိုက်ပါ၍ စူးစမ်းလေ့လာရာမှ ရရှိလာသော အသိဘရားစနစ်ကြီးများ ဖြစ်ကြပေသည်။ထို့ကြောင့် ယင်းအသိတရားစနစ်ကြီးများမှာ **စိတ်မှိုင်းဆိုင်ရာ ဘဝအသီးသီး**သာလျှင် ဖြစ်ကြပေသည်။

ထာဝရလှုပ်ရှားပြောင်းလဲနေသော ရုပ်ဖြစ်စဉ်ကြီးအတိုင်း ထက်ကြပ်မကွာ လိုက်ပါ၍ စူးစမ်းလေ့လာမှု ပြုတတ်သော ဖွဲ့စည်းပုံမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အရာမှာ သက်ရှိလူသားပင် ဖြစ်၏။ ထို့ကြောင့် သက်ရှိလူသားသည် ထာဝရလှုပ်ရှားပြောင်းလဲနေသော ရုပ်ဖြစ်စဉ်ကြီးကို စူးစမ်းလေ့လာမှုပြုတတ်သော **စိတ်ဖြစ်စဉ်**အားဖြင့် စူးစမ်းလေ့လာရာမှ ရရှိလာသော အသိတရားများကို ဖော်ထုတ်သူ၊ပိုင်ဆိုင်သူ၊ အမွေခံသူနှင့် ဆက်လက်ပျိုးထောင်သူ ဖြစ်လာလေသည်။

အချုပ်အားဖြင့်ဆိုရသော် **လူ၏အသိတရားများသည် ထာဝရပ်လှုပ်ရှားပြောင်းလဲနေသော ရုပ်ဖြစ်စဉ်ကြီးကို အမှီပြု၍ ဖြစ်ပေါ်လာခြင်းမှာ မှန်သော်လည်း** ယင်းအသိ

တရားများ ကိုယ်တိုင်မှာကား ရုပ်များ မဟုတ်ကြချေ။ သိစိတ်များ (Consciousnesses)သာလျှင် ဖြစ်ကြပေသည်။ သိစိတ်များမှာ ရုပ်ဖြစ်စဉ်သမိုင်းကြီးကို ထက်ကြပ်မကွာ လိုက်ပါ၍ မှတ်သားထားသမျှ အသိတရားများ ဖြစ်ကြပေရာ ရုပ်ဖြစ်စဉ်သမိုင်းနှင့် ကင်းကွာ၍မရသည်မှာ အမှန်ပင် ဖြစ်၏။ သို့ရာတွင် သိစိတ်များ ( Consciousness ) ဆိုသည်မှာစိတ် ( Mind ) မဟုတ်ချေ၊ ရုပ်ဖြစ်စဉ်ပေါ်တွင် အမြဲပြု တွယ်တာနေရသော စိတ်ပိုင်းဆိုင်ရာဘာဝ များသာလျှင် ဖြစ်ကြပေသည်။

တနည်းဆိုရသော် ထာဝရ ပြောင်းရွှေနေသော အချိန်တိုင်းတွင် ထာဝရ ပြောင်းရွှေ့နေသော နေရာတိုင်း၌ ထာဝရ လှုပ်ရှား ပြောင်းလဲနေသော ရုပ်အသီးသီးတို့သည် ပကတိအတိုင်း လှုပ်ရှားပြောင်းလဲ တည်ရှိနေကြခြင်းမှာ လူတဦးစီ၏ အသိတရား၊ လူတဦးစီ၏ သိစိတ်၊ လူတဦးချင်း၏ အလိုဆန္ဒများနှင့် လုံးဝကင်းကွာလျက် လှုပ်ရှားပြောင်းလဲ တည်တံ့နေကြခြင်းသာလျှင် ဖြစ်ကြပေ၏။

ရုပ်တို့၏ ထာဝရလှုပ်ရှား ပြောင်းလဲတည်ရှိနေကြပုံကို လူတဦးချင်း အနေဖြင့် သိချင်မှသိ၊ မြင်ချင်မှ မြင်ရပေမည်၊ သိချင်တိုင်းလည်း သိနိုင်မြင်နိုင် ကောင်းချင်မှ ကောင်းမည်။ သိချင်မြင်ချင်တိုင်း သိနိုင်မြင်နိုင်ကောင်းသော ရုပ်တို့၏ ထာဝရလှုပ်ရှား ပြောင်းလဲမှုအစဉ်ကြီး၏ နယ်နိမိတ်ဘောင်အတွင်း၌သာလျှင် လူ၏သိစိတ်မှာ ပေါက်ဖွားရှင်သန်ရပေသည်။

ထာဝရပြောင်းရွှေနေသောအချိန်၊ နေရာတို့၏ ကန့်သတ်ချက်အရ သိချင် မြင်ချင်တိုင်း သိနိုင်မြင်နိုင်စွမ်းမရှိသော

ရုပ်တို့၏ ထာဝရ လှုပ်ရှားပြောင်းလဲမှု အစဉ်ကြီးမှာ လူတဦးချင်း၏ သိစိတ်တွင် လုံးဝ ပါဝင်နိုင်မည် မဟုတ်ချေ။

လူ၏ အသိစိတ်သည် ရုပ်ပတ်ဝန်းကျင်ရှိ ရုပ်အသီးသီးတို့၏ ထာဝရ လှုပ်ရှားပြောင်းလဲမှုအစဉ်ကြီး အသီးသီးကိုသိရှိရန် မဆိုထားနှင့် မိမိရုပ်၏ ထာဝရ လှုပ်ရှားပြောင်းလဲမှုအစဉ်ကြီးကိုပင် အချိန်တိုင်း နေရာတိုင်း၌ လိုက်ပါ၍ သိနေနိုင်စွမ်း မရှိပါချေ။ အချုပ်အားဖြင့် ဆိုရသော် ထာဝရလှုပ်ရှားပြောင်းလဲနေသော ရုပ်ဖြစ်စဉ်ကြီးနှင့် ကင်းကွာ၍ ဖြစ်ပေါ်သော လူတဦးချင်း၏ သိစိတ်၊ အသိတရား၊ စိတ်အလိုဆန္ဒများသည် မရှိနိုင်သော်ငြားလည်း လူတဦးချင်း၏ အသိတရားနှင့် စိတ်အလိုဆန္ဒများမှ လုံးဝကင်းကွာလျက် ထာဝရပြောင်းရွှေ့နေသောအချိန်တိုင်း၊ နေရာတိုင်း၌ လူ၏ ရုပ်အပါအဝင် ထာဝရ လှုပ်ရှားပြောင်းလဲနေသော ရုပ်ဖြစ်စဉ်ကြီးကား အတိုင်းမသိသော အနန္တစကြာဝဠာတွင် အစအဆုံးမမြင်ပဲ အတိုင်းမသိအောင်ပင် ခရီးနှင်လျက် ရှိနေမည်သာတည်း။

# အခန်း (၅)

# အချိန်နှင့် နေရာကို ဖန်ဆင်းခြင်း

လူ့သမိုင်းစဉ်သည် **အချိန်နှင့် နေရာတို့၏** မှတ်ကျောက်အဖြစ် သက်သေတည်နေခြင်းသာ မရှိပါက အချိန်နှင့် နေရာကို ရှာဖွေတွေ့ရှိရန် အလွန်ပင် ခဲယဉ်းပေလိမ့်မည်။ လူဘဦးစီအနေဖြင့် အချိန်နှင့် နေရာကို နေ့စဉ် နေ့တိုင်း ရည်ညွှန်းပြောဆိုကာ အလွယ်တကူ နားလည် သဘောပေါက်နေသည်မှာလည်း လူတဦးစီ၏ ဘဝဖြစ်စဉ်က သက်သေတည်နေခြင်းကြောင့်သာ ဖြစ်လေသည်။လူတဦးစီအတွက် ပဋိသန္ဓေနေခြင်း၊ မွေးဖွားခြင်း၊ ငယ်ရွယ်နုပျိုခြင်း၊ အိုမင်း ရင့်ရော်ခြင်းနှင့် သေဆုံးခြင်းတို့သာ မရှိပါလျှင် ထိုလူအတွက် အချိန်နှင့် နေရာသည်လည်း ရှိနိုင်မည် မဟုတ်ချေ။

အချိန်နှင့် နေရာတို့၏ သဘောသဘာဝသည် လွယ်မယောင်ယောင်နှင့်ခက် တိမ်မယောင်ယောင်နှင့် နက်လှပေ၏။ ဤအချက်ကို ဘဝဖြစ်စဉ်၌ ကျင်လည်နေသော လူသားသည် သတိပြုမိခဲလှသည်။ လူဘဦးစီ၏ ဘဝဖြစ်စဉ်၌ ပဋိသန္ဓေနေရသော အချိန်ကာလကို ပြောပြနိုင်ခြင်းမှာ မိခင်၏ ဝမ်းဗိုက်ထဲမှ သန္ဓေသွေးစုသည် အရည်အတွက်ရော အရည်အချင်းပါ သုပ်ရှား ပြောင်းလဲ ကြီးထွားလာပုံကို သိမြင်ရခြင်းကြောင့် ဖြစ်

၏။ ပဋိသန္ဓေနေရာမှ မွေးဖွားလာရခြင်းသည်လည်း ကြီးထွား လာသော သန္ဓေသား၏ လှုပ်ရှားပြောင်းလဲမှု အဆင့်သစ် တရပ်ပင် ဖြစ်လေသည်။ ထိုမှတဖန် ငယ်ရွယ်နုပျိုခြင်း၊ အိုမင်း ရင့်ရော်ခြင်းနှင့် သေဆုံးရခြင်း စသော အဆင့်များကို ဖြတ် သန်းရောက်ရှိလာသည်မှာလည်း အရေအတွက်ရော အရည် အချင်းပါ ပြောင်းလဲလာသော ဖြစ်စဉ်အတိုင်း ဆက်လက်ခရီး နှင်လာခြင်းပင် ဖြစ်၏။

ဤသို့အားဖြင့် အရေအတွက်ရော အရည်အချင်းပါ မရပ် မနား လှုပ်ရှား ပြောင်းလဲလာခြင်းသည် သိပ္ပံနည်းကျသော ရုပ်သဘောတရား၏ လှုပ်ရှားပြောင်းလဲရေး နိယာမတရပ်ပင် ဖြစ်၏။ ဤနိယာမ သဘောအရကြည့်လျှင် **ရုပ်ဟူသမျှတို့၏ လှုပ်ရှားပြောင်းလဲမှုသမိုင်းစဉ်ကြီးတွင် အရေအတွက်အားဖြင့် ၎င်း၊ အရည်အချင်းအားဖြင့်၎င်း၊ အဆင့်အသီးသီးရှိနေခြင်း မှာ တိုးတက်သော လက္ခဏာလည်းမဟုတ်၊ ဆုတ်ယုတ်သော လက္ခဏာလည်း မမည်ချေ။** ရုပ်သဘောတရား နိယာမ၏ အစဉ် အလာအတိုင်းသာ ပြောင်းလဲရွေ့လျားနေရခြင်း ဖြစ်ပေသည်။

ရုပ်သဘောတရားနှင့်အညီ ဤသို့ မရပ်မနား ရွေ့လျား ပြောင်းလဲနေခြင်းမှာ ရှင်သန်ကြီးထွားရေးသို့ ဦးတည်နေသည် လည်း မဟုတ်၊ ဆုတ်ယုတ်ပျက်ပြားရေးသို့ ရွေ့ရှုနေသည်ဟု လည်း မဆိုသာချေ။ သို့သော် လူ့သဘာဝဖြစ်စဉ်၌ကား ရုပ် သဘောတရားမှာ ထူးခြားသော အနက်အဓိပ္ပာယ်ကို ဆောင် ယူလာရလေသည်။

လူ့သဘာဝဖြစ်စဉ်၌ အမိဝမ်းတွင်းရှိသန္ဓေသွေးဥသည် တဖြည်း ဖြည်း ရှင်သန်ကြီးထွားလာ၍ သန္ဓေသားလေးအဖြစ် မွေးဖွား

လာခြင်းကို ရုပ်သဘောအရ တိုးတက်ခြင်း၏ ပထမအဆင့် အနေဖြင့်၎င်း၊ သန္ဓေသားလူမမယ်ကို နို့ချိုတိုက်ကျွေးလျက် ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်မှ စတင်ပြီး လူဖြစ်လာအောင် ကျွေးမွေးလာ၍ ငယ်ရွယ်ပျိုမျစ် လူဖြစ်လာခြင်းကို ရုပ်သဘောအရ တိုးတက်ခြင်း၏ ဒုတိယဆင့်အနေဖြင့်၎င်း၊ လူပျိုလူရွယ်အဖြစ်မှ တဖြည်းဖြည်းရင့်ကျက်လာသော လူလတ်ပိုင်းအဆင့်သို့ ရောက်လာသောအခါ ရုပ်သဘောအရ ဆုတ်ယုတ်ခြင်း၏ ပထမအဆင့်အနေဖြင့်၎င်း၊ ရင့်ကျက်လာသော လူလတ်ပိုင်းအရွယ်မှ ရင့်ရော်အိုမင်းလာသော လူကြီးပိုင်းအဆင့်သို့ ရောက်လာသောအခါ ရုပ်သဘောရ ဆုတ်ယုတ်ခြင်း၏ ဒုတိယအဆင့်အနေဖြင့်၎င်း၊ ယေဘုယျအားဖြင့် လူက သတ်မှတ်ခံယူထားလေသည်။

ဤသို့ သတ်မှတ်ခံယူထားခြင်းသည် ရုပ်သဘောတရား၏ လှုပ်ရှားပြောင်းလဲရေး နိယာမကို လူ၏စိတ်အလိုဆန္ဒနှင့်ကိုက်ညီအောင် ပုံသွင်းယူလိုက်ခြင်းပင် ဖြစ်၏။ ထိုသို့ ပုံသွင်းယူနိုင်ရန်အတွက် လူသည် **အချိန်**နှင့် **နေရာ**တည်းဟူသော သင်္ကေတနှစ်ခုကို **စိတ်ကူး၍ ဖန်ဆင်း**လိုက်လေတော့သည်။

ထိုသင်္ကေတနှစ်ခုကို ဖန်ဆင်းလိုက်ပြီးနောက် အချိန်ကို တိုင်းတာ ညွှန်ပြရန် နေနာရီ၊ ရေနာရီ၊ သဲနာရီ၊ စက်နာရီမှ နောက်ဆုံးပေါ် အာကာသသုံး နာရီအထိ၎င်း၊ နေရာကို တိုင်းတာ ညွှန်ပြရန်အတွက် အလျား၊ အနံ၊ အမြင့်၊ လောင်ဂျီတွဒ် လတ်တီတွဒ်စသော အမှတ်အသားများကို၎င်း၊ ဆက်လက်၍ ဖန်ဆင်း တည်ထွင်လိုက်ပြန်လေသည်။

လူသည် သူဖန်ဆင်းလိုက်သော အချိန်နှင့် နေရာအတွက်

သူ ဖန်ဆင်းတည်ထွင်လိုက်သော ကိရိယာပစ္စည်းများဖြင့် တိုင်းထွာ ညွှန်ပြရာတွင် အလွန်ကျွမ်းကျင်ပိုင်နိုင်သဖြင့် ယနေ့ လူ့ဘောင်လောကကြီးတခုလုံးရှိ လူ့အသုံးအဆောင်ပစ္စည်းများ၊ တိုက်တာအိမ်ခြေများ၊ ယာဉ်ရထားများနှင့် လမ်းပန်းအဆက်အသွယ်တံတားကြီးငယ်များကို တည်ထွင် ဆောက်လုပ်ဖန်တီးပေးနိုင်ခြင်း ဖြစ်ပေသည်။ လူ၏ စိတ်ကူးဖြင့် ဖန်ဆင်းလိုက်သော အချိန်နှင့်နေရာတို့သည် ဤမျှ အသုံးဝင်အရာရောက်၍ တန်ဘိုးရှိလှပေ၏။ သို့သော် အချိန်နှင့် နေရာတို့သည် ရုပ်ဝတ္ထုများကား မဟုတ်ကြချေ။ သို့ပါလျက် လူ့ဘောင်လောကရှိ လူ့အသုံးအဆောင် ရုပ်ဝတ္ထုပစ္စည်းကြီးငယ်ဟူသမျှကို ဖန်တီးရာ၌ အချိန်နှင့်နေရာတို့၏ အခန်းကဏ္ဍမှာ အလွန်ပင် အရေးပါလှပေသည်။

ဤမျှ အရေးပါ အရာရောက်သော အချိန်နှင့် နေရာတို့သည် **လူ့စိတ်၏ ဖန်ဆင်းမှုများသာ** ဖြစ်၍ တကယ်အစစ် အရှိတရားများ မဟုတ်ကြချေ။ တကယ်အစစ်အရှိတရားများ မဟုတ်သော်ငြားလည်း အတုအယောင်များဟုကား မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် လူသည် အချိန်နှင့်နေရာကို ဖန်ဆင်းရာ၌ အိပ်မက်ဆန်ဆန် ဖန်ဆင်းခဲ့ခြင်း မဟုတ်ပဲ သိပ္ပံနည်းအရ စနစ်ကျစွာ ဖန်ဆင်းခဲ့ခြင်းကြောင့် ဖြစ်၏။ တနည်းအားဖြင့် ဆိုသော် ရုပ်ဝတ္ထုတို့၏ ထာဝရ လှုပ်ရှားပြောင်းလဲမှု နိယာမတရားကြီးပေါ်တွင် အမှီပြု၍ ဖန်ဆင်းခဲ့ခြင်း ဖြစ်လေသည်။

တရက်တာ၏ အချိန်ကို ၂၄ နာရီဟု သတ်မှတ်ရာ၌ ကမ္ဘာဂြိုဟ်အနေဖြင့် မိမိ၏ ဝန်ရိုးပေါ်တွင် တပတ်တိတိ လှည့်ပတ်မိရန်အတွက် လိုအပ်သော အချိန်ကာလကို ၂၄ ပိုင်းပိုင်းထား

ခြင်းပင်ဖြစ်၏။ တနည်းဆိုရသော် ဤကမ္ဘာမြေကြီး၏ လုံးပတ်ကို ၂၄ ပုံပုံ၍ တပုံ ခရီးရွေ့လျားတိုင်း တနာရီဟု သတ်မှတ်ထားခြင်း ဖြစ်ပေသည်။ တဖန် ကမ္ဘာဂြိုဟ်သည် နေဂြိုဟ်ကို ဗဟိုပြု၍ လှည့်ပတ်သွားလာနေရပြန်သဖြင့် ကမ္ဘာမှ နေကို တပတ်တိတိပတ်မိသော အချိန်ကာလကို တနှစ်ဟု လူက သတ်မှတ်လိုက်သည်။ ထိုတနှစ်၏ အချိန်ကာလသည် ၂၄ နာရီ ၁ ရက်နှုန်းဖြင့် တွက်ချက်ကြည့်သောအခါ ၃၆၅ ရက်ခန့် ရှိကြောင်း တွေ့ရလေသည်။

ထိုနည်းတူစွာ လူက ဖန်ဆင်းလိုက်သော နေရာကို တိုင်းတာ ညွှန်ပြရန်အတွက် လူသည် ပေတန်၊ ကိုက်တန် စသော ကိရိယာများနှင့် ဒီဂရီဟူသော အမှတ်အသားများကို တည်ထွင်လိုက်ပြန်သည်။ ကိုက်တန်ဆိုသည်မှာ လန်ဒန်မြို့ရှိ ဗြိတိသျှငွေတိုက်ဝန်ကြီးရုံးအတွင်း၌ အပူချိန် ၆၂ ဒီဂရီ ဖာရင်ဟိုက်တွင် ထားရှိသော ကြေးဝါချောင်းပေါ်ရှိ ရွှေလက်တန် ၂ ခုအကြားအလျားကို စံနှုန်းယူထားခြင်း ဖြစ်၏။ ဤစံနှုန်းမှာ တရားဝင်ဖြစ်ကြောင်းကို ဗြိတိသျှပါလီမန်က အက်ဥပဒေဖြင့် ပြဋ္ဌာန်းထားရလေသည်။

ကိုက်တန်ကို သုံးပိုင်းညီမျှစွာ ပိုင်းလိုက်သောအခါ တပိုင်းစီမှာ ပေတန် ဖြစ်လာ၏။ ပေတန်ကို ၁၂ စိတ်ညီမျှစွာ စိတ်၍ တစိတ်စီကို ၁လက်မဟု ခေါ်လိုက်၏။ ၁၇၆၀ ကိုက်ကိုမူ ၁မိုင်ဟူသော ဝေါဟာရ တည်ထွင်၍ ခေါ်ဝေါ်သုံးစွဲလိုက်ခြင်းအားဖြင့် ရှည်လျားသော အကွာအဝေးနေရာများကို မိုင်ဖြင့် တိုင်းတာ ညွှန်ပြနိုင်လေသည်။

ရေပြင်၊ မြေပြင်တို့၏ အထက် အောက် ကျရောက်သောနေ

ရာများကို ညွှန်ပြရာတွင် အကွာအဝေး တိုင်းတာရုံဖြင့် မလုံလောက်ကြောင်း သိရှိသော လူက ကမ္ဘာဂွိုဟ်လုံးကြီးအား စိတ်ကူးဖြင့် ခွဲခြမ်း၍ အထက်ခြမ်းကို မြောက်ပိုင်း၊ အောက်ခြမ်းကို တောင်ပိုင်းဟူ၍၎င်း၊ လက်ျာခြမ်းကို အရှေ့ပိုင်း၊ လက်ဝဲခြမ်းကို အနောက်ပိုင်းဟူ၍၎င်း၊ အရပ်မျက်နှာများ သတ်မှတ်ပေးပြန်သည်။ ထို့ပြင် ကမ္ဘာလုံးကြီးကို စိတ်ကူးဖြင့် ထက်ခြမ်းခွဲလိုက်ရာမှ ရရှိလာသော တခြမ်းစီသည် ၁၈၀ ဒီဂရီဖြစ်စေ၊ နှစ်ခြမ်းပေါင်းလိုက်လျှင် ၃၆၀ ဒီဂရီရှိစေဟု ဒီဂရီဟူသော သင်္ကေတကို ဖန်ဆင်းသတ်မှတ်လိုက်ပြန်သည်။

ထိုသို့ ဖန်ဆင်းပြီးနောက် ကမ္ဘာလုံးကြီး၏ မြောက်ဘက်စွန်းမှ တောင်ဘက်စွန်းသို့ ကန့်လန့်ဖြတ်လျက် ၁ ဒီဂရီစီခြားသော စက်ဝိုင်းပုံမျဉ်းများကို စိတ်ကူးဖြင့် ရေးဆွဲလိုက်ကာ လတ္တီတွဒ်မျဉ်းများဟု ခေါ်တွင်စေလိုက်ပြန်၏။ အလားတူစွာပင် ကမ္ဘာလုံးကြီး၏ အရှေ့ဘက်စွန်းမှ အနောက်ဘက်စွန်းသို့ ကန့်လန့်ဖြတ်လျက် ၁ ဒီဂရီစီ ခြားသော စက်ဝိုင်းပုံ မျဉ်းများကို စိတ်ကူးဖြင့် ရေးဆွဲကာ လောင်ဂျီတွဒ်မျဉ်းများဟု ခေါ်တွင်လိုက်ပြန်၏။ ထိုစိတ်ကူးများကို ကမ္ဘာမြေပုံ စက္ကူပေါ်တွင် ရေးဆွဲချလိုက်သောအခါ လူဖန်ဆင်းသောနေရာသည် အသက်ဝင် လှုပ်ရှားကာ ရှင်သန်ရွှေ့လျားလာ၏။ ဤသို့ဖြင့် နေရာကို အတိအကျညွှန်ပြနိုင်သော အခြေအနေသို့ ရောက်ရှိအောင် လိုအပ်သမျှကို လူက ဖန်ဆင်း တီထွင်လိုက်လေသည်။

လူသည် မိမိဖန်ဆင်း တည်ထွင်လိုက်သော အချိန်နှင့် နေရာတို့ကို ရုပ်ဝတ္ထုတို့၏ ထာဝရလှုပ်ရှား ပြောင်းလဲမှုအစဉ်ကြီးနှင့် ထက်ကြပ်မကွာ လိုက်ပါနိုင်ရန် အထက်ပါအတိုင်း အကွက်

ချ၍ စီမံဆောင်ရွက်လေသည်။ ထို့ကြောင့် **လူဖန်ဆင်းလိုက်သော အချိန်နှင့် နေရာတို့သည် ရုပ်ဝတ္ထုမဟုတ်သော်ငြား လည်း ရုပ်ဝတ္ထုတို့၏ ထာဝရလှုပ်ရှား ပြောင်းလဲမှုနှင့်အတူ ထက်ကြပ်မကွာ လိုက်ပါ ပြောင်းလဲနေသဖြင့် အသက်ဝင် လှုပ်ရှားနေ၏၊ ရှင်သန်ရွေ့လျားနေ၏။** သို့သော် အချိန်နှင့် နေရာတို့မှာ တကယ်တမ်း ဖမ်းဆုပ်၍ ပြနိုင်သော အရာများ ကား မဟုတ်ချေ။ တကယ်ကမ်း ဖမ်းဆုပ်၍ ပြနိုင်သောအရာ မှာ ထာဝရ လှုပ်ရှား ပြောင်းလဲနေသော ရုပ်ဖြစ်စဉ် တခုခု သာလျှင် ဖြစ်၏။

ထာဝရလှုပ်ရှား ပြောင်းလဲနေသော ရုပ်ဖြစ်စဉ်တခုခု၏ သမိုင်းကြောင်းကို အမှီပြုခြင်းအားဖြင့်သာ အချိန်နှင့် နေရာ တို့သည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလနှင့် ဒေသဟူ၍ သရုပ်ဖော်နိုင်ကြခြင်း ဖြစ်ပေသည်။ အချိန်တွင် အတိတ်၊ ပစ္စုပ္ပန် နှင့် အနာဂတ်ဟူ၍ ရှိသကဲ့သို့ နေရာတွင်လည်း အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဟူ၍ ရှိသည်သာ ဖြစ်၏။ ထို့ကြောင့် လက်တွေ့ဘဝတွင် အချိန်နှင့် နေရာကို မည်သည့်နည်းနှင့်မျှ ခွဲခြား၍ မရချေ။ **အချိန်ရှိသော နေရာတိုင်းသည် နေရာရှိ သော အချိန်တိုင်းသာလျှင် ဖြစ်၏။ သို့ရာတွင် ယင်းတို့စုံတွဲ သည် ရုပ်ဖြစ်စဉ်သမိုင်းကြောင်းနှင့် ကင်းကွာ၍ မတည်ရှိနိုင် ကြချေ။**

အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်၊ အချိန်၊ နေရာဟူ၍ အလွယ် တကူ တွေ့မြင်သိရှိကာ ပြောဆိုလုပ်ကိုင် နေထိုင်နိုင်ကြခြင်းမှာ ထိုအချိန်၊ နေရာတိုင်းသည် ရုပ်ဖြစ်စဉ်တခုခု၏ လှုပ်ရှားပြောင်း လဲမှု လမ်းကြောင်းတခုခုပေါ်တွင် ကျရောက်နေခြင်းကြောင့်

သာလျှင် ဖြစ်၏။ ရုပ်ဖြစ်စဉ်တခုခု၏ လှုပ်ရှားပြောင်းလဲမှု လမ်းကြောင်းတခုခုနှင့် ကင်းလွတ်သော နယ်ပယ်သည် သိပ္ပံပညာက အမြင့်မားဆုံး သိရှိထားသမျှ **အနန္တစကြာဝဠာ**တခွင်၌ မတွေ့မြင်ရသေးချေ။

အကယ်၍သာ **သဘာဝလောကဓာတ်ကြီး**အတွင်း၌ ရုပ်ဖြစ်စဉ်တခုခု၏ လှုပ်ရှား ပြောင်းလဲမှု လမ်းကြောင်းတခုခုနှင့် ကင်းလွတ်သော နယ်ပယ်တရပ်သည် တည်ရှိမည်ဆိုပါလျှင် ထိုနယ်ပယ်သည် ရုပ်ဖြစ်စဉ်သမိုင်းကို အမှီပြု၍ ထာဝရပြောင်းလဲ ရွေ့လျောနေရရှာသော အချိန်နှင့် နေရာတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်ရာ **ထာဝရတည်မြဲသော နယ်ပယ်ကြီး** ဖြစ်နေမည်သာတည်း။

# အခန်း (၆)

## ထာဝရတည်မြဲသော နယ်ပယ်ကြီး

ထာဝရတည်မြဲသော နယ်ပယ်ကြီးမျိုးသည် အကယ်စင်စစ် ရှိနိုင်ပါ၏လောဟု မေးလျှင် ရှိနိုင်ပါသည်ဟု သိပ္ပံနည်းကျကျ ဖြေဆိုရပေလိမ့်မည်။ သို့သော် ယနေ့ အမြင့်ဆုံးအဆင့် အာကာသ သိပ္ပံပညာသည်ပင်လျှင် ထိုနယ်ပယ်ကြီးမျိုး တည်ရှိနိုင်ပုံကို သိသာရုံမျှတပါး၊ လက်တွေ့ရှာဖွေပြသရန် အလား အလာလုံးဝမမြင်ချေ။အကြောင်းမူသိပ္ပံပညာဟူသည် မည်မျှပင် မြင့်မားစေကာမူ လက်တွေ့ပြသရေးအပိုင်းသို့ ရောက်လာသော အခါတွင် ရုပ်တို့၏ လှုပ်ရှားပြောင်းလဲမှု၊ ထို့ အပေါ်တွင် အမှီပြုနေရသော အချိန်နှင့် နေရာတို့ မပါဝင်လျှင် မည်သို့မျှ လက်တွေ့ပြ၍ မရနိုင်ချေ။

ထာဝရ တည်မြဲသော နယ်ပယ်ကြီး၏ ဝိသေသ လက္ခဏာများတွင် အထင်ရှားဆုံးသော အချက်တို့မှာ—

(က) ရုပ်တို့၏ လှုပ်ရှားပြောင်းလဲမှု သင်္ခါရ နိယာမမှ ကင်းလွတ်ခြင်း၊

(ခ) အချိန်နှင့် နေရာတို့၏ အနှောင်အဖွဲ့မှ ကင်းလွတ်ခြင်းများ ဖြစ်၏။ (ယင်းအချက်တို့ကို အမြင့်ဆုံး အဆင့် သိပ္ပံပညာက ကောင်းစွာ နားလည်လက်ခံ

နိုင်သော်လည်း လက်တွေ့ကား မပြနိုင်ရှာချေ။)

ရှေ့အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း အချိန်နှင့် နေရာသည် ရုပ်ဖြစ်စဉ်တခုခု၏ လှုပ်ရှားပြောင်းလဲမှု လမ်းကြောင်းတခုခု ပေါ်တွင် အမှီပြု၍သာ လူက ဖန်ဆင်းယူ၍ရခြင်း ဖြစ်၏။ ရုပ်ဖြစ်စဉ်တခုခု၏ လှုပ်ရှားပြောင်းလဲမှု လမ်းကြောင်းတခုခုမရှိလျှင် အချိန်နှင့် နေရာကို လူဖန်ဆင်း၍ မရတော့ချေ။ **ရုပ်ဖြစ်စဉ်တခုခု၏ လှုပ်ရှားပြောင်းလဲမှု လမ်းကြောင်းတခုခုနှင့် ကင်းလွတ်သောအချိန်နှင့် နေရာသည် ထာဝရတည်မြဲသော အချိန်နှင့် ထာဝရတည်မြဲသောနေရာ** (Absolute Time and Space)တို့သာလျှင် ဖြစ်ကြပေသည်။

**ထာဝရတည်မြဲသော နယ်ပယ်ကြီး ဆိုသည်မှာ ထာဝရတည်မြဲသော အချိန်နှင့် ထာဝရတည်မြဲသော နေရာတို့ဖြင့် ဖွဲ့စည်းထားအပ်သော နယ်ပယ်ကြီးကိုပင် ဆိုလိုပေသည်။**

လူတို့ ဖန်ဆင်းထားသော အချိန်နှင့် နေရာသည် ဤကမ္ဘာမြေပြင်ပေါ်မှာပင်လျှင် တည်မြဲခြင်း မရှိပဲ အမျိုးမျိုးပြောင်းလဲနေ၏၊ လူတို့ လက်လမ်းမှီနေပြီဖြစ်သော အာကာသခရီးတွင် လူတို့ ဖန်ဆင်းထားသော အချိန်နှင့် နေရာ တွက်ကိန်းများသည် ပြောင်းလဲယူကြရ၏။ အနန္တစကြာဝဠာတွင်မူကား လူတို့ ဖန်ဆင်းထားသော အချိန်နှင့် နေရာသည် လုံးဝအဓိပ္ပာယ်မရှိ၊ သုံးမရတော့ချေ။ ဤသို့ ဖြစ်ရခြင်းမှာ လူတို့ဖန်ဆင်းထားသောအချိန်နှင့် နေရာသည် လူတို့နေရာ **ဤကမ္ဘာ**၊ ဤနေနှင့် ဤလတို့ကို အကြမ်းဖျင်း မှုတည်ကာ သတ်မှတ်ထားခြင်းကြောင့် ဖြစ်၏။

လူတို့ ဖန်ဆင်းထားသော အချိန်နှင့် နေရာသည် လူတို့

နူတည် ရေတွက် ဗဟိုချက်ပြုသော နေစကြာဝဠာရှိ ဂြိုဟ်ကြီး ၉ လုံး နယ်ပယ်အတွင်းမှာပင် မှန်ကန်ခြင်း မရှိတော့ချေ။ ထို ကြောင့် လူတို့ ဖန်ဆင်းထားသော အချိန်နှင့် နေရာသည် ဤကမ္ဘာဂြိုဟ်လေး သေးသေးတခုကိုသာ ဗဟိုပြုသော ယာယီ အချိန်နှင့် နေရာအမှတ်အသားများ (Relative Time and Space) သာလျှင် ဖြစ်ကြပေသည်။

သိပ္ပံပညာရပ် အားလုံးသည် **ယာယီ အမှန်တရားများ** (Relative Truths) ကိုသာ လက်တွေ့ ရှာဖွေနိုင်သော အစွမ်းရှိ၏။ **ထာဝရအမှန်တရားများကို** လက်တွေ့ ရှာဖွေနိုင် သောအစွမ်း မရှိချေ။

ထာဝရ တည်မြဲသော နယ်ပယ်ကြီးသည် ထာဝရတည်မြဲ သော အချိန်၊ နေရာတို့ဖြင့် ဖွဲ့စည်းထားသည့်အားလျော်စွာ **ထာဝရသစ္စာတရားများ** (Absolute Truths) ကျက်စားရာ နယ်ပယ် ဖြစ်၏။

လက်တွေ့သိပ္ပံပညာသည် ယာယီအမှန်တရား-သမုတိသစ္စာ နယ်ပယ်ကိုသာလျှင် ကျွမ်းကျင်သည် မှန်သော်လည်း သိပ္ပံ **အတွေးအခေါ် သဘောတရားများ၏** အလိုအရမူကား ယာယီ အမှန်တရားများ ရှိခြင်းကြောင့် ထာဝရအမှန်တရားများလည်း ရှိရမည်။ ယာယီအချိန်နှင့်နေရာတို့ ရှိခြင်းကြောင့် ထာဝရ အချိန်နှင့်နေရာတို့လည်း ရှိကြမည်။ ယာယီနယ်ပယ်ကြီးရှိခြင်း ကြောင့် ထာဝရတည်မြဲသော နယ်ပယ်ကြီးလည်း ရှိရမည်ဟု ခိုင်မာသောကောက်ချက်ကို ယနေ့ ထိပ်တန်းသိပ္ပံပညာ အကျော်အမော်ကြီးများက လက်ခံထားကြပြီ ဖြစ်သည်။

သို့ဖြစ်လျှင် ထာဝရ တည်မြဲသော နယ်ပယ်ကြီးသည် မည်

သို့သော အသွင်သဏ္ဍာန်ရှိသနည်း။ လူတို့သိသော သိပ္ပံပညာ၏ အမြင်အရဆိုလျှင် ထာဝရ တည်မြဲသော နယ်ပယ်ကြီးမှာ လူတို့ သိသော အချိန်နှင့် နေရာတို့၏ အနှောင်အဖွဲ့မှ ကင်းလွတ်သော နယ်ပယ်ကြီး ဖြစ်၏။

လူတို့သိသော အချိန်နှင့် နေရာသည် ရုပ်တခုခု၏ လှုပ်ရှား ပြောင်းလဲမှု လမ်းကြောင်းတခုခုပေါ်တွင် မူတည်၍ လိုက်ပါ လှုပ်ရှား ပြောင်းလဲနေရသောသဘော ရှိ၏။ ထိုသို့သော အနှောင်အဖွဲ့မှ ကင်းလွတ်သော ထာဝရနယ်ပယ်ကြီးတွင် ရုပ် တို့သည် လှုပ်ရှားပြောင်းလဲမှု မရှိကြတော့ပဲ **ထာဝရတည်မြဲ သော ရုပ်များ** ဖြစ်လျက် ရှိကြမည်ဟု ကောက်ချက်ချနိုင်ပေ သည်။

**ထာဝရတည်မြဲသောရုပ်များ**ဟု ဆိုလိုက်သောအခါ အချို့ သော သိပ္ပံပညာရှင်များမှာ မယုံကြည်နိုင်လောက်အောင်အံ့ဩ မိကြမည် ဖြစ်၏။ အကြောင်းမူ သိပ္ပံပညာက ယနေ့အထိ တွေ့ ရှိခဲ့သမျှသော ရုပ်တို့သည် ထာဝစဉ် လှုပ်ရှားပြောင်းလဲနေ သော ရုပ်များချည်းသာ ဖြစ်ခြင်းကြောင့်ပင်။

သို့သော် **သိပ္ပံတွေးခေါ်ရှင်ကြီးများ** (Philosophers of Science)ကမူ ထာဝရလှုပ်ရှား ပြောင်းလဲနေသော ရုပ်ရှိ သဖြင့် ထာဝရ မပြောင်းလဲသောရုပ်လည်း ရှိနိုင်သည်ဟု ကောက်ချက်ချထားကြသည်၊ ယုံကြည်ယူဆထားကြသည်။

မှန်ပေ၏။ ထာဝရ ပြောင်းလဲနေသော ရုပ် ရှိလျှင်ထာဝရ မပြောင်းလဲသောရုပ်လည်း ရှိရမည်သာ ဖြစ်၏။ ထာဝရ မပြောင်းလဲသော ရုပ်သည် ထာဝရ တည်မြဲ၏။ ထိုရုပ်ပေါ်တွင် အမှီပြုသော အချိန်နှင့် နေရာတို့သည်လည်း ထာဝရ တည်မြဲ

သော အချိန်၊ နေရာများ ဖြစ်လာကြသည်မှာ သိပ္ပံနည်းအရ အလွန်ပင် သဘာဝကျလှပေ၏။

ထို့ကြောင့်သိပ္ပံနည်းကျသော သဘာဝတ္တအမြင်တွင်ထာဝရ လှုပ်ရှား ပြောင်းလဲနေသော ရုပ်များနှင့် ထာဝရလှုပ်ရှား ပြောင်းလဲနေသော အချိန်၊နေရာများ ရှိသကဲ့သို့ ထာဝရတည် မြဲနေသော ရုပ်များနှင့် ထာဝရတည်မြဲနေသော အချိန်၊နေရာ များ ရှိကြမည်သာ ဖြစ်ကြောင်း ကောင်းစွာ သဘောပိုက်မိ ကြပြီ ဖြစ်ပေ၏။

ဤသို့ သဘောပိုက်မိလာကြခြင်းမှာ အလွန်တိုးတက် မြင့် မားလာသော ၂၀ ရာစုနှစ် နောက်ပိုင်း သိပ္ပံပညာများအရ ဖြစ် ပေသည်။ ဗုဒ္ဓကား ဤအချက်များကို ပဒေသရာဇ်ခေတ်ဦး ဖြစ်သော လွန်ခဲ့သည့် နှစ်ပေါင်း (၂)ထောင်ကျော်ကပင် အတိုင်းမသိသော ထိုးထွင်းဉာဏ်ပညာအဟုန်ဖြင့် သဘာဝ တရားကြီး၏ ဖွဲ့စည်းပုံကို အလုံးစုံ သိမြင်တော်မူခဲ့လေပြီ။

## အခန်း (၇)

# သင်္ခတနယ်နှင့် အသင်္ခတနယ်ကို ပိုင်းခြားခြင်း

ဗုဒ္ဓ၏ အတိုင်းမသိသော ဉာဏ်တော်အရ တိတိကျကျ ညွှန်ပြခဲ့သည်မှာ **သင်္ခတနယ်နှင့် အသင်္ခတနယ်**ဟူ၍ ပြတ်သားစွာ ခွဲခြားလိုက်ခြင်းပင် ဖြစ်၏။

ထာဝရ လှုပ်ရှားပြောင်းလဲနေသော ရုပ်များနှင့် ထာဝရ လှုပ်ရှား ပြောင်းလဲနေသောအချိန်၊နေရာများဖြင့် ဖွဲ့စည်းတည်ဆောက်ထားအပ်သော နယ်ပယ်သည် ဗုဒ္ဓမိန့်တော်မူခဲ့သော **သင်္ခတနယ်ပယ်**ပင် ဖြစ်၏။

ထာဝရတည်မြဲနေသော ရုပ်များနှင့် ထာဝရတည်မြဲနေသော အချိန်၊ နေရာတို့ဖြင့် ဖွဲ့စည်း တည်ဆောက်ထားအပ်သော နယ်ပယ်ကြီးသည်ကား ဗုဒ္ဓမိန့်တော်မူခဲ့သော **အသင်္ခတနယ်ပယ်တော်ကြီး**ပင် ဖြစ်၏။

လူနှင့်တကွ လူတို့သိသမျှသော ဩကာသလောကနှင့် သတ္တလောကကြီးအရပ်ရပ်တို့သည် ထာဝရ လှုပ်ရှား ပြောင်းလဲနေသော ရုပ်များဖြင့် ဖွဲ့စည်း တည်ဆောက်ထားသော သင်္ခတနယ်ကြီးဖြစ်ရကား အရာခပ်သိမ်းတို့သည် မရပ်

မနား လှုပ်ရှားပြောင်းလဲလျက် ရှိကြကုန်၏။ အရာခပ်သိမ်းတို့သည် တည်မြဲခြင်း ကင်းကြကုန်၏။

ထိုကြောင့်ပင် လူတို့သိသမျှသော ဩကာသလောကနှင့် သတ္တလောက၊လူတို့ မသိသေး၊ မသိနိုင်သေးသော ဩကာသလောကနှင့် သတ္တလောကများမှသည် အစအဆုံးမမြင်သော အနန္တစကြာဝဠာတိုင်အောင် ထာဝရ လှုပ်ရှားပြောင်းလဲနေသောရုပ်များဖြင့် ဖွဲ့စည်း တည်ဆောက်ထားခြင်းကြောင့် **သင်္ခါရနိယာမတရားကြီးက အာဏာပိုင်** ဖြစ်နေပေသည်။

သင်္ခါရနိယာမတရားကြီးသည် သင်္ခတနယ်၏ သဘာဝအခြေခံတရားကြီး ဖြစ်၏။ဗုဒ္ဓနှင့်တကွ မည်သူတဦးတယောက်ကမျှ ဖန်ဆင်းထားခြင်း မဟုတ်ချေ။ဗုဒ္ဓသည် မည်သည့်အချင်းအရာကိုမျှ ကြောင်းကျိုးကင်းစွာ ဖန်ဆင်းတော်မူခြင်း မပြုချေ။

သင်္ခါရနိယာမတရားကြီး ရှိနေခြင်းသည် သင်္ခတနယ်၏ သဘောသဘာဝအတိုင်းသာလျှင် ဖြစ်၏။

ရှေ့အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း သင်္ခါရနိယာမတရားကြီး၌ အပိုင်းကြီး ၂–ပိုင်း ပါဝင်နေ၏။ ဖြစ်ခြင်းနှင့် ပျက်ခြင်းအပိုင်းများ ဖြစ်ပေသည်။

**ဖြစ်ခြင်းတွင် ဖြစ်ခြင်းအကြောင်းတရားများ ရှိကြသကဲ့သို့ ပျက်ခြင်းတွင်လည်း ပျက်ခြင်းအကြောင်းတရားများ ရှိကြပေသည်။ ဖြစ်ခြင်းသည် ပျက်ခြင်း၏အကြောင်းတရား မဟုတ်သကဲ့သို့၊ပျက်ခြင်းသည်လည်း ဖြစ်ခြင်း၏အကြောင်းတရား မဟုတ်ချေ။**

သို့သော် ထာဝရလှုပ်ရှားပြောင်းလဲနေသော ရုပ်များဖြင့် ဖွဲ့စည်းထားသော သင်္ခတနယ်တွင် ဖြစ်ခြင်းဟူသမျှသည်

ယာယီဖြစ်ခြင်းများသာ ဖြစ်သကဲ့သို့ ပျက်ခြင်းဟူသမျှသည်လည်း ယာယီပျက်ခြင်းများသာ ဖြစ်ကြပေသည်။ ထာဝရဖြစ်ခြင်းနှင့် ထာဝရပျက်ခြင်းတို့သည် သန်တနယ်၌ လုံးဝမရှိနိုင်ချေ။

ထာဝရဖြစ်ခြင်းနှင့် ထာဝရပျက်ခြင်းတို့၏ တည်ရာ နယ်ပယ်သည် မြတ်သော အသခ်တနယ်ပယ်ကြီးသာလျှင် ဖြစ်၏။ အသခ်တနယ်ပယ်ကြီးသည် ထာဝရတည်မြဲသောရုပ်များနှင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းကြောင့် ဖြစ်လိုချင်လျှင်လည်း ထာဝရဖြစ်၍ရနိုင်သကဲ့သို့ ပျက်လိုချင်လျှင်လည်း ထာဝရပျက်၍ရနိုင်ပေသည်။

ဤအချက်ကို အလေးအနက် စဉ်းစားမှသာ သဘောပေါက် လက်ခံနိုင်ကြမည် ဖြစ်၏။ထာဝရတည်မြဲသောရုပ်များဖြင့် ထာဝရဘည်မြဲသော အချိန်၊နေရာတို့တွင် ဖွဲ့စည်းထားသမျှ အရာခပ်သိမ်းတို့သည် ထာဝရဖြစ်ခြင်းသာလျှင် ရှိနိုင်ရာ၏၊ထာဝရပျက်ခြင်း မရှိနိုင်ဟု တွေးတောဖွယ် ကောင်းလှပေသည်။

မှန်ပေ၏။ထာဝရဖြစ်ခြင်းအကြောင်းတရားများအရ ဖြစ်လာသမျှတို့သည် အသခ်တနယ်ကြီး၌ ဘယ်သောအခါမှ မပျက်ပဲ ထာဝရတည်မြဲနေကြမည်သာ ဖြစ်သည်။

သို့သော် ထာဝရပျက်ခြင်း အကြောင်းတရားများအရ ပျက်လာသမျှတို့သည်ကား အသခ်တနယ်ကြီး၌ ဘယ်သောအခါမှ ပြန်မဖြစ်သော ထာဝရပျက်ခြင်းဖြင့် ပျက်ပြားသွားကြမည်သာ ဖြစ်သည်။

ထို့ကြောင့် အသခ်တနယ်ကြီးတွင် ဖြစ်လိုလျှင်လည်း

ထာဝရဖြစ်နိုင်သကဲ့သို့ ပျက်လိုလျှင်လည်း ထာဝရပျက်နိုင်သည်ဟု အထက်တွင် ဆိုခဲ့ခြင်း ဖြစ်သည်။

ဤအချက်သည် အသင်္ချေတနယ်ကြီးနှင့် သင်္ချေတနယ်တို့၏ ရောမ ခြားနားချက်ကြီး ဖြစ်ပေသည်။

လူတို့သည် သင်္ချေတနယ်သားများဖြစ်၍ သင်္ချေတနယ်အကြောင်း ကောင်းစွာသိကြပေ၏။ သင်္ချေတနယ်တွင် သင်္ခါရနိယာမကြီးသည် အချုပ်အချာအာဏာပိုင်ဖြစ်၍ . အရာရာသည် မရပ်မနား လှုပ်ရှားပြောင်းလဲနေ၏။ ထာဝရ တည်မြဲမှုဟူသည် စိုးစဉ်းမျှ မရှိချေ။သင်္ချေတနယ်တွင် ဖြစ်ခြင်းအကြောင်းတရားများကလည်း မတည်မြဲသလို၊ပျက်ခြင်းအကြောင်းတရားများလည်း မတည်ငြိမ်ကြချေ။ဖြစ်သော လှုပ်ရှားပြောင်းလဲမှုများနှင့် ပျက်သော လှုပ်ရှားပြောင်းလဲမှုများသည် သင်္ချေတနယ်တွင် မရပ်မနား ပြေးလွှားလျက် ရှိပေသည်။

အသင်္ချေတနယ်ကြီးကား သင်္ချေတနယ်နှင့် လုံးဝ ခြားနားပေ၏။ဖြစ်ခြင်းအကြောင်းတရားများသည် ထာဝရဖြစ်လျက်သာနေပြီး ပျက်ခြင်းအကြောင်းတရားများသည် ထာဝရ ပျက်ခြင်းသို့ ပို့ဆောင်ပေးမည်သာ ဖြစ်၏။ **ဖြစ်လိုလျှင် ဖြစ်နိုင်၍ ပျက်လိုလျှင် ပျက်နိုင်သော အကြွင်းမဲ့တန်ခိုးတော်အာဏာကြီးသည် အသင်္ချေတနယ်သူနယ်သားများအတွက် ထာဝရ လွတ်မြောက်ခြင်း၏ အနှစ်သာရများ ဖြစ်ပေသည်။**

သင်္ချေတနယ်သူနယ်သားများအတွက်ကား ဖြစ်ချင်တိုင်းလည်း ဖြစ်မရ၊ပျက်ချင်တိုင်းလည်း ပျက်မရသကဲ့သို့ မဖြစ်ချင်သော်လည်း ဖြစ်ရ၊ မပျက်ချင်သော်လည်း ပျက်ရသဖြင့် ဘာကိုမျှ အစိုးမရ၊ဘာကိုမျှ ကိုယ်မပိုင်၊ဘာကိုမျှ ကိုယ်မနိုင်

သော ထာဝရဒုက္ခဝဋ်ဆင်းရဲကြီးသာလျှင် ဖြစ်ပေသည်။

ဤနေရာတွင် အရေးအကြီးဆုံးအချက်မှာ ဖြစ်လိုခြင်း၊ ပျက်လိုခြင်း၊မဖြစ်လိုခြင်း၊မပျက်လိုခြင်း စသော လိုအင်ဆန္ဒများမှာ ရုပ်ပိုင်းနှင့်ဆိုင်သောအရာများ မဟုတ်ကြချေ။ စိတ်ပိုင်းနှင့်ဆိုင်သော ကိစ္စများသာ ဖြစ်ကြပေသည်။

ထို့ကြောင့် ဖြစ်လို ပျက်လိုမှု၊မဖြစ်လို မပျက်လိုမှု စသည်တို့ကို ကြိုက်သလို စေစားပိုင်နိုင်သော ထာဝရလွတ်မြောက်ခြင်းနှင့် ပြည့်စုံကြသည့် အသခ်တနယ်သူနယ်သားများ အတွက် စိတ်ပိုင်းဆိုင်ရာဘဝသည် အတွင့်အထိပ်သို့ ရောက်လျက် ရှိကြ၏။

အထွဋ်အထိပ်သို့ ရောက်လျက်ရှိသော စိတ်ပိုင်းဆိုင်ရာဘဝဖြင့်သာလျှင် အထွဋ်အထိပ်သို့ ရောက်လျက်ရှိသော ရုပ်ပိုင်းဆိုင်ရာဘဝကို ဖွဲ့စည်း တည်ဆောက်နိုင်ကြပေသည်။ အသခ်တ နယ်သူနယ်သားများအတွက် အထွဋ်အထိပ်သို့ ရောက်လျက်ရှိသော ရုပ်ပိုင်းဆိုင်ရာဘဝဆိုသည်မှာ လှုပ်ရှားပြောင်းလဲခြင်းကင်းသော ထာဝရ တည်မြဲသည့် ရုပ်များပင် ဖြစ်လေသည်။

ဘာကိုမျှ အစိုးမရသော သခ်တနယ်သူ နယ်သားများအတွက်ကား ရုပ်ပိုင်းဆိုင်ရာ ဘဝများသည် မရပ်မနား လှုပ်ရှား ပြောင်းလဲနေရသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဘဝများသည်လည်း ပိုမိုလျင်မြန်သောအဟုန်ဖြင့် မရပ်မနား လှုပ်ရှားပြောင်းလဲနေရလေသည်။

အစိုးမရသော သခ်တနယ်၏ ထာဝရလှုပ်ရှား ပြောင်းလဲနေသော ရုပ်ပိုင်းဆိုင်ရာ ဘဝများနှင့် စိတ်ပိုင်းဆိုင်ရာဘဝများ

ကိုဎင်း၊ အစိုးရသော အသင်္ခတနယ်၏ ထာဝရ တည်မြဲသော ရုပ်ပိုင်းဆိုင်ရာဘာဝများနှင့် စိတ်ပိုင်းဆိုင်ရာ ဘာဝများကိုဎင်း၊ သိပ္ပံနည်းအလွန်ကျစွာ ညွှန်ပြခဲ့သော တရားတော်ကား ဗုဒ္ဓ၏ ပရမတ်(လေး)ပါး၊သဘာဝအခြေခံ တရားတော်ကြီးပင် ဖြစ်ပေသတည်း။

ထိုကြောင့် ဗုဒ္ဓ၏ ပရမတ်လေးပါး သဘာဝအခြေခံတရားတော်ကြီးကို လာမည့် အခန်းတွင် သိပ္ပံနည်းကျစွာ စူးစမ်းလေ့လာကြည့်ကြပါစို့။

# အခန်း (၈)

# သိပ္ပံနည်း အလွန်ကျသော ဗုဒ္ဓ၏ ပရမတ်လေးပါး အခြေခံတရား

သဘာဝလောကဓာတ်ကြီးအား အတိုင်းမသိသော ဉာဏ်တော်အဟုန်ဖြင့် အကုန်အစင် ဆင်ခြင်သုံးသပ်တော်မူ၍အလုံးစုံ သိမြင်တော်မူသော ဗုဒ္ဓသည် **ပရမတ်လေးပါး သဘာဝအခြေခံတရားတော်ကြီး**ကို ပီပြင်ထင်ရှား မှန်ဝါးခြင်းမရှိ တိကျစွာ ဟောပြတော်မူခဲ့လေသည်။

ဗုဒ္ဓသည် သဘာဝလောကဓာတ်ကြီးအား ဆင်ခြင်သုံးသပ်တော်မူရာတွင် သင်္ခတနယ်နှင့် အသင်္ခတနယ် ၂ ရပ်ကို ရှေ့အခန်းတွင် တင်ပြခဲ့သည့်အတိုင်း တိကျစွာ ပိုင်းခြားသတ်မှတ်တော်မူ၏။

**သင်္ခတနယ်မှာ** ရုပ်ပိုင်းနှင့် စိတ်ပိုင်းတို့သည် ရပ်ဆိုင်းခြင်းမရှိပဲ ထာဝရလှုပ်ရှား ပြောင်းလဲနေရ၍ အလွန်ပင်ပန်းဆင်းရဲရသော **ဒုက္ခနယ်ပယ်ကြီး** ဖြစ်သည်ဟုတိကျစွာ ဆိုတော်မူ၏။

**အသင်္ခတနယ်မှာ** စိတ်ပိုင်းနှင့် ရုပ်ပိုင်း ဤနှစ်ပိုင်းတို့ကို အလိုကျ စေစား၍ ကြိုက်သလို ထားနိုင်ခြင်းကြောင့် ထာဝရ

မြဲမြံခိုင်မြဲမှု တည်မြဲမှုကို ပြုနိုင်သော **သန္တတိသုခနယ်ပယ်ကြီး** ဖြစ်သည်ဟု တိကျစွာ ဆိုတော်မူ၏။

ဤနယ်ပယ်ကြီး ၂ ရပ်စလုံးတွင် ရုပ်ပိုင်းရော စိတ်ပိုင်းပါ အကြုံးဝင်လျက် ရှိကြသော်လည်း သန်တနယ်တွင် အားလုံး လှုပ်ရှားပြောင်းလဲနေကြရပြီး အသန်တနယ်တွင်ကား အလို ကျ စေစား၍ ရနိုင်သောသဘော ရှိ၏။

သို့ဖြစ်လျှင် ဤရုပ်၊ ဤစိတ်တို့ပင်လျှင် သန်တနှင့် အသန်တ နယ်ပယ် ခြားနားမှုကိုလိုက်၍ ပြောင်းလဲသွားကြသလော။

မှန်ပေ၏။ ဤစိတ်၊ ဤရုပ်တို့သည်ပင်လျှင် နယ်ပယ်ခြား နားမှုကိုလိုက်၍ ပြောင်းလဲသွားကြပေ၏။ အကြောင်းမူကား ပြောင်းလဲနိုင်သော သဘောသဘာဝများသည် ဤရုပ်၊ ဤစိတ်တို့တွင် ကိန်းအောင်းလျက် ရှိခြင်းကြောင့် ဖြစ်၏။

ဤစိတ်၊ ဤရုပ်တို့၏ ပြောင်းလဲနိုင်သော သဘောသဘာဝ များကို အရာရာတွင် ထိုးထွင်းသိမြင်တတ်သော ဉာဏ်တော် အဟုန်ဖြင့် ဗုဒ္ဓသည် အလုံးစုံ ဟောပြတော်မူခဲ့၏။

သို့သော် ဤစာအုပ်တွင် ဗုဒ္ဓ၏အဘိဓမ္မာအဖုံဖုံကို ပြည့်စုံ အောင်ရေးရန် သိပ္ပံပညာဉာဏ်မမှီသေးသောကြောင့် . သိပ္ပံ နည်းအလွန်ကျသော အခြေခံ ပရမတ်လေးပါးတို့၏ သဘော သဘာဝအချုပ်မျှကိုသာ ရေးသား ဖော်ပြပါမည်။

## (က) သိပ္ပံနည်းကျသော ဗုဒ္ဓ၏ရုပ် ပရမတ်တရား

ရုပ်ပရမတ်တရားကို အခြေခံအားဖြင့် မဖော်ပြမီ ပရမတ် ဟူသော ဗုဒ္ဓဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို သိပ္ပံနည်းကျကျ ဦးစွာ နားလည်အပ်ပေ၏။

ပရမတ်ဟူသမျှသည် ထာဝရတည်မြဲသောတရား၊ ထာဝရအရှိတရား၊ ထာဝရအဖြစ်အပျက်၊ ထာဝရအမှန်တရား၊ ယထာဘူတ ဓမ္မဓိဋ္ဌာန်ကျသော ကေန်ကေ အရှိတရား၊ သာမန်စကားဖြင့်ဆိုလျှင် အကယ်အစစ်ရှိသောအရာ၊ မည်သူမှ မဖန်ဆင်းရပဲ သူ့အလိုလိုရှိသောအရာ၊ သူ့သဘောသူဆောင်၍ တကယ်အစစ်တည်ရှိနေသော အချင်းအရာ၊ ထို့ကြောင့် မည်သူကမျှလည်း မဖျက်ဆီးပစ်နိုင်သောအရာ၊ ထာဝရတည်မြဲနေသောအရာ၊ မပျောက်ပျက်နိုင်သောအရာ စသည်အားဖြင့် လိုရင်းအဓိပ္ပာယ်ပေါ်အောင် စကားလုံးများစွာဖြင့် တန်ဆာဆင်အပ်ပေ၏။

အင်္ဂလိပ်ဘာသာအားဖြင့်ဆိုလျှင် (Permanent objective Reality) (Permanent Absolute Entity) (Absolute Reality) (Unrelative, Unsubjective Reality) စသော ဝေါဟာရများဖြင့် တန်ဆာဆင်အပ်ပေ၏။

* အချုပ်အားဖြင့်ဆိုလျှင် ပရမတ်တို့၏ သဘောသဘာဝသည် မည်သူကမှမဖန်ဆင်း၊ မဖန်တီးရပဲ သူ့အလိုအလျောက်ရှိနေခြင်း ဖြစ်၏။

* မည်သူကမှလည်း မဖျက်ဆီးပစ်နိုင်သော ထာဝရတည်မြဲသော အချင်းအရာလည်း ဖြစ်၏။

* သဘာဝလောကဓာတ်အတွင်း၌ ထာဝရရှိနေမည်မှာလည်း သေချာ၏။

*** ထို့ပြင် ပရမတ်တို့၏ သဘောသဘာဝအရ အရေအတွက်အားဖြင့်ရင်း၊ အရည်အချင်းအားဖြင့်ရင်း၊ ဂုဏ်သတ္တိနှင့် ပမာဏတို့ကို ပိုင်းခြားကန့်သတ်ခြင်းငှာ မတတ်သာချေ။**
*** ထို့ပြင် ပရမတ်တို့၏ သဘောသဘာဝမှာ အစလည်းမရှိ၊ အဆုံးလည်းမရှိသော အနာဒိ အနန္တ ဖြစ်ပေသည်။**

ပရမတ်တို့၏ သဘောသဘာဝကို ဤမျှ သိလျှင်ပင် **လက်တွေ့သိပ္ပံပညာ၏**(Empirical Science)ကန့်သတ်ချက်များ ကို မြင်လာရပေပြီ။

လက်တွေ့သိပ္ပံပညာနယ်ပယ်တွင် လုပ်နည်းလုပ်ဟန်ဟူသမျှသည် လှုပ်ရှားမှုကိုလေ့လာခြင်း၊ပြောင်းလဲမှုကို လေ့လာခြင်း၊ အရေအတွက်ကို ရှာဖွေခြင်း၊ အရည်အချင်းကို ပိုင်းဖြတ်ခြင်း၊ အစကို ရှာဖွေခြင်း၊ အဆုံးကို ခန့်မှန်းခြင်း စသော လုပ်နည်းလုပ်ဟန်များသာ ဖြစ်တတ်ပေသည်။

စင်စစ်သော်ကား သိပ္ပံပညာက ယနေ့အထိ သိရှိသမျှသော သဘာဝအချင်းအရာအားလုံးသည် လှုပ်ရှားပြောင်းလဲခြင်းနှင့် မကင်းကြချေ။ လှုပ်ရှားပြောင်းလဲခြင်းနှင့် မကင်းသော အရာခပ်သိမ်းတို့သည် ယာယီသာ တည်မြဲနိုင်ကြ၏။

ထိုကြောင့် ထာဝရတည်မြဲသော သဘောသဘာဝရှိကြသည့် ပရမတ်ခတ်များအကြောင်းကို သိပ္ပံပညာသည် လက်တွေ့ လေ့လာရန် စွမ်းနိုင်မည် မဟုတ်ချေ။

သို့သော် **သဘောတရားသိပ္ပံပညာများ**(Philosophical Sciences)ကမူကား လှုပ်ရှားသောရုပ် ရှိလျှင် တည်ငြိမ်သောရုပ် ရှိရမည်။ ပြောင်းလဲသောရုပ် ရှိလျှင် မပြောင်းလဲ

သောရုပ် ရှိရမည်။ **အစအဆုံးရှိသောအရာများ** တွေ့ရလျှင် **အစ**အဆုံးကင်းသောအရာများ တွေ့ရမည်။ယာယီအမှန်တရား များတွေ့ရလျှင် ထာဝရအမှန်တရားများလည်း တွေ့ရမည်ဟု ကား ယုံကြည် လက်ခံထားကြသည်။

သို့ဖြစ်ရာ ပရမတ်ရုပ်များ၏ အရှိတရားကို **သဘောတရား သိပ္ပံပညာ**ရှင်များအနေဖြင့် လက်တွေ့ မပြနိုင်သော်လည်း ယုံကြည်လက်ခံကြရမည်သာ ဖြစ်၏။အကြောင်းမူကား ယနေ့ အမြင့်ဆုံးအဆင့် ညူကလီယားသိပ္ပံပညာတွင် ရှာဖွေလေ့လာ နေရသော ရုပ်ခေတ်ခန္ဓာ ညူထရီနိုသည် ညူထရွန်နှင့် သဘော သဘာဝချင်း တူသည်ဟု သိရုံမှတပါး ဖမ်းဆုပ်ထားရန် မတတ်နိုင်ချေ။

အလားတူစွာပင် ပိုဆစ်ထရွန်သည် ပရိုတွန်နှင့်ရင်း၊ နဂ္ဂါထရွန်သည် အီလက်ထရွန်နှင့်ရင်း သဘောသရုပ်ချင်း တူသည်ဟု သိရရုံမှတပါး ဖမ်းဆုပ်ထားရန် မတတ်နိုင်ချေ။

ညူထရီနို၊ ပိုဆစ်ထရွန်နှင့် နဂ္ဂါထရွန်တို့ကဲ့သို့သော ရုပ်ခေတ်ခန္ဓာလေးများစွာကို ယခုအခါ လက်တွေ့သိပ္ပံပညာ ရှင်ကြီးများက ငွေကုန်ကြေးကျ အမြောက်အမြားခံကာ ခေတ်ခွဲခန်းကြီးများတွင် စမ်းသပ်ရှာဖွေနေကြရာ ရုပ်ခေတ် ခန္ဓာငယ် (၉၀)မျှ တွေ့ကြရပြီ ဖြစ်၏။သို့သော် တွေ့ရမှန်း သိရုံ မှတပါး အကောင်အထည်ကို ဖမ်းဆုပ် အသုံးချရန် ဘာမျှ မတတ်သာချေ။

အချို့သော သိပ္ပံပညာရှင်ကြီးများမှာ ဤသို့သော ရုပ် ခေတ်ခန္ဓာ အသစ်အဆန်းလေးများ တွေ့နေရခြင်းကိုပင် ကျေနပ်နေကြ၏။ပညာရှင်များ ပီသကြပါပေသည်။ သို့သော်

သူတို့မြော်မှန်းသော ရုပ်ခဲတ်ခန္ဓာတို့၏ အချုပ်အချာဖြစ်သည့် ရုပ်ပရမတ်များကိုကား ခဲတ်ခွဲခန်းထဲတွင် ရုပ်ကိရိယာပစ္စည်းများဖြင့် ရှာကြံ၍ ရတန်ကောင်းမည် မဟုတ်ချေ။ ငွေကုန်လူပန်းရုံသာ ရှိပေလိမ့်မည်။

ထိုမှတပါး ယနေ့ လက်တွေ့သိပ္ပံပညာမှ ရှာဖွေတွေ့ရှိလာသော ရုပ်ခဲတ်ခန္ဓာလေးများ၏ လှုပ်ရှားပြောင်းလဲမြန်ဆန်မှုကြောင့် ညူကလီယားသိပ္ပံပညာတွင် ပြဿနာ အတော်ရှုပ်လာခဲ့သည်။

ဥပမာ **ဖိုတွန်**(Photon)ဟု နာမည်ပေးထားသော ရုပ်ခဲတ်ခန္ဓာလေးသည် ရုပ်ခဲတ် ဟုတ်မှဟုတ်ပါ၏လောဟု ပြဿနာ ပေါ်ခဲ့ဘူး၏။ ဖိုတွန်သည် အလွန်လှုပ်ရှားနေသော ရုပ်ခဲတ်လေးဖြစ်ရကား အလင်းရောင်လှိုင်းအဖြစ်သာလျှင် သိပ္ပံမျက်စေ့တွင် မြင်တွေ့ကြရ၏။

ထိုကြောင့် ဖိုတွန်သည် အစိုင်အခဲရှိသော ရုပ်ခဲတ်လော၊ အစိုင်အခဲမရှိသော အလင်းရောင်လှိုင်းလောဟု စောဒက ဝင်ကြပြီး သိပ္ပံပညာရှင်ကြီးများ အကြီးအကျယ် အငြင်းပွားခဲ့ကြ၏။

ဤအငြင်းပွားမှုကြီးကို ရှင်းလင်းရန်အတွက် ညူကလီယားသိပ္ပံပညာရှင်များသည် **ကွင်တန်သီဝရီ** (Quantum Theory)ကို ဖော်ထုတ်ထားကြရသည်။

ကွင်တန်သီဝရီအရ ရုပ်ခဲတ်ခန္ဓာငယ်လေးများ၏ လှုပ်ရှားပြောင်းလဲမှုသည် အလွန်လျင်မြန်လွန်းသဖြင့် ရုပ်အစိုင်အခဲအနေဖြင့် မဟုတ်တော့ပဲ တိကျသော အလင်းရောင်**စွမ်းအင်ပမာဏ**အရသာ ရေတွက်တိုင်းတာ၍ ဖော်ပြနိုင်ကြသည်။

အမှန်စင်စင် အလွန်သေးငယ်သော ပရမ်၊မရမ အနုမြူမှုန်လေးများအဆင့်တွင် ရုပ်ဓာတ်ခန္ဓာငယ်များ၏ လှုပ်ရှားပြောင်းလဲမှုသည် အလင်းရောင်လှိုင်းလေးများအဖြစ်သို့ သက်ရောက်လျက် ရှိပေ၏။ရုပ်အစိုင်အခဲ မရှိတော့ချေ။

အချို့သော သိပ္ပံပညာရှင်များက ဤအချက်ကိုမူတည်၍ ရုပ်ပျောက်သွားပြီဟုပင် ဆိုခဲ့ဘူးကြသည်။ ညူကလီယားသိပ္ပံပညာရှင်များလောကတွင် ဤပြဿနာကို ယနေ့တိုင် ငြင်းခုန်ကြတုန်း ဖြစ်၏။

ဗုဒ္ဓ၏ ရုပ်ပရမတ်အမြင်အရမူကား ဤကိစ္စသည် အငြင်းပွားစရာ မရှိချေ။ ဖိုတွန်ပင်ဖြစ်စေ၊ အခြားသော ဖိုတွန်ထက်ငယ်သည့် ရုပ်ဓာတ်ခန္ဓာများပင်ဖြစ်စေ အစိုင်အခဲဘာဝပျောက်ဆုံး၍ အလင်းရောင်လှိုင်းဘာဝ ရောက်ခြင်းသည် ရုပ်ဓာတ်တို့၏ သဘောသဘာဝအတိုင်းသာဖြစ်၏။အကြောင်းမူ ဗုဒ္ဓ၏ ရုပ်ပရမတ်အမြင်အရ အစိုင်အခဲလည်း ရုပ်၊အလင်းရောင်လှိုင်းလည်း ရုပ်များသာဖြစ်ခြင်းကြောင့်တည်း။

ဗုဒ္ဓ၏ ရုပ်ပဓမတ်အမြင်အရ အဆင်း ဝဏ္ဏ၊ အသံ သဒ္ဒ၊ အနံ့ ဂန္ဓ၊အရသာ ရသ၊အထိအတွေ့ ဖောဋ္ဌဗ္ဗ တည်းဟူသော ပရမတ်ရုပ်အားလုံးသည် အစိုင်အခဲဟုတ်သည်ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ အားလုံး ရုပ်ချည်းသာ ဖြစ်ကြပေ၏။

အလွန်တရာနူးညံ့သော အဆင်းရုပ်၊ အသံရုပ်၊ အနံ့ရုပ်၊ အရသာရုပ်၊ အထိအတွေ့ရုပ်များကို လက်တွေ့သိပ္ပံပညာ၏ စမ်းသပ်ခန်း၌ ရှာဖွေ၍ရနိုင်ကောင်းမည် မဟုတ်ချေ။ ထိုသို့နူးညံ့သော ရုပ်နုလေးများကို ဗုဒ္ဓ၏ အတိုင်းမသိသောဉာဏ်တော်ဖြင့် သိမြင်တော်မူခဲ့သည်။ တိကျစွာ ဟောပြခဲ့ပေသည်။

ဤမျှ နူးညံ့လှသော ရုပ်နုလေးများပင်လျှင် ဗုဒ္ဓ၏ အသိအမြင်၌ ကြမ်းတမ်းခက်ထန်လှသေးသည်။ ဗုဒ္ဓသည် ရုပ်ဟူသမျှတို့၏ အခြေခံအကျဆုံးသော ပရမတ်ရုပ်တရား(၁၀)ပါးကို အတိုင်းမသိသော ဉာဏ်တော်ဖြင့် တိကျပြတ်သားစွာ ဟောပြတော်မူခဲ့၏။

သဘာဝအခြေခံ ပရမတ်ရုပ်ဓာတ်ကြီး (၁၀)ပါးတို့သည်ကား အောက်ပါတို့ပင် ဖြစ်၏။

| | |
|---|---|
| (၁) ပထဝီရုပ် | (၁) ဖောဋ္ဌဗ္ဗရုပ် |
| (၂) အာပေါရုပ် | (၂) ရသရုပ် |
| (၃) တေဇောရုပ် | (၃) ဝဏ္ဏရုပ် |
| (၄) ဝါယောရုပ် | (၄) ဂန္ဓရုပ် |
| (၅) အာကာသရုပ် | (၅) သဒ္ဒရုပ် |

ဤပရမတ်ရုပ်ဓာတ်ကြီး (၁၀)ပါးတို့သည် သဘာဝလောကဓာတ်ကြီးတခုလုံး၏ ရုပ်ပိုင်းဘဝကို ဖြစ်ပေါ်စေရန် အခြေအနေဖန်တီးပေး၏။

သဘာဝ လောကဓာတ်ကြီးအတွင်း၌ ဖွဲ့စည်း ဖြစ်ပေါ်သမျှ ရုပ်ပိုင်းဘဝအားလုံးသည် ဤပရမတ်ရုပ်ဓာတ်ကြီး (၁၀)ပါးတွင် အခြေခံပုံကြောင်းကို ခေတ်သစ်သိပ္ပံ၏ အနုမြူဖွဲ့စည်းပုံတွင် အထင်အရှား တွေ့နိုင်၏။

အနုမြူတခုကို ခွဲစိတ်လေ့လာသောအခါ ညူထရွန်၊ ပရိုတွန်နှင့် အီလက်ထရွန်တို့ကို အဓိကအားဖြင့် တွေ့ခဲ့ရပြီ ဖြစ်၏။

ထိုရုပ်ဓာတ်များကို အသေးစိတ် သုံးသပ် လေ့လာသောအခါ ပရိုတွန်သည် လျှပ်စစ်အဖိုဓာတ်သဘောဆောင်၍ အာလ်ဖာရောင်ခြည်အဖြစ် သိမြင်ရ၏။

အီလက်ထရွန်သည် လျှပ်စစ်အမခါတ်သဘောဆောင်၍ ဘိတာရောင်ခြည်အဖြစ် သိမြင်ရ၏။ ညျူထရွန်မှာမူကား လျှပ်စစ်အဖို+အမခါတ်သဘော ညီမျှနေပြီး ဂါမာရောင်ခြည်အဖြစ် သိမြင်ရလေသည်။ အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ အထိအတွေ့ ရုပ်အားလုံး အကြုံးဝင်နေ၏။ ဤအချက်များကို ထောက်ရှုလျှင် အနုမြူအတွင်းရှိ ရုပ်ခါတ်များ၏ ဖွဲ့စည်းပုံတွင် လျှပ်စစ် တေဇောခါတ်သည် ဖွဲ့စည်းရေး စွမ်းအင်ကြီးအဖြစ် အထင်အရှား ပါဝင်နေကြောင်း တွေ့ရလေသည်။

ညျူထရွန်နှင့် ပရိုတွန်များ ပါဝင်သော အနုမြူ၏ ညျူကလီယပ်(စ်)ကို ဗဟိုပြု၍ အီလက်ထရွန်များက သွေဝိုင်းသောလမ်းကြောင်းများအတိုင်း မရပ်မနား ပြေးလွှားလှုပ်ရှားနေရခြင်းသည် ဝါယောခါတ်၏ သဘောပင် ဖြစ်၏။

ထို့ပြင် အနုမြူအဖွဲ့အစည်းအတွင်း၌ ပါဝင်နေသော ရုပ်ခါတ်များသည် လျှပ်စစ်အဖိုခါတ်နှင့် အမခါတ်တို့၏ ဆွဲငင်ပေါင်းစည်းမှုကြောင့် ယိုစီးခြင်းနှင့် စေးကပ်ခြင်းဟူသော အာပေါခါတ်သဘောများကိုလည်း ဆောင်ယူလျက် ရှိကြ၏။

တဖန် အနုမြူ၏ အတွင်းပိုင်း၌ အလွန်ခိုင်မြဲစွာ ဖွဲ့နှောင်ထားသော ပရိုတွန်နှင့် အီလက်ထရွန်တို့၏ ဖို–မ ဆွဲငင်ပေါင်းစည်းအားကြောင့် ဖြစ်ပေါ်နေသော ညျူထရွန်သည် အကယ်စင်စစ် ပရိုတွန်နှင့် အီလက်ထရွန်တို့၏ ခွဲမရအောင် ဆက်စပ်နေခြင်းမျိုး မဟုတ်ချေ။ ၎င်းတို့အကြား၌ ကြားခံနယ်သည် ရှိ၏။

အလွန်ကျစ်လစ်သော အနုမြူညျူကလီယပ်(စ်)အတွင်း၌ ညျူထရွန်နှင့် ပရိုတွန်များသည် ရောနေသောသဘောသာ ရှိသည်။ ၎င်းတို့အတွင်းလည်း ကြားခံနယ်သည် ရှိ၏။

အနုမြူ၏ ခန္ဓာအိမ်တွင် လှည့်ပတ်လှုပ်ရှားနေရသော အီလက်ထရွန်များအတွင်း၌ရင်း၊ အီလက်ထရွန်များနှင့် ညူကလီယပ်စ်အကြား၌ရင်း၊ ကြားခံနယ်မှာ ကျယ်ဝန်းလှပေသည်။ ဤကြားခံနယ်သည်ကား အခြားမဟုတ်၊ ဗုဒ္ဓမိန့်တော်မူခဲ့သော အာကာသရုပ်ဓာတ်ပင် ဖြစ်သည်။

ဤအာကာသရုပ်ဓာတ်ကို ယနေ့အထိ သိပ္ပံပညာသည် ရုပ်ဓာတ်ဟု အတိအကျမပြောပြနိုင်သေးချေ။ (ဟင်းလင်းပြင်)ဟုသာ ယူဆထားကြသည်။

အနုမြူအတွင်းမှ "ဟင်းလင်းပြင်"သည် အနန္တစကြာဝဠာမှ "ဟင်းလင်းပြင်"နှင့် သဘောသဘာဝချင်း အတူတူပင် ဖြစ်၏။

တချိန်က သိပ္ပံပညာတွင် ဤ"ဟင်းလင်းပြင်"ကို **အီသာဓာတ်**(Ether)ဖြင့် ပြည့်နှက်နေသည်ဟု ယူဆခဲ့ကြ၏။ ယခုအခါ ဤ"ဟင်းလင်းပြင်"သည် ဘာမျှမရှိသော ဟင်းလင်းပြင် (Absolute Nothingness)ဖြစ်သည်ဟု အချို့သော သိပ္ပံပညာရှင်များက ယူဆလာကြပြန်သည်။

"ဟင်းလင်းပြင်"ဟူသော ဝေါဟာရကို သုံးစွဲသောအခါ ဘာမျှမရှိသော အဓိပ္ပာယ်မျိုး ပေါက်စေ၏။ စင်စစ်သော်ကား **အာကာသဓာတ်သည် ပရမတ်ရုပ်ဓာတ်တမျိုးဖြစ်၍ အမှန်ရှိသော အရှိဓာတ်ဟု နားလည်အပ်ပေသည်**။

ထိုဓာတ်၏ သဘောသဘာဝကို ယနေ့သိပ္ပံပညာဖြင့် ဉာဏ်မမှီနိုင်သေး၍ **အီသာ**ဟု ခေါ်လျှင်လည်း လက်ခံနိုင်ပေသည်။ **ကော့စမိုးစ်**(Cosmos)ဟု ခေါ်လျှင်လည်း လက်ခံနိုင်ပေသည်။

အာကာသသို့ ဒုန်းယာဉ်ကိုစီး၍ ခရီးနှင်နေပြီ ဖြစ်သော

ယခုခေတ်တွင် ကော်စမိုးပင်လယ်ပြင်ဟူသော ဝေါဟာရသည် ဆန်းသစ်လာခဲ့၏။ အာကာသသို့ သွားသောအခါ ဖြတ်သန်းရသော အာကာသရပ်ခေတ် ပင်လယ်ပြင်ကြီးကို ကော်စမိုးပင်လယ်ပြင်(Cosmic Ocean)ဟု ခေါ်ဆိုခြင်း ဖြစ်ပေသည်။

ထိုဝေါဟာရများထက် **ဗဟိဒ္ဓအာကာသ**(Outer Space)ဟူသော အသုံးအနှုန်းသည် အာကာသရပ်ခေတ်ကို လွယ်ကူစွာ ပေါ်လွင်စေ၏။ ဗဟိဒ္ဓအာကာသရှိလျှင် **အဇ္ဈတ္တအာကာသလည်း** (Inner Space) ရှိရမည်ဖြစ်သည်။

ရုပ်ခေတ်ခန္ဓာလေးများမှ စ၍ အနုမြူနှင့် ရုပ်ပိုင်းဘဝဖွဲ့စည်းဖြစ်ပေါ်မှုများအတွင်း၌လည်း အာကာသရုပ်ခေတ်သည် ပါဝင်နေ၏။ အဆိုပါ အာကာသရုပ်ခေတ်ကို **အဇ္ဈတ္တအာကာသ**ဟု နားလည်နိုင်ပေသည်။

သို့သော် ယနေ့အထိ လက်တွေ့ သိပ္ပံပညာရှင် နယ်ပယ်၌ အာကာသရုပ်ခေတ်ကို ရုပ်ခေတ်တခုအဖြစ် အတိအကျနားမလည်နိုင်ကြသေးချေ။ အာကာသရုပ်ခေတ်၏ ရုပ်ဖြစ်ခြင်းကို ဗုဒ္ဓမှတပါး မည်သူမှ အတိအကျ အခိုင်အမာ ပြသနိုင်ခြင်း မရှိသေးချေ။

အချို့သော သိပ္ပံပညာရှင်ကြီးများအနေဖြင့် ရုပ်ဝိဇ္ဇာခိုရ်ကြီးများဟု ဝင့်ကြွားနေစေကာမူ အာကာသရုပ်ခေတ်ကို ရုပ်ဖြစ်မှန်းသိအောင် မစွမ်းဆောင်နိုင်ကြချေ။ ယုံကြည်ရန်ပင် ခဲယဉ်းနေကြတုန်း ရှိလေသည်။

အာကာသရုပ်ခေတ်၏ ရုပ်ဖြစ်ခြင်းကို ရှင်းလင်းပိုင်နိုင်စွာ မသိမြင်သေးသမျှကာလပတ်လုံး ရုပ်ကိုနိုင်ပါသည်ဟု ကြွေးကြော်နေကြသော ရုပ်ဝိဇ္ဇာခိုရ်သိပ္ပံပညာရှင်ကြီးများသည်ရင်း

ရုပ်ပညာရှင် ရုပ်သဘောတရား ဆရာကြီးများသည်ပင်၊ ရုပ်ကျမ်းမကျေကြသေးဟု ဆိုရဖွယ် ရှိလေသည်။

အတိုင်းမသိသော ပညာဉာဏ်တို့ဖြင့် ပြည့်စုံတော်မူသော ဗုဒ္ဓကား ရုပ်ကျမ်းအားလုံးကို ထုံးလိုချေ ရေလိုနှောက်၍ ပြောင်မြောက်စွာ ကျေညက်တော်မူပါပေ၏။

ရုပ်ကျမ်းအပေါင်းကို ကျေညက်သဖြင့် ရုပ်ပိုင်းဘာဝ အားလုံး၏ အချုပ်အချာဖြစ်သော ရုပ်ပရမတ်(၁၀)ပါးတရားကို ဗုဒ္ဓသည် ပီပြင်ထင်ရှားစွာ ဟောပြတော်မူခြင်း ဖြစ်၏။ *

ရုပ်ပရမတ်(၁၀)ပါးတွင် သိပ္ပံပညာရှင်လူသားတို့ နားလည်ရန် ခက်နေသော အာကာသရုပ်ဓာတ်သည် အချက်အချာဖြစ်၏။ ထိုကြောင့်ပင် အာကာသရုပ်ဓာတ်ကို မကျေလျှင် ရုပ်ကျမ်းမကျေဟု ဆိုရခြင်း ဖြစ်ပေသည်။

အာကာသရုပ်ဓာတ်ကို ကျေညက်လို၍ ဒုန်းယာဉ်ကြီးများ တည်ဆောက်ကာ အာကာသကို ထိုးဖောက်လေ့လာနေကြသော သိပ္ပံပညာရှင်ကြီးများမှာ ခက်ခဲသောလမ်းကို ပင်ပန်းစွာ လျှောက်နေကြသည်နှင့် တူလှပေ၏။ အာကာသရုပ်ဓာတ်တို့ကို အနီးကပ်ဆုံး လေ့လာနိုင်သော အခွင့်အရေးများသည် အသေးငယ်ဆုံးသော အနုမြူမှုန်လေးအတွင်းမှာပင် ရှိရကား လူသားတို့၏ကမ္ဘာတွင်မူ အာကာသရုပ်ဓာတ်တို့သည် လေ့လာ၍ မကုန်နိုင်အောင် ရှိပါပေ၏။

---

* အသေးစိတ်အားဖြင့် ရုပ်ပရမတ်(၂၈)ပါးရှိသည်။ အဝိနိဗ္ဘောဂရုပ်များနှင့် အာကာသရုပ်၊ သဒ္ဒရုပ်တို့ကို အခြေခံရုပ်ပရမတ်များဟု ဆိုလိုသည်။

ဗုဒ္ဓသည် အာကာသရုပ်ခေတ်အကြောင်းကို သူ၏ကိုယ်တွင်း မှာပင် လှည့်ပတ်၍ လေ့လာတော်မူခဲ့၏။

ရုပ်ပိုင်းဘဝ ဖွဲ့စည်းတည်ဆောက်မှုဟူသမျှတွင် အာကာသ ရုပ်ခေတ်သည် ပန်းရံဆရာနှင့် တူ၏။ သူမပါလျှင် မည်သည့် ပုံသဏ္ဌာန်မျှ ပေါ်လွင်နိုင်မည် မဟုတ်ချေ။

တဖန် အာကာသရုပ်ခေတ်၏ စွမ်းပကားကြီးမားပြန်လျှင် လည်း ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောစသော ရုပ်ခေတ် တို့သည် ဆက်စပ်၍ မရအောင် ကွဲပြားလျက် ရှိကြမည်ဖြစ်၏။

အမှန်စင်စစ် အာကာသရုပ်ခေတ်၏ အစွမ်းသတ္တိသည် အလွန်ကြီးမား၏။သူ၏ ပင်ကိုယ်စွမ်းအင်အရဆိုလျှင် ရုပ်ခေတ် အားလုံးကို စုရုံးခြင်း မပြုနိုင်အောင် ကြားခံနယ် ဖန်တီး၍ထား ၏။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော စသော ရုပ်ခေတ် တို့၏ တွန်းထိုးမှုကို အာကာသရုပ်ခေတ်သည် ကြားခံနယ်ပေး ၍ ထိန်းချုပ်ထားခြင်း ဖြစ်သည်။

ထို့ကြောင့် ရုပ်ပရမတ်(၁၀)ပါးတွင် အာကာသရုပ်ခေတ် သည် အချက်အချာကျ၏။ အာကာသရုပ်ခေတ်မရှိလျှင် အခြား သော ရုပ်ခေတ်များသည် သီးသန့်မရှိနိုင်ကြချေ။

အာကာသရုပ်ခေတ်၏ တွန်းကန်သော အစွမ်းသတ္တိကြီး မားမှုကြောင့် သဘာဝရုပ်ခေတ်တို့သည် အလိုအလျောက် ပေါင်းစပ် ဖွဲ့စည်းခြင်းငှာ မတတ်သာကြချေ။

သို့ဖြစ်လျှင် သဘာဝလောကခေတ်ကြီးအတွင်း၌ မနေရ မတွက်နိုင်သော ရုပ်ခေတ်အဖွဲ့အစည်းများ ဖြစ်သည့် ဂြိုဟ်များ၊ တာရာများ၊ ကြယ်များနှင့် စကြဝဠာအနန္တတို့သည် မည်သို့ မည်ပုံ ဖွဲ့စည်းဖြစ်ပေါ်လာနိုင်ကြသနည်း။

ဤမေးခွန်းကို ရှင်တော်ဗုဒ္ဓက တိကျပြတ်သားစွာ ဖြေဆိုရန်အတွက် အလွန်ထူးခြား ဆန်းကြယ် အံ့ဘွယ်ဘနန်း သာမန်လောကီဝိဇ္ဇာပညာရှင်၊ သိပ္ပံပညာရှင်တို့ ခံယူရန်ပင် အလှမ်းဝေးလှသော **စိတ်ပရမတ်တရားတော်ကြီးကို** အနုလုံ ပဋိလုံ ခွဲခြမ်းစိတ်ဖြာ၍ လျှမ်းလျှမ်းတောက်မျှ ဟောကြားတော်မူခဲ့လေသည်။

ဤစာအုပ်တွင် စိတ်ပရမတ်တရားတော်ကြီးကို သိပ္ပံနည်းအရ အသေးစိတ် တင်ပြရန် ဉာဏ်မမှီသေးသဖြင့် စိတ်ပရမတ်တို့၏ ယေဘုယျလက္ခဏာအချို့ကိုသာ သိပ္ပံနည်းကျကျ သုံးသပ် တင်ပြပါမည်။

## (ခ) သိပ္ပံနည်းအလွန်ကျသော ဗုဒ္ဓ၏ စိတ်ပရမတ်တရား

အရေးရာကို သိပ္ပံနည်းကျကျ လေ့လာကြပါသည်ဆိုသော ပုထုဇဉ်လူသားတို့အား သိပ္ပံနည်းအလွန်ကျသော ရှင်တော်ဗုဒ္ဓ၏ **စိတ်ပရမတ်တရားတော်ကြီး**ဆီသို့ လမ်းညွှန်ပေးသော အရာကား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရုပ်ပရမတ်တရားတို့၏ အချက်အချာဖြစ်သော **အာကာသရုပ်ခေတ်ကြီး** ပင် ဖြစ်၏။

အာကာသရုပ်ခေတ်သည် အလွန်စွမ်းပကား ကြီးမားလှ၏။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော အစရှိသော ရုပ်ပရမတ် (၁၀)ပါးတို့သည် တခုနှင့်တခု ထိတွေ့ပေါင်းစပ်၍မရအောင် အာကာသရုပ်ခေတ်ကြီးက မိုင်းခြားကန့်သတ်၍ ထား၏။

အခြေခံရုပ်ပရမတ်(၁၀)ပါးတို့ကို သူတို့အတိုင်းသာ ထား

လိုက်ပါက အာကာသရုပ်ခုတ်၏ ပိုင်းခြားကန့်သတ်မှုအောက် တွင် ပထဝီရုပ်၊ အာပေါရုပ်၊ ဝါယောရုပ်၊ တေဇောရုပ် စသည်တို့မှာ တခုနှင့်တခု ထိတွေ့ဆက်စပ်ရန်ဝေးစွ အနီးကပ် ၍ပင် မရအောင် ပြေးလွှားနေကြရမည် ဖြစ်လေသည်။

အာကာသရုပ်ခုတ်ကြီးကား ဤမျှစွမ်းပကား ကြီးမားး၏။

တနည်းဆိုရသော် အာကာသခုတ်ကြီးသည် သူ့သဘာဝ အတိုင်းသာ လွှတ်ထားပါက အနန္တစကြာဝဠာရှိ ရုပ်ပိုင်းဘာဝ အဖွဲ့အစည်း အားလုံးကို ပြိုကွဲပြန့်ကြဲကုန်အောင် လုပ်ပစ်လိုက် မည်မှာ သေချာလှပေသည်။

သို့ရာတွင် အနန္တစကြာဝဠာတခွင်၌ ရုပ်ပိုင်းဘာဝ အဖွဲ့ အစည်း ကြီးကြီးငယ်ငယ် အရွယ်အစား အမျိုးမျိုးတို့ကို အများ အပြားပင် ဒိဋ္ဌမျက်မြင် တွေ့ရှိနေရခြင်းကြောင့် အာကာသ ရုပ်ခုတ်၏ တွန်းကန်ပွင့်ကားမှုအဟုန်ကို တစုံတခုသော ရောမ စွမ်းအင်ကြီးက ဖမ်းဆီးထိန်းသိမ်းလျက် အပြုသဘောဆောင် စေကာ ပရမတ်ရုပ်အဖြာဖြာကို သေချာစွာ ဆက်စပ်ပေါင်း စည်း၍ ရုပ်ပိုင်းဘာဝအစုအဝေး ကြီးကြီးငယ်ငယ် ဖြစ်အောင် ဖော်ဆောင်ပေးခြင်း ဖြစ်ရမည်ဟု သိပ္ပံနည်းကျကျ ကောက် ချက်ချနိုင်ပေသည်။

အာကာသရုပ်ပရမတ်၏ တွန်းကန် ပွင့်ကားမှုအဟုန်ကို အပြုသဘောရှိအောင် ဖမ်းဆီးချုပ်နှောင်ပေးနိုင်သော ရောမ စွမ်းအင်ကြီး ဆိုသည်ကား အခြားမဟုတ်၊ ရှင်တော်ဗုဒ္ဓ ဟောပြတော်မူသော စိတ်ပရမတ်တရားကြီးပင် ဖြစ်ပေ၏။

ဗုဒ္ဓ၏ စိတ်ပရမတ်တရားထူးကြီး၏အလိုအရ စိတ်ဟူသမျှ သည် ပရမတ်များ ဖြစ်ကြ၏။ပရမတ်စိတ်တို့သည် ပရမတ်တို့

၏ သဘောသဘာဝအားလျော်စွာ အောက်ပါ ဝိသေသ လက္ခဏာကြီးများနှင့် ပြည့်စုံကြပေသည်။

(က) ပရမတ်စိတ်တို့သည် မည်သူကမှ မဖန်ဆင်းနိုင်၊ မဖန်တီးနိုင်ပဲ အလိုအလျောက် ရှိနေခြင်းသာ ဖြစ်၏။

(ခ) ပရမတ်စိတ်တို့သည် မည်သူကမှ ဖန်ဆင်းထား ခြင်းမဟုတ်သဖြင့် မည်သူကမှ ဖျက်ဆီးပစ်နိုင် ခြင်းလည်း မရှိချေ။

(ဂ) ပရမတ်စိတ်တို့သည် မည်သူကမျှ မဖျက်ဆီးနိုင် ခြင်းကြောင့် သဘာဝလောကဓာတ်ကြီးအတွင်း ၌ ထာဝရရှိနေသော အရှိတရားများအဖြစ် ထာဝရ ရှိနေကြမည်သာ ဖြစ်၏။

(ဃ) ပရမတ်စိတ်တို့သည် အရေအတွက်အားဖြင့်ဇင်း၊ အရည်အချင်းအားဖြင့်ဇင်း၊ဂုဏ်သတ္တိနှင့်ပမာဏ တို့ကို ပိုင်းခြားကန့်သတ်ခြင်းငှာ မတတ်သာချေ။

(င) ပရမတ်စိတ်တို့သည် အစလည်းမရှိ၊အဆုံးလည်း မရှိသော အနာဒိအနန္တများ ဖြစ်ကြပေသည်။

အထက်ပါအချက်များကို ကြည့်ခြင်းအားဖြင့် ပရမတ် စိတ်နှင့် ပရမတ်ရုပ်တို့၏ သဘာဝလက္ခဏာများသည် ပရမတ္ထ သဘောချင်း အတူတူပင်ဖြစ်ကြောင်း တွေ့နိုင်ပေသည်။

စင်စစ်သော်ကား ပရမတ်ဟူသမျှသည် ဤသို့သော ဝိသေသလက္ခဏာများကို ဆောင်ယူကြသည်သာ ဖြစ်၏။

ပရမတ်ဟူသမျှကို ဖန်ဆင်းနိုင်သူ မရှိသဖြင့် ဖျက်ဆီးနိုင်သူ လည်း မရှိ၊ ရေတွက်၍လည်း မရ၊ အစလည်း မရှာနိုင်၊

အဆုံးလည်း မရှာနိုင်၊ အစဉ်ထာဝရ ရှိနေသော အရှိတရား များသာလျှင် ဖြစ်ကုန်၏။

စိတ်ပရမတ်များနှင့် ရုပ်ပရမတ်များသည် ပရမတ်တို့၏ သဘောသဘာဝတွင် အတူတူပင် ဖြစ်ကြသော်လည်း စွမ်းအင်ချင်းကား အလွန်ပင် ခြားနားကြလေသည်။

ရုပ်ပရမတ်များ၏ ပြန့်ကြဲပွင့်ကားထွက်လိုသော စွမ်းအင်ကို စိတ်ပရမတ်များက စုစည်း၍ ရုပ်ပိုင်းဘာဝအဖွဲ့အစည်းများဖြစ်အောင် ပျိုးထောင်ပေး၍သာ ရုပ်ပိုင်းဘာဝအဖွဲ့အစည်းကြီးငယ်များသည် စကြာဝဠာအနန္တအဖြစ် ပေါ်ပေါက်လာနိုင်ကြခြင်းဖြစ်သည်ဟု သိပ္ပံနည်းကျကျ ကောက်ချက်ချရပေမည်။

အဘယ်ကြောင့်ဆိုသော် သိပ္ပံနည်းအရ အကြောင်းမရှိပဲ အကျိုးမဖြစ်နိုင်ချေ။ ရုပ်တို့၏ အချုပ်ဖြစ်သော ပရမတ်ရုပ်ဆယ်ပါးတို့၏ သဘောသဘာဝကို အထက်ပါ အခန်းများတွင် အကျယ်တဝင့် တင်ပြခဲ့ရာ၌ အာကာသပရမတ်ရုပ်၏ ရှိန်းကန်ပွင့်ကားသော စွမ်းပကားအကြောင်းကို အလေးအနက် တင်ပြခဲ့သည်။

အာကာသရုပ်သည် အခြားသော ပရမတ်ရုပ်များကို သီးခြားစီရှိနေအောင်ပင် ကြားခံနယ် ပိုင်းခြား၍ တွန်းကန်ထားပေသည်။

ထင်ရှားသော သာဓကများကို ဩကာသလောကနှင့် သတ္တလောကတို့တွင် အမြောက်အမြား တွေ့နိုင်၏။ သစ်ပင်တောတောင်နှင့်တကွ ရေထု၊ မြေထု၊ အစုစုတို့သည် သတ္တလောကသားတို့၏အမြင်တွင် သွင်ပြင်တိကျ၍ ခိုင်မြဲသော

သဘောရှိသော်လည်း စင်စစ်မှာကား အာကာသရုပ်ခေတ် ပိုင်းခြားထားမှုကြောင့် ပုပ္ပုဠ္ဌ ဖြစ်နေကြပေ၏။ဤအချက်ကို ရူပဗေဒ၊ဓာတုဗေဒ၊ဘူမိဗေဒနှင့် ရက္ခဗေဒ သိပ္ပံပညာရှင်များ သည် ကောင်းစွာ သိရှိကြပေ၏။

အလားတူစွာပင် သတ္တလောကသားဖြစ်သော သတ္တဝါ များ၏ ရုပ်ခေတ်ခန္ဓာဖွဲ့စည်းပုံတွင် အခြေခံအကျဆုံးသော ပရိုတိုပလာဇမ်(Protoplasm)လေးမှသည် အရည်ကလာပ် စည်း၊ အဖတ်ကလာပ်စည်း (Cells) များ၏ ဖွဲ့စည်းပုံများ၊ အသား၊အသွေး၊အကြော၊အရိုးဖွဲ့စည်းပုံများ အားလုံးတို့သည် ရုပ်ခေတ်အချင်းချင်း လုံးဝ ပေါင်းစည်းနေခြင်း မဟုတ်ကြ ချေ။အာကာသရုပ်ပရမတ်၏ ကြားခံနယ်သည် ရုပ်ဖွဲ့စည်းပုံ အားလုံးတွင် ရှိနေသည်သာ ဖြစ်၏။ဤအချက်များကို ပါဏ ဗေဒနှင့် ခန္ဓာဗေဒသိပ္ပံပညာရှင်များသည် ကောင်းစွာ သိရှိ ကြပေ၏။

အာကာသရုပ်ပရမတ်၏ ကြားဖြတ်နယ်ပယ်ကို ကျဉ်းနိုင် သမျှကျဉ်းအောင် ထိန်းချုပ်၍ ဖွဲ့စည်းယူသော ရုပ်ကလာပ် စည်းများသည်သာလျှင် အသွင်သဏ္ဌာန် တိကျပြတ်သား ထင်ထင်ရှားရှား တည်ရှိနိုင်ကြပေသည်။ ထိုသို့သော ရုပ် ကလာပ်စည်းများသည် ရှင်သန်ကြီးထွားနိုင်သော အသက် ဇီဝခေတ်အား ကောင်းကြ၏။

အာကာသရုပ်ခေတ်ကို တင်းကြပ်စွာချုပ်ထိန်း၍ တိကျ ပြတ်သားသော ပုံပန်းသဏ္ဌာန်ကို စီမံယူနိုင်ကြသော သတ္တ လောကသားတို့မှာကား စိတ်ပရမတ်တရားသည် ကိုယ်တိုင် ဝင်စားလျက် ရှိနေကြပေ၏။

**စိတ်ပရမတ်စွမ်းအင်ကြီး**ဖြင့်သာလျှင် အကွဲကွဲ အပြားပြား နေလိုကြသော ရုပ်ပရမတ်များကို ကွပ်ညှပ် ထိန်းချုပ်ကာ ရုပ်ပိုင်းဘဝများကို ဖွဲ့စည်းတည်ဆောက်ပေးနိုင်ကြခြင်း ဖြစ်ပေသည်။

သဘာဝလောကဓာတ်ကြီးအတွင်း၌ စိတ်ပရမတ်များ၏ အရေအတွက်နှင့် အရည်အချင်းများမှာ ခန့်မှန်း တိုင်းတာခြင်းငှာ မတတ်သာရကား ရုပ်ပိုင်းဘဝများကို ဖွဲ့စည်းတည်ဆောက်ပေးနိုင်သော **စိတ်ပရမတ်စွမ်းအင်စုစုပေါင်း**သည် အတိုင်းမသိအောင်ပင် ကြီးမားလှမည် ဖြစ်ပေ၏။

ထိုကြောင့်ပင်လျှင် လေထု၊ ရေထု၊ မြေထု အစုစုသော ရုပ်ပိုင်းဘဝအဖွဲ့အစည်းကြီးငယ်များသည် အနန္တစကြာဝဠာဟု ခေါ်ရလောက်အောင် ဖွဲ့စည်းဖြစ်ပေါ်နေကြခြင်း ဖြစ်ပေသည်။

ဖွဲ့စည်း၍ရသော ရုပ်ပိုင်းဘဝများက ဤသို့ ဖွဲ့ဖွဲ့စည်းစည်း ရှိနေကြသကဲ့သို့ ဖွဲ့စည်းရာတွင် မပါဝင်သော ရုပ်ပရမတ်များကလည်း အနန္တစကြာဝဠာတွင် ရေတွက်၍မကုန်အောင်ပင် ပြန့်ကြဲလျက် ရှိနေကြပေ၏။

ရုပ်ပရမတ်များ၏အဘိုင်းအဘာသည် မည်မျှပင် စွမ်းအင်ကြီးမားစေကာမူ ဖွဲ့ဖွဲ့စည်းစည်း ရှိနေသမျှသော ရုပ်ပိုင်းဘဝကြီးငယ်အားလုံးတို့မှာ စိတ်ပရမတ်တို့၏ ပိုမိုကြီးမားသောစွမ်းပကားကြောင့် ဖြစ်သည်ဟုကား သိပ္ပံနည်းကျသော ရုပ်ဖွဲ့စည်းမှု အကြောင်းအရာတရပ်အဖြစ် နားလည်ထားအပ်ပေသည်။

## (ဂ) စိတ်ပရမတ်တရားကြီးနှင့် အညမညသမ္ဗန္ဓတရားကို ဆက်စပ်ခြင်း

ဤနေရာ၌ **စိတ်ပရမတ်တရားကြီးအား** ရှေ့ပိုင်းတွင် သိပ္ပံနည်းကျစွာ ဖော်ထုတ်ခဲ့သော **အညမညသမ္ဗန္ဓတရားနှင့် ဆက်စပ်ပြရန်** လိုအပ်ပေ၏။

စိတ်ပရမတ်တရားကြီးအရ သဘာဝလောကဓာတ်အတွင်း၌ ရုပ်ပိုင်းဘာဝဖွဲ့စည်းဖြစ်ပေါ်မှုအစုစုတို့သည် စိတ်ပရမတ်တို့၏ ပေါင်းစပ်ဖွဲ့စည်းပေးနိုင်သောစွမ်းအင်ကြီးကြောင့် ဖြစ်ပေါ်ရသည်ဟု အထက်တွင် ပြဆိုခဲ့၏။

ဤစာအုပ်ရှေ့ပိုင်းတွင် သိပ္ပံနည်းကျစွာ ဖော်ထုတ်တင်ပြခဲ့သော အညမညသမ္ဗန္ဓတရားသည်လည်း သဘာဝလောကဓာတ်အတွင်းရှိ ရုပ်ပိုင်းဘာဝဖွဲ့စည်းဖြစ်ပေါ်မှုများ၏အကြောင်းတရားဟု ဆိုခဲ့၏။

သို့ဖြစ်ရာ ဤအဆို ၂-ရပ်သည် ထပ်တူကျလျက် ရှိပေ၏။တနည်းအားဖြင့်ဆိုသော် သိပ္ပံနည်းအရ ဖော်ထုတ်လိုက်သော **အညမညသမ္ဗန္ဓတရားသည်** ဗုဒ္ဓ၏ **စိတ်ပရမတ်တရား**နှင့် ထပ်တူကျနေသောသဘောပင် ဖြစ်၏။

စင်စစ်မှာမူကား ဗုဒ္ဓ၏ စိတ်ပရမတ်တရားကြီးသည် အညမညသမ္ဗန္ဓတရားထက် သာလွန်ကျယ်ပြန့်စွာ အလုံးစုံကို ခြုံငုံမိလေသည်။ ဤအချက်ကို လေးနက်စွာ သိမြင်ရန် အညမညသမ္ဗန္ဓတရားကို ပြန်လည် သုံးသပ်ကြည့်ကြပါစို့။

အညမညသမ္ဗန္ဓတရား ဖြစ်ပေါ်ရခြင်းအကြောင်းရင်းမှာ သဘာဝလောကဓာတ်ကြီးအတွင်း၌ ပေါင်းစည်းဘက် ဓာတ်

သဘောများ ရှိခြင်းကြောင့် ဖြစ်၏။ ဥပမာ၊ လျှပ်စစ်အဖိုဓာတ် သဘောဆောင်သော ပရိုတွန်နှင့် လျှပ်စစ်အမဓာတ်သဘော ဆောင်သော အီလက်ထရွန်တို့သည် ပေါင်းစည်းဘက် ဓာတ် သဘောများ ဖြစ်ကြသည်ဟု ပြဆိုခဲ့၏။

ဤနေရာတွင် မေးခွန်းထုတ်ရမည့်အချက်မှာ ကြောင်း ကျိုးတရားစဉ်ကို ရှာကြံသော သိပ္ပံသဘောတရားအရ ပရို တွန်နှင့် အီလက်ထရွန်သည် ဘာကြောင့် ပေါင်းစည်းဘက် ဖြစ်သနည်းဟု မေးမြန်းရပေလိမ့်မည်။

ပရိုတွန်က လျှပ်စစ်အဖိုဓာတ်သဘောဆောင်ပြီး အီလက် ထရွန်က လျှပ်စစ်အမဓာတ်သဘောဆောင်ခြင်းကြောင့် တခု နှင့် တခု ဆွဲငင်ပေါင်းစည်းကြပါသည်ဟု ဖြေပေလိမ့်မည်။

တဖန် အကြောင်းအကျိုးရှာကြံလိုသော သိပ္ပံတွေးခေါ်ရှင် က မေးခွန်းထုတ်ဦးမည်မှာ ဘာကြောင့် ပရိုတွန်သည် လျှပ်စစ် အဖိုဓာတ်သဘောဆောင်၍ အီလက်ထရွန်သည် လျှပ်စစ်အမ ဓာတ်သဘောဆောင်နေရသနည်းဟု ဆိုလျှင် ဘယ်သို့ ဖြေရ မည်မသိအောင် အကြပ်ရိုက်၍ ကပ်သီးကပ်သတ် မေးသည် ဟု ဆိုရမလို ဖြစ်နေပေသည်။

သာမန်သဘာဝ ဝိဇ္ဇာပညာရှင်များကမူ ဤမေးခွန်းမျိုးကို သူ့သဘောသူ ဆောင်၍ သူ့ဓာတ်သူဆောင်သည်ဟုသာ ရိုး သားစွာ ဖြေကြပေလိမ့်မည်။

သိပ္ပံတွေးခေါ်ရှင်များအဖို့ကား ဤအဖြေသည် ကျေနပ် လောက်သောအဖြေ မဟုတ်ချေ။ သဘာဝလောကဓာတ်ကြီး တခုလုံး သူ့သဘောသူဆောင်၍ နေသည်မှာ အထူးပြော စရာမလိုချေ။

ဘယ်အကြောင်းတရားများကြောင့် ဘယ်အကျိုးတရားများ ဆောင်လာသနည်းဟူသော သဘာဝ၏ လျှို့ဝှက်ချက်များကိုသာ သိပ္ပံပညာရှင်တို့သည် သိချင်ကြပေ၏။

ထို့ကြောင့် ပရိုတွန်သည် ဘာကြောင့် လျှပ်စစ်အဖိုဓာတ်သဘောဆောင်၍ အီလက်ထရွန်သည် ဘာကြောင့် လျှပ်စစ်အမဓာတ်သဘောဆောင်ရသနည်းဟု သိပ္ပံတွေးခေါ်ရှင်များက မေးကြသည်၊ တွေးကြသည်၊ ရှာဖွေစူးစမ်းကြသည်။

ဤတွင် ပရိုတွန်ဆောင်ယူသော လျှပ်စစ်အဖိုဓာတ်သဘောဆိုသည်မှာ သိပ္ပံလူသားက မှတ်သားမိရန် **ပညတ်ထားသော ဝေါဟာရစကား**သာ ဖြစ်ပြီး အီလက်ထရွန်ဆောင်ယူသော လျှပ်စစ်အမဓာတ်သဘောဆိုသည်မှာလည်း **ပညတ်ထားသော သိပ္ပံစကား**လုံးတခုသာ ဖြစ်၏။

စင်စစ်သော်ကား ပရိုတွန်၊ အီလက်ထရွန်ဟူသော ရုပ်ဓာတ်များသည်ပင်လျှင် သိပ္ပံလူသားက ပညတ်ထားသော ဝေါဟာရများဖြင့် ခွဲခြားသိရှိရခြင်း ဖြစ်၏။ ရုပ်သဘောအားဖြင့် ဆိုလျှင် အားလုံး ရုပ်ဓာတ်များသာ ဖြစ်လေသည်။

သို့ဖြစ်ရာ သဘာဝအတိုင်းမြင်ရလျှင် ပရိုတွန်ဟု လူတို့ခေါ်သော ရုပ်ဓာတ်သည် လျှပ်စစ်အဖိုဓာတ်ဟု လူတို့သတ်မှတ်သော **စွမ်းအင်လှိုင်းတမျိုး**ရှိနေပြီး အီလက်ထရွန်ဟု လူတို့ခေါ်သော ရုပ်ဓာတ်သည် လျှပ်စစ်အမဓာတ်ဟု လူတို့ သတ်မှတ်သော **စွမ်းအင်လှိုင်းတမျိုး** ကိန်းအောင်းနေကြောင်း တွေ့ရသည်။

ထိုစွမ်းအင်လှိုင်းနှစ်မျိုးတို့သည် တခုနှင့်တခု ပေါင်းစည်းဖွဲ့နှောင်မှုကို ပြုနိုင်ကြပေသည်။ သို့သော် ပရိုတွန်စွမ်းအင်လှိုင်းတိုင်းသည် အီလက်ထရွန်စွမ်းအင်လှိုင်းများနှင့် ..ပေါင်းချင်

တိုင်း ပေါင်း၍မရသဖြင့် သဘာဝလောကဓာတ်ကြီးအတွင်း ဝယ် မရပ်မနား ပြေးလွှားနေရသော ပရိုတွန်များကို အာလ်ဖာရောင်ခြည်များအဖြစ်၎င်း၊ မရပ်မနား ပြေးလွှားနေရသော အီလက်ထရွန်များကို ဘီတာရောင်ခြည်များအဖြစ်၎င်း၊ အစ အဆုံးမရှိအောင် တွေ့ကြုံနေရခြင်း ဖြစ်သည်။

ထို့ကြောင့် ရှေ့ပိုင်းတွင် အညမညသမ္မုဟတရားကို ပေါင်းစည်းရေးအကြောင်းတရားအဖြစ် ဖော်ပြရာတွင် **ပရိုတွန်နှင့် အီလက်ထရွန်တို့သည် ပေါင်းချင်တိုင်း ပေါင်း၍ကား မရနိုင်ချေ။ အခြေအနေကောင်း၍ အကြောင်းအပေါင်းသင့်မှသာ ပေါင်းစည်းခွင့်ရပြီး ပေါင်းစည်းဖွဲ့နှောင်နိုင်ကြသည်**ဟု ဖော်ပြခဲ့ခြင်း ဖြစ်သည်။

**ဤသို့သော အခြေအနေကောင်း ဖန်တီးပေးရန်မှာ သိပ္ပံသဘောတရားအရ ပြင်ပမှ စွမ်းအားကြီးတခုခုက တိုက်တွန်းစေ့ဆော်မှု ပြုရလေသည်။**

ဤသို့ **တိုက်တွန်းစေ့ဆော်မှု ပြုပေးသော အရာသည်** သဘာဝလောကဓာတ်ကြီးအတွင်း၌ ရှိနေကြသော **စိတ်ပရမတ်၏ စွမ်းအားများသာလျှင်** ဖြစ်ကြပေသည်။

**စိတ်ပရမတ်စွမ်းအင်များသည် ရုပ်ပရမတ်စွမ်းအင်များထက်** ကြီးမားခြင်းကြောင့်သာလျှင် ရုပ်ပရမတ်များ၏ ဖွဲ့စည်းဖြစ်ပေါ်မှုကို တိုက်တွန်းစေ့ဆော်ပေးနိုင်ကြခြင်း ဖြစ်လေသည်။

**စိတ်ပရမတ်စွမ်းအင်တခုခုသည် ရုပ်ပရမတ်စွမ်းအင်တခုခုထက် အစဉ်သဖြင့် ပိုမိုကြီးမားသောသဘော ရှိသည်ဟုကား မဆိုသာချေ။**

**အတိုင်းအတာမသိသော စိတ်ပရမတ်စွမ်းအင်အစုအဝေး** များအနေဖြင့်သာလျှင် အတိုင်းအတာမသိသော ရုပ်ပရမတ်စွမ်းအင် အစုအဝေးများဖြစ်အောင် **တိုက်တွန်းစေ့ဆော်ပေးနိုင်ကြသည်ဟု သိပ္ပံနည်းကျစွာ နားလည်ရပေသည်။**

သို့ဖြစ်ရာ သဘာဝလောကဓာတ်ကြီးအတွင်း၌ ပေါင်းစည်းဘက် ဓာတ်သဘောများကို ဆောင်ကြကုန်သော ရုပ်ဓာတ်များအတွင်း၌ ရုပ်ပိုင်းဘဝဖွဲ့စည်း ဖြစ်ပေါ်မှုများ ပေါ်ပေါက်စေရန်အလို့ငှာ **စိတ်ပရမတ်တရားကြီးသည် တိုက်တွန်းစေ့ဆော်ပေးခြင်းအားဖြင့် ပေါင်းစည်းဘက်ဓာတ်သဘောများ၏ အညမညသမ္ပယုတ်တရားသည် သက်ဝင်**လှုပ်ရှားလာကာ ရုပ်ပိုင်းဘဝဖွဲ့စည်း ဖြစ်ပေါ်မှုများကို ဖန်တီးပေသည်ဟုသိပ္ပံနည်းအလွန်ကျသော ကြောင်းကျိုးတရားစဉ်ကို နားလည်ရပေသည်။

သို့သော် သိပ္ပံနည်းကျကျရှုကြည့်သောအခါ သဘာဝလောကဓာတ်ကြီးအတွင်း၌ ပေါင်းစည်းဘက် ဓာတ်သဘောများသာ ရှိကြသည်မဟုတ်ပဲ ဆန့်ကျင်ဘက်ဓာတ်သဘောများလည်း ရှိနေကြ၏။

ပေါင်းစည်းဘက်တို့၏ အညမညသမ္ပယုတ် တရားကြီးအရ ဖွဲ့စည်းဖြစ်ပေါ်မှုများချည်းသာ ရှိကြသည်မဟုတ်၊ ဆန့်ကျင်ဘက်တို့၏ ကဏ္ဍကောစ ပဋိပက္ခတရားကြီးအရ ပျက်စီးယိုယွင်းမှု အဝဝတို့သည်လည်း ရှိနေကြသည် မဟုတ်လော။

ပျက်စီးယိုယွင်းမှု အဝဝတို့၏ အကြောင်းတရားဖြစ်သော ကဏ္ဍကောစ ပဋိပက္ခတရားသည် အဘယ်ကြောင့် ဖြစ်ပေါ်လာရသနည်း။ ဤမေးခွန်းကို စိတ်ပရမတ်တရားကြီးသည် ဖြေဆိုရပေလိမ့်မည်။

## (ဃ) စိတ်ပရမတ်တရားကြီးနှင့် ကဏ္ဍကောဝစ ပဋိပက္ခ တရားတို့ကို ဆက်စပ်ခြင်း

အနန္တစကြာဝဠာအတွင်းရှိ ရုပ်ပိုင်းဘာဝ အဖွဲ့အစည်းများ၏ ပျက်စီးယိုယွင်းရခြင်း အကြောင်းတရားသည် ကဏ္ဍကောဝစ ပဋိပက္ခတရား ဖြစ်သည်ဟု ဤစာအုပ်၏ ရှေ့ပိုင်းတွင် သိပ္ပံနည်းကျကျ ရှင်းလင်းဖော်ပြခဲ့ပေ၏။

ကဏ္ဍကောဝစ ပဋိပက္ခတရားသည် ဆန့်ကျင်ဘက်ဓာတ်သဘောများ၊ ကဏ္ဍကောဝစဓာတ်သဘောများကို ဆောင်ယူကြကုန်သော ရုပ်ဓာတ်များ၏ ဆန့်ကျင်ရုန်းကန်မှုများ၊ ကဏ္ဍကောဝစပြုမှုများကြောင့် ဖြစ်ပေါ်ရသည်ဟု ဆိုခဲ့၏။

ပရိတွန်တခုနှင့် တခုသည်ငင်း၊ အီလက်ထရွန်တခုနှင့် တခုသည်ငင်း၊ သဘာဝလောကဓာတ်ကြီးအတွင်း၌ ပေါင်းစည်းခွင့်မရအောင် ရုန်းကန်တွန်းဖယ်လျက် ရှိနေကြခြင်းမှာ အဘယ်ကြောင့်နည်း။

သိပ္ပံနည်းအရ ဤမေးခွန်းကို ဖြေဆိုရာတွင် ပရိတွန်အချင်းချင်းသည် လျှပ်စစ်အဖိုဓာတ်သဘောများသာ ဆောင်ယူကြသဖြင့်ငင်း၊ အီလက်ထရွန်အချင်းချင်းသည် လျှပ်စစ်အမဓာတ်သဘောများသာ ဆောင်ယူကြသဖြင့်ငင်း၊ တခုနှင့်တခု ဆန့်ကျင်ရုန်းကန်နေကြခြင်း ဖြစ်သည်ဟုဆိုလျှင် သာမန်အားဖြင့် လုံလောက်သော အဖြေဟု ယူဆရပေသည်။

ဤအဖြေကို အခြေပြု၍ သိပ္ပံပညာတွင် ယေဘုယျဥပဒေသ တခုကိုပင် ထုတ်ခဲ့ကြ၏။ (တူသောအရာများသည် ဆန့်ကျင်ရုန်းကန်ကြပြီး မတူသော အရာများသည် ဆွဲငင် ပေါင်းစည်း

ကြသည်) (Alikes Repel, Unlikes attract each Other )ဟူသော ဥပဒေသပင် ဖြစ်၏။

သို့သော် ဤနေရာ၌ ဘာကြောင့် တူသောအရာများ ဆန့်ကျင်ရသနည်း၊ ဘာကြောင့် မတူသော အရာများ ဆွဲငင်ရသနည်း၊ တူသောအရာတိုင်းကော ဆန့်ကျင်သလော၊ မတူသော အရာတိုင်းကော ဆွဲငင်သလောဟု မေးလျှင် အတော်ပင် ဖြေရ ခက်ပေသည်။

ထို့ပြင် တူသောအရာတို့သည် ဘာကြောင့် တူရသနည်း၊ မတူသောအရာတို့သည် ဘာကြောင့် မတူရသနည်းဟု မေးလျှင် သာ၍ပင် ဖြေရခက်ပေလိမ့်မည်။

ထိုကြောင့် ယေဘုယျသိပ္ပံဥပဒေများကို ယေဘုယျသဘောသာ ခံယူ၍ နားလည်အပ်ပေသည်။ ဝိသေသသဘောများတွင် ယေဘုယျသိပ္ပံဥပဒေသများကို အသုံးချ၍ ရကောင်းမှ ရပေလိမ့်မည်။ ဤအချက်မှာ သိပ္ပံဥပဒေသများ၏ ကန့်သတ်ချက်တရပ် ဖြစ်ပေ၏။

တူသောအရာများ တူကြခြင်း၊ ဆန့်ကျင်ကြခြင်းနှင့် မတူသောအရာများ မတူကြခြင်း၊ ဆွဲငင်ကြခြင်းသည် သူတို့သဘော သူတို့ဆောင်၍ သဘာဝအတိုင်း ဖြစ်သည်ဟု ဖြေလျှင် သိပ္ပံပညာရှင်များအတွက် ကျေနပ်ဖွယ် မဟုတ်ချေ။ အလွန်လွယ်ကူသော အဖြေတရပ်သာလျှင် ဖြစ်ပေလိမ့်မည်။

အဘယ်ကြောင့် ထိုသို့ သဘောဆောင်ရသနည်းဟူသော အခြေခံ ကြောင်းကျိုးတရားကိုသာလျှင် ရှာဖွေစူးစမ်းရမည် ဖြစ်ပေသည်။

ပရိုတွန်တခုနှင့်တခုသည်ငင်း၊ အီလက်ထရွန်တခုနှင့်တခု

သည်ငှင်း၊ အပြန်အလှန် ဆန့်ကျင်ရန်းကန်ကြခြင်းမှာ ၎င်းတို့၏ စွမ်းအင်လှိုင်းများအတွင်း၌ တွန်းကန်သားသော အား တမျိုးမျိုးရှိနေခြင်းကြောင့်သာလျှင် ဖြစ်သည်ဟု သိပ္ပံနည်းအရ ကောက်ချက်ချရပေမည်။

ဤသို့ တွန်းကန်ထားသော (**အား**)သည် အဘယ်သို့သော (**အား**)ဖြစ်သနည်း။ ယင်း(**အား**)သည် အဘယ်ကြောင့် ဖြစ်ပေါ်လာရသနည်း။

ဤသို့ တွန်းကန်ထားသော (**အား**)သည် စိတ်ပရမတ်စွမ်းအင်မှ လာသော (**အား**)များ ဖြစ်၏။ **စိတ်ပရမတ်စွမ်းအင်မှ ဖြစ်သော(အား)**သည် ဤသို့သော ရုပ်ဓာတ်များအတွင်း ဆန့်ကျင်ရုန်းကန်မှု ဖြစ်အောင် **သွေးထိုးလှုံ့ဆော်ပေး**လျက် ရှိပြန်လေသည်။

ထိုသို့ ဆိုပါက **စိတ်ပရမတ်စွမ်းအင်တွင် ရုပ်ဓာတ်များ၏ ဆွဲငင်ပေါင်းစည်းမှုကို တိုက်တွန်းနှိုးဆော်ပေးသောအား များ ရှိသကဲ့သို့ ရုပ်ဓာတ်အချင်းချင်း ဆန့်ကျင် ရုန်းကန်မှု ဖြစ်အောင် သွေးထိုးလှုံ့ဆော်ပေးသော အားများလည်း ပါဝင်သည်ဟု ဆိုရမည် ဖြစ်ပေသည်။**

မှန်လှပေ၏။ သဘာဝလောကဓာတ်ကြီးအား သိပ္ပံနည်းကျစွာ လေ့လာမှုများအရ သိရှိသမျှသော သိပ္ပံသဘောတရားတို့တွင် တဖက်သတ်အမှန်တရားဟူသည် ဘယ်နေရာမှ မရှိချေ။

ရုပ်ပိုင်းဆိုင်ရာတို့တွင် လှုပ်ရှားပြောင်းလဲသော ရုပ်နှင့်တည်မြဲသောရုပ်များ ရှိနိုင်သကဲ့သို့ စိတ်ပိုင်းဆိုင်ရာတို့တွင်လည်း **ရုပ်တို့၏ ဆွဲငင်ပေါင်းစည်းမှုများကို တိုက်တွန်းနှိုးဆော်သော တ်စွမ်းအား**များနှင့် ရုပ်တို့၏ ဆန့်ကျင်ရုန်းကန်မှုများကို

**လှုံ့ဆော်သွေးထိုးပေးသော စိတ်စွမ်းအားများသည်** ရှိရမည်သာ ဖြစ်ပေ၏။

ဤအချက်သည် သိပ္ပံနည်းအလွန်ကျသော ကောက်ချက်ပင် ဖြစ်၏။

ဤသို့ရှိကြောင်းကို ဗုဒ္ဓ၏စိတ်ပရမတ်တရားက တိကျပြတ်သားစွာ ဖွင့်ဆိုထားပေသည်။

ဗုဒ္ဓ၏ စိတ်ပရမတ်တရားတွင် **ကုသိုလ်စိတ်များ၊ အကုသိုလ်စိတ်များနှင့် အဗျာကတစိတ်များဟူ၍** အပိုင်းကြီးသုံးပိုင်း ပါဝင်လေသည်။

**ကုသိုလ်စိတ်များသည်** သဘာဝလောကဓာတ်ကြီးအတွင်း၌ ရှိကြသော ပေါင်းစည်းဘက် ဓာတ်သဘောများ၏ **ဆွဲငင်ပေါင်းစည်းမှုကို** ဖြစ်ပေါ်အောင် **တိုက်တွန်းနှိုးဆော်ပေးကြ**လေသည်။

**အကုသိုလ်စိတ်များသည်** ကုသိုလ်စိတ်များနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အားလျော်စွာ သဘာဝလောကဓာတ်ကြီးအတွင်းရှိ ဆန့်ကျင်ဘက်ဓာတ်သဘောများ၏ **ဆန့်ကျင်ရုန်းကန်မှုများကို သွေးထိုးလှုံ့ဆော်**ပေးကြလေသည်။

အဗျာကတစိတ်များမှာမူကား ကုသိုလ်စိတ်များ စွမ်းအားကောင်းလျှင် ဆွဲငင်ပေါင်းစည်းမှုကို အထောက်အကူပြုသကဲ့သို့ အကုသိုလ်စိတ်များ စွမ်းအားကောင်းလျှင် ဆန့်ကျင်ရုန်းကန်မှုများကို အထောက်အကူပြုသောသဘော ရှိလေသည်။

ထို့ကြောင့် စိတ်ပရမတ်တရားတွင် ကုသိုလ်စိတ်များနှင့် အကုသိုလ်စိတ်များသည် ပဓာနကျသော အကြောင်းတရားများ ဖြစ်ကြကုန်၏။

သဘာဝလောကဓာတ်ကြီးအတွင်းရှိ ရုပ်ပိုင်းဘာဝဖွံ့စည်း ဖြစ်ပေါ်မှုအစုစုတို့သည် စင်စစ်သော်ကား ကုသိုလ်စိတ်များ ၏တိုက်တွန်းနှိုးဆော်မှုတို့ကြောင့်သာလျှင် ဖြစ်၏။

သဘာဝလောကဓာတ်ကြီးအတွင်းရှိ ရုပ်ပိုင်းဘာဝပျက်စီး ယိုယွင်းမှုအစုစုတို့သည်ကား အကုသိုလ်စိတ်များ၏ သွေးထိုး လှုံ့ဆော်မှုတို့ကြောင့်သာလျှင် ဖြစ်၏။

သို့ဖြစ်ရာ ရုပ်တို့၏ ပျက်ခြင်းအကြောင်းတရားတွင် အဓိက သွေးထိုးလှုံ့ဆော်ပေးသော အကုသိုလ်စိတ် စွမ်းအားများ ကြောင့် ကလ္လာကောစ ပဋိပက္ခတရားသည် ပေါ်ပေါက်သာရ ခြင်းဖြစ်သည်ဟု သိပ္ပံနည်းကျသော ကြောင်းကျိုးတရားဖြင့် ကောက်ချက် ငင်ရပေမည်။

ဤနေရာ၌ ရုပ်တို့၏ ဖြစ်ခြင်းသဘောသဘာဝနှင့် ရုပ်တို့ ၏ ပျက်ခြင်းသဘောသဘာဝတို့ကို သိပ္ပံနည်းကျကျ သုံးသပ် လေ့လာရန် လိုအပ်၏။

ရုပ်တို့၏ ဖြစ်ခြင်းအကြောင်းတရား၌ အခြေခံ လိုအပ် သောအရာများမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသ တည်းဟူသော ပရမတ်ရုပ်ငါးပါးပင် ဖြစ်၏။ ဤပရမတ်ရုပ်တို့၏ သဘောသဘာဝသည် ရုပ်ပရမတ်သဘော တရားပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း အာကာသရုပ်ပရမတ် ၏ ပိုင်းခြားကန့်သတ်မှုကြောင့် အလိုအလျောက် ဆွဲငင် ပေါင်းစည်းရန် မဖြစ်နိုင်ကြချေ။

ဆွဲငင်ပေါင်းစည်းရေးအတွက် လိုအပ်သော တိုက်တွန်း နှိုးဆော်မှုကို သဘာဝလောကဓာတ်ကြီးအတွင်းရှိ ကုသိုလ် စိတ်စွမ်းအားများက ဖန်တီးပေးကြခြင်း ဖြစ်သည်။ ကုသိုလ်

စိတ်စွမ်းအားများသည် ပေါင်းစည်းဘက် ခတ်သဘောတို့ ဆွဲငင်ပေါင်းစည်းခွင့်ရအောင်၊ အညမည သမ္ပယုတ္တကျအောင် တိုက်တွန်းနှိုးဆော်ပေးကြရလေသည်။

ထိုနည်းတူစွာပင် ရုပ်တို့၏ ပျက်ခြင်းအကြောင်းတရား၌ လိုအပ်သော အခြေခံအချက်များမှာ ပရမတ်ရုပ်ငါးပါးပင် ဖြစ်၏။ ပရမတ်ရုပ်များကို ပေါင်းစပ်ခြင်းမပြုနိုင်အောင် အာကာသရုပ်ခတ်မှု ကြားဖြတ် တားဆီးလျက်ရှိသည်မှာ ရုပ်ပရမတ်တို့၏ ရုပ်စွမ်းအားအရ ဖြစ်သည်။

ဤသို့သော ရုပ်ပရမတ်စွမ်းအားကို ရုပ်ပိုင်းဘဝဖွဲ့စည်း ဖြစ်ပေါ်စေရာ၌ ကုသိုလ်စိတ်စွမ်းအားများက အနိုင်ယူခဲ့ကြ ရ၏။

ဤသို့ အနိုင်ယူ ဖွဲ့စည်းဖြစ်ပေါ်စေရသော ရုပ်ပိုင်းဘဝ များကို ပျက်စီးစေရန် ဖန်တီးသောအခါ ဖွဲ့စည်းမှုပြုလုပ်ခဲ့ သော စွမ်းအားများကို တဖြည်းဖြည်းသော်၎င်း၊ အရှိန် အဟုန်ဖြင့်သော်၎င်း၊ဆန့်ကျင်ဘက်စွမ်းအားတခုခုက ချေဖျက် အနိုင်ယူရမည် ဖြစ်၏။ သို့မှသာ သိပ္ပံနည်းအရ ယထာဘူတ ကျပေမည်။

ရုပ်တို့၏ဖွဲ့စည်းရေးစွမ်းအားကို ပျက်ပြားအောင် ချေဖျက် အနိုင်ယူသော ဆန့်ကျင်ဘက်စွမ်းအားသည် အကုသိုလ်စိတ် စွမ်းအားများ ဖြစ်ကြပေ၏။ အကုသိုလ်စိတ်စွမ်းအားများက ပျက်ပြားအောင်ပြုလုပ်လိုက်သောအရာသည် ရုပ်တို့၏ဖွဲ့စည်းပုံ များသာလျှင် ဖြစ်၏။ ရုပ်ခတ်များကို ချေဖျက်လိုက်ခြင်း မဟုတ်ချေ။

ထို့ကြောင့် အကုသိုလ်စိတ်များ၏ သွေးထိုးလှုံ့ဆော်မှု

အရ တက်ကြွလှုပ်ရှားလာသော ကဏ္ဍကောစ ပဋိပက္ခတရားသည် ဖွဲ့စည်းဖြစ်ပေါ်နေသော ရုပ်ပိုင်းဘဝများကို ပျက်စီးစေရာတွင် ရုပ်ကို ချေဖျက်လိုက်ခြင်း မဟုတ်ပဲ ရုပ်၏ဘဝအကောင်အထည်များကိုသာ ပျက်ပြားစေခြင်းဖြစ်ကြောင်းကောင်းစွာ သတိချပ်သင့်ပေသည်။

ဤနေရာတွင် သခ်ိတနယ်၌ အချုပ်အချာအာဏာပိုင်ဖြစ်သော သခ်ါရနိယာမတရားကြီး၏ ဖြစ်ခြင်းအကြောင်းတရားနှင့် ပျက်ခြင်းအကြောင်းတရားတို့ကို ပြန်လည်သုံးသပ်ရန် လိုပေသည်။

**ဖြစ်ခြင်းအကြောင်းတရားသည် ပေါင်းစည်းဘက်ဓာတ်သဘောများ၏ အညမည သမ္မုဟတရားဟု ဆိုခဲ့ရာတွင်ကုသိုလ်စိတ်စွမ်းအားများ၏ တိုက်တွန်း နှိုးဆော်မှုသည်ပဓာနကျသောအချက် ဖြစ်၏။**

**ပျက်ခြင်းအကြောင်းတရားသည် ဆန့်ကျင်ဘက် ဓာတ်သဘောများ၏ ကဏ္ဍကောစ ပဋိပက္ခတရားဟု ဆိုရာတွင်လည်း အကုသိုလ်စိတ်စွမ်းအားများ၏ သွေးထိုးလှုံ့ဆော်မှုသည် ပဓာနကျသောအချက် ဖြစ်၏။**

ကုသိုလ်စိတ် စွမ်းအားများနှင့် အကုသိုလ်စိတ် စွမ်းအားများ၏ အရေအတွက်နှင့် အရည်အချင်းတို့မှာကား အတိုင်းအတာအားဖြင့် ကျယ်ဝန်းထွေပြားလှ၏။ အတိုင်းအတာမသိသော ဉာဏ်တော်ဖြင့် ပြည့်စုံသော ဗုဒ္ဓသာလျှင် ထိုစိတ်စွမ်းအားများ အတိုင်းအတာကို တိကျပြတ်သားစွာရှင်းလင်းညွှန်ပြနိုင်ပေသည်။

ဤစာအုပ်တွင် စိတ်စွမ်းအားအမျိုးမျိုးကို အဖသေးစိတ်

တင်ပြရန်မှာ သိပ္ပံပညာဉာဏ်မရှိသေး၍ ယေဘုယျဖြစ်သော ကုသိုလ်စိတ်စွမ်းအားနှင့် အကုသိုလ်စိတ်စွမ်းအားတို့ကိုသာ သိပ္ပံနည်းအရ သုံးသပ် တင်ပြလိုက်ရပေသည်။

ဗုဒ္ဓ၏ ဟောပြချက်အရမူကား ရုပ်ပိုင်းဘဝအဖွဲ့အစည်း ဖြစ်ပေါ်မှုတို့၏ ဖြစ်ခြင်းအကြောင်းတရားနှင့် ရုပ်ပိုင်းဘဝ ဖွဲ့စည်းဖြစ်ပေါ်မှုတို့၏ ပျက်ခြင်းအကြောင်းတရားတို့တွင် စိတ်စွမ်းအားတခုတည်းသာလျှင်မဟုတ်ပဲ **ကံ၊ ဥတုနှင့် အာဟာရ** တို့သည်လည်း ပါဝင်ကြောင်း တိကျပြတ်သားစွာ ဟောကြားထားပေသည်။

ဤအကြောင်းတရားတို့မှာ **အမှန်အားဖြင့်** ကုသိုလ်စိတ်စွမ်းအားနှင့် အကုသိုလ်စိတ်စွမ်းအားများ၏ ချယ်လှယ်မှုနှင့် မကင်းနိုင်ကြသဖြင့် အချုပ်သဘောမှာကား ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်စွမ်းအားများသာ ဖြစ်ကြလေသည်။

ကုသိုလ်စိတ်၊ အကုသိုလ်စိတ် စွမ်းအားများနှင့် ကံ၊ ဥတု၊ အာဟာရ အကြောင်းတရားတို့ ဆက်သွယ်နေပုံကို ရုပ်ကျမ်းနှင့် စိတ်ကျမ်းများ ပြည့်စုံသောအခါတွင် လွယ်ကူစွာပင် သဘောပေါက်လာမည် ဖြစ်ပေသည်။

ဤနေရာတွင် ဆက်လက်တင်ပြရမည့်အချက်မှာ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်တို့၏ တိုက်တွန်းနှိုးဆော်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုများ ပြုကြပုံကို သိပ္ပံနည်းအရ မည်သို့နားလည်အပ်ပါသနည်း။ သိပ္ပံနည်းများသည် စိတ်၏ လုပ်ဆောင်ချက်တို့ကို ရှင်းလင်း သဘောပေါက်နိုင်ပါသလော။

ဤမေးခွန်းများကို ဖြေဆိုရန်မှာ ဗုဒ္ဓ၏ စေတသိက်ပရမတ်တရားကြီးအား သိပ္ပံနည်းအရ သုံးသပ်ကြည့်ရမည် ဖြစ်ပေ၏။

## (င) သိပ္ပံနည်းအလွန်ကျသော ဗုဒ္ဓ၏စေတသိက်ပရမတ်တရား

စိတ်ပရမတ်တို့၏ လုပ်ဆောင်ချက် အရစ်ရစ်တို့အား စေတသိက်ပရမတ်များဟု ဗုဒ္ဓမြတ်ဘုရားက တိကျပြတ်သားစွာ ညွှန်ပြတော်မူပေသည်။

**စိတ်ပရမတ်၏ လုပ်ဆောင်ချက်တို့တွင် ကုသိုလ်စိတ် ဖြစ်ခြင်းနှင့် အကုသိုလ်စိတ် ဖြစ်ခြင်းတို့မှာ အဓိကလုပ်ဆောင်ချက်များ ဖြစ်၏။ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်စသည်တို့မှာ စေတသိက်ပရမတ်များပင် ဖြစ်ကြလေသည်။**

စေတသိက်များဟု ခေါ်ရခြင်းမှာ **တိုက်တွန်းနှိုးဆော်ခြင်းနှင့် သွေးထိုးလှုံ့ဆော်ခြင်း**စသော အမှုများကို ပြုလုပ်တတ်သောသဘော ရှိ၍ ခေါ်ဆိုရခြင်း ဖြစ်သည်။

သိပ္ပံသဘောတရားအရ တိုက်တွန်းနှိုးဆော်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း စသော **အမှု**များကို ပြုလုပ်နိုင်သောအရာကို **အား** သို့မဟုတ် **စွမ်းအား**(Force)ဟု နားလည်အပ်ပေသည်။

**စွမ်းအား** သို့မဟုတ် **အား**ဆိုသည်မှာ သိပ္ပံပညာအမြင်တွင် **စွမ်းအင်**နှင့် များစွာ ခြားနားလေသည်။

**စွမ်းအင်**(Energy)သည် **စွမ်းအား**ကို ထုတ်လုပ်ပေးနိုင်သော အရည်အချင်း ဂုဏ်သတ္တိ၊ သိဒ္ဓိ၊ တန်ခိုး စသည်တို့ကို ဆိုလို၏။

စွမ်းအား သို့မဟုတ် အားဆိုသည်မှာကား တစုံတခုသော **အလုပ်**(Work)ကို လုပ်ပေးနိုင်သော **လုပ်အား** ကိုင်အားပမာဏကိုဆိုလို၏။ ထို့ကြောင့် **စွမ်းအား**ကို **လုပ်အား**ဟုလည်း နားလည်နိုင်ပေသည်။

**စွမ်းအင်မှာကား လုပ်အားမဟုတ်ချေ၊ လုပ်အားကို ထုတ်ပေးနိုင်သော အရည်အသွေးတန်ခိုးသတ္တိသာလျှင် ဖြစ်ချေသည်။**

**စွမ်းအင်သည် စွမ်းအားကို** ထုတ်လုပ်ပေးသောအရာ ဖြစ်၍ **စွမ်းအင်နှင့် စွမ်းအားတို့မှာ** အပြန်အလှန်ဆက်သွယ်မှု ရှိကြပေသည်။ **စွမ်းအင်မှ စွမ်းအားကို** ရယူနိုင်သကဲ့သို့ **စွမ်းအားမှ စွမ်းအင်ကို** တည်ဆောက်နိုင်လေသည်။

သို့သော် စွမ်းအင်ဟူသမျှမှာ စွမ်းအားမဟုတ်သော်လည်း စွမ်းအားဟူသမျှမှာကား စွမ်းအင် ဖြစ်ကြသည်ဟု နားလည်ရပေမည်။

**စွမ်းအားတို့သည် တစုံတခုသော အလုပ်ကို လုပ်ပေးနိုင်၏။ စွမ်းအင်သည် အလုပ်ကို တိုက်ရိုက်လုပ်မပေးနိုင်ချေ။ စွမ်းအားမှ တဆင့်သာလျှင် အလုပ်လုပ်၍ ရလေသည်။**

ဤအချက်မှာ သိပ္ပံသဘောတရားတွင် စွမ်းအင်နှင့် စွမ်းအားတို့ကို ခွဲခြား နားလည်ရခြင်း၏ အဓိက အကြောင်းရင်း ဖြစ်လေသည်။

လွယ်ကူသော ဥပမာတခုကို ပြရလျှင် လူတို့ နေ့စဉ်သုံးစွဲလျက်ရှိသော ရေနံဆီ၊ ဓာတ်ဆီစသည်တို့မှာ **စွမ်းအင်ပစ္စည်းများ** ဖြစ်ကြ၏။ ယင်းပစ္စည်းများမှ စွမ်းအားကို ရရှိရန် မီးရှို၍ ပေးကြရလေသည်။ တနည်းနည်းဖြင့် မီးရှို၍ မပေးပါက ရေနံဆီ၊ ဓာတ်ဆီတို့မှာ စွမ်းအင်ရှိကြသော်လည်း အလိုအလျောက် စွမ်းအား ဖြစ်မလာချေ။

မီးလောင်နေသော ရေနံဆီ၊ ဓာတ်ဆီများသည် စွမ်းအင်ပစ္စည်းဘဝမှ စွမ်းအားအဖြစ်သို့ ရောက်ရှိလာကြသည်။

ထိုအခါမှသာ သက်ဆိုင်ရာ **အလုပ်များကို** (*W*orks) ပြီး မြောက်အောင် လုပ်ဆောင်ပေးနိုင်လေသည်။

ထိုကြောင့် ရေနံဆီ၊ ဓာတ်ဆီတို့ကဲ့သို့သော စွမ်းအင်ပစ္စည်းများကို လောင်စာများဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ လောင်စာစွမ်းအင်များသည် မီးလောင်သောအခါမှသာ စွမ်းအင်အဖြစ်မှ စွမ်းအားအဖြစ်သို့ ပြောင်းလဲရောက်ရှိကြသည်။

အချို့သော စွမ်းအင်ပစ္စည်းများသည် အစိုင်အခဲဘဝမှ အရည်ဘဝသို့ ပြောင်းလဲမှသာ စွမ်းအားထုတ်ပေးကြသည်။ အချို့မှာ အရည်ဘဝမှ အငွေ့ဘဝသို့ ပြောင်းလဲခြင်းဖြင့် စွမ်းအား ထုတ်ပေးကြသည်။

**သိပ္ပံသဘောတရားအရ စွမ်းအင်မှ ပြောင်းလဲလာသော စွမ်းအားသည်လည်း စွမ်းအင်ကဲ့သို့ပင် ပရမတ်သဘော ဆောင်၏။** ထိုကြောင့် စိတ်ပရမတ်တို့ကို စွမ်းအင်ဟု သိပ္ပံနည်းကျစွာ ကောက်ချက်ချပြီး စိတ်ပရမတ်စွမ်းအင်များ၏ တိုက်တွန်း နှိုးဆော်မှု သို့မဟုတ် သွေးထိုးလှုံ့ဆော်မှု စသော **လုပ်ဆောင်ချက်များကို လုပ်အားများ** သို့မဟုတ် **စွမ်းအားများ** (Forces)ဟု နားလည်ရခြင်း ဖြစ်ပေသည်။

ထိုကြောင့် **စေတသိက်ပရမတ်များ**ဆိုသည်မှာ သိပ္ပံနည်းအရ ကြည့်လျှင် စိတ်ပရမတ်စွမ်းအင်များက ထုတ်လုပ်ပေးလိုက်သော အလုပ်လုပ်နိုင်သည့် **လုပ်အားများ** (*W*orking Forces) သို့မဟုတ် **အားများ** (Forces) ဖြစ်ကြသည်ဟု နားလည်ရပေသည်။

သိပ္ပံသဘောတရားများအရ **စွမ်းအင်** (Energy) သည် ၎င်း၊ **စွမ်းအား**၊ **လုပ်အားများ**( *W*orking Forces, For-

ces)သည်ဒင်း၊ ဖန်ဆင်း၍လည်းမရ၊ ချေဖျက်၍လည်းမရ။ တခုမှတခုသို့ ပြောင်းလဲ၍သာ ရနိုင်သော ပရမတ်သဘော လက္ခဏာဆောင်ခြင်းကြောင့် ဒင်းတို့ကို ပရမတ်များဟု တိကျ ပြတ်သားစွာ နားလည်ရပေသည်။

ဤကား ဗုဒ္ဓမြတ်ဘုရား၏ သိပ္ပံနည်းအလွန်ကျသော စေတသိက်ပရမတ်တရားပင် ဖြစ်ပေသတည်း။

# အခန်း (၉)

# ပရမတ်သုံးပါးတရားကို သိပ္ပံဥပဒေသ များဖြင့် ချဉ်းကပ်လေ့လာခြင်း

တင်ပြခဲ့ပြီးသော ပရမတ်သုံးပါးတရားကို အလုံးစုံခြုံလျက် ဤအခန်းတွင် သိပ္ပံဥပဒေသများဖြင့် ကျယ်ပြန့်စွာ ချဉ်းကပ် လေ့လာလိုပေသည်။

ဗုဒ္ဓမြတ်ဘုရားသည် ပရမတ်လေးပါး တရားတော်ကြီးကို ပီပြင်ထင်ရှားစွာ ဟောပြတော်မူခဲ့ရာ၌ **ရုပ်ပရမတ်၊ စိတ်ပရမတ်** နှင့် **စေတသိက်ပရမတ်** သုံးပါးတို့သည်သာ **သန္တာနယ်နှင့်** ဆိုင်သော ပရမတ်များ ဖြစ်ကြ၏။

လူသားတို့၏ ဉာဏ်ပညာဖြင့် ရှာဖွေစုဆောင်းလာသော သိပ္ပံပညာသည် သန္တာနယ်အတွင်းသာလျှင် အကျုံးဝင်၏။ အမှန်ပြောရလျှင် သန္တာနယ်၏ အလွန်တရာသေးငယ်သော အစိတ်အပိုင်းလေးအတွင်းသာလျှင် အကျုံးဝင်၏။

လူသားတို့သည် မိမိတို့ကိုယ်တိုင် ပါဝင်လှုပ်ရှားနေသော သန္တာနယ်တခုလုံးကို မဆိုထားနှင့် မိမိတို့ နေထိုင်ရာ ဤကမ္ဘာ လုံးကြီး (Earth)၏ အတွင်းအပြင်ကိုပင် မိမိတို့သိပ္ပံပညာဖြင့် အကုန်အစင်သိမြင်နိုင်သော အလားအလာ လွန်စွာ နည်းပါး လျက် ရှိသေး၏။

သို့ပါသော်လည်း လူသား၏ အသိဉာဏ်သည် စိတ်ပရမတ် စွမ်းအင်၏ အတိုင်းအတာ ပမာဏကို မူတည်၍ အလုံးစုံသော အကြောင်းအကျိုးတရားများကို **သိပ္ပံအတွေးအခေါ်သဘော တရားများ**အရသာလျှင် နားလည်ရန် အခွင့်အလမ်းရှိကြသည်၊ အခြားနည်းလမ်း မရှိချေ။

ထိုကြောင့် ဤနေရာတွင် အတိုင်းမသိသော ဉာဏ်တော် အဟုန်ဖြင့် သဘာဝလောကဓာတ်၏ ဖွဲ့စည်းပုံကို ပရမတ် လေးပါး မြတ်တရားအရ ပြတ်သားစွာ ဟောပြတော်မူခဲ့သော ဗုဒ္ဓ၏ မိန့်ကြားချက်တို့ကို ပုထုဇဉ်လူသားတို့၏ လက်လမ်းမှီ သမျှ ဉာဏ်ပမာဏဖြင့် မရမနေ ကြိုးစားလေ့လာနေရမည်သာ ဖြစ်ပေသည်။

ပုထုဇဉ် လူသားတို့ လက်လမ်းမှီသမျှ သခ်တနယ်၌ ပရမတ် သုံးပါးသာလျှင် အချုပ်တရား ဖြစ်၏။ ဤပရမတ်သုံးပါးတို့ အပေါ်တွင် **ပုထုဇဉ်လူသားတို့၏ ယထာဘူတသမ္မာဉာဏ် အမြင်ဖြစ်သော သိပ္ပံဥပဒေသများနှင့် သိပ္ပံအတွေးအခေါ် များ**သည် အဘယ်ကဲ့သို့ မီးမောင်းထိုးပြနိုင်ပါသနည်း။

သိပ္ပံပညာသည် ရုပ်ဝတ္ထုများအကြောင်းကို အသေးငယ် ဆုံး အဆင့်ဖြစ်သော **ရုပ်ဓာတ်ခန္ဓာလေးများ**(Elementary Sub- atomic Particles)အထိ အတော်အတန် လေ့လာ သိရှိခဲ့ပြီ ဖြစ်၏။

သို့သော် ဤအဆင့်သည် ရုပ်အဆင့်သက်သက်မျှသာ ဖြစ်၍ စိတ်အဆင့်ကို သိပ္ပံပညာမှာ ထယ်ထယ်ဝါဝါရောက်ရန် များ စွာ လိုပေသေး၏။

ယနေ့ ရှိနေသော စိတ်ပိုင်းဆိုင်ရာ သိပ္ပံပညာများမှာ စိတ်

တို့၏ အပြုအမူကို ရုပ်မှတဆင့်သာ လေ့လာနေကြခြင်း ဖြစ်သည်။ ပုထုဇဉ်လူသားများအဖို့ ဤသို့ လေ့လာရုံမှတပါး အခြားနည်းလမ်း မရှိချေ။

ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာများမှာ ယခုခေတ်တွင် အတော်ပင် ဖွံ့ဖြိုးတိုးတက်နေပြီဟု ဆိုရသော်လည်း ရုပ်ခါတ်ခန္ဓာများ အတွင်းမှာပင် ချာချာလည်လျက် ရှိနေကြလေသည်။ ရုပ်ပရမတ်များဆီသို့ ရောက်ရှိရန်ကား များစွာ အလှမ်းဝေးလျက် ရှိပေသည်။

သို့ဖြစ်ပါလျက် ဤအခန်းတွင် သိပ္ပံဥပဒေသများဖြင့် ပရမတ်သုံးပါး တရားကို ချဉ်းကပ်လေ့လာမည်ဆိုသည်မှာ ရယ်စရာမကောင်းပါလောဟု အချို့က စောဒကတက်ကြဖွယ် ရှိလေသည်။

သိပ္ပံပညာနယ်ပယ်တွင် ရယ်စရာကောင်းသော လုပ်ရပ်ဟူ၍ မရှိစကောင်းချေ။ များစွာသော ထိပ်တန်းသိပ္ပံပညာရှင်ကြီးများသည် သာမန်လူများအတွက် ဘာမှ အဓိပ္ပာယ်မရှိဟု ယူဆရသော လုပ်ငန်းများကို ငွေကုန်ကြေးကျခံကာ နှစ်ပေါင်းများစွာ အပင်ပန်းခံ၍ လုပ်နေတတ်ကြသည်။

လေယာဉ်ပျံကို စတင်တည်ထွင်ရန် ကြိုးပမ်းခဲ့ကြသော (မစ္စတာရိုက်)တို့ ညီနောင်သည် လူ၏ လက်တွင် အတောင်များဘပ်၍ စမ်းသပ်ပျံသန်းကြသောအခါ မြင်ရသူအပေါင်းက ဟားတိုက်၍ ရယ်သွမ်းသွေးခဲ့ကြသည်သာ ဖြစ်၏။ သို့သော် သူတို့ စတင်ခဲ့၍သာ ယနေ့ လေယာဉ်ပျံကို စီးနေကြရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် **လက်တွေ့သိပ္ပံပညာ** (Empirical Science)

အနေဖြင့် အလှမ်းဝေးလျက်ပင် ရှိသေးသော ပရမတ်သုံးပါး တရားသည် **သဘောတရားသိပ္ပံပညာ** (Philosophical Science)အမြင်ဖြင့်မူ ထင်သလောက် အလှမ်းမဝေးလှချေ။ ယနေ့ သဘောတရားသိပ္ပံပညာများသည် လက်တွေ့သိပ္ပံပညာ များ၏ ရှေ့သို့ တမျှော်တခေါ်ကြီး ရောက်နေကြောင်းကို သိပ္ပံ ပညာရှင်တိုင်း နားလည်ထားကြလေသည်။

**အမှန်အားဖြင့် လက်တွေ့ဘဝသို့ ရောက်ရှိလာသော သိပ္ပံ လုပ်ငန်းစဉ်တိုင်းသည် သဘောတရား သိပ္ပံပညာရှင်တို့၏ ဦးနှောက်ထဲတွင် ရှေးဦးစွာ စမ်းသပ်ခံခဲ့ကြသည်သာ ဖြစ်၏။**

အနုမြူစွမ်းအင်၏ ဘခင်ကြီးများဟု ခေါ်ရသော သိပ္ပံပညာ ကျော် **အိုင်းစတိုင်း**(Dr. Albert Einstein)နှင့် တပည့်ဖြစ် သူ အနုမြူစွမ်းအင် လက်တွေ့ထုတ်လုပ်သော **အဲန်ရစ်ကိုဖာမီ** (Dr. Enrico Fermi)တို့မှာ သဘောတရားသိပ္ပံပညာရှင် ကြီးများသာ ဖြစ်ခဲ့ကြပေသည်။ သူတို့၏ သိပ္ပံသဘောတရားကို နောက်ပိုင်းတွင် အိုပင်ဟီးမား (Openheamer) ကဲ့သို့သော သိပ္ပံပညာရှင်များက လက်တွေ့လိုက်နာ စမ်းသပ်ကြည့်ခြင်း ဖြင့် အောင်မြင်မှုကို ရရှိခဲ့ကြခြင်း ဖြစ်လေသည်။

သို့ဖြစ်ရာ ဤအခန်း၌ အပြောကျယ်သော သခ်ာတနယ် ကြီး တရပ်လုံးနှင့် ဆိုင်သည့် ပရမတ်သုံးပါးတရားကို သေးငယ် သော မြေကြီးဂြိုဟ်(Planet Earth)လေးပေါ်မှ ပုထုဇဉ် လူသားတို့၏ သိပ္ပံအတွေးအခေါ် ဥပဒေသများဖြင့် ချဉ်း ကပ်လေ့လာကြည့်ခြင်းမှာ **လူ့ဘဝအောင်ပွဲများ၏ နိဒါန်း** တခုသာ ဖြစ်ကြောင်း ကောင်းစွာ သဘောပိုက်အပ်ပေသည်။ စင်စစ်သော်ကား ဤပရမတ်တရားတို့ကို တိကျပြတ်သားစွာ

ဟောပြတော်မူခဲ့သော ဗုဒ္ဓမြတ်ဘုရားမှာ အလွန်သေးငယ်သော ဤကမ္ဘာမြေကြီး၏ သားမြတ်ရတနာတပါးပင် မဟုတ်ပါလော။

ထို့ကြောင့် ပုထုဇဉ်လူသားတို့ လက်လှမ်းမီသမျှ သိပ္ပံပညာဥပဒေသများဖြင့် ပရမတ်သုံးပါးတရားကို ချဉ်းကပ်လေ့လာရာတွင် ရုပ်ပရမတ်တို့၏ ဖြစ်ရပ်မှ စတင်ရပေမည်။

ဤကမ္ဘာမြေကြီးနှင့်တကွ လေထု၊ ရေထု၊ မြေထု အစုစုသော **သြကာသလောက**၏ ရုပ်ဒြပ်ဝတ္ထုကြီးငယ် အသွယ်သွယ်တို့သည် ကိုင်တွယ်စမ်းသပ်၍ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကြည့်ရှု၍ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ရုပ်ပရမတ်များကို အခြေခံ၍ ဖွဲ့စည်းတည်ဆောက်ထားကြသောရုပ်များသာ ဖြစ်၏။

ဤသို့သော ရုပ်များ၏ သဘောသဘာဝများကိုမူ သိပ္ပံပညာများသည် အတော်ပင် တိကျပိုင်နိုင်စွာ သုံးသပ်လေ့လာထားပေသည်။

ပထမဦးစွာ **ရုပ်များ၏ လှုပ်ရှားပြောင်းလဲမှု**(Motion of Matter)နှင့် ဆိုင်သော သိပ္ပံဥပဒေသကြီး သုံးရပ်ကို **သဘောတရားသိပ္ပံအမြင်ဖြင့်** လေ့လာသုံးသပ်ကြည့်ကြပါစို့။

**ရုပ်လှုပ်ရှားမှု ဥပဒေသအမှတ်(၁)**။ရုပ်တခုသည် ရုပ်တည်နေလျှင် ဖြစ်စေ၊ လှုပ်ရှားပြောင်းလဲနေလျှင် ဖြစ်စေ၊ **ပြင်ပမှစွမ်းအား**တခုခုက လာရောက် ပြုပြင်ခြင်း မရှိသမျှ ကာလပတ်လုံး ထိုအခြေအနေအတိုင်းသာ တည်ရှိနေမည် ဖြစ်၏။

(Deductions from Newton's First Law of Motion)

ဤဥပဒေသသည် ရုပ်တို့၏ ယေဘုယျဂုဏ်သတ္တိတမျိုးကို တိကျစွာ ညွှန်ပြသော သိပ္ပံဥပဒေသတရပ် ဖြစ်၏။ ဤဥပဒေသအရ ရုပ်တခု၏ အခြေအနေကို ပြုပြင်ပြောင်းလဲရန်မှာ **ပြင်ပမှ စွမ်းအားတခုခုရှိရမည်**ဟု ရှင်းလင်းစွာ ဖွင့်ဆိုထား၏။

ပရမတ်သုံးပါးတရားတွင် ရုပ်ပိုင်းဘ၀ ဖွဲ့စည်းဖြစ်ပေါ်မှု အစုစုတို့သည် စိတ်ပရမတ်စွမ်းအင်မှ ထုတ်လုပ်ပေးသော **ကုသိုလ်စိတ်စွမ်းအားဖြင့် တိုက်တွန်းနှိုးဆော်မှု** မပြုပဲ ဖြစ်ပေါ်ခြင်း မရှိနိုင်ဟု ဖော်ပြခဲ့သည်မှာ ဤဥပဒေသအရ မှန်ကန်လှပေသည်။

ထိုနည်းတူစွာ ရုပ်ပိုင်းဘ၀ ပျက်စီးယိုယွင်းမှု အစုစုတို့မှာလည်း စိတ်ပရမတ်စွမ်းအင်မှ ထုတ်လုပ်ပေးသော **အကုသိုလ်စိတ်စွမ်းအားဖြင့် သွေးထိုးလှုံ့ဆော်မှု** မပြုပဲ ပျက်စီးခြင်း မရှိနိုင်ဟု ဖော်ပြခဲ့ပေသည်။ ဤအချက်မှာလည်း အထက်ပါ ဥပဒေသအရ မှန်ကန်လှပေသည်။

ရုပ်တို့၏ ဖြစ်ခြင်းအမှုနှင့် ရုပ်တို့၏ ပျက်ခြင်းအမှုတို့တွင် ပြင်ပမှ စွမ်းအားတခုခုက ပါ၀င်လုပ်ဆောင်ချက်မရှိပဲ မရနိုင်သည်မှာ အဘယ်အကြောင်းကြောင့်ပါနည်း။ ဤမေးခွန်းကို အောက်ပါ သိပ္ပံဥပဒေသက အဖြေပေးထားလေသည်။

**ရွှေ့လျားမှု ဥပဒေသအမှတ်(၂)**။ ရုပ်တခု၏ အခြေအနေကို တစုံတခုသော စွမ်းအားဖြင့် ပြုပြင်ပြောင်းလဲအောင် လုပ်သည့်အခါတိုင်း တူညီသော ဆန့်ကျင်ဘက် စွမ်းအားဖြင့် တုန့်ပြန်မှု ရှိသည်။

(Deductions from Newton's Second Law of Motion)

ပြင်ပမှ စွမ်းအားတစ်ခုခု၏ လုပ်ဆောင်ချက်မပါပဲ ရုပ်တခု၏ အခြေအနေကို ပြုပြင်ပြောင်းလဲရန် မဖြစ်နိုင်ခြင်းမှာ ထိုရုပ်သည် ၎င်း၏ ရှိရင်းစွဲ အခြေအနေကို အစွမ်းကုန် ထိန်းသိမ်းကာကွယ်ရန်အတွက် ဆန့်ကျင်ဘက် စွမ်းအားဖြင့် တုန့်ပြန်နေခြင်းကြောင့် ဖြစ်ကြောင်း ထင်ရှားလေသည်။

ရုပ်မှ တုန့်ပြန်နိုင်သော စွမ်းအားသည် ရုပ်စွမ်းအားပင်ဖြစ်မည်။ ရုပ်စွမ်းအားများကို ရုပ်ပရမတ်စွမ်းအင်များမှ ရရှိနိုင်ပေသည်။ ထိုကြောင့် စိတ်ပရမတ်တွင် စွမ်းအင်များရှိသကဲ့သို့ ရုပ်ပရမတ်တွင်လည်း စွမ်းအင်များ ရှိသည်။

အထက်တွင် ဖော်ပြခဲ့သော သိပ္ပံဥပဒေသအမှတ်(၁)အရ၊ စိတ်ပရမတ်စွမ်းအင်မှ ထုတ်ပေးသော စွမ်းအားသည် ရုပ်တို့၏ အခြေအနေကို ပြုပြင်ပြောင်းလဲပေးနိုင်သဖြင့် စိတ်ပရမတ်စွမ်းအင်သည် ရုပ်ပရမတ်စွမ်းအင်ထက် ပိုမိုကြီးမားကြောင်း ထင်ရှားလှပေသည်။

သို့ဖြစ်ရာ **စိတ်ပရမတ်စွမ်းအင်သည်** ရုပ်ပရမတ်စွမ်းအင်ထက် သာလွန်ထူးကဲသော အနက်အဓိပ္ပာယ်ကို ပေါ်လွင်စေရန် သိပ္ပံသဘောအားဖြင့် **စွမ်းအင်ထူး**(Super- Energy) ဟု ခေါ်ဆိုအပ်ပေသည်။ သာမန်အရပ်စကားဖြင့် သိဒ္ဓိတန်ခိုးဟု ပြောဆိုသုံးနှုန်းကြခြင်းမှာလည်း စိတ်ပရမတ်စွမ်းအင်ထူး၏ ဝိသေသကို ညွှန်ပြရာ ရောက်ပေသည်။

ရှေးဦးစွာ ရုပ်ပရမတ်စွမ်းအင်၏ သဘောသဘာဝကို သုံးသပ်လေ့လာရန် လို၏။

ဖော်ပြပါ သိပ္ပံဥပဒေသ အမှတ်(၂)အရ ရုပ်တို့သည် ရှိရင်း အခြေအနေကို ထိန်းသိမ်းကာကွယ်တတ်သော သဘော

ရှိကြကြောင်း သိရ၏။ ဤသို့ ထိန်းသိမ်းကာကွယ်သော ရုပ်စွမ်းအားသည် ရုပ်ပရမတ်စွမ်းအင်မှ လာခြင်း ဖြစ်၏။

ထိုကြောင့် သိပ္ပံသဘောတရားတွင် ရုပ်စွမ်းအင်ပမာဏကို တိုင်းတာညွှန်ပြရာ၌ ရုပ်ဝတ္ထုအသီးသီးတွင် ပါဝင်ဖွဲ့စည်းထားသော **ပရမတ်ရုပ်အရေအတွက်**(Absolute Mass=m) ဖြင့် ညွှန်ပြလေသည်။

**ပရမတ်ရုပ်အရေအတွက်** ဆိုသည်မှာ ရုပ်ဝတ္ထုအသီးသီးတွင် ထာဝရကိန်းအောင်းနေသော **ရုပ်ပမာဏ** (Absolute Quantity of Matter)ဖြစ်၍ ကာလဒေသ မည်မျှပင်ပြောင်းလဲစေကာမူ ထိုအရေအတွက်မှာ မပြောင်းလဲနိုင်ချေ။

ဤနေရာ၌ ရုပ်ဝတ္ထုစွမ်းအင် ပါဝင်ဖွဲ့စည်းထားသော **ပရမတ်ရုပ်ပမာဏနှင့် ရုပ်ဝတ္ထုတို့၏ အလေးချိန်**(Weight) ကို ခွဲခြားနားလည်ရန်လို၏။ ဤကမ္ဘာမြေကြီးပေါ်ရှိ ရုပ်ဝတ္ထုတို့၏ **အလေးချိန်**ဆိုသည်မှာ ထိုရုပ်ဝတ္ထုတို့အတွင်း၌ ဖွဲ့စည်းပါဝင်လျက်ရှိသော ပရမတ်ရုပ်တို့အပေါ်တွင် ဤကမ္ဘာမြေကြီးမှ ဆွဲငင်ထားသော စွမ်းအားပမာဏကို ဖော်ပြခြင်း ဖြစ်သည်။

ထိုကြောင့် ရုပ်ဝတ္ထုတို့၏ အလေးချိန်ဆိုသည်မှာ ကာလဒေသကို လိုက်၍ ဆွဲငင်အား ပြောင်းလဲသည်နှင့်အမျှ ပြောင်းလဲတတ်၏။ ရုပ်ဝတ္ထုတို့အတွင်းရှိ **ပရမတ်ရုပ်ပမာဏ**မှာကား ဘယ်သောအခါမှ ပြောင်းလဲခြင်း မရှိချေ။

ဥပမာ၊ မြေပြင်တွင် အလေးချိန် ၁ ပေါင်လေးသော ရုပ်ဝတ္ထုတခုသည် မြင့်မားသော တောင်ပေါ်တွင် အလေးချိန်လျော့သွားပြီး နက်ရှိုင်းသော ချိုင့်ဝှမ်းထဲတွင် အလေးချိန်

တိုးလာမည် ဖြစ်သော်လည်း ၎င်း၏ **ပရမတ်ရုပ်ပမာဏ**ကား တသမတ်တည်းသာ ဖြစ်လေသည်။

ကမ္ဘာမြေကြီးတဝိုက်ရှိ ရုပ်ဝတ္ထုများ၏ အလေးချိန်သည် ကမ္ဘာမြေကြီး၏ အလယ်ဗဟိုချက်မှ အနီးအဝေးကိုလိုက်၍ ကမ္ဘာမြေကြီး၏ ဆွဲငင်အား ပြောင်းလဲသည်နှင့်အမျှ လိုက်ပါ ပြောင်းလဲကြ၏။

အဆိုပါ ရုပ်ဝတ္ထုများပင်လျှင် လကမ္ဘာတဝိုက်တွင် **လကမ္ဘာ၏ ဆွဲငင်အား**အရရင်း၊ အင်္ဂါဂြိုဟ်ဘဝိုက်တွင် **အင်္ဂါဂြိုဟ်၏ဆွဲငင်အား**အရရင်း၊ အလေးချိန်အမျိုးမျိုး ပြောင်းလဲနေကြသည်။ သို့ဖြစ်ရာ ဂြိုဟ်နှစ်ခုတို့အကြား ဆွဲငင်အားချင်း ပြိုင်လျက်ရှိသော နယ်ပယ်ဝန်းကျင်အတွင်းမှာဆိုလျှင် ရုပ်ဝတ္ထုများမှာ အလေးချိန်ဟူ၍ မရှိကြတော့ချေ။ သို့ရာတွင် ၎င်းတို့၏ ပရမတ်ရုပ်ပမာဏကား ရှိမြဲအတိုင်း ရှိနေသည်သာ ဖြစ်လေသည်။

ထို့ကြောင့် ရုပ်တို့၏ အလေးချိန်သည် နီးစပ်ရာဂြိုဟ်များ၏ ဆွဲငင်အားသာ ဖြစ်၍ ယင်းဆွဲငင်အားမှာလည်း သက်ဆိုင်ရာဂြိုဟ်များတွင် ဖွဲ့စည်းပါဝင်သော ရုပ်ပရမတ်စုမ်းအင်ပမာဏပေါ်တွင် မူတည်၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဤကမ္ဘာမြေကြီး၏ ဆွဲငင်အားကို သိပ္ပံပညာရှင်များက တည်တွင်ထားသော တိုင်းတာမှုစနစ်များဖြင့် တိုင်းတာကြည့်သောအခါ ရုပ်ဝတ္ထုအသီးသီးအား အချိန် တစက္ကန့်အတွင်း၌ ၁ စက္ကန့်လျှင် ၃၂ ပေနှုန်းဖြင့် ကမ္ဘာမြေကြီးက ၎င်း၏ရင်ခွင်အတွင်းသို့ ဆွဲသွင်းလျက်ရှိကြောင်း တွေ့ကြရလေသည်။

ထို့ကြောင့်ပင် သစ်ပင်ပေါ်မှ သစ်သီးတလုံးသည် ကြွေကျ

လာသောအခါ မြေပြင်နှင့် နီးကပ်လာသည်နှင့်အမျှ ကျလာသော အရှိန် (Acceleration)သည် ကြီးမားလာကြောင်း တွေ့ရ၏။ ဤ**အရှိန်မှာ ကမ္ဘာမြေကြီး၏ ဆွဲငင်အား** (Gravitational Force)ကြောင့် ဖြစ်ပေါ်ရသော **အရှိန်**ဖြစ်ပြီး တစက္ကန့်အတွင်း၌ ၁ စက္ကန့်လျှင် ၃၂ ပေနှုန်းဖြင့် ကျဆင်းနေခြင်း ဖြစ်လေသည်။

လက်တွေ့ဘဝ အတွေ့အကြုံများအရ သစ်တော်သီးတလုံး ကြွေကျလာသော (အား)နှင့် အမြင့်ချင်းတူသော ဦးသျှစ်ပင်မှ ဦးသျှစ်သီးတလုံး ကြွေကျလာသော (အား)သည် မြေပေါ်တွင် ရိုက်အားချင်းမတူကြောင်း တွေ့ရသည်။ ကြီးသောရုပ်ဝတ္ထု၏ကျအားသည် သေးသောရုပ်ဝတ္ထု၏ ကျအားထက် ကြီးမားကြောင်း ထင်ရှားလေသည်။

ကမ္ဘာမြေကြီး၏ ဆွဲငင်သောအရှိန်တူညီပါလျက် ကျအားချင်း မတူကြသည်မှာ သစ်တော်သီးနှင့် ဦးသျှစ်သီးတို့အတွင်း ပါဝင်သော ပရမတ်ရုပ်ပမာဏချင်း ခြားနားကြ၍ပင် ဖြစ်သည်။ ပရမတ်ရုပ်ပမာဏကြီးလျှင် အားကြီးကြောင်း ညွှန်ပြလေသည်။

ထိုကြောင့် သိပ္ပံပညာတွင် **ဆွဲငင်အား**ပင် ဖြစ်စေ၊ **တွန်းကန်အား**ပင် ဖြစ်စေ၊ စွမ်းအားများကို သင်္ချာဗေဒဖြင့် တွက်ချက်တိုင်းတာသောအခါ ပရမတ်ရုပ်ပမာဏနှင့် **ဆွဲငင်သောအရှိန်** သို့မဟုတ် **တွန်းကန်သောအရှိန်**တို့၏ မြှောက်ရကိန်းဖြင့် တိုင်းတာလေ့ ရှိပေသည်။

**စွမ်းအား** (Force)ကို သိပ္ပံသင်္ကေတဖြင့် ( F )ဟု အတိုကောက် လွယ်ကူအောင် မှတ်သားပြီး **ပရမတ်ရုပ်ပမာဏ**

(Mass)ကို(m)ဟု မှတ်ကာ **အရှိန်** (Acceleration)ကို (a) ဟု မှတ်သားလျှင် လက်တွေ့သိပ္ပံနယ်ပယ်၌ အသုံးပြုသော **စွမ်းအားဖော်မြူလာ**ကို အောက်ပါအတိုင်း ရလေသည်။

စွမ်းအား=ရုပ်ပမာဏ×အရှိန်

$$F = m \times a$$

ဤသို့သော ဖော်မြူလာများကြောင့် လက်တွေ့သိပ္ပံပညာကို အထင်ကြီးကြခြင်း ဖြစ်၏။ သို့ရာတွင် ဤပုံစံသို့ ရောက်အောင် အကြောင်းအကျိုး ဖော်ပြရသော သိပ္ပံသဘောတရားများမပါပဲ ဤဖော်မြူလာမျိုးသည် ဘာမှ အဓိပ္ပာယ်မရှိကြောင်း သတိချပ်သင့်ပေသည်။

သိပ္ပံဖော်မြူလာများသည် သိပ္ပံအတွေးအခေါ် သဘောတရားများကို မှတ်ရလွယ်ကူအောင်၊ တွက်ချက်၍ရအောင် အတိုကောက် တည်ထွင်ထားသော ရုပ်လက္ခဏာများသာ ဖြစ်ကြသည်။ ဤသို့သော ရုပ်လက္ခဏာများကို သိပ္ပံလူသား၏ **စိတ်စွမ်းအား**ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်း မဟုတ်ပါလော။

ဟုတ်ပေ၏။ ထို့ကြောင့် သိပ္ပံဖော်မြူလာအားလုံးသာမက သိပ္ပံဘာသာရပ်များ၊ စာပေယဉ်ကျေးမှုများ အားလုံးကို **စိတ္တဇရုပ်များ**ဟု ခေါ်ဆိုနိုင်ပေသည်။ စိတ္တဇရုပ်များ အားလုံးသည် လူ၏ စိတ်စွမ်းအားဖြင့် တွေးခေါ်ပညတ်ထားသော **ပညတ်ရုပ်များ**ချည်းသာ ဖြစ်ကြသော်လည်း ပညတ်ရုပ်ဖြစ်အောင် ဖော်ထုတ်ရသော စိတ်စွမ်းအားမှာကား ပရမတ်စွမ်းအား ဖြစ်သည်ကို သတိချပ်သင့်ပေသည်။

ဤသဘောအရကြည့်လျှင် **စိတ်စွမ်းအားသည်** ရုပ်စွမ်း

အားရှိသော ရုပ်များကို ဖွဲ့စည်းပေါင်းစပ်ပေးခြင်း၊ ပျက်ပြား ယိုယွင်းစေခြင်း စသော အမှုတို့ကို စေ့ဆော်ပေးနိုင်ရုံမျှမက ရုပ်စွမ်းအားသစ်များရှိသော စိတ္တဇရုပ်၊ ဥတုဇရုပ်၊ လက္ခဏာ ရုပ်များကိုပါ တည်ထွင်ဖန်ဆင်းပေးနိုင်ကြောင်း သိသာလှ ပေသည်။

ထို့ပြင် စိတ်စွမ်းအားအမျိုးမျိုးတို့သည် အသစ်အဆန်းဖြစ်သော စိတ္တဇရုပ်နှင့် ဝတ္ထုရုပ်အခြေအနေများကို တည်ထွင် ဖန်ဆင်းပေးရာ၌ ပြုပြင်ပြောင်းလဲမှုနှုန်းနှင့် ပမာဏတို့မှာ ထိုစွမ်းအား၏ ပမာဏပေါ်တွင် လုံးဝမူတည်ပေသည်။ ဤ အချက်ကို သိပ္ပံဥပဒေသ အမှတ်(၃)က အောက်ပါအတိုင်း ညွှန်ပြထား၏။

**ရုပ်လှုပ်ရှားမှု ဥပဒေသ အမှတ်(၃)**။ ရုပ်တခု၏ အခြေ အနေသည် တစုံတခုသော **စွမ်းအား**ကြောင့် ပြုပြင်ပြောင်းလဲ ခဲ့ရသည် ရှိသော် **ပြောင်းလဲမှုနှုန်း**သည် ပြောင်းလဲအောင် လုပ်သော စွမ်းအားပမာဏပေါ်တွင် မူတည်သည်။

(Deductions from Newton's Third Law of Motion)

ဤဥပဒေသ အမှတ်(၃)အရ၊ စိတ်စွမ်းအားကြောင့် အခြေ အနေ ပြောင်းလဲခြင်းခံရသော ရုပ်တို့၏ ပြောင်းလဲမှုနှုန်း သည် စိတ်စွမ်းအားပမာဏပေါ်တွင် လုံးဝ မူတည်လျက် ရှိ ကြောင်း ထင်ရှားလှပေသည်။

စိတ်စွမ်းအားသည် ကြီးမားပါက ရုပ်အခြေအနေပြောင်း လဲမှုသည် ကြီးမားမည်ဖြစ်၏၊ ထူးခြားမည် ဖြစ်၏၊ ဆန်း ကြယ်မည် ဖြစ်၏။ စိတ်စွမ်းအားသည် သေးငယ်ပါက ရုပ်

အခြေအနေပြောင်းလဲမှုသည် သေးငယ်မည်ဖြစ်၍၊ ထူးခြား ဆန်းကြယ်မည် မဟုတ်ချေ။

အချုပ်သဘောမှာ စိတ်စွမ်းအား ကြီးမားသည်နှင့်အမျှ ပရမတ်ရုပ်တို့ကို ဆွဲငင်ပေါင်းစပ်၍ ရုပ်သဘာဝအခြေအနေ သစ်များ ဖွဲ့စည်း ဖြစ်ပေါ်အောင် ကြပ်မတ်ရာတွင် အလွန်ကြီး ကျယ် ခမ်းနား၍ အံ့မခန်းသောအရာများဖြစ်ပေါ်လာကြောင်း ညွှန်ပြသည်။

ဤသဘောအရ ကြည့်လျှင် သဘာဝလောကဓာတ်ကြီး အတွင်း၌ ရုပ်ပိုင်းဘဝ ဖွဲ့စည်းဖြစ်ပေါ်မှုများ၏ ကွဲပြား ခြားနားရခြင်းအကြောင်းများကို ထင်ရှားစွာ သိမြင်နိုင်ပေ သည်။

စိတ်ပရမတ်တရားကြီးအရ သိရှိရသည်မှာ **စိတ်ပရမတ် အသီးသီးသည် စွမ်းအင်အသီးသီးရှိကြသော်လည်း စိတ် ပရမတ် တခုနှင့်တခု တူညီခြင်း မရှိကြချေ။ ထို့ကြောင့် စိတ်ပရမတ်စွမ်းအင်တို့သည် စိတ်စွမ်းအားများကို ထုတ်လုပ် ပေးရာ၌ ကွဲပြား ခြားနားကြသည်။**

စိတ်စွမ်းအားသည် ရုပ်ပိုင်းဘဝများ ဖွဲ့စည်းတည်ဆောက် မှု၊ သို့မဟုတ် ပျက်စီးယိုယွင်းစေမှုတို့ကို ပြုလုပ်နိုင်သော လုပ်အား ဖြစ်သည်။ လုပ်အားချင်း မတူညီလျှင် လုပ်ဆောင် ချက်ချင်းလည်း မတူညီနိုင်ပေ။

ထို့ကြောင့် ဩကာသလောကကြီးတရပ်လုံး၏ ဖွဲ့စည်း ဖြစ်ပေါ်မှုတွင် ရုပ်ပရမတ်များကို ဆွဲငင်ပေါင်းစည်းပေး သော စိတ်ပရမတ်စွမ်းအားကြီးများသည် ရှိကြသည်သာ ဖြစ်၍။ထိုသို့သော စိတ်ပရမတ်စွမ်းအားကြီးများကို ပိုင်ဆိုင်

ကြသောပုဂ္ဂိုလ်ကြီးတို့အား လူသားတို့အမြင်ဖြင့် သိဒ္ဓိရှင်ကြီးများ၊တန်ခိုးရှင်ကြီးများဟု ထင်မှတ်ကြမည်သာ ဖြစ်ပေသည်။

ဤသို့ ထင်မှတ်ကြခြင်းမှာ သိပ္ပံနည်းအရကြည့်လျှင် အထူးအဆန်း မဟုတ်ချေ။သတ္တလောကတွင် ပါဝင်သော လူသားများမှာ စိတ်ပရမတ်၊ရုပ်ပရမတ်နှင့် စေတသိက်ပရမတ်သုံးပါးတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော လက်ရာများသာ ဖြစ်၏။ထိုနည်းတူစွာ လူသားတို့နှင့်အတူရှိနေကြသော တိရစ္ဆာန်များမှာလည်း သတ္တဘာဝသားများပင် ဖြစ်ကြသည်။

တိရစ္ဆာန်တို့သည်သည်း ရုပ်ပရမတ်၊ စိတ်ပရမတ်နှင့် စေတသိက်ပရမတ်သုံးပါးတို့ဖြင့် ဖွဲ့စည်းပေါင်းစပ်ထားကြပေ၏။ သို့ရာတွင် တိရစ္ဆာန်တို့၏ စိတ်ပရမတ်စွမ်းအင်သည် လူသားတို့၏ စိတ်ပရမတ်စွမ်းအင်ထက် နိမ့်ကျခြင်းကြောင့် လူသားတို့သည် တိရစ္ဆာန်တို့ထက် အဖက်ဖက်မှ သာလွန်စိုးမိုးနေကြခြင်း ဖြစ်သည်။

ထို့ကြောင့် တိရစ္ဆာန်တို့၏အမြင်တွင် လူသားတို့အား သိဒ္ဓိရှင်ကြီးများ၊ တန်ခိုးရှင်ကြီးများဟု ထင်မှတ်ကြဖွယ်ရာ ရှိသည်။

လူသားတို့ထက် စိတ်ပရမတ်စွမ်းအင်နိမ့်ကျသော တိရစ္ဆာန်ဘဝများရှိခြင်းကြောင့် လူသားတို့ထက် စိတ်ပရမတ်စွမ်းအင် သာလွန်ကြီးမားသော သတ္တဘာဝများလည်း ရှိကြမည်သာ ဖြစ်သည်ဟု သိပ္ပံနည်းကျစွာ ကောက်ချက်ချရပေမည်။

ထို့ကြောင့် သိပ္ပံနည်းအလွန်ကျသော ဗုဒ္ဓမြတ်စွာဘုရားက နတ်ပြည် ၆-ထပ်နှင့် ဗြဟ္မာဘုံ ၂၀-တို့သည် လူ့ဘုံထက် စိတ်ပရမတ်စွမ်းအင် သာလွန်ကြီးမားသော သတ္တဘာဝများ

ဖြစ်ကြသည်ဟု အတိုင်းမသိသောဉာဏ်တော်ဖြင့် သိမြင်တော်မူခဲ့ခြင်း ဖြစ်လေသည်။

ထို့အတူ လူသားတို့ထက် နိမ့်ကျသော ဘဝများမှာ တိရစ္ဆာန်ဘုံတခုတည်းသာ မဟုတ်ပဲ ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ စသော အပါယ်လေးဘုံအထိ ရှိကြောင်းကို ဗုဒ္ဓမြတ်ဘုရားက တိကျပြတ်သားစွာ ညွှန်ပြတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော (၃၁)ဘုံသည် စိတ်ပရမတ်စွမ်းအင် မတူသော သတ္တဘာဝများ၏ သင်္ခါတနယ်အတွင်း ဖြစ်နိုင်သမျှသော ရုပ်ပိုင်းဘဝ ဖွဲ့စည်းတည်ဆောက်မှုများသာ ဖြစ်ချေ၏။

သိပ္ပံပညာက သိရှိထားသော အနန္တ စကြာဝဠာသည် (၃၁)ဘုံသားတို့ ကျက်စားရာ နယ်ပယ်ကြီး ဖြစ်၏။ သင်္ခါတနယ်ကြီးသာလျှင် ဖြစ်၏။

သင်္ခါတနယ်ကြီးအတွင်း၌ စိတ်ပရမတ်စွမ်းအင်ချင်း မတူညီကြ၍ ရုပ်ပိုင်းဘဝဖွဲ့စည်းဖြစ်ပေါ်ပုံနှင့် ပျက်စီးယိုယွင်းပုံချင်း မတူညီကြသော ဘုံဘဝများမှာ (၃၁)ဘုံရှိသည်ဟု ဗုဒ္ဓမိန့်ဆိုခြင်းသည် **အရည်အချင်းအရသာ ပြဆိုခြင်း** ဖြစ်၏။ **အရေအတွက်အရ ပြဆိုခြင်း** မဟုတ်ချေ။

ထို့ကြောင့် အနန္တစကြာဝဠာတွင် လူ့ကမ္ဘာပေါင်းများစွာ ရှိနိုင်သကဲ့သို့ နတ်ကမ္ဘာပေါင်း များစွာ ရှိနိုင်သည်။ ဗြဟ္မာကမ္ဘာပေါင်းလည်း များစွာ ရှိနိုင်သည်ဟု နားလည်အပ်ပေသည်။ထို့အတူ တိရစ္ဆာန်လောက၊ ငရဲလောကများ၊ ပြိတ္တာလောက၊ အသူရကာယ်လောကများလည်း မရေမတွက်နိုင်အောင် များပြားစွာ ရှိနိုင်လေသည်။

အမှန်အားဖြင့်(၃၁)ဘုံသည် မတူညီကြသော စိတ်ပရမတ် စွမ်းအင်များအရ ဖွဲ့စည်းဖြစ်ပေါ်နိုင်သမျှသော ဘုံဘဝများ ကို **အရည်အချင်းအားဖြင့်** ပြဆိုခြင်းသာ ဖြစ်၏။အရေအတွက် အားဖြင့်မူ များလွန်းလှ၍ ပြဆိုခြင်းငှာ ရနိုင်ဖွယ်ရာ မရှိချေ။

(၃၁)ဘုံ အလုံးစုံကို မဆိုထားနှင့် လူသားတို့၏ဘုံသည် ပင် ကမ္ဘာပေါင်း မည်မျှပါဝင်သည်ဟု အတိအကျသိရန် ခက်လှသည်။

ဗုဒ္ဓမြတ်ဘုရားအနေဖြင့် အချိန်ရသမျှ၊ အခွင့်အခါသင့်သမျှ ဟောပြသွားခဲ့၍ သိရသည်မှာ ဤကမ္ဘာလူသားတို့နေထိုင်ရာ ဒေသသည် ... ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းတွင် ပါဝင်၍ ဤကမ္ဘာသည် လက်ျာတောင်ကျွန်း၏ အလယ်ဗဟိုကျသော နေရာဖြစ်သည်ဟု သိရ၏။ဤအချက်ကို ယနေ့သိပ္ပံပညာသည် ဘယ်ပုံဘယ်နည်းနှင့်မှ ဆန်းစစ်လေ့လာချင်၍ မရနိုင်ချေ။ အလှမ်း ကွာဝေးလွန်းလှပေသည်။

သို့သော် ဤသို့သော မတူညီသည့်ဘုံများ ဖြစ်ပေါ်ရခြင်း မှာ မတူညီသောစိတ်ပရမတ်စွမ်းအင်များကြောင့်ဖြစ်ကြောင်း ကိုကား ယနေ့သိပ္ပံပညာသည် အထက်ပါ ဥပဒေသများအရ ချဉ်းကပ်လေ့လာခွင့်ရပြီး ဖြစ်ပေ၏။

ထို့ကြောင့် အလွန်အရေးပါသော ပဓာနခန်းမှ ပါဝင် လျက်ရှိသည့် စွမ်းအင်နှင့် စွမ်းအားတို့၏ သဘောသဘာဝ များကို သိပ္ပံနည်းများအရ စေ့စုံစွာလေ့လာရန် လိုအပ်လာ လေသည်။

ဤနေရာတွင်လည်း သိပ္ပံပညာများသည် **ရုပ်စွမ်းအင်** (Material Energy) နှင့် **ရုပ်စွမ်းအား** (Material

Force)များအကြောင်းကိုသာ အခါက လေ့လာနိုင်ကြသည်ဟု ကြိုတင် သတိပြုရပေမည်။

သို့သော် **စိတ်ပရမတ်စွမ်းအင်နှင့် စိတ်စွမ်းအားများသည် ရုပ်ပရမတ်စွမ်းအင်နှင့် ရုပ်စွမ်းအားမှာထက် ပိုမိုကြီးမားသည့်အချက်မှတပါး စွမ်းအင်နှင့် စွမ်းအားတို့၏ အခြေခံသဘောသဘာဝတွင်မူ တူညီကြသည်ဟု သိပ္ပံနည်းကျစွာ ခံယူ နားလည်အပ်ပေသည်။**

စိတ်စွမ်းအင်နှင့် စိတ်စွမ်းအားများသည် ပိုမိုကြီးမားခြင်းကြောင့် ရုပ်စွမ်းအင်နှင့် ရုပ်စွမ်းအားများကို အနိုင်ယူစေစားနိုင်ရုံမျှမက ရုပ်စွမ်းအားများ မလုပ်နိုင်သော အလုပ်များကိုလည်း လုပ်နိုင်ကြသည်ဟု သိပ္ပံဥပဒေသများက အဆိုပြုကြသည်။

**စွမ်းအင်**(Energy)၏ သဘောသဘာဝများကို အခြေခံကျကျ ဖော်ပြသော သိပ္ပံဥပဒေသကြီး(၂)ရပ် ရှိလေသည်။ အဆိုပါ ဥပဒေကြီးများ၏ အနက်အဓိပ္ပာယ်ကို ပရမတ်သုံးပါးတရားနှင့် ယှဉ်တွဲလျက် ဆွေးနွေးလေ့လာ သုံးသပ်အပ်ပေ၏။

**စွမ်းအင်ဥပဒေသ အမှတ်(၁)။စွမ်းအင်**ဟူသမျှကို ဖန်ဆင်း၍လည်း မရ၊ ဖျက်ဆီး၍လည်း မရ၊ **အသွင်သဏ္ဌာန်တမျိုးမှ** တမျိုးသို့သာ ပြောင်းလဲ၍ ရနိုင်သည်။ (Deductions From The Law of Conservation of Energy)

ဤဥပဒေသည် စွမ်းအင်ဟူသမျှတို့၏ သဘောသဘာဝတွင် အချုပ်အချာအကျဆုံးသော ဝိသေသလက္ခဏာကို ဖော်ပြခြင်း ဖြစ်၍ စွမ်းအင်ကို မည်သည့်နည်းနှင့်မျှ ဖန်ဆင်းယူ၍လည်းမရ၊ မည်သည့်နည်းနှင့်မျှ ဖျက်ဆီးပစ်၍လည်း မရဟု တိကျပြတ်သားစွာ ဖွင့်ဆိုထားခြင်းသည်။ **စွမ်းအင်၏ ပရမတ္ထ**

လက္ခဏာဆောင်ပုံကို ညွှန်ပြပေသည်။

ထို့ကြောင့် ပရမတ်သုံးပါးတရားတော်၌ ရုပ်ပရမတ်တရားသည် ရုပ်စွမ်းအင်ကို ကိုယ်စားပြုပြီး စိတ်ပရမတ်တရားသည် စိတ်စွမ်းအင်ကို ကိုယ်စားပြု၏။ စေတသိက်ပရမတ်တရားမှာမူ စွမ်းအင်၏ အသွင်တမျိုးမှ တမျိုးတို့ ပြောင်းလဲနိုင်ပုံကို ကိုယ်စားပြုလေသည်။

စွမ်းအင်တို့သည် ဖျက်ဆီးပစ်၍ မရစကောင်းသော ပရမတ်တရားများ ဖြစ်၍ စွမ်းအင်ကို ချေဖျက်ရန် ကြိုးစားလျှင် အသွင်တမျိုးမှ တမျိုးသို့ ပြောင်းလဲသွားမည်သာ ဖြစ်သည်။ ပျောက်ပျက်သွားမည်ကား မဟုတ်ချေ။

ဥပမာ၊ ရုပ်ပရမတ်စွမ်းအင်များ ပါဝင်လျက်ရှိသော ထင်းချောင်းများကို မီးရှို့ဖျက်ဆီးသောအခါ အပူအား၊ အလင်းရောင်အားနှင့် မီးခိုးငွေ့အားများအဖြစ်သို့ အသွင်ပြောင်းသွား၏။ ကျန်သော ရုပ်အစိုင်အခဲမှာ ထင်းမီးသွေးနှင့် ပြာမှုန်များအဖြစ် အသွင်ပြောင်းသွားသည်။ ထင်းမီးသွေးနှင့် ပြာမှုန်များတွင် ရုပ်စွမ်းအင်များ ကျန်ရှိနေသေးသဖြင့် ဆက်လက်၍ မီးရှို့ဖျက်ဆီးပါက ထင်းမီးသွေးမှ အပူအားနှင့် အလင်းရောင်အားများ ထွက်လာကာ နောက်ဆုံး ဖြူဖွေးသော ပြာမှုန်အနည်းငယ်သာ ကျန်ရစ်လေသည်။

ဤအဖြစ်ကို ဆန်းစစ်ကြည့်လျှင် ရုပ်စွမ်းအင်ရှိသော ထင်းချောင်းသည် မီးရှို့ဖျက်ဆီးခြင်း ခံရသော်လည်း ၎င်း၏စွမ်းအင်များကား ပျက်စီးသွားခြင်း မရှိချေ။ အပူအား၊ အငွေ့အားနှင့် အလင်းရောင်အားများအဖြစ် အသွင်ပြောင်းသွားကြောင်း တွေ့ရလေသည်။

ထို့ကြောင့် စွမ်းအင်ကို အသွင်ပြောင်းခြင်း၏ အချုပ်သဘောမှာ စွမ်းအား သို့မဟုတ် လုပ်အားအသွင်သို့ ပြောင်းလိုက်ခြင်းပင် ဖြစ်၏။

စိတ်ပရမတ်စွမ်းအင်များသည် တိုက်တွန်းနှိုးဆော်မှု သို့မဟုတ် သွေးထိုးလှုံ့ဆော်မှု စသော အလုပ်များကို လုပ်ရန်ရှိသောအခါ စေတသိက်ပရမတ်စွမ်းအားများ အသွင်သို့ ပြောင်းလဲလာကြရလေသည်။

ဤအဖြစ်ကြောင့်ပင်လျှင် စိတ်နှင့် စေတသိက်တို့ကို လက်တွေ့ဘဝတွင် ခွဲခြားမရအောင် ယှဉ်တွဲတွေ့ရှိရခြင်း ဖြစ်သည်။ **စေတသိက်မပါဲ စိတ်သည် အလုပ်မလုပ်နိုင်ဟု** ဆိုခြင်းမှာ ဤသဘောတရားအရ ဖြစ်လေသည်။

စင်စစ်အားဖြင့် စိတ်နှင့် စေတသိက်ပရမတ်များကို စိတ်စွမ်းအင်ထု၏ အသွင်အမျိုးမျိုးဟု ရောနှောပြောလိုကရနိုင်၏။ သို့ရာတွင် စိတ်ပရမတ်၌ ကိန်းအောင်းသော စွမ်းအင်သည် စေတသိက်ပရမတ်၌ ကိန်းအောင်းသော စွမ်းအားအဖြစ်သို့ ပြောင်းလဲပြီးသောအခါ အလုပ်တခုခု (A work) အဖြစ်သို့ ရောက်ရှိသွားရလေသည်။

ထို့ကြောင့် စေတသိက်ပရမတ်စွမ်းအားများသည် လက်တွေ့ဘဝတွင် လုပ်အားများနှင့် လုပ်ရပ်များအသွင်ဖြင့်သာ သီးခြားရှင်သန်လျက် ရှိကြလေသည်။ စိတ္တဇရုပ်များ၊ ပညတ်ရုပ်များသည် စေတသိက်ပရမတ်စွမ်းအားဖြင့် ဖော်ထုတ် ပျိုးထောင်ထားသော လုပ်ရပ်များ ဖြစ်ကြပေသည်။

လက်တွေ့ဘဝနယ်ပယ်တွင် အလုပ်တခု ပြီးမြောက်မှုကို လုပ်ဆောင်ချက်၏ ခရီးရောက်မှု ပမာဏဖြင့် ရည်ညွှန်းပြောဆို

လေ့ရှိကြသည်။ ထို့အတူ လက်တွေ့သိပ္ပံပညာနယ်ပယ်၌အလုပ် **တခုပြီးမြောက်မှု** (Work Done)ကို လုပ်ဆောင်သော လုပ် **အား** သို့မဟုတ် စွမ်းအား(Force)၏**ခရီးရောက်စေမှုပမာဏ** (Distance)ဖြင့် တိုင်းတာရလေသည်။ ထိုအခါ ရရှိလာသော သိပ္ပံဖော်မြူလာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

အလုပ် = လုပ်အား × ခရီးရောက်မှု ပမာဏ

$$W = F \times d$$

$$\therefore F = \frac{W}{d}$$

ဤပုံရှင်နည်းကိုကြည့်ခြင်းအားဖြင့် စေတသိက်စွမ်းအား များသည် လက်တွေ့ဘဝတွင် လုပ်အားများနှင့် လုပ်ရပ်များ အသွင်ဖြင့် ရှင်သန်လှုပ်ရှားကြကြောင်း သိသာပေ၏။ စေ တသိက်ပရမတ်တို့၏ စွမ်းအား၊ လုပ်အားများကြောင့်သာ လျှင် သက်ရှိသတ္တဝါတို့၏ **မနောကံအလုပ်၊ ဝစီကံအလုပ်၊ ကာယကံအလုပ်များ**သည် ပြီးမြောက်နိုင်ကြခြင်း ဖြစ်ပေ သည်။

အထူးသဖြင့် သက်ရှိသတ္တဝါဟူသမျှ၏ စိတ်ကူးခြင်း၊ စဉ်း စားတွေးတောခြင်း၊ ကြံစည်ခြင်းစသော စိတ်အလုပ်များသည် စေတသိက်ပရမတ်တို့၏ လုပ်အားဖြင့် ပြုလုပ်ချက်များ ဖြစ် လေသည်။

စေတသိက်ပရမတ်တို့သည် အမြဲမပြတ် အလုပ်လုပ်နေကြ ရသဖြင့် ထိုသို့လုပ်ကိုင်နိုင်ရန် စိတ်ပရမတ်စွမ်းအင်မှ အစဉ် အားထုတ်ပေးရလေသည်။

စိတ်ပရမတ်ကိုယ်စီ ရှိကြသော သက်ရှိသတ္တဝါများအဖို့ အမြဲမပြတ် အလုပ်လုပ်နေနိုင်ခြင်းမှာ စိတ်ပရမတ်စွမ်းအင်မှ

စေတသိက်ပရမတ်လုပ်အားများကို မရပ်မနား ထုတ်ပေးနေခြင်းကြောင့် ဖြစ်သည်။

စိတ်ပရမတ်ကိုယ်စီမရှိကြသော **သက်မဲ့ရုပ်လောကကြီး** မှာကား ဤသို့သော အလုပ်မျိုးကို မလုပ်နိုင်ကြပေ။ ဤအချက်ကို စွမ်းအင်ဥပဒေသအမှတ်(၂)က အောက်ပါအတိုင်း ဖော်ပြပေသည်။

**စွမ်းအင်ဥပဒေသအမှတ်(၂)**။ သက်မဲ့ ရုပ်တို့၏ **အလုပ်** ဟူသမျှသည် **စွမ်းအား** ဖြစ်သော်လည်း ၎င်းတို့၏ **စွမ်းအား** ဟူသမျှမှာ အလိုအလျောက် **အလုပ်** ဖြစ်မလာနိုင်ချေ။ ထိုသို့ဖြစ်လာနိုင်ရန် ပြောင်းလဲမှုတခု လိုအပ်သည်။ (Deductions From The Law of Thermodynamics)

စွမ်းအားဥပဒေသ အမှတ်(၂)သည် စိတ်ပရမတ်စွမ်းအင်ကိုယ်စီပိုင်ကြသော သက်ရှိရုပ်တို့၏ စွမ်းအင်နှင့် စိတ်ပရမတ်ကိုယ်စီမပိုင်ကြသော သက်မဲ့ရုပ်တို့၏ စွမ်းအင်ချင်း ကွာခြားကြပုံကို လှယ်ကူစွာ ညွှန်ပြထားခြင်း ဖြစ်ပေသည်။

တနည်းအားဖြင့်ဆိုရလျှင် ဤဥပဒေသမှာ သတ္တလောကနှင့် ဩကာသလောကတို့၏ စွမ်းအင် ခြားနားချက်ကြီးကို ဖော်ပြထားသော ဥပဒေသပင် ဖြစ်သည်။

ဩကာသလောကမှ စွမ်းအင်အမျိုးမျိုးတို့ကို လူသားတို့သည် ထုတ်လုပ်သုံးစွဲကြရာတွင် **လူသားလျှင်ပဓာနစွမ်းအင်ကြီး**ဖြစ်ကြောင်း ဤဥပဒေသက ညွှန်ပြခြင်း ဖြစ်သည်။

ကြီးမားသော ရေတံခွန်ကြီးမှ အရှိန်အဟုန် ပြင်းစွာဖြင့် စီးကျလာသော ရေအားသည် ကျောက်တုံးကျောက်ခဲကြီးများကို တိုက်ခိုက်ရွှေလျားစေနိုင်မည်ဖြစ်သော်လည်း လျှပ်စစ်

စွမ်းအားအဖြစ်သို့ကား အလိုအလျောက် အသွင်ပြောင်း မလာနိုင်ချေ။

ရေအားမှ လျှပ်စစ်ဓာတ်အားအဖြစ်သို့ အသွင်ပြောင်းယူရန်အတွက် စိတ်ပရမတ်စွမ်းအင်ကိုပိုင်သော သက်ရှိလူသားသည် ပဓာနစွမ်းဆောင်သူ ဖြစ်လေသည်။ အခြားသော တိရစ္ဆာန်လောကမှ သက်ရှိသတ္တဝါများမှာလည်း ၎င်းတို့ အတိုင်းအတာအလျောက် စိတ်ပရမတ်စွမ်းအင် ကိုယ်စီရှိကြသဖြင့် သက်မဲ့ဩကာသလောကအတွင်းမှ ရုပ်စွမ်းအား အမျိုးမျိုးတို့ကို အထိုက်အလျောက် ထုတ်ယူသုံးစွဲတတ်ကြသည်သာ ဖြစ်၏။အချို့သော တိရစ္ဆာန်များသည် လူသားတို့ မသိသေးသော သဘာဝ လျှို့ဝှက်ချက်အချို့ကိုပင် ၎င်းတို့ စိတ်ပရမတ်စွမ်းအင်အရ ကျွမ်းကျင်စွာ သိရှိ အသုံးပြုနေတတ်ကြသည်။

ဤနေရာ၌ ပုထုဇဉ်လူသားတို့၏ စိတ်ပရမတ်စွမ်းအင်မှာ သက်ရှိသတ္တဝါ အားလုံးတို့၏ စိတ်ပရမတ် စွမ်းအင်ထက် ယေဘုယျအားဖြင့် မြင့်မားတိုးတက်လျက်ရှိသည် မှန်သော်လည်း လူသားတို့၏စွမ်းအင်ဖြင့် လက်လှမ်းမမှီသေးသော အကြောင်းအရာပေါင်း များစွာရှိနေသည်မှာကား ဝန်ခံရမည်သာ ဖြစ်၏။

ဤသို့ လက်လှမ်းမမှီသေးသော အကြောင်းအရာပေါင်း များစွာအနက် ပုထုဇဉ်လူသားတို့အတွက် အခက်မပွားရလေအောင် ကြီးမားသော မေတ္တာကရုဏာရှေ့ထားလျက် အတိုင်းမသိသောဉာဏ်တော်ဖြင့် ထိုးထွင်း သိမြင်တတ်သော ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင်က ရှေ့ဆောင်လမ်းပြကာ ချမှတ်

ပေးသွားသော **နိဗ္ဗာန်ပရမတ်** တရားထူးကြီးကား စိတ်ပရမတ်စွမ်းအင်ကိုယ်စီပိုင်သော လူသားတို့အတွက် နီးလျက်နှင့်ဝေးနေရသော ကေန်ကေ အနှစ်သာရ တရားထူးကြီးဖြစ်ပေ၏။

အမှန်စင်စစ် ဗုဒ္ဓမြတ်ဘုရား၏ နိဗ္ဗာန်ပရမတ်တရားထူးကြီးမှာ ပုထုဇဉ်လူသားတို့ပျော်စံရာ သင်္ခါတနယ်ကို ကျော်လွန်လျက် အသင်္ခါတနယ်ဘက်သို့ ရုန်းထွက်ရမည့် တရားထူးကြီးဖြစ်၍ ဤနေရာတွင် တင်ပြရန်အချိန်မတန်သေးချေ။

အသင်္ခါတနယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်မှုမပြုမီ ဖြတ်သန်းသွားရမည့် သင်္ခါတနယ်အကြောင်းကို အကောင်းဆုံးနားလည်သဘောပေါက်စေရန် **သင်္ခါတစကြဝဠာ**ကို သိပ္ပံပညာမျက်စေ့ဖြင့် ဖွေရှာဆန်းစစ်ကြည့်ကြပါဦးစို့။

# အခန်း (၁၀)

## ပရမတ်သုံးပါး တရားနှင့် သင်္ခတစကြာဝဠာ

သိပ္ပံပညာက သိရှိမှု သိထားသော **အနန္တစကြာဝဠာ** (Eternal Universe)သည် ဗုဒ္ဓမိန့်ဆိုသော **သင်္ခတနယ်** သာလျှင်ဖြစ်ကြောင်း ရှေ့ပိုင်းတွင် အတော်အသင့် တင်ပြခဲ့ပြီး ဖြစ်၏။

ဤစာအုပ်တွင် သုံးနှုန်းသော **သဘာဝလောကဓာတ်** ဟူသော ဝေါဟာရသည် သင်္ခတနယ်နှင့် အသင်္ခတနယ် နှစ်ရပ်စလုံးကို သိမ်းကြုံးခေါ်ဆိုလိုခြင်း ဖြစ်၏။ အနီးစပ်ဆုံးသော သိပ္ပံအနက်အဓိပ္ပာယ်ကို မြန်မာဘာသာဖြင့် သရုပ်ဆောင်ရလျှင် **ပရမတ္ထသဘာဝတရားကြီး**(Absolute Nature)ဟူ၍ ရည်ညွှန်းဖော်ပြလိုပေသည်။ ထို့ကြောင့် ယနေ့သိပ္ပံပညာတွင် ခံယူသုံးစွဲလျက်ရှိသော အနန္တစကြာဝဠာဆိုသည့် ဝေါဟာရထဲတွင် **အသင်္ခတနယ် ပါဝင်ခြင်းမရှိ**ဟု နားလည်ထားအပ်ပေသည်။

ဤအခန်းတွင် သင်္ခတနယ်သာ အကြုံးဝင်သော အနန္တစကြာဝဠာကို ပရမတ်သုံးပါးတရားအမြင်ဖြင့် သိပ္ပံနည်းကျစွာ လေ့လာမည်ဖြစ်ရာ ဝေါဟာရ တိကျစေရန် အနန္တ

စကြာဝဠာဟု ခေါ်ဆိုရေးသားမည့်အစား **သခ်တစကြာဝဠာ** ဟု သုံးနှုန်းသွားမည် ဖြစ်ပါသည်။

စင်စစ်သော်ကား ယနေ့ သိပ္ပံပညာအမြင်ဖြင့် အတိုင်းမသိအောင်ကျယ်ပြော၍ (အနန္တစကြာဝဠာ)ဟု ခေါ်ရသော နယ်ပယ်သည် (အနန္တ)စစ်စစ် မဟုတ်ချေ။ လူသားတို့ တည်ထွင်နိုင်သော တိုင်းတာမှုစနစ်များဖြင့် တိုင်းတာ၍မရအောင် ကျယ်ပြောရုံမျှဖြင့် (အနန္တ)ဟု မယူဆသင့်ချေ။

လူသားတို့ တည်ထွင်ထားသော အမြင့်မားဆုံးတိုင်းတာမှုစနစ်သည် **အလင်းနှစ်** (Light year)ဟု ခေါ်သော (ပေတံ)ဖြစ်၏။ အလင်းနှစ်တနှစ်ဆိုသည်မှာ ၁-စက္ကန့်လျှင် (၁၈၆,၀၀၀)မိုင်နှုန်းဖြင့် ခရီးနှင်နေသော အလင်းရောင်၏ တနှစ်တာ သွားသော ခရီးအကွာအဝေးကို ခေါ်ဆိုခြင်း ဖြစ်သည်။

ဤ(ပေတံ)သည် သခ်တစကြာဝဠာကို တိုင်းရန် အလွန်ပင် တိုလွန်း၍ တိုင်းမရသဖြင့် စကြာဝဠာအနန္တဟု သတ်မှတ်လိုက်ရခြင်း ဖြစ်သည်။ဗုဒ္ဓသိပ္ပံအရမူကား သခ်တစကြာဝဠာသည်(အနန္တ)မဟုတ်ချေ။တိကျသော နယ်ပယ်အတိုင်းအတာများ ရှိနိုင်ပေသည်။ အကြောင်းမူကား သခ်တနယ်မှ လွတ်မြောက်သည်ရှိသော် အသခ်တနယ်ကြီးထဲသို့ ရောက်သည်ဟု ဗုဒ္ဓသိပ္ပံတွင် တိကျပြတ်သားစွာ ဟောကြားထားခဲ့ပေသည်။

ဤသို့ ဟောကြားခဲ့ခြင်းမှာ သိပ္ပံအတွေးအခေါ်များအရ ကြောင်းကျိုးမှန်ကန်သည်ဟု နားလည်ရပေ၏။ သခ်တနယ်ရှိလျှင် အသခ်တနယ်သည် ရှိကောင်းသောအရာမဟုတ်ပါလော။

သခ်တစကြာဝဠာအတွင်း၌ ဖွဲ့စည်းဖြစ်ပေါ်မှု အစုစုတို့

သည် ပရမတ်သုံးပါးတရား၏ လက်ရာများသာ ဖြစ်ကြပေသည်။ ထို့အတူ ပျက်စီးယိုယွင်းမှု အစုစုတို့သည်လည်း ပရမတ်သုံးပါးတရား၏ လက်ရာများသာ ဖြစ်ကြပေသည်။

**သန်တစကြာဝဠာအတွင်း၌ ဖွံ့စည်းဖြစ်ပေါ်ခြင်းဟူသမျှသည် ကုသိုလ်စိတ်စွမ်းအားများ၏ တိုက်တွန်းနှိုးဆော်ချက်ဖြင့် အခြေအနေပေးလာသော ရုပ်ပရမတ်များကို အညမည သမ္ပယုတ်ကျအောင် ပေါင်းစပ်ပေးလိုက်ခြင်း ဖြစ်ပေသည်။**

ထို့အတူ **သန်တစကြာဝဠာအတွင်း၌** ပျက်စီးယိုယွင်းခြင်း **ဟူသမျှသည် အကုသိုလ်စိတ် စွမ်းအားများ၏ သွေးထိုးလှုံ့ဆော်ချက်ဖြင့် အခြေအနေယိုယွင်းလာသော ရုပ်ပရမတ်များကို ကဏ္ဍကောစပင်ပုကွဲဖြစ်အောင် တွန်းကန်ပေးလိုက်ခြင်း ဖြစ်ပေသည်။**

ထို့ကြောင့် သန်တစကြာဝဠာသည် ဖြစ်ခြင်းနှင့် ပျက်ခြင်း အကြောင်းတရားတို့ အားပြိုင်လှုပ်ရှားလျက်ရှိသော သင်္ခါရနိယာမတရားကြီး၏ ထာဝရစိုးပိုင်ရာ နယ်ပယ်သာလျှင် ဖြစ်လျက် ရှိပေ၏။

**ဖြစ်ခြင်း၏ အခြေခံအကြောင်းတရားသည်၊ ကုသိုလ်စိတ် စွမ်းအားများ** ဖြစ်ပြီး **ပျက်ခြင်း၏ အခြေခံအကြောင်းတရားသည် အကုသိုလ်စိတ် စွမ်းအားများ ဖြစ်၏။** သို့ဖြစ်ရာ ကုသိုလ်စိတ်စွမ်းအားနှင့် အကုသိုလ်စိတ်စွမ်းအားတို့မှာ သင်္ခါရနိယာမတရားကြီး၏ လက်သယ်များဟု နားလည်ရပေမည်။

ကုသိုလ်စိတ်စွမ်းအားနှင့် အကုသိုလ်စိတ် စွမ်းအားတို့၏ ပယောဂကြောင့် သင်္ခါရနိယာမတရားကြီး ပေါ်ပေါက်လာရပုံမှာ သိပ္ပံနည်းကျလှပေ၏။ လက်တွေ့သိပ္ပံပညာအရ သိရှိ

ထားသည်မှာ (ရုပ်တခုခုကို ဗဟိုပြု၍ ပြိုင်နေသော စွမ်းအား နှစ်ခုသည် ပြောင်ပြောင်ကြီး ဆန့်ကျင်ဘက်ကျသော အရပ် မျက်နှာ နှစ်ဖက်သို့ အားပြိုင်လွန်ဆွဲနေကြသည်ရှိသော် ထိုရုပ် သည် မရပ်မနား ပြောင်းလဲလှုပ်ရှား၍ ချားရဟတ်ပမာ လှည့် ပတ်ကာ နေရလေသည်။) ဤသဘောတရားကို သိပ္ပံပညာတွင် **ပြိုင်အားတို့၏ လှုပ်ရှားမှုသဘောတရား** (Moment of Couple of Forces)ဟု ခေါ်ဆိုပေသည်။

ဤသဘောတရားကို ရှင်းလင်းစွာ သိမြင်နိုင်စေရန် လွယ် ကူသော ဥပမာတရပ်ကို တင်ပြလိုပေသည်။ နို့ဆီဘူးသံပြား အဝိုင်းကို အလယ်ဗဟိုတွင် အပေါက်ငယ် ၂ ပေါက် ဖောက်၍ ကြိုး ၂ ချောင်းလျှိုကာ တပ်ပြီး ကြိုးကို လက်နှစ်ဖက်ဖြင့် နာနာ လိမ်ကျစ်ပေးကာ ဘယ်ညာဆွဲသည်ရှိသော် သံပြားဝိုင်းလေး မှာ အရှိန်ပြင်းစွာဖြင့် ရှေ့နှင့် နောက်သို့ အပြန်အလှန်မရပ် မနားပဲ စက်ရဟတ်ပမာ ချာချာလည်လျက် ရှိသည်ကို တွေ့မြင် ရပေမည်။

အလွန်သိမ်ငယ်သည်ဟု ယူဆရသော ဤဥပမာတွင် လုံး ရည်ဖန်ရည်ညီသော ကြိုး ၂ စကို နာနာလိမ်ကျစ်ပေးခြင်း အားဖြင့် သံပြားဝိုင်းလေး၏ တဖက်တချက်တွင် တူညီသော ပြိုင်အား ၂ ခုကို ဖြစ်ပေါ်စေသည်။ ထိုအားဖြင့် ဆန့်ကျင်ဘက် အရပ်မျက်နှာနှစ်ဖက်သို့ လျော့ချီ တင်းချီ ဆွဲပေးသောအခါ သံပြားဝိုင်းလေးမှာ ချာချာလည်လာခြင်း ဖြစ်၏။ နှစ်ဖက် သော ကြိုးစများမှာ အပြန်အလှန်လိမ်လျက် ရှိကြသဖြင့် သံ ပြားဝိုင်းလည်ပတ်တိုင်း အပြန်အလှန်ရစ်ပတ်ပြီးသား ဖြစ်ကာ ကြိုးမပြတ်သမျှကာလပတ်လုံး မရပ်မနား လည်ပတ်လှုပ်ရှား

နေမည်သာ ဖြစ်လေသည်။

ဤအဖြစ်ကား အခြားမဟုတ်၊ ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူခဲ့သော ချားရဟတ်ပမာတူသည့် **သံသရာစက်သဘောတရား** ပင် ဖြစ်ပေ၏။ သံသရာစက်ကို မရပ်မနားလည်ပတ်နေစေသော ပြိုင်အားများမှာ ကုသိုလ်စိတ်စွမ်းအားနှင့် အကုသိုလ်စိတ် စွမ်းအားများ ဖြစ်ကြပေ၏။

ပုထုဇဉ်သတ္တဝါများ၏ ပရမတ်စွမ်းအင်သည် ကုသိုလ်စိတ်စွမ်းအားနှင့် အကုသိုလ်စိတ် စွမ်းအားများကိုသာ မရပ်မနားဖြစ်ပေါ်နေစေသည်။ ထို့ကြောင့် သံသရာစက်ကြီးမှာ မရပ်မနားသာ လည်ပတ်လှုပ်ရှားနေရလေသည်။

သင်္ခတစကြာဝဠာတခွင်သည် သံသရာစက်ယန္တယားကြီးအသွင်ရှိ၏။ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်များသည် ထိုယန္တယားကြီး၏ မောင်းနှင်အားများ ဖြစ်ကြပေသည်။

**ကုသိုလ်စိတ် စွမ်းအားများသည် သင်္ခတစကြာဝဠာအတွင်း၌ ဩကာသလောကကြီးနှင့် သတ္တလောကကြီးများကို ဖွဲ့စည်းတည်ဆောက်ပေးကြ၏။ အကုသိုလ်စိတ် စွမ်းအားများသည် ထိုထို ဖွဲ့စည်းတည်ဆောက်မှု အစုစုတို့ကို ပျက်စီးယိုယွင်းအောင် ဖျက်ဆီးပစ်ကြသည်။**

သင်္ခတစကြာဝဠာအတွင်း၌ ဖွဲ့ဖွဲ့စည်းစည်း တွေ့ရသော ရုပ်ဝတ္ထုကြီးငယ်များ၊ ကမ္ဘာများ၊ ဂြိုဟ်များ၊ (လ)များ၊ (နေ)များ၊ ကြယ်တာရာကြီးများနှင့် ဂလက်ဇီခေါ် ကြယ်တာရာအစုအဝေးကြီးများ စသည်တို့မှာ စိတ်စွမ်းအားများ၏ လက်ရာချည်းသာဖြစ်ကြ၏။ထိုလက်ရာတို့၏ အဆင့်အတန်း၊ အနိမ့်အမြင့်၊ အကြီးအငယ်၊အကောင်းအဆိုးစသော ဝိသေသ

များမှာ စိတ်စွမ်းအားများကို ထုတ်လုပ်ပေးသော စိတ်ပရမတ်စွမ်းအင်တို့၏ ပမာဏပေါ်တွင် မူတည်ပေသည်။

စိတ်ပရမတ်စွမ်းအင်ကြီးမားသော သူများသည် ကြီးမားသော ကုသိုလ်စိတ်စွမ်းအားဖြင့် ကြီးမားဆန်းကြယ် အံ့ဘွယ်သူရဲဖြစ်သော ကောင်းသော ရုပ်ဝတ္ထုလက်ရာ အသွယ်သွယ်ကို ကောင်းစွာ စီချယ်ထုတ်လုပ်နိုင်ကြမည်သာ ဖြစ်၏။ ထိုသို့သောသူများမှာ လူများ၊ နတ်များနှင့် ဗြဟ္မာများ ဖြစ်သည်ဟု ဗုဒ္ဓမြတ်ဘုရားက ဟောကြားတော်မူခဲ့သည်မှာ လွန်စွာသဘာဝကျလှပေ၏။

တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်နှင့် ငရဲစသော သတ္တဝါများမှာကား လူနတ်ဗြဟ္မာတို့၏ စိတ်စွမ်းအားထက် နိမ့်ကျသော စိတ်စွမ်းအားများ၊ အထူးသဖြင့် အကုသိုလ်စိတ်စွမ်းအားများဖြင့် ပြည့်နှက်နေခြင်းကြောင့် မကောင်းသော ရုပ်ဝတ္ထုလက်ရာ အသွယ်သွယ်ကို မကောင်းအောင် စီချယ်ထုတ်လုပ်နိုင်ကြမည်သာ ဖြစ်၏။

ထို့ကြောင့် **ကောင်းသောအလုပ်နှင့် မကောင်းသောအလုပ်တို့၏** ပြီးမြောက်မှုမှာ ကုသိုလ်စိတ်အားနှင့် အကုသိုလ်စိတ်အားတို့၏ လက်ရာများ ဖြစ်၍ လက်ရာချင်း လွန်စွာ ခြားနားသော်လည်း **လုပ်နိုင်သော ပမာဏကား အတူတူသာ** ဖြစ်သည်ဟု သိပ္ပံနည်းကျစွာ နားလည်ရပေသည်။ ဤသဘောမှာ (စွမ်းအင်နှင့် စွမ်းအားဟူသမျှတို့သည် ဖန်ဆင်း၍လည်းမရ၊ ဖျက်ဆီး၍လည်းမရ၊ ပြောင်းလဲ၍သာ ရနိုင်သည်)ဟူသော သိပ္ပံဥပဒေသ၏ ပရမတ္ထလက္ခဏာပင် ဖြစ်သည်။

ထို့ကြောင့် ကုသိုလ်စိတ်စွမ်းအား ကြီးမားလျှင် ကြီးမား

သော အပြုသဘောဆောင်သည့် လက်ရာမွန်များကို ပြုလုပ်ပေးနိုင်သကဲ့သို့ အကုသိုလ်စိတ်စွမ်းအား ကြီးမားလျှင်လည်း ကြီးမားသော အဖျက်သဘောဆောင်သည့် လက်ရာဆိုးများကို ပြုလုပ်ပေးနိုင်သည်။

အကုသိုလ်စိတ်စွမ်းအားနှင့် ကုသိုလ်စိတ်စွမ်းအားများကို ဖန်တီးပေးနိုင်သော စိတ်ပရမတ်စွမ်းအင်သည် သက်ရှိသတ္တဝါများတွင်သာ ပိုင်ဆိုင်ရရှိထားသဖြင့် သခ်ာတစကြာဝဠာတခွင်၌ အကောင်းအဆိုး ဖန်တီးသော အရှင်သခင်များမှာ သက်ရှိသတ္တဝါများသာ ဖြစ်ကြောင်း ထင်ရှားလေသည်။ သို့ဖြစ်ရာ ရုပ်ပရမတ်စွမ်းအင်၏ အခန်းကဏ္ဍသည် သခ်ာတစကြာဝဠာ၏ ဖွဲ့စည်းမှုတွင် ရုပ်အခြေအနေများကိုသာ ပေးနိုင်ပြီး ရုပ်ဖွဲ့စည်းမှုများကိုမူ စိတ်စွမ်းအားများ၏ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ အထောက်အကူပြုချက်မပါပဲ မဖန်တီးနိုင်ချေ။

ဤသို့ဆိုခြင်းကြောင့် ရုပ်ပရမတ်စွမ်းအင်ကို အထင်အမြင်သေးရန် မဟုတ်ချေ။ ရုပ်ပရမတ်စွမ်းအင်သည် စိတ်ပရမတ်စွမ်းအင်ထက် ထူးခြားသောအချက်မှာ အကောင်အထည်ဒြပ်ရှိခြင်းပင် ဖြစ်၏။ စိတ်ပရမတ်စွမ်းအင်မှာမူ ဒြပ်မရှိသော စွမ်းအင်သာလျှင် ဖြစ်ပေသည်။

ရုပ်ဒြပ်တို့ မရှိပဲ သတ္တဝါများသည် ဖွဲ့စည်းဖြစ်ပေါ်မလာနိုင်ချေ။ သတ္တဝါတို့၏ အသက်ဇီဝသည် ရုပ်ဒြပ်တို့ဖြင့်သာလျှင် ဖန်တီးယူ၍ရ၏။ စိတ်ပရမတ်စွမ်းအင်သည် မည်မျှပင်ကြီးမားသော တန်ခိုးဣဒ္ဓိပါဒ်အသျှင် ဖြစ်စေကာမူ ရုပ်ပရမတ်မရှိလျှင် မည်သည့်အလုပ်ကိုမှ အကောင်အထည် ဖော်နိုင်မည် မဟုတ်ချေ။

အထူးသဖြင့် ပရမတ်စွမ်းအင်သည် လူနတ်ဗြဟ္မာ သတ္တဝါ အားလုံးအတွက် မရှိမဖြစ်သောအရာ ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ရုပ်ပရမတ်မရှိပဲ စိတ်ပရမတ်ချည်းသက်သက်ဆိုလျှင် လူလော၊ နတ်လော၊ ဗြဟ္မာလော၊ တိရိစ္ဆာန်လော၊ ပြိတ္တာလောဟု ခွဲခြား ပြောဆိုရန် လုံးဝမဖြစ်နိုင်တော့ချေ။

ထို့ပြင် **ရုပ်ပရမတ်စွမ်းအင်သည် အသက်ဇီဝခေတ်ကို ပေး၏။** ရုပ်ပရမတ်တို့သည် စိတ်ပရမတ်တို့နှင့် ကင်းကွာလျက် အသက်ဇီဝခေတ်ကို ပိုင်ဆိုင်ရရှိနိုင်ကြသော်လည်း စိတ်ပရမတ်တို့မှာကား ရုပ်ပရမတ်တို့ မပါဝင်လျှင် အသက်ဇီဝခေတ်ကို ပိုင်ဆိုင်နိုင်ခြင်း မရှိကြချေ။

ထို့ကြောင့် **သတ္တဝါအနန္တတို့သည် မိမိတို့၏ ဘဝများနှင့် အသက်ဇီဝများအတွက် စိတ်ပရမတ်စွမ်းအင်နှင့် ရုပ်ပရမတ်စွမ်းအင်နှစ်ရပ်စလုံးကိုပင် ကျေးဇူးတင်ရမည် ဖြစ်ပေသည်။**

သခ်ာတစကြာဝဠာတခွင်ရှိ ဩကာသလောကကြီး တရပ်လုံးသည် အသက်ဇီဝရှိသော သဘောဆောင်ခြင်းမှာ ရုပ်ပရမတ်စွမ်းအင်တို့၏ ဂုဏ်သတ္တိကြောင့်ပင် ဖြစ်၏။ ရုပ်ပရမတ်စွမ်းအင်တွင် အချက်အချာကျသော အရာမှာ **အာကာသပရမတ်ရုပ်** ဖြစ်ကြောင်း တင်ပြခဲ့ပြီး ဖြစ်၏။ **ရုပ်တို့၏အသက်ဇီဝဂုဏ်သတ္တိကို ဖော်ဆောင်ပေးသော အဓိကလက်သယ်မှာ အာကာသပရမတ်ရုပ်ပင် ဖြစ်သည်။**

ပထဝီ၊ ဘေဇော၊ အာပေါ၊ ဝါယော စသော မဟာဘုတ်(၄)ပါးတို့၏ လှုပ်ရှားသွက်လက်မှုသည် အာကာသရုပ်ခေတ် မရှိလျှင် လုံးဝ မဖြစ်နိုင်ချေ။ လှုပ်ရှားသွက်လက်ခြင်းသည်

အသက်ဇီဝ၏ အခြေခံလက္ခဏာ ဖြစ်လေသည်။

ထို့အတူ အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ အထိအတွေ့စသော ပရမတ်ရုပ်များ၏ လှုပ်ရှားမှုသည်လည်း အာကာသရုပ်ဓာတ်၏ အခြေအနေပေးမှုကြောင့်သာ ဖြစ်လေသည်။

ထို့ကြောင့် ဖော်ပြပါ ပရမတ်ရုပ် (၁၀)ပါးတို့အတွင်း၌ အသက်ဇီဝဓာတ်၏ လှုပ်ရှားမှုကို ဖြစ်ပေါ်စေနိုင်သော အချက်အချာကျသည့် အရာသည် **အာကာသပရမတ်ရုပ်သာလျှင်** ဖြစ်သည်ဟု နားလည်အပ်ပေ၏။

သိပ္ပံသဘောတရားအမြင်အရမူကား စွမ်းအင်ရှိသော အရာတိုင်းသည် စွမ်းအားကိုထုတ်ပေးနိုင်သဖြင့် အသက်ဇီဝရှိသော လက္ခဏာကို ဆောင်သည်ဟု ကောက်ချက်ချရလေသည်။ ဤနည်းအားဖြင့် ရုပ်ဝတ္ထုတို့သည် **ရုပ်သက်တမ်းများ** ရှိကြလေသည်။

ရွှေ၊ ငွေ၊ ခဲ၊ သံ၊ သွပ်၊ စိန်၊ ကျောက်မီးသွေး၊ သစ်ပင်၊ တောတောင်၊ ရေ၊ မြေ စသော ဩကာသရုပ်ဝတ္ထုများကို သက်မဲ့ရုပ်ဝတ္ထုများဟု ပြောလေ့ရှိကြခြင်းသည် သက်ရှိ-စိတ်ရှိသတ္တဝါများနှင့် နှိုင်းယှဉ်၍ ပြောခြင်းသာ ဖြစ်၏။

အမှန်အားဖြင့် သုံးနှုန်းအပ်သော စကားမှာ ဩကာသလောကတခုလုံးကို **စိတ်မဲ့လောက**ဟူ၍ဖြင့်၊ သတ္တလောကတခုလုံးကို **စိတ်ရှိလောက**ဟူ၍ဖြင့် ပြောဆိုသင့်ကြပေသည်။

**ဩကာသလောကတခုလုံးသည် စိတ်မဲ့လောကကြီး ဖြစ်သည်မှန်သော်လည်း ရုပ်လောကသက်သက်ဟု ပြောလျှင်ကား မှားပေလိမ့်မည်။** အဘယ်ကြောင့်ဆိုသော် သိပ္ပံနည်းကျသော ပရမတ်သုံးပါးတရားအရ **စေတသိက်ပရမတ်စွမ်း**

အားများမှာ ဩကာသလောကကြီး၏ ဖွဲ့စည်းတည်ဆောက်မှုတွင် ပါဝင်ခဲ့ခြင်းကြောင့် ဖြစ်၏။

သတ္တလောကမှာမူ စိတ်ပရမတ်များကိုယ်တိုင် ဝင်စား၍ ဖွဲ့စည်းတည်ဆောက်ထားသောလောကကြီးဖြစ်၍ရုပ်ပရမတ်၊ စိတ်ပရမတ်နှင့် စေတသိက်ပရမတ်စွမ်းအင်အားလုံး စုရုံးပါဝင်လျက် ရှိကြသည်။ ဩကာသလောကတွင် ရုပ်ပရမတ်နှင့် စေတသိက်ပရမတ်စွမ်းအင်များသာလျှင် ပါဝင်ကြပေသည်။

ထိုကြောင့် ဩကာသလောကတရုပ်လုံး၌ အသက်ဇီဝဓာတ်မှာ ကိန်းအောင်းပါဝင်နေသည်ဟု ဆိုရခြင်း ဖြစ်သည်။ ရုပ်ပရမတ်စွမ်းအင်နှင့် စေတသိက်ပရမတ် စွမ်းအားတို့ဖြင့် ဖွဲ့စည်းထားသော ဩကာသလောကသည် ဤသို့သောအသက်ဇီဝဓာတ်ရှိခြင်းကြောင့် ဗုဒ္ဓမြတ်ဘုရားက ပရမတ်ရုပ်များတွင် **ဥပါစယရုပ်၊ သန္တတိဇာရတရုပ်နှင့် အနိစ္စတရုပ်**များလည်း ပါဝင်ကြသည်ဟု ညွှန်ပြတော်မူခဲ့လေသည်။ *

အသက်ဇီဝရှိသော ဩကာသလောကတွင် ဥပါစယရုပ်ဆိုသည်မှာ **ဖြစ်လာသောရုပ်**၊ သန္တတိဇာရတရုပ်မှာ **တည်လာသောရုပ်**နှင့် အနိစ္စတရုပ်မှာ **ပျက်သွားသောရုပ်**တို့ပင် ဖြစ်ကြ၏။ ဤရုပ်များမှာ အသက်ဇီဝ၏ သဘောသဘာဝနှင့်အညီ မွေးခြင်း၊ တည်ခြင်းနှင့် သေခြင်း ဖြစ်ရပုံကို ညွှန်ပြလေသည်။

---

* အသေးစိတ်သဘောအရ ဥပါစယရုပ်၊ သန္တတိရုပ်၊ ဇာရတရုပ်နှင့် အနိစ္စတရုပ်ဟူ၍ လက္ခဏာရုပ် (၄) ပါးဟု ဆိုထားသည်ကို ရုပ်သက်သုံးပိုင်းပိုင်း၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ထိုကြောင့် ဩကာသလောကတွင် ပါဝင်ကြသော ပရမတ်ရုပ်များ ဖြစ်ကြသည့် ပထဝီ၊ တေဇော၊အာပေါ၊ ဝါယောနှင့် အာကာသတို့ကို အခြေခံပြုလျက် ဝဏ္ဏ၊ ဂန္ဓ၊ သဒ္ဒ၊ ရသ၊ ဖောဋ္ဌဗ္ဗရုပ်ဟူသော **သတ္တိရုပ်များ** ဖြစ်ပေါ်လာခြင်းသည် စိတ်ပရမတ်စွမ်းအင်မှ စေတသိက်ပရမတ်စွမ်းအားများ ပေါ်ထွက်လာသော သဘောပင် ဖြစ်၏။

အဆိုပါ ပရမတ်ရုပ်(၁၀)ပါးတို့ ပေါင်းဆုံစေရန် **စေတသိက် ပရမတ်စွမ်းအားများက တိုက်တွန်းနှိုးဆော်ပေးကြသောအခါ** သက်ဝင်လှုပ်ရှားလာသော ဥပါစယရုပ်သည် ဖြစ်ပေါ်လာ၏။ ယင်းသို့ ဖြစ်ပေါ်လာသော ဥပါစယရုပ်သည် ဆက်လက်တည်မြဲနေရသောအခါ သန္တိဇာရတရုပ် ဖြစ်လာ၏။ ယင်းသို့ တည်လာသော သန္တိဇာရတရုပ်သည် အသက်ဇီဝတို့၏ သဘောအတိုင်း အဖြစ်ရှိလျှင် အပျက်ရှိသဖြင့် ပျက်စီးခြင်းသို့ ရောက်လာသောအခါ အနိစ္စတာရုပ် ဖြစ်လာ၏။

ဤသည်ပင်လျှင် ရုပ်သက်တမ်း ရှိရခြင်း၏ အကြောင်းတရားများ ဖြစ်ကြလေသည်။ **ရုပ်သက်တမ်းသည် ရုပ်ပရမတ်များအပေါ်တွင် စေတသိက်ပရမတ်စွမ်းအားတို့၏ တိုက်တွန်းနှိုးဆော်ချက်ကြောင့်** ပေါ်ပေါက်လာရသည်ဟု သိပ္ပံနည်းကျစွာ သုံးသပ်ရပေ၏။

သို့ဖြစ်ရာ **ဩကာသလောကနှင့် သတ္တလောကကြီးအား ဆက်သွယ်ပေါင်းကူးပေးသောအရာမှာ စေတသိက်ပရမတ်စွမ်းအားများသာ ဖြစ်သည်**ဟု နားလည်ရပေမည်။

ဤနည်းအားဖြင့် သင်္ခတစကြာဝဠာကြီးသည် ဩကာသလောကများနှင့် သတ္တလောကများ ပါဝင်လျက် ဖွဲ့စည်းတည်

ဆောက်ထားခြင်း ဖြစ်လေသည်။

ဩကာသလောကတွင် **ရုပ်သက်**(Material Life) သည် အရေးကြီးသကဲ့သို့ သတ္တလောကတွင် **စိတ်သက်** (Mental Life)သည် အရေးကြီးလှပေ၏။

ရုပ်သက်သည် ရုပ်တခုဖြစ်ခြင်း၊ တည်ခြင်းနှင့် ပျက်ခြင်း အဆင့်သုံးဆင့်ကို ဆိုလိုသကဲ့သို့ စိတ်သက်သည်လည်း စိတ်တခု ဖြစ်ခြင်း၊ တည်ခြင်းနှင့် ပျက်ခြင်းတို့ကို ဆိုလိုသည်။

ဤနေရာ၌ အထူးသတိချပ်သင့်သော အချက်မှာ ရုပ်သက်နှင့် စိတ်သက်ဟူသော ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်သည် ပရမတ်ရုပ်စွမ်းအင်နှင့် ပရမတ်စိတ်စွမ်းအင်တို့၏ **အသွင်သဏ္ဍာန်ပြောင်းလဲမှု အဆင့်သုံးဆင့်**ရှိပုံကိုသာ သိပ္ပံနည်းကျကျ ညွှန်ပြခြင်း ဖြစ်သည်။ စိတ်ပရမတ်နှင့် ရုပ်ပရမတ်တို့မှာ ပရမတ်ဓာတ်များ ဖြစ်၍ ဘယ်သောအခါမှ ဖျက်ဆီး၍ မရနိုင်ချေ။

(စွမ်းအင်သည် ဖန်ဆင်း၍မရ၊ ဖျက်ဆီး၍လည်းမရ၊ အသွင်တမျိုးမှ တမျိုးသို့ ပြောင်းလဲ၍သာ ရနိုင်သည်)ဟူသော သိပ္ပံဥပဒေသကို သတိရသင့်ပေသည်။

စွမ်းအင်ဥပဒေသအမြင်ဖြင့် ကြည့်လျှင် **ရုပ်သက်အဆင့်သုံးဆင့်မှာ ရုပ်ပရမတ်စွမ်းအင်၏ အသွင်သုံးမျိုး**ဟူ၍၎င်း၊ **စိတ်သက်အဆင့်သုံးဆင့်မှာ စိတ်ပရမတ်စွမ်းအင်၏ အသွင်သုံးမျိုး**ဟူ၍၎င်း နားလည်အပ်ပေသည်။

စိတ်ရှိလောကသား သတ္တဝါများ၏ စိတ်ပိုင်းဆိုင်ရာဘဝများမှာ အဆိုပါ စိတ်သက်၏ အဆင့်သုံးဆင့်အရ မရပ်မနား လှုပ်ရှား ပြောင်းလဲနေကြရပေသည်။ သတ္တဝါများ၏စိတ်သည်

ဘာနမျှပင် တည်ငြိမ်ခြင်းမရှိသည်မှာ စိတ်သက်၏ သဘော သဘာဝကြောင့်ပင် ဖြစ်လေသည်။

သတ္တဝါများ၏ စိတ်ပိုင်းဘာဝများ လှုပ်ရှားပြောင်းလဲသည်နှင့် အမျှ ရုပ်ပိုင်းဘာဝများလည်း လှုပ်ရှားပြောင်းလဲကြလေသည်။ **သတ္တဝါများ၏ စိတ်ပိုင်းဘာဝနှင့် ရုပ်ပိုင်းဘာဝတို့ကို စေတသိက်စွမ်းအားများက ဆက်သွယ်ပေးထားခြင်း ဖြစ်၍ အပြန်အလှန်သဘော ရှိကြလေသည်။** သတ္တဝါများ၏ ရုပ်ပိုင်းဘာဝများ လှုပ်ရှားပြောင်းလဲသည်နှင့်အမျှ စိတ်ပိုင်းဘာဝများလည်း လှုပ်ရှားပြောင်းလဲကြသည်။

ထို့ကြောင့် သတ္တဝါများတွင် စိတ်ပိုင်းဘာဝများနှင့် ရုပ်ပိုင်းဘာဝများ၏ ဖွဲ့စည်းဖြစ်ပေါ်မှု သို့မဟုတ် ပျက်ပြားယိုယွင်းမှုတို့သည် စိတ်သက်နှင့် ရုပ်သက်တို့၏ အပြန်အလှန် အကျိုးပြုမှု သို့မဟုတ် အဆိုးပြုမှုအပေါ်တွင် မူတည်ပေသည်။

စိတ်သက်နှင့် ရုပ်သက်တို့သည် အသက်ဇီဝဓာတ်၏သဘော သဘာဝအရ အသက်ရှည်ခြင်း၊ တိုခြင်း ရှိကြ၏။ စိတ်စွမ်းအားများ ကောင်းလျှင် စိတ်သက်ရှည်မည် ဖြစ်ပြီး ရုပ်စွမ်းအားများ ကောင်းလျှင် ရုပ်သက်ရှည်မည် ဖြစ်၏။

စိတ်သက်နှင့် ရုပ်သက်တို့ အညမည ဖြစ်လျက်ရှိသော သတ္တဝါများတွင် ရုပ်သက်စွမ်းအားသည် စိတ်သက်စွမ်းအားကို အထောက်အကူပြုနိုင်သကဲ့သို့ စိတ်သက်စွမ်းအားသည်လည်း ရုပ်သက်စွမ်းအားကို အထောက်အကူပြုနိုင်၏။ ပြုပုံပြုနည်းမှာ စေတသိက်စွမ်းအားများမှတဆင့် အသွင်ပြောင်းယူခြင်း ဖြစ်ကြ၏။

ရုပ်သက်တို့၏ အဆင့်သုံးဆင့်မှာ ဥပါဒ၊ ဌီ၊ သန္တိဇာရတနှင့်

အနိစ္စတရုပ်ပရမတ်အသွင်သဏ္ဍာန်များ ဖြစ်ကြသကဲ့သို့ စိတ်သက်တို့၏ အဆင့်သုံးဆင့်မှာ ဥပ္ပာဒ-ဌီတိနှင့် ဘင်္ဂစိတ်ပရမတ်အသွင်သဏ္ဍာန်များ ဖြစ်ကြ၏။

စိတ်ပရမတ်စွမ်းအင်သည် ရုပ်ပရမတ်စွမ်းအင်ထက် ကြီးမားခြင်းကြောင့် စိတ်လှုပ်ရှားမှုနှုန်းသည် ရုပ်သက်၏လှုပ်ရှားမှုနှုန်းထက် မြန်ရမည်မှာ အမှန်ပင် ဖြစ်၏။ ဤအချက်ကို သိပ္ပံပညာသည် ကောင်းစွာ သဘောပေါက်သော်လည်း မည်၍မည်မျှ ပို၍ မြန်သည်ကိုမူ တိုင်းတာခြင်းပြုရန် မဆိုထားနှင့် ခန့်မှန်းခြင်း ပြုရန်ပင် လုံးဝ မတတ်သာချေ။

**အတိုင်းမသိသော ဉာဏ်တော်ဖြင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်ဘုရားကား စိတ်သက်၏ လှုပ်ရှားမှုနှုန်း** (Motion of Mental waves) **သည် ရုပ်သက်၏ လှုပ်ရှားမှုနှုန်း** (Motion of Meterial waves)**ထက်** (**၁၇**)**ဆ ပို၍ မြန်ကြောင်း တိကျပြတ်သားစွာ ညွှန်ပြခဲ့လေသည်။**

ဤနေရာတွင် ယနေ့ အာကာသသို့ တက်လှမ်းနေသော သိပ္ပံပညာသည်လည်း လုံးဝ နားလည်မည် မဟုတ်သဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ မိန့်ကြားချက်အတိုင်းသာ ဖော်ပြလိုက်ရပေသည်။

စိတ်သက်တမ်းတခု၏ အဆင့်များမှာ ဗုဒ္ဓ၏ မိန့်ကြားချက်အရ အောက်ပါအတိုင်း ဖြစ်ကြောင်း နားလည်ရပေသည်။

## (က) ဥပ္ပါဒအဆင့် (စိတ်သက်ဖြစ်ခြင်း)

၁။ ဥပ္ပါဒ စိတ်သက်လှိုင်း*= စွဲလန်းမှု၏ ဂယက်လှိုင်း
၂။ ဘဝင်္ဂစလန ။ = ဘဝအခြေခံ ပြကတိ စိတ်သက်လှိုင်း (အဖွင့်)
၃။ ဘဝင်္ဂုပစ္ဆေဒ ။ = ဘဝအခြေခံ စိတ်သက်လှိုင်း(အပိတ်)

## (ခ) ဌိတိအဆင့် (စိတ်သက်တည်ခြင်း)

၄။ အဝဇ္ဇာန စိတ်သက်လှိုင်း= အာရုံခံစားလိုမှု စိတ်သက်လှိုင်း
၅။ ဝိညာဏ ။ = အာရုံသိလိုမှု စိတ်သက်လှိုင်း
၆။ သမ္ပဋိစ္ဆန ။ = အာရုံကို လက်ခံသော စိတ်သက်လှိုင်း
၇။ သန္တီရဏ ။ = အာရုံကို စူးစမ်းလေ့လာသောစိတ်သက်လှိုင်း
၈။ ဝေါဋ္ဌဗ္ဗ ။ = အာရုံကိုသုံးသပ်ဆုံးဖြတ်သော စိတ်သက်လှိုင်း
၉။ ဇဝန ။ = အာရုံကိုခံယူသော စိတ်သက်လှိုင်း

---

* ဥပ္ပါဒစိတ်သက်လှိုင်းသည် အာရုံများအပေါ် စွဲလန်းမှု၏ ဂယက်လှိုင်းဖြစ်၍ မူရင်းစိတ်သက်(၁၆)နှင့်ပေါင်းကာ (၁၇)သက်ဖြစ်လာရပေသည်။ ဤကိစ္စကို နောက်ပိုင်းတွင် အကျယ်ရှင်းပါမည်။

၁၀။ ဇဝန စိတ်သက်လျှင်း = အာရုံကို လိုက်လျှောခံယူသော စိတ်သက်လျှင်း

၁၁။ ဇဝန ။ = ။

၁၂။ ဇဝန ။ = ။

၁၃။ ဇဝန ။ = ။

၁၄။ ဇဝန ။ = ။

၁၅။ ဇဝန ။ = အာရုံကို ပြည့်စုံစွာခံယူသော စိတ်သက်လျှင်း

(ဂ) ဘင်အဆင့် (စိတ်သက်ချုပ်ငြိမ်းခြင်း)

၁၆။ တဒါလမ္ဗဏ စိတ်သက်လျှင်း=အာရုံကို မှတ်တမ်းတင် ။ သော စိတ်သက်လျှင်း

၁၇။ တဒါလမ္ဗဏ ။ =အာရုံကို ပြည့်စုံစွာ မှတ်တမ်းတင်ယူသော စိတ်သက်လျှင်း

စိတ်သက်တခု၏ အထက်ဖော်ပြပါ အသေးစိတ်အဆင့်များကို လက်တွေ့သိပ္ပံပညာအနေဖြင့် လုံးဝနားလည်နိုင်မည်မဟုတ်သော်ငြားလည်း သဘောတရားသိပ္ပံပညာအနေဖြင့်မူ စိတ်ပရမတ်စွမ်းအင်၏ အသွင်အမျိုးမျိုးဟုသာ ခံယူရမည်ဖြစ်ပေသည်။

စွမ်းအင်တို့သည် အသွင်တမျိုးမှတမျိုးကို ပြောင်းသည့်အခါ စွမ်းအားအသွင်ဖြင့် ပြောင်းလဲသွားကြခြင်းဖြစ်၍ အလုပ်တခုခုကို ပြီးမြောက်သွားစေနိုင်၏။ စိတ်ပရမတ်စွမ်းအင်အနေဖြင့် အသွင်အမျိုးမျိုးပြောင်းခြင်းဖြင့် စိတ်ပိုင်း

ဘဝတည်းဟူသော သိစိတ်(Consciousnesses)အလုပ်များ ကို ဖြစ်ပေါ်စေသည်။

စိတ်သက်တခုသည် အနည်းဆုံးသိစိတ်အလုပ်တခုကို ဖြစ် ပေါ်စေနိုင်သဖြင့် မရပ်မနား လှုပ်ရှားနေသော စိတ်သက် များသည် မရေတွက်နိုင်သော သိစိတ်များကို မွေးထုတ်ပေး နိုင်လေသည်။

စိတ်ပရမတ်စွမ်းအင်မှ စွမ်းအားအသွင်အမျိုးမျိုးတို့သည် စိတ်သက်ဝက်ပါအဖြစ် မရပ်မနား လှုပ်ရှားနေသည်နှင့်အမျှ စေတသိက်စွမ်းအားများကို မွေးထုတ်ပေးရာ ရောက်ပေသည်။ စိတ်သက်များသည် သိစိတ်နယ်ပယ်ကို ကျယ်ဝန်းစေသည် နှင့်အမျှ စေတသိက်စွမ်းအားများသည် အမျိုးမျိုးသော တိုက်တွန်းနှိုးဆော်မှုအလုပ်များကို လုပ်ပေးနိုင်ကြလေသည်။

ကောင်းမွန်တင့်တယ်သော တိုက်တွန်း နှိုးဆော်မှုများ သည် ကုသိုလ်စိတ်စွမ်းအားများကို တိုးပွားစေပြီး ဆိုးရွား ယုတ်မာသော သွေးထိုးလှုံ့ဆော်မှုများသည် အကုသိုလ် စိတ်စွမ်းအားများကို တိုးပွားစေသည်။

ကုသိုလ်စိတ်စွမ်းအားများသည် သင်္ခတစကြာဝဠာကြီး အတွင်း၌ အပြုသဘောရှိသော ဖွဲ့စည်းဖြစ်ပေါ်မှုအစုစုတို့ကို ဖန်တီးပေးကြပြီး အကုသိုလ်စိတ်စွမ်းအားများသည် အဖျက် သဘောရှိသော လုပ်ဆောင်ချက်အဝဝတို့ကို ဖန်တီးပေးကြ လေသည်။

ဤနည်းအားဖြင့် သင်္ခတစကြာဝဠာကြီးသည် ရုပ်ပရမတ် စွမ်းအင်၊စိတ်ပရမတ်စွမ်းအင်နှင့် စေတသိက်ပရမတ်စွမ်းအား တို့အတွင်း အပြန်အလှန် ဆက်သွယ် ရောယှက်ခြင်းဖြင့်

ဩကာသလောကကြီးများ၊သတ္တလောကကြီးများ၏ ဖြစ်ခြင်း၊ ပျက်ခြင်း တည်းဟူသော သင်္ခါရနိယာမတရားကြီးကို အသက် သွင်းပေးကာ ချားရဟတ်ပမာဆောင်သည့် သံသရာစက် ရထားကို **အကုသိုလ်စိတ်၊ ကုသိုလ်စိတ်တို့၏** ပြိုင်အားဖြင့် မရပ်မနား မောင်းနှင်လျက် ရှိပေသတည်း။

## အခန်း (၁၁)

# သိမ်တာစကြာဝဠာနှင့် အိုင်စတိုင်း၏ အမြင်များ

ပရမတ်သုံးပါးစွမ်းအင်များဖြင့် ချားရဟတ်ပမာ ဖွဲ့စည်းထားသော သိမ်တာစကြာဝဠာအကြောင်းကို သဘောတရားသိပ္ပံပညာဖြင့် အတော်အတန်ပင် မီးမောင်းထိုးပြနိုင်ခဲ့သော သိပ္ပံပညာကျော်ကြီးကား ဒေါက်တာအဲလ်ဘတ်အိုင်စတိုင်း (၁၈၇၉–၁၉၅၅)သာလျှင် ဖြစ်ပေ၏။

**ဒေါက်တာအိုင်စတိုင်းသည်** (Emperical Scientist) **လက်တွေ့သိပ္ပံပညာရှင်တဦး** မဟုတ်ပေ။ သဘောတရားသိပ္ပံ**ပညာကျော်** (Philosophical Scientist) တဦးသာလျှင် ဖြစ်ပေသည်။ ဒေါက်တာအိုင်စတိုင်း၏ သဘောတရားသိပ္ပံအယူအဆများနှင့် လမ်းညွှန်မှုများကို လက်တွေ့သိပ္ပံပညာရှင်ထောင်ပေါင်းများစွာတို့က လိုက်နာလုပ်ဆောင်ကြခြင်းဖြင့် သိပ္ပံလောက၏ ကြီးမားသောအောင်မြင်မှုများကို ရရှိခြင်းဖြစ်ပေသည်။

သို့ရာတွင် အထူးသတိပြုရမည့်အချက်မှာ အိုင်စတိုင်း၏ အောင်မြင်မှုများသည် ရုပ်ပရမတ်နယ်ပယ်အတွင်းသာလျှင်

ဖြစ်ကြပေသည်။ ရုပ်ပရမတ်နယ်ပယ်အတွင်းသို့ အတန်ပင် နက်ရှိုင်းစွာ ချဉ်းနင်းဝင်ရောက်ခဲ့သော အိုင်စတိုင်းသည် သိပ္ပံပညာက သိထားခဲ့သော ရုပ်ဥပဒေသများ၊ရုပ်နိယာမများဖြင့် ရှင်းပြ၍မရနိုင်သော **ရုပ်လက္ခဏာရပ်များကို** တွေ့မြင်ခဲ့ရ၏။

သိပ္ပံပညာက သိထားခဲ့သမျှသော ရုပ်ဥပဒေသများ၊နိယာမများနှင့် အခြေခံရုပ်သဘောတရားများအရ ရှင်းပြနိုင်သော ရုပ်လက္ခဏာများ တွေ့လာရခြင်းသည်ပင် အိုင်စတိုင်းခေတ်၏ ကြီးမားသော အောင်မြင်မှုများဟု ဂုဏ်ပြုရပေမည်။

ဒေါက်တာအိုင်စတိုင်းအား သဘောတရားသိပ္ပံပညာကျော်ကြီးအဖြစ် အကြီးအကျယ် ဂုဏ်ပြုအပ်သော အကြောင်းအချက်ပေါင်းများစွာ ရှိသည့်အနက် အဓိကအကျဆုံး(၂)ချက်မှာ (က) **အာကာသဓာတ်ကို ရုပ်ပရမတ်အဖြစ် ပထမဦးဆုံး သိမြင်တတ်ခြင်းနှင့် (ခ) ရုပ်ပရမတ်စွမ်းအင်၏ အတိုင်းအတာကို သင်္ချာဗေဒဖြင့် တိကျပြတ်သားစွာ ဖော်ပြနိုင်ခြင်း**တို့ပင် ဖြစ်လေသည်။

ဗုဒ္ဓ၏ ပရမတ်သုံးပါး တရားတော်ကြီးကို ဖော်ပြခဲ့ရာ၌ ရုပ်ပရမတ်တို့တွင် **အာကာသရုပ်ပရမတ်**သည် သန်တစကြာဝဠာဖွဲ့စည်းမှု၌ အရေးကြီးကြောင်း ညွှန်ပြခဲ့ပြီး ဖြစ်သည်။

ပရမတ်ရုပ်အသီးသီးတွင် အာကာသရုပ်ပရမတ်မှာ လူသားတို့ကိုယ်တိုင် သိရှိနိုင်သော အခြေအနေအပေးဆုံး ဖြစ်၏။ **ဗဟိဒ္ဓအာကာသ**သည်ရှင်း၊ **အဇ္ဈတ္တအာကာသ**သည်ရှင်း၊ လူသားတို့၏ အသိဉာဏ်တွင် ခံယူနိုင်သောသဘော ရှိ၏။

သို့ရာတွင် ယနေ့အထိ သိပ္ပံပညာရှင်ပေါင်းများစွာတို့မှာ

အာကာသရုပ်ကို **ပရမတ်ရုပ်တခု** (Objectively Real Matter)အဖြစ် လက်ခံရန် ခဲယဉ်းလျက်ရှိသေး၏။ အာကာသရုပ်သည် ရုပ်တခုဖြစ်ကြောင်း ပြတ်သားစွာ ထောက်ပြနိုင်ခဲ့သူမှာ ဒေါက်တာအိုင်စတိုင်းသာ ဖြစ်၏။ **ပရမံအနုမြူရုပ်ဗေဒ** (Nuclear Physics)တွင် အာကာသရုပ်မှု သိပ္ပံကိုသာလျှင် ဆန်းပြားဆုံးသော ရုပ်သိပ္ပံတခုအဖြစ် ထည့်သွင်းသင်ကြားကြရန်၊ လေ့လာကြရန်၊ လိုက်စားကြရန် ဒေါက်တာအိုင်စတိုင်းက အလေးအနက် တိုက်တွန်းခဲ့လေသည်။

ဤသို့ တိုက်တွန်းခဲ့ခြင်းမှာ ဒေါက်တာအိုင်စတိုင်းသည် ရုပ်သဘောတရားအားလုံးတွင် သော့ချက်ကျသောအရာမှာ အာကာသရုပ် ဖြစ်ကြောင်း ကောင်းစွာ နားလည်ခဲ့သည်။ သူနားလည်ခဲ့သော်လည်း အခြားသူများအား နားလည်လက်ခံနိုင်အောင် သိပ္ပံပညာကျော်ကြီးမှာ ရှင်းပြရန် အချိန်မရခဲ့ရှာချေ။

အာကာသရုပ်အကြောင်းကို ကောင်းကောင်းကြီး ရိပ်စားမိစေမည့် အိုင်စတိုင်း၏ **အလုံးစုံခြုံမိသော ရုပ်သီဝရီ** (Unified Field Theory) ကျမ်းကြီးမှာ လက်စပြီးအောင် မသတ်နိုင်သေးမီ ပုဂ္ဂိုလ်ကျော်ကြီး ကွယ်လွန်ခဲ့ရှာလေသည်။ လူ့ဘောင်အတွက် ကြီးမားသော ဆုံးရှုံးမှုကြီးတရပ်ဟု ဆိုရပေမည်။

သို့ရာတွင် အိုင်စတိုင်း ထုတ်ဖော်ခဲ့သမျှသော သိပ္ပံသဘောတရားများနှင့် လက်တွေ့လမ်းညွှန်မှုများကို ယနေ့ သိပ္ပံပညာရှင်ကြီးများ ဆက်လက်လိုက်စားကာ ပျိုးထောင်နိုင်စရာ ရှိပေသည်။ ယနေ့သိပ္ပံပညာရှင်ကြီးများသည် အာကာသလေ့လာစူးစမ်းမှုများကို အပတ်တကုတ် ပြုလုပ်နေကြရာ၌ အာကာရှုး

နိုင်ငံရေးသမားတစု၊ ဘဏ္ဍာရေး စီးပွားရေးသမားတစုနှင့် စစ်ရေး စစ်ရေးသမားတစုတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေး လိုအပ်ချက်များကို မလွဲမရှောင်သာပဲ ဖြည့်ဆည်းပေးနေကြရသော်လည်း သိပ္ပံပညာရှင်တို့၏ အန္တိမရည်ရွယ်ချက်ကြီးမှာကား အိုက်စတိုင်းညွှန်ပြခဲ့သော အာကာသရုပ်ခေတ် အကြောင်းကို ကောင်းစွာ နားလည်သဘောပေါက်ရန်ပင် ဖြစ်ပေသည်။

ဒေါက်တာအိုင်စတိုင်း၏ **အလုံးစုံခြုံမိသော ရုပ်သီဝရီ (ရုပ်ပရမတ်သီဝရီ)**အရ သင်္ခတစကြာဝဠာကြီး၏ ဖွဲ့စည်းမှုတွင် **အာကာသရုပ်ခေတ်၏ ကြီးမားဆုံးသော တာဝန်တရပ်မှာ ကမ္ဘာများ၊ ဂြိုဟ်များ၊ ကြယ်တာရာများနှင့် ကြယ်စုကြီးများအတွင်းရှိ ဆွဲငင်အားများကို အပေးအယူ သမျှတအောင် လုပ်ဆောင်ပေးရသည်**ဟု ညွှန်ပြခဲ့လေသည်။

ဒေါက်တာအိုင်စတိုင်း၏ ဤအမြင်မှာ ဗုဒ္ဓမြတ်ဘုရား၏ ရုပ်ပရမတ်တရားနယ်ပယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာသောအမြင် ဖြစ်၍ အလွန်ပင် ကြီးကျယ်ခမ်းနားလှသည်ဟု ဂုဏ်ပြုရပေမည်။

မှန်ပေ၏။ ရုပ်ပရမတ်တရားတွင် အာကာသရုပ် ပရမတ်အကြောင်းကိုကောင်းစွာသိလျှင် ကျန်ရုပ်တရားများအကြောင်းကို ကောင်းစွာ သိနိုင်လေသည်။

ကမ္ဘာများ၊ ဂြိုဟ်များ၊ ကြယ်တာရာများ၊ ကြယ်စုကြီးများ အသီးသီးပါဝင်သော သင်္ခတစကြာဝဠာတွင် အာကာသရုပ်သာ မရှိပါက အားလုံးတိုက်ခိုက်ပျက်စီးကာ မီးလောင်ပြင်ကြီး ဖြစ်လာဖွယ်ရှိသည်။ ဤကမ္ဘာလူသားတို့ မြင်ရသမျှ

ကြယ်များသည် ဤကမ္ဘာလူသားတို့ မြင်ရသော (နေ)ထက် အဆများစွာ ကြီးမားကြသည့် (**နေကြီးများ**)သာ ဖြစ်ကြ၏။

ဤ(**နေကြီးများ**)တွင် လူတို့ နားလည်သော သတ္တဘာဝ သည် လုံးဝ တည်ရှိနိုင်မည် မဟုတ်ချေ။ သခ်ာတစကြာဝဠာ တခွင်၌ ဤသို့သော (**နေကြီးများ**)မှာ မရေတွက်နိုင်အောင် ရှိပေသည်။

လူသားတို့ကဲ့သို့သော သတ္တဝါများ ရှင်သန်ပေါက်ပွားနိုင် သော ကမ္ဘာမှာ သခ်ာတနယ်၏ အကျယ်အဝန်းနှင့် နှိုင်းစာ လျှင် လွန်စွာ နည်းပါးလှသည်။ ထိုကြောင့်ပင် **မနုဿတ္တဘာ ဝေါ ဒုလ္လဘောဟု** မြတ်ဗုဒ္ဓဟောကြားခဲ့ခြင်း ဖြစ်သည်။

ထိုကြောင့် ရှားရှားပါးပါး လူသားအချင်းချင်းတို့သည် ဖြူသည်၊ ညိုသည်၊ ဝါသည်၊ မဲသည်၊ မည်သို့ပင် အသွေး အရောင်ခြား၍ အဆောင်အယောင်များ ကွဲပြားစေကာမူ စာနာထောက်ထား၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားများ ပွားသင့်ကြသည်ဟု ဗုဒ္ဓမြတ်ဘုရား တိုက်တွန်းထား ခဲ့ခြင်း ဖြစ်သည်။

**အာကာသရုပ်ခေတ်ကြီးကသာ သဘာဝချင်းမတူသော ရုပ်ခေတ်အဖွဲ့အစည်း ကြီးငယ်များကို ခြားနားမထားပါက သတ္တလောကမှာ ဖြစ်ပေါ်လာစရာ မရှိချေ။**

ဤမျှ အရေးပါသော **အာကာသရုပ်**အကြောင်းကို သိပ္ပံ ပညာကျော် အိုင်စတိုင်းက ထောက်ပြခဲ့ခြင်းမှာ လူသားတို့၏ ဘဝရပ်တည်ရေးအတွက် အလွန်အရေးပါလှပေသည်။

အာကာသရုပ်ခေတ်သည် သခ်ာတစကြာဝဠာရှိ ဂြိုဟ် တာရာကြီးများအတွင်း ဆွဲငင်အားတို့ကို အပေးအယူမျှတ

အောင် ထိန်းကျောင်းကြသည်မှာ အမှန်ပင် ဖြစ်၏။ ဤ လူ့ကမ္ဘာမြေကြီးမှာ ဆဲ့ငင်အားရှိသကဲ့သို့ (လကမ္ဘာ)တွင် လည်း ဆွဲငင်အား ရှိသည်။(အင်္ဂါဂြိုဟ်)တွင်လည်း ရှိသည်။ (နေကြီး)တွင်လည်း ဆွဲငင်အားကြီး ရှိသည်။

ဤကမ္ဘာလူသားတို့သိသော (နေကြီး)တစင်းနှင့် ဂြိုဟ်ကြီး (၉)လုံးတို့ အတွင်း၌ပင် မတူညီသော ဆွဲငင်အားများကို **အညမညသမ္ဗန္ဓ ဟကျအောင်** ဖွဲ့စည်းထားရလေသည်။သို့မဟုတ် ပါက အားလုံး တိုက်မိကုန်ကြမည် ဖြစ်သည်။

ဤကမ္ဘာလူသားတို့၏ **နေစကြာဝဠာ**တွင် (နေ)တစင်း(လ) တစင်းသာရှိသည်ဟု ဤကမ္ဘာအမြင်အရ သိသော်လည်း သင်္ချေတနယ်တခွင်၌ (နေ)များစွာ၊(လ)များစွာရှိသော ဗိမာန် ကြီးများလည်း ရှိနိုင်ကြပေသည်ဟု သိပ္ပံပညာက ခံယူထား လေသည်။

ဤသို့သော ဗိမာန်ကြီးများသည် နတ်ပြည် ၆-ထပ်၊ ဗြဟ္မာ ၂၀-စသော လူသားတို့ထက်မြင့်သည့် ဘုံဗိမာန်များနှင့် ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသိရကာယ် စသော လူသားတို့ထက် နိမ့်ကျသည့်ဘုံများ ကောင်းစွာဖြစ်နိုင်ကြပေသည်။

အိုင်စတိုင်း တံခါးဖွင့်ပေးခဲ့သော **အာကာသရူပဗေဒသိပ္ပံ ပညာ**သည် ကြီးမားစွာ တိုးတက်လာသောအခါ၌ လူ့ရပ်ရွာ လူ့ကမ္ဘာနှင့်မတူသော ဘုံဗိမာန်များကို လက်တွေ့မြင်ရစေ ကာမူ သဘောသဘာဝအားဖြင့် နားလည် လက်ခံနိုင်သော အဆင့်ကို ရောက်လာဖွယ် ရှိလေသည်။

အာကာသရုပ်ခေတ်၏ အရေးပါမှု၊ရုပ်ဖြစ်မှုတို့နှင့်အဘူ ရုပ် ပေါ်တွင် အမှီပြု၍ထားသော **အချိန်၊နေရာ**(Time-Space)

၏ ခြားနားပြောင်းလဲမှုများကိုလည်း အိုင်စတိုင်းက ထောက်ပြခဲ့၏။

ရှေ့ပိုင်းတွင် ဖော်ပြခဲ့သော အချိန်နှင့် နေရာကို လူသားတို့ ဖန်ဆင်းရာ၌ ကမ္ဘာမြေကြီး၏ ရွေ့လျားမှုအပေါ်တွင် မူတည်ထားသဖြင့် လူသားတို့ ရေတွက်သော အချိန်၊ နေရာမှာ ဤကမ္ဘာအတွက်သာ အသုံးဝင်၏။

အခြားသော မရေမတွက်နိုင်သည့် ကမ္ဘာများမှာလည်း ၎င်းတို့၏ ရွေ့လျားမှုနှုန်းထားအရ အချိန်နှင့် နေရာမှာ တမျိုးတဘာသာစီ ရှိကြမည်သာ ဖြစ်၏။

ထို့ကြောင့် လူသားတို့သိသော အချိန်၊ နေရာ အတိုင်းအတာဖြင့်ကြည့်လျှင် **အသင်္ချေအနန္တကြာသော အချိန်နှင့် အသင်္ချေအနန္တ တည်သော နေရာများသည်** ရှိနိုင်ကြသည်သာ ဖြစ်၏။

အာကာသရုပ်ပရမတ်အမြင်အရ ကြည့်လျှင်ကား အချိန်နှင့် နေရာဟူသည် အမှန်စင်စစ် မရှိချေ။ ထာဝရတည်မြဲသော အချိန်ဟူသည်မှာ အချိန်မဟုတ်သကဲ့သို့ ထာဝရတည်မြဲသော နေရာဟူသည်မှာ နေရာမဟုတ်ဟု ဆိုရဖွယ် ရှိလေသည်။

အာကာသရုပ်နှင့် ယှဉ်၍ တွက်ချက်ရသော အချိန်နှင့် နေရာတို့သည် လူတို့သိသော အချိန်နေရာမျိုး လုံးဝ မဟုတ်ကြောင်းကို အိုင်စတိုင်းက ထောက်ပြခဲ့လေသည်။

ထို့ကြောင့် လူကမ္ဘာ၏ အချိန်နေရာကို မှီ၍ ပြုလုပ်ထားသော အတိုင်းအတာ အတွက်အချက် အမှတ်အသားများနှင့် ဤကမ္ဘာမြေကြီးကို မူတည်ထားသော သိပ္ပံဥပဒေသများ၊ သိပ္ပံနိယာမများ၊ သိပ္ပံအတွေးအခေါ်များသည် အာကာသ

ရုပ်ဘောင်တွင် မပြုမပြင်ပဲ အသုံးဝင်နိုင်ခြင်း မရှိကြတော့ချေ။

သို့သော် ဤကန့်သတ်ချက်များသည် **စွမ်းအင်**(Energy) နှင့် **စွမ်းအား**(Force)တို့နှင့် **ပတ်သက်သော သိပ္ပံဥပဒေသများ၊ နိယာမများနှင့် သဘောတရားများအပေါ်တွင် မထိခိုက်ချေ။ အဘယ်ကြောင့်ဆိုသော် စွမ်းအင်နှင့် စွမ်းအားတို့သည် ပရမတ်တရားများ ဖြစ်ခြင်းကြောင့်တည်း**။

အာကာသရုပ်၏ နယ်ပယ်အတွင်းသို့ ချဉ်းနင်းလေ့လာသောအခါ **စွမ်းအင်ပရမတ်**နှင့် **စွမ်းအားပရမတ်**တို့သည်သာ အချက်အချာကျ၏။ ထိုပရမတ်တရားများသည် **သိပ္ပံပညာ၏ ပရမတ်တရားများ**ဟု ခေါ်ဆိုနိုင်ပေသည်။

အာကာသရုပ်ခေတ်အကြောင်းကို ကောင်းစွာ ရိပ်စားမိခဲ့သော ဒေါက်တာအိုင်စတိုင်းသည် ရုပ်ပရမတ်စွမ်းအင်နှင့် ရုပ်ပရမတ်စွမ်းအားတို့၏ နိယာမများကိုကား အတော်ပင် ထိုးဖောက်နားလည်နိုင်သော ရောမပုဂ္ဂိုလ်ကြီးတပါးဟု ဆိုရပေမည်။

ပရမတ်နယ်ပယ်တရပ်လုံးတွင် သော့ချက်ကျသော စွမ်းအင်နှင့် ပတ်သက်၍ သိပ္ပံပညာအနေဖြင့် အမြင့်မားဆုံး သိနိုင်သောတရားမှာ ရုပ်ပရမတ်စွမ်းအင်အကြောင်းသာလျှင် ဖြစ်၏။

ရုပ်ပရမတ်စွမ်းအင်နှင့် ပတ်သက်၍ အိုင်စတိုင်းဖော်ထုတ်ခဲ့သော **ရုပ်နှင့် စွမ်းအင်တို့၏ အညမညသမုတိသစ္စာတရား** (Theory of Relativity of Energy and Matter) မှာ အထင်ရှားဆုံး ဖြစ်လေသည်။ ဤတရားကို အိုင်စတိုင်း၏ ရုပ်သမုတိသစ္စာတရား(သို့မဟုတ်) အိုင်စတိုင်းသီဝရီဟု **အတိုကောက်အား**ဖြင့် ရည်ညွှန်းပြောဆို သုံးနှုန်းကြရသည်မှာ

ယနေ့ သိပ္ပံပညာလောကတွင် သူမပေါ်လျှင် မပြီးသော တရားကြီး ဖြစ်နေပေသည်။ သို့သော်, **အိုင်စတိုင်းသီဝရီသည် ရုပ်ပရမတ်တရား၏ နိဒါန်း**မျှသာ ဖြစ်ကြောင်း သတိပြုအပ်ပေ၏။

ဤတရားကို အိုင်စတိုင်း တွေ့ရခြင်းအကြောင်းရင်းမှာ ရုပ်ကို နိုင်ပါသည်ဟု လူအများ နားလည်ထားသော သိပ္ပံပညာ၏ ကျယ်ဝန်းသော ရုပ်ပြဿနာများအနက် တခုသော ရုပ်ပြဿနာ၏ အဖြေကို ရှာကြံရာမှ တွေ့လာရခြင်း ဖြစ်သည်။

ယင်းရုပ်ပြဿနာမှာ အသေးဆုံး ရုပ်ဒြပ်အနုမြူအတွင်း **ရုပ်ဖွဲ့စည်းခြင်းပြဿနာ** ဖြစ်၏။ **အနုမြူတခုအတွင်း၌** အဓိက ဖွဲ့စည်းပါဝင်ကြသော ညူထရွန်၊ ပရိုတွန်နှင့် အီလက်ထရွန်ရုပ်ဓာတ်များအနက် ညူထရွန်နှင့် ပရိုတွန်တို့သည် အလေးချိန် **အရှိဆုံး** ဖြစ်ကြောင်း သိခဲ့ပြီး ဖြစ်၏။

အနုမြူ၏ အလေးချိန်မှာ ညူထရွန်နှင့် ပရိုတွန်တို့၏ အလေးချိန်သာ အဓိက ဖြစ်သည်။ ယင်းတို့မှာလည်း အနုမြူ၏ **ညူကလီယပ်စ်**တွင် ကျစ်လစ်သိပ်သည်းစွာ ဖွဲ့စည်းပါဝင်ကြသဖြင့် **အနုမြူတခုလုံး၏** အလေးချိန်ကို(Atomic Weight)ညူထရွန် အရေအတွက်နှင့် ပရိုတွန်အရေအတွက် ပေါင်းရကိန်းဖြင့် **သတ်မှတ်သည်**။

သို့သော် **ရုပ်ဓာတ်တိုင်းတာရေးကိရိယာ**(Mass Spectrograph)ဖြင့် **အနုမြူတို့၏** ညူကလီယပ်စ်များကို တိုင်းတာကြည့်သောအခါ ပါဝင်ကြသော ညူထရွန်အရေအတွက်နှင့် ပရိုတွန်အရေအတွက် ပေါင်းရကိန်းထက် အလေးချိန် (လျော့နည်း)နေကြောင်း အံ့ဩဖွယ် တွေ့ကြုံရလေသည်။

ဥပမာ၊ ညူထရွန်(၁၄)ခုနှင့် ပရိုတွန် (၁၃) ခုတို့ဖြင့်

ဖွဲ့စည်းထားသော **အလူမီနီယန်သတ္တု**၏ အနုမြူလေးသည် အလေးချိန် အရေအတွက်အားဖြင့် (၂၇)ရှိရမည့်အစား ထို ထက်(အနည်းငယ်မျှ လျော့နေခြင်း)ဖြစ်သည်။ လျော့နေ သော ပမာဏမှာ ပရိုတွန်တခု၏ ၁၀ ပုံ တပုံခန့်မျှသာ ရှိ၍ အလွန်နည်းသော ပမာဏသာ ဖြစ်သည်။

သို့သော် ဤအချက်ကလေး မဖြစ်စလောက်ကိုပင် သိပ္ပံ ပညာရှင်တို့သည် လစ်လျူမပြုတတ်ကြချေ။ ဘာကြောင့် လျော့ နည်းရသည်ကို အကြောင်းတရားရှာဖွေခဲ့ကြပေသည်။ ယင်း အကြောင်းတရားကို သိပ္ပံပညာကျော် အိုင်စတိုင်းက တွေ့ခဲ့၍ ကမ္ဘာတုန်သွားရခြင်း ဖြစ်ပေသည်။

အိုင်စတိုင်း တွေ့ခဲ့သော အကြောင်းတရားမှာ (**ရုပ်ဝတ္ထု တခုသည် ရုပ်စွမ်းအင်တစုံတရာ လျော့နည်းရသောအခါ တိုင်း ပါဝင်သော ရုပ်ဓာတ်ပမာဏမှာလည်း အချိုးကျလျော့ နည်းသွားရသည်**)ဟူသော အချက်ပင် ဖြစ်၏။

ဤအချက်မှာ (၁၉၀၅)ခုနှစ်တွင် မှတ်ပုံတင်စာရေးလေး အိုင်စတိုင်း ရေးသားခဲ့သော စာတန်းတွင် ပါဝင်ခဲ့စဉ်က ထို အချိန်ရှိ သိပ္ပံပညာရှင်ကြီးများက ရယ်သွမ်းသွေးခဲ့ကြပေ၏။ နောင်နှစ်ပေါင်း ၂၀ခန့် ကြာသောအခါ ဒေါက်တာအိုင်စတိုင်း အနေဖြင့် အဆိုပါ သဘောတရားကို သင်္ချာဗေဒဖြင့် တွက် ချက် သက်သေပြလိုက်သောအခါ တကမ္ဘာလုံး တုန်လှုပ်သွား ကြလေသည်။

အိုင်စတိုင်း ရှာဖွေတွေ့ရှိခဲ့သော အကြောင်းတရားမှာ ရုပ် နှင့် စွမ်းအင်တို့၏ အညမညသမ္ဗန္ဓတိသစ္စာတရားဖြစ်ပြီး သင်္ချာ ဗေဒပုံစံသွင်းလိုက်သောအခါ အောက်ပါအတိုင်း ရလေသည်။

ရုပ်စွမ်းအင် = ရုပ်ခဲတ်ပမာဏ×(အလင်းရောင်ခရီးနှုန်း)$^2$

$$E = m \times c^2$$

ဤဆက်သွယ်မှုစနစ်အတွင်း **ရုပ်စွမ်းအင်**(E)နှင့် ရုပ်ဝတ္ထုတွင် ဖွဲ့စည်းပါဝင်သော **ရုပ်ခဲတ်ပမာဏ**(m)တို့အတွင်း၌ တိကျသော အချိုးအဆဖြင့် **အညမညတရား**ရှိကြောင်း ညွှန်ပြလေသည်။ယင်းအချိုးအဆကိုပေါ်လွင်အောင်ပြရလျှင် အထက်ပါဆက်သွယ်မှုစနစ်ကို အောက်ပါအတိုင်း ပြန်၍ ရေးနိုင်၏။

$$\frac{E}{M} = C^2$$

ထို့ကြောင့် ရုပ်စွမ်းအင်နှင့် ရုပ်ခဲတ်တို့၏ အချိုးအဆသည် မည်သည့်ရုပ်ဝတ္ထုအသွင်သဏ္ဌာန်မှာမဆို အတူတူချည်းသာ ဖြစ်ကြ၏။ ( $C^2$ )သည် အတူတူဖြစ်ကြောင်း ပြသော (မူသေကိန်း) ဖြစ်၏။ ယင်း(မူသေကိန်း)၏တန်ဖိုးကို ရှာသောအခါ အိုင်စတိုင်းက ( C )သည် အလင်းရောင်သွားနှုန်းဖြစ်ကြောင်း သက်သေပြခဲ့လေသည်။

အလင်းရောင်သည် ၁-စက္ကန့်တွင် ၁၈၆၀၀၀ မိုင်နှုန်းဖြင့် **အာကာသရပ်အတွင်း** ခရီးပြင်း နှင်နေ၏။ဤမျှလျှင်မြန်သောနှုန်းဖြင့် ခရီးပြင်းနှင်နေသောအလင်းရောင်သည် ဘယ်သို့သောအရာမျိုးနည်း။

အလင်းရောင်ကို လူတိုင်း သိကြ၏။သို့သော် နားလည်ကြရန်ကား သိပ္ပံပညာရှင်ကြီးများပင် စမ်းတဝါးဝါး ဖြစ်နေကြလေသည်။ ယနေ့ ထိပ်တန်းသိပ္ပံပညာရှင်ကြီးများစွာတို့မှာ **အလင်းရောင်သည် အစိုင်အခဲလော၊ အစိုင်အခဲမရှိသော လှိုင်းလော**(Is Light Particle or Wave)ဟု မေးခွန်း

ထုတ်လျက်ပင် ရှိကြသည်။

ဤမေးခွန်း၏အဖြေကို (အစိုင်အခဲ)ဟူ၍၎င်း၊ (လှိုင်း) ဟူ၍၎င်း တဖက်သတ်ဖြေရန် မဖြစ်နိုင်ကြ၍ **ကွင်တမ်သီဝရီ** မှ ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟုဆိုလျှင် မမှားချေ။

သိပ္ပံလောကတွင် ရေပန်းစားသော **ကွင်တမ်သီဝရီ** (Quantum Theory)အရ အလင်းရောင်မှာ အစိုင်အခဲဟု ခေါ်ချင်က ခေါ်နိုင်သော **မတိကျသော စွမ်းအင်ပမာဏရှိ** (Variable Energy Quanta)**ဖိုတွန်များ**(Photons)ဖြင့် ဖွဲ့စည်းထားလျက် ယင်းအရာများ ရွေ့လျားသည့်အခါတွင်မူ (ပိုးလောက်လန်းပမာ) **လှိုင်းအသွင်**ဖြင့် (*W*aves)ခရီးသွား သည်ဟု ဖော်ပြလေသည်။

ဤနည်းအားဖြင့် **ကွင်တမ်သီဝရီ**သည် (အစိုင်အခဲ)နှင့် (လှိုင်း)သမားများအားလုံးလက်ခံနိုင်သော **သီ**ဝရီတခုဖြစ်လာ ကာ လက်တွေ့သိပ္ပံပညာတွင် အလင်းရောင်နှင့် ပတ်သက်သော ပြဿနာများကို တခါတခါတွင် (အစိုင်အခဲ)အသွင်ဖြင့်၎င်း၊ တခါတခါတွင် (လှိုင်း)အသွင်ဖြင့်၎င်း ရှင်းပြခြင်းအားဖြင့် လူကြိုက်များကာ ရေပန်းစားလာခြင်း ဖြစ်လေသည်။

ဗုဒ္ဓသိပ္ပံအရမူကား အလင်းရောင်သည် အစိုင်အခဲပင် ဖြစ်စေ၊လှိုင်းပင်ဖြစ်စေ မည်သို့သော**အ**သွင်အပြင်ရှိရှိ **ဝဏ္ဏ** **(အဆင်းရုပ်)**ဟူသာ ပရမတ်ရုပ်သဘောကို ညွှန်ပြထား၏။ တိကျပြတ်သား၍ အငြင်းပွားစရာမလိုအောင် ပြည့်စုံတော် မူပါပေ၏။ဗုဒ္ဓ၏ အတိုင်းမသိသော ဉာဏ်ပညာတော်ကား အံ့သြဘွယ် ကောင်းလှပါပေ၏။

အကြောင်းမူကား ယနေ့ သိပ္ပံပညာတိုးတက်မှုများအရ

သိရှိလာသည်မှာ အလင်းရောင်တွင် အစိုင်အခဲလော၊ လှိုင်းလော ဆိုသည်မှာ အချက်အချာမဟုတ်ပဲ **အလင်းရောင်၏ အဆင်း(ဝဏ္ဏရုပ်)**သည်သာလျှင် အချက်အချာ ဖြစ်ပေ၏။

အလင်းရောင်တွင် ဖွဲ့စည်းပါဝင်သော သိပ္ပံအခေါ် **ဖိုတွန်များ**သည် အရွယ်အစားအားဖြင့် အားသုံး တူညီကြသော်လည်း ပါဝင်သော စွမ်းအင်ပမာဏမှာ အလင်းရောင် တမျိုးနှင့်တမျိုး မတူညီကြချေ။

သိပ္ပံပညာမှသိသော အခြေခံအလင်းရောင် (၈)မျိုး ရှိရာ **အနီရဲရဲ**(Red)မှစ၍ **အဝါ**(Yellow)၊ **လိမ္မော်**(Orange)၊ **အညို**(Indigo)၊ **အပြာ**(Blue)၊**အစိမ်း**(Green)၊ **ခရမ်းနု** (Violet)နှင့် **ခရမ်းရင့်**(Ultra-Violet)ဟူ၍ ဖြစ်ကြ၏။ အဆိုပါ အရောင်(၈)မျိုးတို့သည် လူတို့သိသော နေရောင်ခြည်အလင်းရောင်တွင် အချိုးကျကျ ပေါင်းစပ် ပါဝင်နေကြသည်။

၎င်းအရောင် (၈)မျိုးတွင် အသီးသီး ပါဝင်ကြသော (ဖိုတွန်များ)သည် အရွယ်အစားတူလျက် ရုပ်စွမ်းအင်ပမာဏချင်း မတူကြချေ။ထို့ထက် ထူးခြားသည်မှာ **အဆင်းဝဏ္ဏရုပ်သည် ရုပ်စွမ်းအင်ပမာဏနှင့်မဆိုင်သော သဘောသတ္တိရှိကြောင်း တွေ့ရလေသည်။**

ဥပမာ၊ အနီရဲရဲအလင်းရောင်(ဖိုတွန်များ)ကိုစွမ်းအင် ကြီးမားလာစေရန် အရေအတွက်အားဖြင့် မည်မျှပင် တိုးပွားစေကာမူ အဝါရောင်၏သတ္တိကို မပြနိုင်ချေ။ အထက်တွင်ဖော်ပြသားသော အစီအစဉ်အလိုက် အရောင်(၈)မျိုးတို့သည် အဆင်းဝဏ္ဏကိုအကြောင်းပြု၍ သတ္တိချင်းမတူကြပဲ အနီရဲရဲ

မှာ သတ္တိအညံ့ဆုံးဖြစ်ပြီး ခရမ်းရင့်ရောင်မှာ သတ္တိအထက်ဆုံး ဖြစ်လေသည်။

သိပ္ပံပညာတွင် အလင်းရောင်တို့၏**သတ္တိ**များကို ထိုအလင်းရောင်မှ လုပ်ပေးနိုင်သော **စွမ်းအား**ဖြင့် ညွှန်ပြခြင်း ဖြစ်သည်။ ဥပမာ၊ အနီရဲရဲအရောင်သည် အနုမြူတခုမှ အီလက်ထရွန်တခုကိုပင် ထွက်လာအောင် မလုပ်နိုင်သော်လည်း ခရမ်းရောင်သည် ပရိုတွန်၊ ညူထရွန်များကိုပင် တွန်းထုတ်နိုင်သောသတ္တိရှိလေသည်။

ဤသို့သော ညူကလီယာပ်(စ်)သိပ္ပံသဘောများအရ ဗုဒ္ဓမြတ်စွာ ညွှန်ပြခဲ့သော ဝဏ္ဏရုပ်၏ အချက်အချာကျပုံကို သိသာလှ၏။ အလင်းရောင်သည် ဝဏ္ဏရုပ်သာလျှင်ဖြစ်၍ အလင်းရောင်၏သတ္တိမှာ ဝဏ္ဏအဆင်းအရောင်ပေါ်တွင်သာ မူတည်ခြင်းကြောင့် **ဝဏ္ဏရုပ်**ဟုခေါ်ခြင်းမှာ အလွန် တိကျမှန်ကန်လှပေသည်။

ဝဏ္ဏရုပ်တို့တွင် ပါဝင်သော ရုပ်အရေအတွက် ပမာဏကြီးသည်၊ ငယ်သည်မှာ ပဓာနမဟုတ်ပဲ **အဆင်း**သာလျှင် ပဓာနဖြစ်၍ အလင်းရောင်သွားနှုန်းတွင် တူညီကြခြင်း ဖြစ်၏။ သို့ရာတွင် အလင်းရောင်များ ခရီးသွားရာ၌(လှိုင်း)အသွင်ဖြင့် ရွေ့လျားသောအခါ အဆင်းချင်း မတူသည်နှင့်အမျှ(လှိုင်း **အတို အရှည်**) ကွဲပြားကြကြောင်း တွေ့ရလေသည်။

အနီရဲရဲရောင်သည် (**လှိုင်းရှည်ကြီးများ**)ဖြင့် ခရီးသွားတတ်ပြီး ခရမ်းရောင်သည် (**လှိုင်းတိုများ**) ဖြင့် ခရီးသွားတတ်သည်။ ထို့ကြောင့် **အလင်းရောင်တို့၏အဆင်းသည် လှိုင်းအတိုအရှည်ပေါ်တွင် မူတည်သည်**ဟု သိပ္ပံပညာရှင်တို့

နားလည်ထားကြသည်။

သို့သော် ဤနေရာ၌ အလင်းရောင်တည်းဟူသော ရုပ်သည် သိပ္ပံပညာရှင်တို့ သိနားလည်သော ရုပ်စွမ်းအင် ဥပဒေသများကို ချိုးဖောက်လျက်ရှိကြောင်း သတိပြုလာရ၏။

ရုပ်စွမ်းအင်တို့မည်သည် ပါဝင်သော ရုပ်ခေတ်ပမာဏပေါ်တွင် မူတည်ပေရာ (ရုပ်ခေတ်ပမာဏကြီးလျှင် စွမ်းအင်ကြီးရမည်၊ စွမ်းအင်ကြီးလျှင် ရုပ်ခေတ်ပမာဏကြီးရမည်)ဟူသော သဘောတရားမှာ အိုင်စတိုင်းသီဝရီအတိုင်း မှန်ရမည်သာ ဖြစ်၏။

သို့ပါလျက် အလင်းရောင်ရုပ်များတွင် အနီရောင်ရုပ်သည် ပမာဏမည်မျှပင် ကြီးမားစေကာမူ အပြာရောင်ရုပ်၏ သတ္တိကို မမှီချေ။ အပြာရောင်ရုပ်သည် ပမာဏမည်မျှပင် ကြီးမားစေကာမူ ခရမ်းရောင်ရုပ်၏ သတ္တိမျိုးကို ရရှိမလာနိုင်ချေ။ ဤသို့ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း။

ဤသို့ ဖြစ်ရသည်မှာ အခြားကြောင့်မဟုတ်၊ အလင်းရောင်တည်းဟူသော ရုပ်ခေတ်များကို ပရမတ်ရုပ်များဖြင့် ဖွဲ့စည်းရာတွင် စေတသိက်ပရမတ်စွမ်းအားများသည် ပါဝင်ခဲ့ကြ၏။ ထိုစွမ်းအားများ ပါဝင်ပုံချင်းမှာ မတူညီကြသဖြင့် အလင်းရောင်ရုပ်(၈)မျိုးဖြစ်ကာ ရုပ်သတ္တိမှာလည်း ခြားနားလာကြခြင်း ဖြစ်လေသည်။

ရုပ်တို့၏ စွမ်းအင်သည် အရေအတွက်အားဖြင့် မည်မျှပင် ကြီးမားအောင် ပေါင်းစည်းထားစေကာမူ အရည်အချင်းအားဖြင့် (သတ္တိ)ဖြစ်မလာနိုင်ချေ။ (သတ္တိ)ဆိုသည်မှာ

အရည်အချင်းနှင့် ဆိုင်သောအရာသာ ဖြစ်ပြီး အရေအတွက်နှင့် ဆိုင်သောအရာ မဟုတ်ချေ။

သတ္တိကို ပေးနိုင်သော စွမ်းအင်မျိုးမှာ စိတ်ပရမတ်စွမ်းအင်နှင့် စေတသိက်ပရမတ်စွမ်းအားများသာ ဖြစ်၏။ ထိုကြောင့်ပင် စိတ်ပရမတ်စွမ်းအင်နှင့် စေတသိက်ပရမတ်စွမ်းအားတို့ကို စွမ်းအင်ထူး(Super Energy)ဟု ခေါ်ဆိုအစ်ကြောင်း တင်ပြခဲ့ခြင်း ဖြစ်ပေသည်။

အိုင်စတိုင်း၏ သမုတိသစ္စာသီဝရီကို ဖော်ထုတ်ရာတွင် ညျူထရွန်နှင့် ပရိုတွန်တို့၏ အလေးချိန်စုစုပေါင်းသည် ရှိသင့်သည်ထက် လျော့နည်းနေရခြင်းအကြောင်းမှာ ပြဿနာဖြစ်ခဲ့သည်။ အိုင်စတိုင်း၏ ပုံရှင်နည်းအရ လျော့သွားသော ရုပ်အရေအတွက်မှာ စွမ်းအင်အဖြစ်သို့ ပြောင်းလဲသွားပါသည်ဟု တွက်ချက်ပြ၍ ရသော်လည်း ဘာကြောင့် ဤသို့ ပြောင်းလဲသွားရသနည်းဟု မေးလျှင် မည်သို့ ဖြေမည်နည်း။

သိပ္ပံပညာအရ ဤသို့ ရုပ်အချို့သည် စွမ်းအင်အဖြစ်သို့ ပြောင်းလဲသွားရသည်မှာ ရုပ်ဓာတ်ပြောင်းလဲခြင်း၏ သဘာဝအတိုင်းပင် ဖြစ်သည်ဟု ဖြေဆိုဖွယ် ရှိလေသည်။

(Chemical and Biological Changes of Matter)

သိပ္ပံပညာတွင် ဖွဲ့စည်းရေးစွမ်းအင်(Energy of Formation)လိုအပ်ကြောင်း သဘောပေါက်ကြပြီး ဖြစ်၏။ အဆိုပါ ဖွဲ့စည်းရေးစွမ်းအင်သည် ရုပ်တို့၏ ဖွဲ့စည်း ဖြစ်ပေါ်မှုကိစ္စတွင် ရုပ်တစိတ်ဘဒေသမှ အသွင်ပြောင်းယူရခြင်း ဖြစ်သည်ဆိုလျှင် ထိုသို့ ရုပ်မှ စွမ်းအင်အသွင်ပြောင်းအောင် လုပ်ရန်ပြင်ပမှ အားတခုလို၏။ ဤသဘောမှာ စွမ်းအင်ဥပဒေသ

အမှတ်(၂)အရ သိပ္ပံနည်းကျသော လိုအပ်ချက် ဖြစ်သည်။

ထိုအားသည် ဘယ်က လာသနည်း။ စွမ်းအင်၊ စွမ်းအား တို့မှာ ဖန်ဆင်း၍ မရသော ပရမတ်တရားများ ဖြစ်ရကား၊ **အဆိုပါ ဖွဲ့စည်းရေးအားသည် စိတ်ပရမတ်စွမ်းအင်မှ လာသည်ဟု ဗုဒ္ဓသိပ္ပံအရ ဖြေဆိုနေလေသည်။**

ထို့ကြောင့် အနုမြူတခု၏ ဖွဲ့စည်းမှုတွင် အခိုင်အမာဆုံးသော ညျူကလီယပ်(စ်)အတွင်း၌ လျော့နည်းသွားသော ရုပ်အနေအတွက်ကို ဖွဲ့စည်းရေး စွမ်းအင်အဖြစ်သို့ ပြောင်းပေးလိုက်သော ပြင်ပမှ အားသည် **စေတသိက်ပရမတ်စွမ်းအား** ဖြစ်သည်ဟု ပရမတ်သုံးပါး တရားအရ ဖော်ပြခဲ့ခြင်း ဖြစ်ပေသည်။

အိုင်စတိုင်း သီဝရီမှ ရရှိသော လက်တွေ့ ပုံရှင်နည်းသည် ပျောက်ဆုံးသွားသော ရုပ်ပမာဏတိုင်းအတွက် စွမ်းအင်မည်မျှနှင့် ညီမျှကြောင်း သိရသည်မှအပ သင်္ချာတစကြာဝဠာ၏ ဖွဲ့စည်းပုံအကြောင်းတရားများကို ရှင်းပြနိုင်သော အဆင့်သို့ မရောက်ခဲ့ချေ။

သို့သော် သိပ္ပံပညာကျော် အိုင်စတိုင်းသည် အခြားသော သိပ္ပံပညာရှင်များထက် သာလွန်စွာ ဤစကြာဝဠာဖွဲ့စည်းပုံကို သဘောတရားသိပ္ပံအမြင်ဖြင့် ဆင်ခြင်နိုင်ခဲ့သူ ဖြစ်သည်။

အိုင်စတိုင်း၏ သမုတိသစ္စာသီဝရီသည် သင်္ချာဗေဒသဘောအရ ပုံရှင်နည်းလေးတခုမျှကိုသာ ထုတ်ပေးခဲ့သော်လည်း သမုတိသစ္စာသီဝရီကြီးတခုလုံးမှာကား (General Relativity Theories) ပုံရှင်နည်း၊ ပုံသေနည်း၊ ဘာနည်းမှ ပုံစံသွင်း၍ မရသော သိပ္ပံအတွေးအခေါ် သဘောတရားများသာ

ဖြစ်ကြသည်။

အိုင်စတိုင်းသီဝရီအရ ကမ္ဘာများ၊ ဂြိုဟ်များ၊ ကြယ်တာရာများအတွင်း ဆွဲငင်အားကို မျှတအောင် ပြုလုပ်ပေးရသော အရာသည် **အာကာသရုပ်ခတ်** ဖြစ်ကြောင်း အခြားသိပ္ပံပညာရှင်များ လက်မခံစေကာမူ အိုင်စတိုင်းကား ကောင်းစွာ နားလည်ခဲ့၏။

အာကာသရုပ်ခတ်၏ သဘောသဘာဝကို အိုင်စတိုင်းသည် မသေမီအချိန်အတွင်း အစွမ်းကုန် လေ့လာသောအခါ **အာကာသရုပ်ခတ်သည် ပြင်းထန်သော ဆွဲငင်အားနှင့် ပြင်းထန်သော တွန်းကန်အားရှိနေကြောင်း** တွေ့ရပြန်သည်။

သန်တစကြာဝဠာအတွင်းရှိ ဂြိုဟ်တာရာ ကြယ်စုကြီးအားလုံးမှာ အာကာသရုပ်ခတ်၏ **ဆွဲငင်အားနှင့် တွန်းကန်အား** နှစ်ရပ်တို့၏ အချိုးကျကျ ခွဲဝေပေါင်းစပ်မှုကြောင့် တခုချင်းလည်း လည်ပတ်ရင်း အချင်းချင်းလည်း လှည့်လည်ကာ လှုပ်ရှား တည်တံ့နေကြခြင်း ဖြစ်လေသည်။

အာကာသရုပ်ခတ်၏ ဆွဲငင်အားများသည် ဂြိုဟ်တာရာ ကြယ်စုကြီးများ၏ ဖွဲ့ဖွဲ့စည်းစည်းရှိမှုကို ဖန်တီးပေးပြီး အာကာသရုပ်ခတ်၏ တွန်းကန်အားများသည် ထိုဖန်တီးချက်များကို ပျက်ပြားပြန့်လွင့်ကုန်အောင်လည်း ဖန်တီးပေးနိုင်သည်ဟု အိုင်စတိုင်း သုံးသပ်ခဲ့သည်။

ထို့ကြောင့် အိုင်စတိုင်းက **သန်တစကြာဝဠာကြီးသည် တိကျသော်ငြားလည်း နယ်နိမိတ်ကားမရှိ**( The Universe is Finite but Unbounded) ဟု အဆိုပြုခဲ့ပေသည်။ အာကာသရုပ်ခတ်ကြီး၏ ဆွဲငင်အားများသည် ဂြိုဟ်တာရာ

ကြယ်စုကြီးများကို တိတိကျကျ ဖွဲ့စည်းတည်ဆောက်ထား သကဲ့သို့ အာကာသရုပ်ခေတ်ကြီး၏ တွန်းကန်အားများသည် မဖွဲ့စည်းနိုင်သော ရုပ်ခေတ်များကို စကြာဝဠာတခွင်သို့ ပြန့်စင်အောင် မောင်းထုတ်နေပြန်သည်။ ဤအားကြီး ၂-ခု၏ ကုပ်ကဲမှုအောက်တွင် သင်္ခတစကြာဝဠာမှာဖြစ်ခြင်း၊ပျက်ခြင်း တို့၏ စုစည်းရာ နယ်ပယ်ကြီး ဖြစ်နေသည်ဟူ၍ အိုင်စတိုင်း နားလည်ခဲ့ပေသည်။

ဖြစ်သမျှသော ကမ္ဘာ၊ ဂြိုဟ်တာရာနှင့် ကြယ်စုကြီးများ၊ (နေကြီး)များသည် သင်္ခတစကြာဝဠာ၏ ဖွဲ့ဖွဲ့စည်းစည်းရှိမှု၊ တိတိကျကျရှိမှုကို ဖော်ပြပြီး ပျက်သမျှသော အရာခပ်သိမ်း တို့သည် သင်္ခတစကြာဝဠာ၏ ပြိုကွဲလွင့်စင်နေမှု၊ မတိကျမှု၊ ပျက်စီးယိုယွင်းနေမှုတို့ကို ဖော်ပြနေကြသဖြင့် သင်္ခတစကြာဝဠာ၍အကျယ်အဝန်းကို တိုင်းတာ၍မရနိုင်၊ နယ်နိမိတ်မရှိဟု အိုင်စတိုင်းက ကောက်ချက်ချလေသည်။

**ရုပ်ပရမတ်တရားအမြင်သက်သက်ဖြင့် ဤသို့ ကောက်ချက်ချခြင်းမှာ မှန်သော်လည်း ပရမတ်သုံးပါးတရားအမြင် အရမူကား ဤသို့ကောက်ချက်ချခြင်းမှာ မှားပေသည်။** အဘယ်ကြောင့်ဆိုသော် ပရမတ်သုံးပါးတရား အမြင်အရ သင်္ခတစကြာဝဠာသည် နယ်နိမိတ် အတိအကျ ရှိရမည်သာ ဖြစ်၏။ထိုနယ်နိမိတ်သည် တဖြောင့်တည်းသောနယ်နိမိတ်ကား မဟုတ်နိုင်ရာ။ နယ်နိမိတ်တို့၏ သဘောသဘာဝအတိုင်း ကွေ့ကောက် နိမ့်မြင့်မှုများ ရှိနေမည်သာ ဖြစ်သည်။

ဤအချက်ကိုမူ အိုင်စတိုင်းက သဘောပေါက်ပြန်သည်။ **(သင်္ခတစကြာဝဠာကြီးမှာ နယ်နိမိတ်ကန့်သတ်၍ မရသော်**

**လည်း** ယင်းနယ်နိမိတ်သည် ကွေ့ကောက်၍နေမည်) ဟု ကား အိုင်စတိုင်း သိခဲ့သည်။

အိုင်စတိုင်း၏အတွေးမှာ ရိုးရိုးလေး ဖြစ်၏။ အာကာသ ရုပ်ခါတ်၏ ကြီးမားသော **ဆွဲငင်အား**နှင့် ကြီးမားသော **တွန်းကန်အား**တို့ ပြိုင်နေသောကြောင့် စကြာဝဠာတွင် တည်ငြိမ်မှုဟူ၍ မရှိနိုင်။ တည်ငြိမ်မှုဟူသမျှမှာ **သမုတိ တည်ငြိမ်မှုများ**(Relative Rest)များသာ ဖြစ်နိုင်သည်။**ထာဝရ တည်ငြိမ်မှု**(Absolute Rest)ဟူ၍မရှိနိုင်သဖြင့် စကြာဝဠာ နယ်နိမိတ်မှာ ကွေ့ကောက် နိမ့်မြင့်နေရမည်သာ ဖြစ်သည်။

ဤသို့ စကြာဝဠာနယ်နိမိတ်သည် တည်ငြိမ်ခြင်းကင်းစွာ ကွေ့ကောက် လှုပ်ရှားနေခြင်းအားဖြင့်သာ သခ်ာတစကြာ ဝဠာအတွင်းရှိ အရာဝတ္ထုများ၏ သမုတိတည်ငြိမ်မှုများ၊ (**လှုပ်ရှားတည်တန့်မှုများ**)(Relative Stability)ကို ပေး နိုင်မည် ဖြစ်၏။သို့မဟုတ်ပါက အရာခပ်သိမ်းတို့သည် ပြောင်း ဆန်အောင် လှုပ်ရှားနေကြရမည် ဖြစ်လေသည်။

ဤသဘောများအရ ဒေါက်တာအိုင်စတိုင်းသည် သခ်ာတ စကြာဝဠာအတွင်း၌ သက်ရှိ၊ သက်မဲ့ အရာခပ်သိမ်းဟူသမျှမှာ ဖြစ်ခြင်းနှင့် ပျက်ခြင်း နိယာမမှ မလွတ်ကင်းနိုင်ကြပါ တကား။

သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့သည် တည်ငြိမ်မှု အလျဉ်း မရှိပဲ ယာယီသမုတိသဘော တည်တံ့နေခြင်းသာဖြစ်၍ မရပ်မနား လှုပ်ရှားပြောင်းလဲနေကြရပါတကား။

ဤ(ကမ္ဘာ)၊ဤ(နေ)၊ဤ(လ)၊ဤ(ကာလဒေသ)ဟူသည် အနန္တစကြာဝဠာတခွင်၌ ဘာမျှ အဓိပ္ပာယ်၊ အနှစ်သာရ မရှိ

သော တဒင်္ဂသဘောလေးများသာပါတကား။

တိုတောင်းလှသော လူသားတို့၏ဘဝတွင် လူသားအချင်းချင်း ထားအပ်သော မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရားနှင့် ဖွဲ့စပ်သော မြတ်နိုးကြင်နာမှုများသည်သာ မရပ်မနား လှုပ်ရှားပြောင်းလဲနေသော ရုပ်ကမ္ဘာတွင် ထာဝရရှင်သန်၍ တည်ငြိမ်အေးချမ်းမှုကိုပေးနိုင်သော အဖိုးတန်ရတနာများပါတကား။ .

ဤသို့အားဖြင့် ဒေါက်တာအိုင်စတိုင်း၏ သင်္ခတစကြာဝဠာအမြင်များကို ချုပ်လိုက်လျှင် နောက်ဆုံး၌ အထက်ပါကောက်ချက်များသာ အိုင်စတိုင်း၏ အတွေးအမြင်များတွင် ထင်ဟပ်လာခဲ့ကြလေသည်။

စင်စစ်သော်ကား သင်္ခတစကြာဝဠာအတွင်း ဖြစ်ခြင်းနှင့် ပျက်ခြင်း အကြောင်းတရားတို့ကို အိုင်စတိုင်းသိမြင်ခဲ့ခြင်းမှာ ဗုဒ္ဓ၏ **သင်္ခါရနိယာမတရားကြီးကို ရုပ်ပရမတ်အမြင်များဖြင့်** နားလည်ခဲ့ခြင်းသာ ဖြစ်သည်။သိပ္ပံပညာနယ်ပင်တွင် ရုပ်ခေတ်အဆင့်ကို များစွာကျော်လွန်၍ ရုပ်ပရမတ် မျက်စေ့ဖြင့် ကြည့်တတ်သော အိုင်စတိုင်းအား သိပ္ပံပညာကျော်ပုဂ္ဂိုလ်ထူးကြီးတဦးဟု ချီးကျူး လေးစား၍ တန်ဖိုးထားရမည်သာ ဖြစ်သတည်း။

## အခန်း (၁၂)

# ပရမတ်သုံးပါးတရားနှင့် အနုမြူသိပ္ပံ ပြဿနာများ

ဒေါက်တာအိုင်စတိုင်း၏ သီဝရီအရ ရုပ်ဒြပ်တို့၏ အသေးဆုံးအဆင့်ဖြစ်သော အနုမြူကို ထပ်မံခွဲစိတ်၍ရသည့်အချိန်မှ အစပြု၍ **အနုမြူရုပ်ဓာတ်သိပ္ပံ**(Atomic Science)နှင့် **ရုပ်ဓာတ်ခန္ဓာညူကလီယားသိပ္ပံ** (Nuclear Science) ပညာများသည် အဟုန်ပြင်းစွာဖြင့် တိုးတက်လာခဲ့ပေရာ ယနေ့ဆိုလျှင် အနုမြူစကြာဝဠာဟု ခေါ်ဆိုရသောအခြေသို့ ဆိုက်ရောက်နေပေပြီ။

သင်္ခတစကြာဝဠာကြီးအတွင်းသို့ **ဒုန်းပျံ**(Misiles)နှင့် **ဒုန်းယာဉ်** (Rockets) များ လွှတ်ကာ လူလိုက်ပါ၍ သုတေသနလုပ်ငန်းများ ပြုနေသည်နှင့်အလားတူသော လုပ်ငန်းများကို ထောင်ပေါင်းများစွာသော သိပ္ပံပညာရှင်ကြီးငယ်များသည် **ဆိုက်ကလိုထရွန်**(Cyclotron)၊ **ကော်စမိုထရွန်**(Cosmotron)နှင့် **ဆင်ကရိုထရွန်** (Synchrotron) အစရှိသော အနုမြူခွဲစိတ်ကိရိယာကြီးများကို ငွေပေါင်းများစွာ ကုန်ကျခံကာ တည်ဆောက်၍ အနုမြူစကြာဝဠာအတွင်း

သို့ ချဉ်းနင်းဝင်ရောက်ကာ စူးစမ်းလေ့လာနေကြပေ၏။

ထိုသို့ စူးစမ်းလေ့လာမှုများအရ မခန့်မှန်းနိုင်သော ရုပ်ပိုင်းဆိုင်ရာ အသိတရားအသစ်အဆန်းများကို ရရှိလာကြသည်နှင့်အမျှ ဖြေရှင်း၍မကုန်နိုင်သော ရုပ်ပြဿနာပေါင်း သောင်းခြောက်ထောင်ကိုလည်း ရင်ဆိုင်တွေ့ကြုံနေကြရလေသည်။

ယနေ့ ညူကလီယား သိပ္ပံပညာရှင်ကြီးများ ရင်ဆိုင်ကြုံတွေ့နေရသော ရုပ်ပြဿနာပေါင်းများစွာကို စရင်းချပြလျှင် ကုန်နိုင်စရာမရှိသဖြင့် အခြေခံကျသော ရုပ်ပြဿနာအချို့ကိုသာလျှင် ဤစာအုပ်၌ တင်ပြရန် ရည်ရွယ်ပေသည်။

အနုမြူသည် သင်္ခတစကြာဝဠာအတွင်းရှိ ရုပ်အဖွဲ့အစည်းဟူသမျှ၏ အခြေခံရုပ်ဒြပ် ဖြစ်၍ အနုမြူ၏ ဖွဲ့စည်းပုံကို အလုံးစုံသိလျှင် သင်္ခတစကြာဝဠာ၏ ရုပ်ပိုင်းဘာဝဖွဲ့စည်းပုံ အားလုံးကို သိနိုင်မည်ဟု ယုံကြည်ရပေ၏။ ဤယုံကြည်ချက်အရ ညူကလီယား သိပ္ပံပညာရှင်ကြီးများသည် ကြိုးပမ်းနေကြခြင်း ဖြစ်သည်။

အနုမြူသိပ္ပံပညာရှင်ကြီးများ ရင်ဆိုင်နေရသော အခြေခံအကျဆုံး ပြဿနာမှာ **ရုပ်ဖွဲ့စည်းရေးစွမ်းအားပြဿနာများ** ပင် ဖြစ်၏။

အနုမြူ၏ ဖွဲ့စည်းပုံတွင် အခိုင်မာဆုံးနှင့် အကျစ်လစ်ဆုံးဖြစ်သော ညူကလီယားပစ် (Nucleus)၌ ပါဝင်ကြသော ညူထရွန်နှင့် ပရိုတွန်တို့သည် မည်ကဲ့သို့သော စွမ်းအားဖြင့် သွင်ပေါင်းစည်းထား၍ ဤမျှကျစ်လစ်သိပ်သည်းကာ ခိုင်မာနေကြပါသနည်း။

ဤမေးခွန်းသည် တွင်းတွင်းကြီး ပေါ်နေသော ပြဿနာ

ကို တိုက်ရိုက်အဖြေရှာခိုင်းသောမေးခွန်း ဖြစ်သော်လည်း သိပ္ပံပညာရှင်ကြီးများစွာတို့အား အကြီးအကျယ် ခေါင်းခဲစေသောမေးခွန်း ဖြစ်လေသည်။

အဘယ်ကြောင့် ဤမျှ ခေါင်းရှုတ်ရပါသနည်း။

*** ညှုထရွန်သည် လျှပ်စစ်အဖို၊ အမခါတ်သဘော ညီမျှနေသော ရုပ်ဓါတ်ဖြစ်၍ ယင်း၌ ဗဟိဒ္ဓစွမ်းအားသည် လျှပ်စစ်သဘောအရ လုံးဝ မရှိချေ။ ဤသို့ မရှိပါပဲလျက် ပရိုတွန်များကို ဆွဲငင်ပေါင်းစည်းထားခြင်းမှာ အဘယ်ကြောင့်နည်း။**

*** တဖန် ပရိုတွန်သည် လျှပ်စစ်အဖိုဓါတ်သဘောဆောင်သော ရုပ်ဓါတ်ဖြစ်ရာ ပရိုတွန်အချင်းချင်းသည် အကြီးအကျယ် တွန်းကန်ကြသော သဘောသာ ရှိ၏။ ဆွဲငင်နိုင်သောသဘော လုံးဝမရှိချေ။ သို့ဖြစ်ပါလျက် ပရိုတွန်များသည် အနုမြူညှုကလီယာပ်စ်အတွင်း၌ ဘယ်သို့ စုစုစည်းစည်း ပေါင်းသင်းနေထိုင်ကြပါသနည်း။**

ဤမေးခွန်းများသည် အနုမြူ၏ ဖွဲ့စည်းပုံ၌ သိပ္ပံပညာကအလွန်ပင် အားကိုးအားထား ပြုရသော လျှပ်စစ်စွမ်းအင်နှင့် လျှပ်စစ်အဖို၊ အမဓါတ်အားများ (Electrical Energy and Forces)သည် အရာမရောက်နိုင်တော့ကြောင်း ထောက်ပြလိုက်ခြင်းပင် ဖြစ်လေသည်။

ဤနေရာ၌ အနုမြူ၏ ညှုကလီယာပ်စ်ကို ဗဟိုပြု၍ သွေ့ဝိုင်းသော လမ်းကြောင်းများအတိုင်း လှည့်ပတ်လှုပ်ရှားနေကြရသော လျှပ်စစ်အမဓါတ်သဘောဆောင်သည့် အီလက်ထရွန်များသည် ပရိုတွန်များကို (ကျားကန်) ထားကြသလောဟု

စောဒကတက်နိုင်၏။

သို့သော် ဤကိစ္စမှာ (ဆိတ်က ဆင်ကို ထမ်းထားသည်) ဟု ယူဆရမည့်သဘော ဖြစ်၍ လုံးဝ အဓိပ္ပာယ် မရှိချေ။ ရုပ်ပမာဏအလွန်သေး၍ အလေးချိန်ပင် မရှိသလောက် ဖြစ်သော အီလက်ထရွန်များကို အလေးချိန်ရှိသော ပရိုတွန်များကသာ ဆွဲငင်ထားသည်ဟု ဆိုနိုင်၏။ ထို့အတူ အလေးချိန်အစီးဆုံး ဖြစ်သော ညူထရွန်ကသာ ပရိုတွန်များကို ဆွဲငင်ထားသည်ဟု ဆိုနိုင်၏။

သို့ဖြစ်လျှင် လျှပ်စစ်သဘောအရ (ဖို+မ)ခေတ်သဘော ညီမျှနေသော ညူထရွန်သည် ဗဟိဒ္ဓလျှပ်စစ်စွမ်းအား လုံးဝ မရှိပါပဲလျက် လျှပ်စစ်အဖိုခေတ်ရှိသော ပရိုတွန်များနှင့် လျှပ်စစ် အမခေတ်ရှိသော အီလက်ထရွန်များကို ဆွဲငင်စုစည်းထားခြင်းမှာ အံ့သြစရာကောင်းလှသည် မဟုတ်ပါလော။

ညူကလီယာပ်စ်အတွင်းရှိ ဆွဲငင်အားပမာဏမှာ ကြောက်ခမန်းလိလိ ကြီးမားလှသည်။ ညူကလီယာပ်စ်အတွင်းမှ ညူထရွန်တခုကို ဖြစ်စေ၊ ပရိုတွန်တခုကို ဖြစ်စေ၊ ဆွဲထုတ်ရန်မှာ ပေါင်(၁၀၀)အားခန့် လိုကြောင်း သိပ္ပံပညာရှင်တို့ တွေ့ရှိထားကြပြီး ဖြစ်သည်။

အရွယ်အစားနှင့် အလေးချိန်ပမာဏအားဖြင့် အလွန်တရာ သေးငယ်ကြသော ညူထရွန်နှင့် ပရိုတွန်များအတွင်း ဆွဲငင်ပေါင်းစည်းထားသော စွမ်းအားသည် အလွန်တရာ ကြီးမားသော စွမ်းအားထူး ဖြစ်ရာ သိပ္ပံပညာက သိထားသော လျှပ်စစ်စွမ်းအားလည်း လုံးဝ မဖြစ်နိုင်ခြင်းကြောင့် ယင်းစွမ်းအားထူးကို **ညူကလီယားစွမ်းအား**(Nuclear Energy)ဟု သိပ္ပံ

ပညာတွင် သီးခြား ခေါ်ဆိုကြရလေသည်။

ပရမတ်သုံးပါးတရားအမြင်အရ ကြည့်လျှင် အနုမြူရုပ်ဒြပ်ကို ဖွဲ့စည်းရာ၌ အကွဲကွဲ အပြားပြား ဖြစ်နေကြသော ရုပ်ပရမတ်တို့ကို ရုပ်ခဲတ်များ ဖြစ်အောင် ဖွဲ့နှောင်စုစည်းပေးသော စွမ်းအားမှာ စေတသိက်ပရမတ်စွမ်းအားထူး ဖြစ်ကြောင်း ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပေပြီ။ ထိုကြောင့် သိပ္ပံပညာရှင်တို့ ပြဿနာ ဖြစ်ကြရသော **ညူကလီယားစွမ်းအားမှာ စေတသိက်ပရမတ်စွမ်းအားသာ ဖြစ်သည်**ဟု ဗုဒ္ဓသိပ္ပံအရ **နားလည်ရပေသည်**။

စေတသိက်ပရမတ်စွမ်းအား၏ သတ္တိသည် ရုပ်ပရမတ်စွမ်းအားမျှသာ ဖြစ်သော လျှပ်စစ်စွမ်းအား၏ သတ္တိထက် အဆပေါင်းများစွာ သာလွန်ကြီးမားသဖြင့် အချင်းချင်း တွန်းကန်တတ်သော လျှပ်စစ်အဖိုခဲတ်သဘောဆောင်သည့် ပရိုတွန်များကို အတင်းအကြပ် ပေါင်းစပ်စုစည်းပေးနိုင်သကဲ့သို့ လျှပ်စစ်ဆွဲငင်အားမရှိသော ညူထရွန်နှင့် ပရိုတွန်များကိုလည်း အတင်းအကြပ်ပေါင်းစပ်စုစည်းကာ ကျစ်လစ်သိပ်သည်းသော အနုမြူညူကလီယာပ်စ်ကို ဖြစ်ပေါ်စေလေသည်။

ညူကလီယာပ်စ်အတွင်းရှိ ရုပ်ခဲတ်များ၏ သိပ်သည်းခြင်းမှာလည်း ကြောက်ခမန်းလိလိပင် ဖြစ်သည်။ အကြမ်းဖျင်းအားဖြင့်ဆိုလျှင် လူတို့သုံးသော အိမ်သုံးဆားပွင့်လေးတပွင့်ပမာဏရှိသော ညူကလီယားရုပ်ခဲတ်လေးတခု၏ အလေးချိန်သည် တန်ချိန်တထောင်ကျော်ခန့် ရှိမည် ဖြစ်လေသည်။

ဤမျှကျစ်လစ်သိပ်သည်းအောင် စုစည်းပေါင်းစပ်ပေးနိုင်သော စွမ်းအားသည် သိပ္ပံပညာမှ သိထားသော **လျှပ်စစ်စွမ်း**

**အား**(Electrical Force)နှင့်**သံလိုက်စွမ်းအား**(Magnetic Force)များနှင့် မနှိုင်းယှဉ်သာအောင် ကြီးမားလှသဖြင့် ဗုဒ္ဓသိပ္ပံအရ **စေတသိက်ပရမတ်စွမ်းအား** ဖြစ်ကြောင်းထင်ရှားလှပေသည်။

သိပ္ပံပညာကမူ ညျူကလီယားစွမ်းအားဟု ခေါ်၍ ဤစွမ်းအားအကြောင်းကို ပိုမိုနားလည်ရန် ဆက်လက်ရှာကြံကြသောအခါ အလွန်ရှုတ်ထွေးသော ရပ်ပြဿနာများ တိုးပွားလာလေသည်။

ညျူကလီယားစွမ်းအားအကြောင်း သိရှိရန် ညျူကလီယားပ်စ်ကို ခွဲစိတ်လေ့လာကြရ၏။ ဤအလုပ်မှာ အပြောလွယ်သလောက် အလုပ်ခက်လှသည်။ အထက်တွင် ဖော်ပြခဲ့သော ဆိုက်ကလိုထရွန်၊ ကော့စမိုထရွန်နှင့် ဆင်ကရိုထရွန်ကိရိယာကြီးများသည် ညျူကလီယားပ်စ်ကို ခွဲစိတ်စမ်းသပ်သော ကိရိယာကြီးများပင် ဖြစ်ကြပေသည်။

အလွန်ကျစ်လစ်သိပ်သည်းသော ညျူကလီယားပ်စ်ကို ခွဲကြည့်ရန်အတွက် ကြီးမားသောခွဲအား လို၏။ ယင်းခွဲအားမှာ ပရိုတွန်များ သို့မဟုတ် ညျူထရွန်များဖြင့် ညျူကလီယားပ်စ်ကို ပစ်ခွင်းခြင်းဖြင့် ရရှိလေသည်။ ပစ်တိုင်းထိရန် မလွယ်ကူသဖြင့် ပစ်မှတ်ကို ထိရန် ကျည်ဆံများစွာ ကုန်မှ တချက်တလေ ထိမှန်လေသည်။ ဤသို့ ထိမှန်အောင် စိတ်ရှည်လက်ရှည် ပစ်ခတ်နေရသော အလုပ်သည် ညျူကလီယား သိပ္ပံပညာရှင်တို့အတွက် နေ့စဥ်လုပ်ရပ်တခုပင် ဖြစ်လေသည်။

ဤသို့ ပစ်ခတ်လေ့လာ၍ တချက်တလေထိမှန်သောအခါတွင် ညျူကလီယားပ်စ်သည် လှုပ်လှုပ်ရွရွ ဖြစ်လာခြင်း၊ ရုပ်

ပြောင်းလဲသွားခြင်း၊ ခေတ်ပြောင်းလဲသွားခြင်း၊ ဇီဝပြောင်းလဲသွားခြင်း စသော အဖြစ်များမှာ ထိမှန်မှုအတိုင်းအတာကို လိုက်၍ ဖြစ်ပေါ်ကြသည်။

ဤသို့ ဖြစ်ပေါ်သော အခြေအနေလေးကို အခွင့်ကောင်းယူ၍ ညူကလီယာပ်စ်ကို ဖွဲ့စည်းထားသော စွမ်းအား၏ အကြောင်းတရားကို ရှာဖွေလေ့လာရခြင်း ဖြစ်သည်။ ခက်ခဲပင်ပန်းစွာ အချိန်ယူ၍ လေ့လာသောအခါမှ ညူထရွန်နှင့် ပရိုတွန်တို့အကြား၌ ဆွဲအားကို ဖြစ်ပေါ်စေသော **မေဆွန်**(Mesons)ဟု ခေါ်သည့် **ရုပ်သစ်တမျိုး**ကို တွေ့ကြရလေသည်။

ထိုအခါ (**မေဆွန်**)များသည် ညူကလီယာပ်စ်ကို စုစည်းပေးသော အနုမြူကော်ခေတ်များ ဖြစ်သည်ဟု ယူဆကာ ဆက်လက်လေ့လာသောအခါ မေဆွန်အမျိုးမျိုး ဖြစ်နေကြောင်း ရှုတ်ထွေးစွာ တွေ့လာရပြန်သည်။ ၎င်းတို့ကို **ပိုင်ယွန်များ**(Pions)နှင့် **မြူယွန်များ**(Muons)ဟု ခေါ်ဝေါ်သတ်မှတ်ထား၏။

(ပိုင်ယွန်များ)ကို လေ့လာသောအခါ အဖိုခေတ်၊အမခေတ်နှင့် သမခေတ်သဘောရှိသော အမျိုးအစားသုံးခု ပါကြောင်း တွေ့ရပြန်သည်။ ပိုင်ယွန်ဖို၊ မများသည် သက်ဆိုင်ရာ ခေတ်သဘောဆောင်သော (မြူယွန်များ)အဖြစ်သို့ ပြောင်းလဲနိုင်ကြ၏။ သမခေတ်ရှိသော (ပိုင်ယွန်များ)မှာ ဖိုမခေတ်သဘောကင်းသော **ဖိုတွန်များ**နှင့် ဖိုမခေတ်သဘောကင်းသော **ညူထရီနိုများ**(Neutrinos)အဖြစ်သို့ ပြောင်းလဲနိုင်ကြသည်ကို လေ့လာတွေ့ရှိရ၏။

ဖိုတွန်များသည် အလင်းရောင်လှိုင်းများကို ဖြစ်ပေါ်စေ

သော ဝဏ္ဏရုပ်များ ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်၏။ ၎င်းတို့တွင် အစိုင်အခဲဟု ခေါ်ဆိုနိုင်သော ရုပ်လက္ခဏာရှိသော်လည်း **ညျူထရီနိုများမှာမူကား** ရုပ်လက္ခဏာ လုံးဝ ပျောက်ကာ အလွန်တို၍ မြန်သောလှိုင်းသဘောသက်သက်သာ ရှိကြောင်း တွေ့ရလေသည်။

ဤသို့သော ရုပ်လက္ခဏာများတွင် ရုပ်ပမာဏကွာခြားချက်နှင့် ယင်းတို့၏ လှုပ်ရှားသွားလာမှု သဘောကို မူတည်၍သာ လျှင် ခွဲခြားကြည့်ရှုရခြင်း ဖြစ်၏။

ဤသဘောအရ ခွဲခြားသောအခါ ညျူထရွန်၊ ပရိုတွန်၊ အီလက်ထရွန်၊ မြူယွန်နှင့် ညျူထရီနိုတို့သည် ရုပ်ပမာဏအကြီးဆုံးမှ အငယ်ဆုံးအဆင့်သို့ ခြားနားမှု ရှိသော်လည်း **လှုပ်ရှားမှုတွင် စက်ဝိုင်းပုံ** လှည့်ပတ်၍ အလွန်လျင်မြန်စွာ ခရီးသွားတတ်၏။ ဖိုတွန်နှင့် ပိုင်ယွန်သုံးမျိုးတို့မှာကား ရုပ်ပမာဏသဘောကင်းမဲ့ကြပြီး လှုပ်ရှားရာတွင် **လှိုင်းအသွင်ဖြင့်အလျားလိုက်** ခရီးသွားကြသောသဘော ရှိလေသည်။

ဤသို့သော ခြားနားချက်များကို သိရုံမျှဖြင့် အနုမြူအတွင်းရှိ ရုပ်ပြဿနာများကို ဖြေရှင်းနိုင်ခြင်း မရှိချေ။ ပို၍သာ ရှုတ်ထွေးလာစေ၏။ ယင်းပြဿနာများကို ထပ်မံရှင်းလင်းရန် စူးစမ်းလေ့လာသောအခါတွင် ဖော်ပြပါ လက္ခဏာရုပ် ၁၄ မျိုး အပြင် နောက်ထပ် လက္ခဏာရုပ် ၁၆ မျိုးကို တွေ့လာကြရပြန်သည်။

အထက်တွင် ဖော်ပြခဲ့သော လက္ခဏာရုပ် ၁၄ မျိုးတို့၏ ရုပ်ပမာဏသည် အီလက်ထရွန်နှင့် ပရိုတွန်တို့၏ ရုပ်ပမာဏ အတွင်းသာ ရှိကြ၏။ နောက်ထပ်တွေ့လာရသော လက္ခဏာ

ရုပ် ၁၆ မျိုးတို့မှာမူ ပရိုတွန်နှင့် ညျူထရွန်များထက် ရုပ်ပမာဏ ပို၍ ကြီးမားကြလေသည်။ ၎င်းတို့ကို **ဟိုက်ပါယွန်များ** (Hyperons)ဟု ခေါ်၏။

**ဟိုက်ပါရွန်**သုံးမျိုးသုံးစား တွေ့ရသည့်အနက် **လမ်မဒါ ဟိုက်ပါရွန်များ**(Lamda Hyperons)မှာ လျှပ်စစ်သမ ခဓာတ်သဘောရှိကြပြီး **ဆစ်ဂမာဟိုက်ပါရွန်များ** (Sigma Hyperons)နှင့် **ဇိုင်ဟိုက်ပါရွန်များ** (Xyhyperons) မှာ လျှပ်စစ်အဖို၊အမနှင့် သမဓာတ်သဘော သုံးမျိုးလုံး ရှိကြောင်း တွေ့ရလေသည်။

**ဟိုက်ပါရွန်များ**၏ အကြောင်းကို ဆက်လက်စူးစမ်းလေ့လာပြန်သောအခါ ဟိုက်ပါရွန်အမျိုးအစားကို လိုက်၍ **ကေ မေဆွန်**(K-Mesons)ဟု ခေါ်သော **လက္ခဏာရုပ်များကို** ထပ်မံတွေ့ရှိရပြန်၏။ ၎င်းတို့သည် ပထမတွေ့ရသော မေဆွန် များထက် အလေးချိန်ပိုမိုကြလေသည်။

ဤသို့သော ရှုတ်ထွေးပွေလီလှသည့် လက္ခဏာရုပ်များကို **အနုမြူ**၏ ညျူကလီယာပစ်အား ခွဲစိတ်လေ့လာရာမှ တွေ့လာရ သော်လည်း ညျူကလီယားစွမ်းအား၏ အကြောင်းတရားကိုမူ ရှာဖွေ၍ မရနိုင်ကြချေ။

အထက်ပါ ညျူ ကလီယားသုတေသနများမှ ထွက်ပေါ်လာ သော တခုတည်းသော ရလာဒ်မှာ အနုမြူအဆင့်ထက်နိမ့်သော ရုပ်ဓာတ်များနှင့် ရုပ်ဓာတ်ခန္ဓာများကို ခွဲစိတ်လေ့လာသော အခါ ရှုတ်ထွေးသော **လက္ခဏာရုပ်များကို** တွေ့ရသော်လည်း **အချုပ်သဘောမှာ လျှပ်စစ်အဖိုဓာတ်၊** **အမဓာတ်နှင့် သမ ဓာတ်**သဘောတရားများသာ ရှိကြောင်း တွေ့ရခြင်းပင် ဖြစ်၏။

ဤနေရာ၌ လျှပ်စစ်ဓာတ်ကို အခြေခံ၍ လျှပ်စစ်ဓာတ်ဖို၊ ဓာတ်မနှင့် သမဓာတ်ဟု ဆိုရသော်ငြားလည်းအနုမြူစွမ်းအား တို့သည် လျှပ်စစ်စွမ်းအားထက် အဆပေါင်းများစွာ သာလွန် ကြီးမားကြောင်း သိပ္ပံပညာရှင်များ သိထားကြပြီး ဖြစ်၏။

အထက်ပါ တွေ့ရှိလေ့လာချက်များအရဆိုလျှင် လျှပ်စစ် စွမ်းအားနှင့် သံလိုက်စွမ်းအားတို့ကိုဖြစ်ပေါ်စေသောလက္ခဏာ ရုပ်သည် (ဖိုတွန်)တခုသာလျှင် အကြုံးဝင်ပြီး ကျန်လက္ခဏာ ရုပ်များမှာ အနုမြူစွမ်းအား သို့မဟုတ် ညူကလီယားစွမ်းအား ဖြစ်ပေါ်စေရာတွင် အကြုံးဝင်ကြောင်း တွေ့ရလေသည်။

ထိုကြောင့် အနုမြူတခုကို ဖွဲ့စည်း ဖြစ်ပေါ်စေသော စွမ်း အားသည် အနုမြူစွမ်းအားသာ ဖြစ်၍ လျှပ်စစ်စွမ်းအားနှင့် သံလိုက်စွမ်းအားများထက် အဆပေါင်းများစွာ ကြီးမား ကြောင်း ထင်ရှားစွာသိလာရလေသည်။ လျှပ်စစ်စွမ်းအားနှင့် သံလိုက်စွမ်းအားများသည် **အပူစွမ်းအား** (Heat) **အလင်း ရောင်စွမ်းအား** (Light) **အသံစွမ်းအား** (Sound)စသော ရုပ်စွမ်းအားများနှင့် အပြန်အလှန်ဆက်သွယ်လျက် ရှိကြသော် လည်း အနုမြူစွမ်းအားမှာကား သီးခြားဖြစ်ပေါ်လာကြောင်း တွေ့ရလေသည်။

အနုမြူစွမ်းအားမှာ အကြီးမားဆုံးဖြစ်၍ လျှပ်စစ်စွမ်းအား၊ သံလိုက်စွမ်းအား၊ အပူစွမ်းအား၊ အလင်းရောင်စွမ်းအား၊ အသံစွမ်းအား စသည်များအသွင်ဖြင့် လှုပ်ရှားသက်ဝင်နိုင် သော်လည်း စွမ်းအားငယ်များမှာ အနုမြူစွမ်းအားအဆင့်သို့ မည်သည့်နည်းနှင့်မျှ မတက်လှမ်းနိုင်ကြချေ။ ဤအချက်မှာ သိပ္ပံဥပဒေသတရပ် ဖြစ်၏။

စွမ်းအားတို့၏ သဘောသဘာဝအရ စွမ်းအားကြီးမှ စွမ်းအားငယ်သို့သာ ဆင်းသက်နိုင်၏။ စွမ်းအားငယ်မှ စွမ်းအားကြီးသို့ မတက်ရောက်နိုင်ချေ။

ထို့ကြောင့် စွမ်းအားငယ် အဆင့်အတန်းသာရှိသော လျှပ်စစ်စွမ်းအား၊ သံလိုက်စွမ်းအား၊ အပူစွမ်းအား၊ အလင်းရောင်စွမ်းအား၊ အသံစွမ်းအားစသည်များမှာ ရုပ်စွမ်းအင်နှင့် ဆိုင်သော ရုပ်စွမ်းအားများသာ ဖြစ်ကြပြီး **အနုမြူစွမ်းအား၊ ညျူကလီယားစွမ်းအားများမှာမူကား စိတ်စွမ်းအင်နှင့်ဆိုင်သော အစိတ်အပိုင်းများ ပါဝင်နေကြ၍ ရုပ်စွမ်းအားသက်သက် မဟုတ်ဟု** ဗုဒ္ဓသိပ္ပံအရ တိကျပြတ်သားစွာ နားလည်ထားအပ်ပေသည်။

ယနေ့အထိဖြစ်သော အနုမြူသိပ္ပံပညာသည် ပရမတ်သုံးပါးတရားကို နားလည်သဘောပေါက်နိုင်စွမ်းမရှိသေးခြင်းကြောင့် အနုမြူစွမ်းအား၏ သဘောသဘာဝကို လျှပ်စစ်စွမ်းအား၏ သဘောသဘာဝနှင့် ယှဉ်၍သာလျှင် နားလည်ရန် ကြိုးပမ်းကြောင်း တွေ့ရ၏။

လျှပ်စစ်စွမ်းအား၏ အခြေခံသဘောမှာ လျှပ်စစ်အဖိုဓာတ်နှင့် လျှပ်စစ်အမဓာတ်၊ လျှပ်စစ်သမဓာတ်ဟူ၍ ရှိသည့်နည်းတူ ညျူကလီယားစွမ်းအား၏ အခြေခံသဘောမှာလည်း **အနုမြူအဖိုဓာတ်၊ အနုမြူအမဓာတ်နှင့် အနုမြူသမဓာတ်ဟူ၍** ရှိရမည်ဟု ကောက်ချက်ချလေသည်။(Positive, Negative, neutral Nucleonic Charges)

ဤသို့ရှိကြောင်းကို ဖော်ပြခဲ့သော ညျူကလီယား သုတေသနတွေ့ရှိချက်များက သက်သေပြခဲ့သည်မှာ အမှန်ပင် ဖြစ်၏။

သို့ရာတွင် အနုမြူသိပ္ပံပညာရှင်များအဖို့ကား ရုပ်စွမ်းအင်နှင့် စွမ်းအားပြဿနာများသည် ပြေလည်ခြင်း မရှိနိုင်သေးချေ။ အကြောင်းမူကား အနုမြူသိပ္ပံပညာရှင်ကြီးများကို အောက်ပါ မေးခွန်းအချို့သည် (စိမ်)ခေါ်မြဲ ခေါ်နေခြင်းကြောင့် ဖြစ်ပေ၏။

(က) **အနုမြူစွမ်းအင်နှင့် စွမ်းအားသည်** ဘာကြောင့် **လျှပ်စစ်**စွမ်းအင်နှင့် စွမ်းအားတို့ထက် ကြီးမားရပါသနည်း။

(ခ) စွမ်းအားတွင် ဘာကြောင့် **အဖိုဓာတ်၊ အမဓာတ်** နှင့် **သမဓာတ်**ဟူ၍ ရှိနေကြရပါသနည်း။

(ဂ) အဖိုဓာတ်၊ အမဓာတ်နှင့် သမဓာတ်တို့သည် ရုပ်အားလုံးတွင် အဘယ်ကြောင့် **စံချိန်ကိုက်**ကာ တိတိကျကျ ပါဝင်နေရပါသနည်း။ **ဤစံချိန်**ကို ဘယ်အရာက **ထိန်းကျောင်းပေး**နေပါသနည်း။

(ဃ) ရုပ်စွမ်းအားများကို **အရေအတွက်**အရ မည်မျှပင် ကြီးမားအောင် ပြုလုပ်ပေးသော်လည်း **အရည်အချင်း**အရ ထူးခြားသော သတ္တိရှိမလာသည်မှာ ဘာကြောင့်နည်း။

(င) ရုပ်လက္ခဏာတိုင်းတွင် အဖိုဓာတ်ရှိလျှင် အမဓာတ်ရှိပြီး တခုနှင့်တခု **ဆန့်ကျင်ဘက်ရုပ်များ** ဖြစ်နေကြခြင်းမှာ ဘာကြောင့်နည်း။(why are there Particles and Anti-particles)

(စ) ဆန့်ကျင်ဘက်ဓာတ်သဘောများ ရှိနေသော ရုပ်သဘာဝများအား ကျစ်လစ်ခိုင်မာအောင် ဆွဲငင်

ဖွဲ့စည်းပေးနိုင်သော အလွန်ထူးခြားသည့် **စွမ်း အားထူးကြီးရှိသည်မှာ** သေချာသဖြင့် ယင်းစွမ်း အားထူးကြီးမှာ ဘယ်ကလာသနည်း။

အနုမြူသိပ္ပံပညာအနေဖြင့် ယနေ့ရင်ဆိုင်နေရသောပြဿနာ များကို မေးခွန်းထုတ်ရလျှင် ဝိုင်းဝိုင်းလည်ကာ အစရှာမရ အောင် မေးခွန်းပေါင်း သောင်းခြောက်ထောင်မျှ ပေါ်ထွက် လာပေလိမ့်မည်။ ထို့ကြောင့် သဘာဝလောကခေတ်ကြီးကို လက်မြှောက် အရှုံးပေးလိုသော **ဝါနာဟေဇင်ဘာဂ်** (wer- ner Heisenberg-1927) ကဲ့သို့သော ပုဂ္ဂိုလ်အချို့က **မရေရာသော လောက အယူအဆ** (Uncertainty Princi- ple)ကို သွတ်သွင်းလာကြသည်။

**အမှန်စင်စစ် သဘာဝလောကခေတ်၏ ခက်ခဲနက်နဲသော လျှို့ဝှက်ချက်များကို လူသားတို့အသိဉာဏ်ဖြင့် မနေမနား ကြိုးစားဖော်ထုတ်လျှင် မသိနိုင်သောအရာ၊ မရေရာသော ကိစ္စဟူ၍ ဘာတခုမှ မရှိနိုင်ချေ။**

ဤသို့ ဖော်ထုတ်တင်ပြခဲ့သော ဗုဒ္ဓသည် အတိုင်းမသိသော ဉာဏ်ပညာတော်ဖြင့် ပြည့်စုံသော လူ့လောက၏ လူသားတဦး ပင် မဟုတ်ပါလော။ ဗုဒ္ဓပွင့်တော်မူရသောခေတ်သည် အရှေ့ တိုင်းတွင် အလွန်ရှေးကျသော ပဒေသရာဇ်ခေတ်ဦးပိုင်းမျှသာ ဖြစ်၍ ခေတ်အရဆိုလျှင် တိုးတက်သော အသိဉာဏ်ပညာတို့ ထွန်းကားစရာ အကြောင်းမရှိဟု ဆိုရပေမည်။

ထို့ပြင် ဗုဒ္ဓ၏ လူမှုပတ်ဝန်းကျင်သည် ပြင်းထန်သော **လူတန်းစားဖိနှိပ်မှုများဖြင့် တန်ဆာဆင်အပ်သော လူမှုပတ် ဝန်းကျင်မျိုး ဖြစ်ရကား ဗုဒ္ဓမြတ်ဘုရား၏ အသိတရားတော်**

**ထူးများမှာ ထိုခေတ်၏ ကန့်သတ်ချက်အမျိုးမျိုးကို ရိုက်ချိုး တော်လှန်၍ ရှင်သန်အားယူလာကြရပေ၏။**

သဘာဝလောကခေတ်၏ နက်နဲသော လျှို့ဝှက်ချက်များကို ပိုင်နိုင်စွာ သိမြင်၍ အလိုရှိရာ ဖမ်းယူစေစားနိုင်သော ဗုဒ္ဓမြတ်ဘုရားကိုပင် ဆန့်ကျင်ရန်မှုသော အင်အားစုများမှာ မသေး ငယ်လှချေ။

ဤသို့သော ရန်စွယ်အမျိုးမျိုးတို့ကို ငြိမ်းချမ်းစွာ ချိုးနှိမ်၍ အောင်မြင်မှုအဝဝကို ရရှိနိုင်ခြင်းမှာ ဗုဒ္ဓမြတ်ဘုရားသည် စိတ်ပရမတ်စွမ်းအင်နှင့် စေတသိက်ပရမတ်စွမ်းအားတို့ကို ရုပ်ပရမတ်စွမ်းအင်နှင့် စုပေါင်းလျက် အကောင်းဆုံး အသုံးချနိုင်ခြင်းကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူခဲ့သော ပရမတ် သုံးပါးတရားကို သိပ္ပံနည်းကျစွာ ရှုမြင်နားလည်၍ ယနေ့အနုမြူသိပ္ပံ၏ ရုပ်ပြဿနာများကို ကြည့်လျှင် အနုမြူသိပ္ပံ ပညာရှင်တို့ ရှာဖွေနေကြသော အနုမြူ၏ ဖွဲ့စည်းရေးစွမ်းအား များသည် **စေတသိက်ပရမတ်စွမ်းအားများသာ** ဖြစ်ပြီး ယင်းတို့မှာ စိတ်ပရမတ်စွမ်းအင်ထူးကြီးမှ ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း ဗုဒ္ဓသိပ္ပံအရ သိရှိလာကြမည် ဖြစ်၏။

သို့ဖြစ်လျှင် စိတ်ပရမတ်စွမ်းအင်ကို ဘယ်မှာ ရှာရမည်နည်း။ စိတ်ပရမတ်စွမ်းအင်၏ ပမာဏသည် မည်၍မည်မျှရှိပါသနည်း၊ စိတ်ပရမတ်စွမ်းအင်ကို ဘယ်သို့ ထုတ်လုပ်ရရှိပါသနည်း၊ စိတ်ပရမတ်၏ စွမ်းအင်မှ စေတသိက်ပရမတ်စွမ်းအားကို ဘယ်သို့ ထုတ်ပေးပါသနည်း၊ စိတ်ပရမတ်စွမ်းအင်တို့သည် အားလုံး တူညီကြပါသလော စသည့် မေးခွန်းများကို

သိပ္ပံနည်းကျစွာ ဖြေဆိုနိုင်ပါ၏လော။

ယနေ့ လက်တွေ့သိပ္ပံပညာသည် ရုပ်နယ်ပယ်အတွင်းမှာပင် တဝဲလယ်လယ် ဖြစ်နေရ၍ ရုပ်ပရမတ်တရားများကိုပင် စမ်းတဝါးဝါးဖြစ်နေသေးပါသော်ငြားလည်း **သိပ္ပံအတွေးအခေါ် သဘောတရားများအရမူကား စွမ်းအင်နှင့် စွမ်းအားတို့၏ ပရမတ္ထသဘောသဘာဝကို** နားလည်ထားပြီဖြစ်၍ စိတ်ပရမတ်စွမ်းအင်နှင့် စေတသိက်ပရမတ်စွမ်းအားတို့၏ သဘောလက္ခဏာများကို **ဗုဒ္ဓမြတ်ဘုရား၏ ရှင်းလင်းချက်များအပေါ်တွင် မှီး၍** သိပ္ပံသဘောတရားများဖြင့် ရှင်းလင်းနားလည်နိုင်သည်ဟု ခံယူမိပေသတည်း။

# အခန်း (၁၃)

# စိတ်ပရမတ်စွမ်းအင်ကို ညှုကလီယား သိပ္ပံအမြင်ဖြင့် ဆင်ခြင်သုံးသပ်ခြင်း

ပရမတ်သုံးပါးတရားတွင် အချက်အချာအကျဆုံး ဖြစ်သော **စိတ်ပရမတ်စွမ်းအင်ထုးကြီး**၏ ကေန်ကေ ပရမတ္ထသစ္စာ ဖြစ်ပုံကို သိပ္ပံပညာအမြင်ဖြင့် ဆင်ခြင်သုံးသပ်ရသော ကိစ္စသည် အလွန်တရာ သိမ်မွေ့နက်နဲသောကိစ္စ ဖြစ်ပေ၏။ မြတ်ဗုဒ္ဓ ဟောကြားတော်မူသော **စိတ်အဘိဓမ္မာဒေသနာသည် အလွန်အနုစိတ်လှ၍ ကျယ်ပြန့်ထွေပြောရကား ပုထုဇဉ် လူသားတို့၏ ယနေ့ဉာဏ်အမြင် ဖြစ်သော သိပ္ပံအတွေးအခေါ်သဘောတရားများသည် စိတ်အဘိဓမ္မာအားလုံးကို တိကျစွာ နားလည်ခြင်းငှာ မစွမ်းသာပါချေ။**

ဤအချက်ကို အလေးအနက်ဝန်ခံ၍ သိပ္ပံပညာအဖြာဖြာတို့၏ မိုက်မဲထောင်လွှားသော မာန်မာနများကို နှိမ်ချရိုကျိုးလက်စုံမိုးလျက် မြတ်ဘုရား၏ အတိုင်းမသိသော စိတ်ပရမတ်စွမ်းအင်တန်ခိုး အမျိုးမျိုးတို့အပေါ်တွင် မဆင်မခြင် ပြစ်မှားကာ သံသယထားကြသော အဝိဇ္ဇာနယ်သားတို့သည် တရားရကြစေကုန်သတည်း။

အဘယ်ကြောင့် အထက်ပါစကားကို ဆိုပါသနည်းဟူမူ စိတ်ပရမတ်စွမ်းအင်၏ သဘောသဘာဝကို သိပ္ပံပညာအမြင်ဖြင့် ဆင်ခြင်စဉ်းစားသောအခါ **တန်ခိုးတော်အနန္တ** ဆိုသည်မှာ အလွန်ပင် ဖြစ်နိုင်သောအရာဟု ကောင်းစွာ နားလည်နိုင်ခြင်းကြောင့် ဖြစ်၏။

ရှေးဦးစွာ **စိတ်ပရမတ်စွမ်းအင်ထူးကြီး**၏ သဘာဝနှင့် ပမာဏကို မခန့်မှန်းသေးပဲ ရုပ်ပရမတ်စွမ်းအင်နှင့် စွမ်းအားတို့၏ သဘာဝနှင့် ပမာဏကိုပင် အခြေခံသား၍ စဉ်းစားဆင်ခြင်အပ်၏။

ရုပ်ပရမတ်စွမ်းအင်၏ သဘာဝနှင့် ပမာဏကို ခန့်မှန်းတွက်ချက်၍ ပြနိုင်ခဲ့သော သိပ္ပံပညာကျော်ကြီးမှာကား ဖော်ပြခဲ့ပြီးသော ဒေါက်တာအိုင်စတိုင်းပင် ဖြစ်၏။

ဒေါက်တာအိုင်စတိုင်း တွေ့ရှိခဲ့သော ရုပ်နှင့် စွမ်းအင်တို့၏ အညမညသမုတိသစ္စာသီဝရီ(Relativity of Matter and Energy) အရ **ရုပ်နှင့် စွမ်းအင်တို့၏ အညမညတရား**ကို အောက်ပါ ပုံရှင်နည်းကြီးဖြင့် ညွှန်ပြလေသည်။

ရုပ်စွမ်းအင်=ရုပ်ဓာတ်ပမာဏ×(အလင်းရောင်နှုန်း)၂

$$E = m \times c^2$$

ဤပုံရှင်နည်းကို ရှေ့အခန်းများတွင် အတော်ပင် ရှင်းလင်းတင်ပြခဲ့ပြီးသော်လည်း ယခုအခန်း၌ ထပ်မံ၍ ရှင်းရပေဦးမည်။ အကြောင်းမူ ဤနည်းမှာ ယနေ့သိပ္ပံပညာက သိထားသမျှသော ရုပ်ပရမတ်စွမ်းအင်၏ သဘာဝနှင့် ပမာဏကို ညွှန်ပြနိုင်ခြင်းကြောင့် ဖြစ်၏။ **ရုပ်ပရမတ်စွမ်းအင်၏ သဘာဝနှင့် ပမာဏကို သိပြီးမှသာလျှင် စိတ်ပရမတ်စွမ်းအင်သို့** တက်

လှမ်း၍ ရပေလိမ့်မည်။

ရုပ်ပရမတ်စွမ်းအင်၏ သဘာဝနှင့် ပမာဏကို ဒေါက်တာ အိုင်စတိုင်းသည် သဘောတရားသိပ္ပံပညာအမြင်အရ အထက်ပါ ပုံရှင်နည်းဖြင့် ညွှန်ပြလိုက်ပြီးနောက် ဤသဘောကို အသုံးချ၍ ကြီးမားသော စွမ်းပကားရှိသည့် အနုမြူအင်အားကြီးကို ထုတ်လုပ်နိုင်ကြောင်း ထောက်ပြခဲ့လေသည်။

**ဤသို့ ထောက်ပြခဲ့မိခြင်းမှာ မှားလေစွတကားဟု** နောင်အခါတွင် သိပ္ပံပညာကျော်ကြီးသည် ကြီးစွာ နောင်တတရားရခဲ့ပေ၏။ အဘယ်ကြောင့်ဆိုသော် သူထောက်ပြခဲ့သော သဘောတရားသည် လက်တွေ့ဘဝသို့ ကူးပြောင်းသွားသည်နှင့် တပြိုင်နက် လူသားပေါင်းများစွာတို့၏ အသက်စည်းစိမ်အိုးအိမ်တို့ကို စိစိညက်ညက်ကြေအောင် ချေဖျက်နိုင်သော အနုမြူဗုံးလေး ၂ လုံးသည် ၁၉၄၅ ခုနှစ်က ဂျပန်ပြည် **ဟီရိုရှိမားနှင့် နဂါစကီ**မြို့ကြီး ၂ မြို့ကို ပျက်သုဉ်းသွားအောင် ဖန်တီးလိုက်ကြလေတော့သည်။

ထိုဗုံးလေး (၂)လုံးသည် ရုပ်ပမာဏ ၂-ကီလိုတန်စီသာ ပါရှိသော ဗုံးလေးများ ဖြစ်ကြ၍ ယခုခေတ် အနုမြူဗုံးစံချိန်နှင့်ယှဉ်ကြည့်လျှင် သေးသေးငယ်ငယ်လေးများသာ ဖြစ်၏။ ယခုခေတ်တွင် အငယ်ဆုံးဗုံးသည် ၂-မီဂါတန်ဗုံး ဖြစ်ပြီး အကြီးဆုံး ဗုံးများသည် ၂၅-မီဂါတန်ထက် မနည်းကြချေ။ တမီဂါတန်ဆိုသည်မှာ ကီလိုတန် တထောင်နှင့် ညီမျှသဖြင့် ယခုခေတ် အနုမြူဗုံးကြီးများ၏ ဖျက်ဆီးအားကို စဉ်းစား၍သာ ကြည့်ကြပါတော့။

အနုမြူဗုံး ပေါက်ကွဲသောအခါတွင် ဖြစ်ပေါ်လာသော

စွမ်းအားများမှာ မရေမတွက်နိုင်အောင် များပြား၍ ကြီးမား လှ၏။ ယင်းစွမ်းအားတို့ကို အဆင့်လိုက် ဖော်ပြရသော် **ပေါက်ကွဲမှုအား** (Atomic Blast)၊ ပေါက်ကွဲမှုကြောင့် ထွက်လာသော **အသံအား**(Atomic Sound)၊ ထို့နောက် ကြီးမားသော **အပူအား**(Atomic Heat)နှင့် **အပူလှိုင်းလုံး ကြီးများ ရိုက်ခတ်သောအား**(Heat Waves)၊ နောက်ဆုံး တွင် အစအဆုံးမရှိသော **အနုမြူရောင်ခြည်အား**(Atomic Radiations)တို့မှာ အဓိကစွမ်းအား ဂယက်လှိုင်းကြီးများ ဖြစ်ကြလေသည်။

ဤသို့သောစွမ်းအားကြီးများသည် အနုမြူဗုံးကို ဖောက်ခွဲ ရာမှ ထွက်ပေါ်လာကြခြင်းဖြစ်၍ ယင်းတို့သည် အနုမြူလေး အတွင်း၌ ပါဝင်နေကြသည်မှာ အမှန်ပင်ဖြစ်၏။ အံ့သြစရာ မကောင်းပါလော။ **အလွန်တရာ သေးငယ်လှသော အနုမြူ မှုန်ကလေးများအတွင်း၌ ဤမျှကြီးမားသော စွမ်းအားကြီး များသည် ဘယ်နည်းဘယ်ပုံ ပါဝင်နေကြပါသနည်း။**

ဤအဖြေကိုရရှိရန်မှာ အနုမြူဗုံးလုပ်ပုံကို လေ့လာရပေ မည်။ အနုမြူဗုံးလုပ်နည်းမှာ ယခုခေတ်တွင် အဆန်းမဟုတ် တော့ချေ။ ရှေ့အခန်းများတွင် ဖော်ပြခဲ့သော ဆိုက်ကလို ထရွန်၊ ကော်စမိုထရွန်နှင့် ဆင်ကရိုထရွန်ကိရိယာကြီးများသည် အနုမြူကို ခွဲစိတ်ကြည့်သော ကိရိယာကြီးများဖြစ်၍ ထို ကိရိယာများအတွင်း၌ အနုမြူမှုန်အနည်းငယ်မှာ အစဉ် ပေါက်ကွဲနေသည်သာ ဖြစ်၏။

တနည်းဆိုရသော် ထိုကိရိယာကြီးများမှာ အသေးဆုံး အနုမြူဗုံးကလေးများကိုဖောက်ခွဲစမ်းသပ်သောကိရိယာများ

ပင် ဖြစ်၏။ ဤကိရိယာများအတွင်း၌ အနုမြူညူကလီယပ်စ်ကို အရှိန်ပြင်းသော ပရိုတွန်များ၊ ညူထရွန်များနှင့် ပစ်ခွဲနေကြခြင်း ဖြစ်သည်။

ဤသို့ ပစ်ခွဲလိုက်သည့်အခါတိုင်း အနုမြူစွမ်းအားများသည် အဆိုပါ ကိရိယာကြီးများအတွင်း၌ ပေါ်ထွက်လာကြသည်။ပမာဏသေးအောင် စီစဉ်ထား၍သော အဆိုပါကိရိယာကြီးများ ခံနိုင်ရည် ရှိကြသည်။ သို့တိုင်အောင် လုံခြုံရေးအစီအမံများကို ထူထပ်စွာပြုလုပ်၍သာလျှင် အဆိုပါကိရိယာကြီးများကို ကိုင်တွယ်ဝံ့ကြလေသည်။

အနုမြူညူကလီယပ်စ်တခုကို ညူထရွန်ကျည်ဆံတတောင့်ဖြင့် ထိမှန်အောင် ပစ်ခတ်မိသောအခါ ညူကလီယပ်စ်သည် အလယ်ဗဟိုတွင် ခါးသိမ်၍ဝင်လာပြီးနောက် ၂-ပိုင်း ကွဲထွက်သွားလေသည်။ ဤသို့ ကွဲထွက်သွားခြင်းသည် မူလ ညူကလီယပ်စ်ကြီးတခုမှ ညူကလီယပ်စ်ငယ် ၂-ခု အဖြစ်သို့ ပြောင်းလဲသွားသောသဘော ရှိ၏။

ယင်းသို့ ပြောင်းလဲသွားသည်နှင့်တပြိုင်နက် ကြီးမားသော အနုမြူစွမ်းအားသည် ထွက်ပေါ်လာလေသည်။ဤနည်းအားဖြင့် **အနုမြူ ခါးသိမ်၍ ကွဲထွက်ခြင်းကို ညူကလီယား နှစ်ခြမ်းကွဲနည်း**(Nuclear Fission)ဟု သိပ္ပံပညာရှင်တို့က ခေါ်ဆိုကြသည်။

အနုမြူအလေးချိန် အရေအတွက် ၂၀၀-ကျော် ရှိသော သတ္တုရုပ်များသည် အထက်ပါအတိုင်း **ညူကလီယား နှစ်ခြမ်းကွဲနည်း**ဖြင့် အနုမြူစွမ်းအားကို ထုတ်ပေးနိုင်ကြ၏။ ယင်းတို့တွင် **ယူရေနီယမ် ၂၃၅** သတ္တုသည် အနုမြူဗုံးလုပ်

ရာတွင် အကောင်းဆုံးသတ္တုဖြစ်ကြောင်း တွေ့ရပေသည်။

**ယူရေနီယမ် ၂၃၅**(Uranium-235)ဟု ဆိုရာ၌ (၂၃၅) မှာ ၎င်းသတ္တု၏ **အနုမြူအလေးချိန်**(Atomic *W*eight) ကို ဖော်ပြခြင်း ဖြစ်သည်။ အနုမြူအလေးချိန် ဆိုသည်မှာ ညူကလီယပ်စ်တွင် ဖွဲ့စည်းပါဝင်ကြသော ညူထရွန်များနှင့် ပရိုတွန်များ၏အရေအတွက်ကို ဆိုလို၏။ အတိုကောက်အားဖြင့်(**ယူ-၂၃၅**)ဟု ရေးသားလေ့ ရှိသည်။

(**ယူ-၂၃၅**)တွင် ညူထရွန်ပေါင်း(၁၄၃)ခုနှင့် ပရိုတွန်ပေါင်း (၉၂)ခုတို့ ပါဝင်ကြ၏။**ယူ-၂၃၅** သည် ခိုင်မြဲသော သတ္တုမဟုတ်သဖြင့် သဘာဝအလျောက်ပင် ၎င်း၏ ညူကလီယပ်စ်မှာ နှစ်ခြမ်းကွဲနိုင်သောသဘော ရှိ၏။ ထို့ကြောင့် အနုမြူဗုံးထဲတွင် **ယူ-၂၃၅** သတ္တုများကို ထည့်သွင်းအသုံးပြုခြင်းဖြင့် ဖောက်ခွဲရာတွင် လွယ်ကူစေ၏။ ညူထရွန်တခု ရလျှင် ပေါက်ကွဲထွက်နိုင်၏။

သို့ရာတွင် သဘာဝအတိုင်း အများအပြားတွေ့နိုင်သော ယူရေနီယမ်သတ္တုမျိုးမှာ **ယူ-၂၃၈** ဖြစ်၏။ **ယူ-၂၃၈** တွင် ညူထရွန်(၁၄၆)ခုနှင့် ပရိုတွန်(၉၂)ခု ပါဝင်ကြ၍ သဘာဝအတိုင်းဆိုလျှင် **ယူ-၂၃၈** သည် နှစ်ခြမ်းကွဲထွက်ရန် ခဲယဉ်း၏။သဘာဝသတ္တုအဖြစ် သီးခြား ခိုင်မြဲစွာ ရပ်တည်နိုင်၏။

**ယူ-၂၃၈** ကို နောက်ထပ် ညူထရွန်တခု ပစ်သွင်းလိုက်၍ **ယူ-၂၃၉** အဖြစ်သို့ ပြောင်းလဲသွားသောအခါ **ယူ-၂၃၅** ကဲ့သို့ပင် ပေါက်ကွဲလွယ်သောသတ္တု ဖြစ်လာပြန်သည်။ **ယူ-၂၃၉**ကို **ပလူတိုနီယမ်**ဟုလည်း ခေါ်ကြ၏။

အလားတူစွာပင် ညူထရွန်(၁၄၃)ခုနှင့် ပရိုတွန်(၉၀)

သာပါဝင်သော သိုရီယမ်-၂၃၃ (Thorium-233) သတ္တုမှာလည်း ယူရေနီယမ်မိသားစုဝင်တဦးဖြစ်ပြီး အလွယ်တကူ ပေါက်ကွဲစေနိုင်၏။ ထို့ကြောင့် ယူ-၂၃၅၊ ယူ-၂၃၉ နှင့် ယူ-၂၃၃ တို့ကို ညူကလီယပ်စ် နှစ်ခြမ်းကွဲနိုင်သောသတ္တုများအဖြစ် အနုမြူဗုံးပြုလုပ်ရာတွင် သုံးစွဲတတ်ကြ၏။

အနုမြူဗုံးလုပ်နည်း၏အခြေခံသဘောမှာ ညူကလီယပ်စ် နှစ်ခြမ်းကွဲနိုင်သောသတ္တုများကို ဗုံးခွက်ထဲတွင် ထည့်သွင်း၍ ထိုသတ္တုဆိုင်အတွင်းသို့ ဖောက်ထွင်းဝင်ရောက်မည့် ညူထရွန်ကျည်ဆံကို ပစ်လွှတ်နိုင်သော အစီအမံတရပ်ဖြင့် ပေါင်းစပ်လိုက်သောအခါ အနုမြူဗုံးကို ရရှိလေသည်။

အနုမြူဗုံးဖောက်ခွဲရာတွင် ညူထရွန်ကျည်ဆံပစ်လွှတ်နိုင်သောအစီအမံကို အချိန်ကိုက်၍ ဖြုတ်ချလိုက်ခြင်း ဖြစ်သည်။ ညူထရွန်ကျည်ဆံသည် ပေါက်ကွဲနိုင်သောသတ္တုဆိုင်ကို ထိမှန်သည်နှင့်တပြိုင်နက် ယူရေနီယမ်အနုမြူတခု နှစ်ခြမ်းကွဲထွက်ကာ ကြီးမားသောစွမ်းအား ဖြစ်ပေါ်လာသည်။ ထိုစွမ်းအားနှင့်အတူ နောက်ထပ် ညူထရွန်များ ထွက်ပေါ်လာကာ နောက်ထပ်၍ ယူရေနီယမ်အနုမြူများကို ဖြိုခွဲပြန်သည်။ ပိုမိုကြီးမားသော စွမ်းအားများ ထွက်ပေါ်လာသည်။

ဤနည်းအားဖြင့် ယူရေနီယမ်အနုမြူတခုကို ညူထရွန်တခုဖြင့် ထိမှန်တိုင်း နောက်ထပ် ညူထရွန်များ ပေါ်ထွက်လာကာ ကျန်အနုမြူများကို ဆက်တိုက် ဖြိုခွဲလိုက်ကြပေရာ **အဆက်မပြတ်သော အနုမြူဓာတ်ပြောင်းလဲမှုများ**(Chain Reactions)သည် အနုမြူဗုံးခွံအတွင်း၌ ဖြင်းထန်လာသော အခါ ကြီးမားသောအရှိန်အဟုန်ဖြင့် တုန်လှုပ်ပေါက်ကွဲလျက်

ကြီးမားသော အနုမြူစွမ်းအားများသည် မရပ်မနား ထွက်ပေါ်လာကြလေသည်။

အနုမြူဗုံးပေါက်ကွဲရာတွင် တုန်လှုပ်ပေါက်ကွဲအား၊ အသံအား၊ အပူအား စသည်တို့မှာ အနုမြူပမာဏကိုလိုက်၍ အချိန်အတော်ကြာ ခံကြသော်လည်း **အနုမြူရောင်ခြည်အားများ** (Radiations) မှာမူကား စကြာဝဠာတခွင်သို့ ရောက်အောင် မရပ်မနား သွားနေကြပြီး လမ်းခရီးတွင် အမျိုးမျိုးသော ဓာတ်ပြောင်းလဲမှုနှင့် ဇီဝပြောင်းလဲမှုများကို ဖန်တီးနိုင်ကြလေသည်။ ဤနည်းအားဖြင့် ရရှိသော အနုမြူစွမ်းအားသည် ဤမျှ ကြီးမားကျယ်ပြန့်စေကာမူ **ဟိုက်ဒရိုဂျင်စွမ်းအားများ**ကိုကား မမှီကြောင်း သိရလေသည်။

**ဟိုက်ဒရိုဂျင်စွမ်းအားသည်** အနုမြူဗုံးထက် ပြင်းထန်သော ဟိုက်ဒရိုဂျင်ဗုံးကို ပြုလုပ်နိုင်သော စွမ်းအား ဖြစ်၏။ ဟိုက်ဒရိုဂျင်စွမ်းအား၏ သဘာဝနှင့် ပမာဏသည် အနုမြူစွမ်းအား၏ သဘာဝနှင့်ပမာဏထက် ထူးကဲလေသည်။

ဟိုက်ဒရိုဂျင်စွမ်းအားနှင့် အနုမြူစွမ်းအားတို့အတွင်း၌ အလွန်ထင်ရှားသော ခြားနားချက်ကြီးတရပ် ရှိ၏။ ယင်းအချက်မှာ **အနုမြူစွမ်းအားသည် အနုမြူကို ဖောက်ခွဲဖျက်ဆီးပစ်သောနည်း**ဖြင့် ရရှိလာသော စွမ်းအားဖြစ်ပြီး **ဟိုက်ဒရိုဂျင်စွမ်းအားမှာမူကား အနုမြူကို ဖွဲ့စည်းတည်ဆောက်ပေးသောနည်း**ဖြင့် ရရှိလာသော စွမ်းအားကြီး ဖြစ်ကြောင်း တွေ့ရလေသည်။

ဟိုက်ဒရိုဂျင်ဓာတ်သည် သိပ္ပံပညာမှ သိထားသမျှ သဘာဝဓာတ်စဉ်တို့တွင် အပေါ့ပါးဆုံးဓာတ် ဖြစ်၏။ ဟိုက်ဒရိုဂျင်အနု-

မြူတခုတွင် ပရိုတွန်တခုနှင့် အီလက်ထရွန်တခုသာလျှင် ပါဝင်၏။ ထို့ကြောင့် ဟိုက်ဒရိုဂျင်၏ အလေးချိန်ကို (တယူနစ်)ဟု စံနှုန်းထားကာ ကျန်ဓာတ်စင်များ၏ အနုမြူအလေးချိန်ကို ဖော်ပြကြရလေသည်။ **ဟိုက်ဒရိုဂျင် ၁ ဟု** ခေါ်တွင်လေ့ရှိသည်။

ဟိုက်ဒရိုဂျင်အနုမြူတွင် ပါဝင်သော ပရိုတွန်တခုသည် ညူကလီယာပ်စ်ဖြစ်ပြီး ယင်း၏ပတ်လည်တွင် အီလက်ထရွန် တခုတည်းသာ ပြေးလွှားနေ၏။ ထို့ကြောင့် **ပရိုတီယမ်** (Protium)ဟုလည်း ခေါ်ကြ၏။ အထက်တွင် ဖော်ပြခဲ့သော ယူရေနီယမ်သတ္တုဓာတ်စင်များနှင့် နှိုင်းယှဉ်လျှင် အပေါ့ဆုံး ဓာတ်စင်နှင့် အလေးဆုံး ဓာတ်စင်များအဖြစ် လုံးဝ ဆန့်ကျင် ဘက် ကျသည်ကို တွေ့ရပေမည်။

ယူရေနီယမ်တွင် မိသားစုများ ရှိကြသကဲ့သို့ ဟိုက်ဒရိုဂျင် တွင်လည်း မိသားစုများ ရှိကြ၏။ ဟိုက်ဒရိုဂျင်ညူကလီယာပ်စ် တွင် ညူထရွန်တခုကို ပေါင်းစပ်ပေးလိုက်လျှင် (အနုမြူ အလေးချိန် ၂)ရှိသော **ဂျူတဲရီယမ်**(Duterium)ခေါ် **ဟိုက် ဒရိုဂျင် ၂** ဓာတ်စင်တမျိုးကို ရ၏။ ညူထရွန်(၂)ခုကို ပေါင်း စပ်ပေးလိုက်လျှင် (အနုမြူအလေးချိန် ၃)ရှိသော **ထရိုင်တီ ယမ်**(Tritium)ခေါ် **ဟိုက်ဒရိုဂျင် ၃** ဓာတ်စင်တမျိုး ဖြစ်လာ ၏။ ၎င်းဓာတ်စင်အားလုံးမှာ ဟိုက်ဒရိုဂျင်မိသားစုများသာ ဖြစ်ကြပေသည်။

ဟိုက်ဒရိုဂျင်မိသားစုတို့၏ အလွန်ထူးခြားသော ဂုဏ်သတ္တိ များမှာ ၎င်းတို့အချင်းချင်း ပေါင်းစည်းခြင်းအားဖြင့် အလွန် ကြီးမားသော စွမ်းအားများကို ထုတ်ပေးနိုင်ကြလေသည်။ ဟိုက်ဒရိုဂျင်မိသားစုအချင်းချင်း ပေါင်းစည်းကြသောအခါ **ဟီ**

လီယမ်(Helium)ဟု ခေါ်သော ဟိုက်ဒရိုဂျင်ဓာတ်ပေါင်း-
များကို ဖွဲ့စည်း ဖြစ်ပေါ်စေ၏။ ဟီလီယမ်ဓာတ်စင်များမှာ
ညူကလီယာပ်စ်ကြီးမားလာ၍ အနုမြူအလေးချိန်ကြီးမားလာ
သည်မှအပ ဟိုက်ဒရိုဂျင်ဓာတ်၏ သဘောသဘာဝများအတိုင်း
ရှိကြလေသည်။

ဟိုက်ဒရိုဂျင်မိသားစုအချင်းချင်း ပေါင်းစည်းကြခြင်းဖြင့်
ဟီလီယမ်ခေါ် ဟိုက်ဒရိုဂျင်ဓာတ်ပေါင်းများ ဖြစ်ပေါ်စေရာ
တွင် ထုတ်ပေးသော စွမ်းအားပမာဏမှာ အောက်ပါအတိုင်း
တွေ့ရလေသည်။

(က) ဟိုက်ဒရိုဂျင် ၁+ဟိုဒရိုဂျင် ၁= ဟိုက်ဒရိုဂျင် ၂+
လျှပ်စစ်ဗို့အား ၁.၄ သန်း။

$$H1 + H1 = H2 + 1.4 \text{ mev}$$

(ခ) ဟိုက်ဒရိုဂျင် ၂+ ဟိုက်ဒရိုဂျင် ၁ = ဟီလီယမ် ၃+
လျှပ်စစ်ဗို့အား ၀.၅ သန်း။

$$H1 + H2 = He^3 + 0.5 \text{ mev}$$

(ဂ) ဟိုက်ဒရိုဂျင် ၂+ ဟိုက်ဒရိုဂျင် ၂ = ဟီလီယမ် ၃+
ညူထရွန် ၁+ လျှပ်စစ်ဗို့အား ၃.၂ သန်း။

$$H2 + H2 = He^3 + n^1 + 3.2 \text{ mev}$$

(ဃ) ဟိုက်ဒရိုဂျင် ၃+ ဟိုက်ဒရိုဂျင် ၁= ဟီလီယမ် ၄+
လျှပ်စစ်ဗို့အား ၂၀ သန်း။

$$H3 + H1 = He^4 + 20 \text{ mev}$$

(င) ဟိုက်ဒရိုဂျင် ၃+ ဟိုက်ဒရိုဂျင် ၂= ဟီလီယမ် ၄+
ညူထရွန် ၁+ လျှပ်စစ်ဗို့အား ၁၇ သန်း။

$$H3 + H2 = He^4 + n^1 + 17 \text{ mev}$$

(စ) ဟိုက်ဒရိုဂျင် ၃+ ဟိုက်ဒရိုဂျင် ၃ = ဟီလီယမ် ၄+ ညူထရွန် ၂+ လျှပ်စစ်ဗို့အား ၁၁ သန်း။

$$H3 + H3 = He^4 + n^2 + 11\ mev$$

အထက်ဖော်ပြပါ ဇယားကိုကြည့်လျှင် ဟိုက်ဒရိုင်ဂျင် မိသားစုအချင်းချင်း ပေါင်းစည်းခြင်းဖြင့် **ဟီလီယမ် ၃** နှင့် **ဟီလီယမ် ၄** စသော ဓာတ်ပေါင်းများကို ဖြစ်ပေါ်စေသည့် အပြင် လျှပ်စစ်ဗို့အား သန်းပေါင်းများစွာ ထွက်ပေါ်လာ ကြောင်း တွေ့ရ၏။

လျှပ်စစ်ဗို့အား သန်း ၂၀ ခန့်သည် ဟိုက်ဒရိုဂျင်အနုမြူ (၃)ခုတို့ကို **ဟီလီယမ်အနုမြူ**(၁)ခု ဖြစ်အောင် ပေါင်းစပ် ပေးခြင်းဖြင့် ရရှိပုံမှာ အထက်ပါအပိုဒ်(ဃ)တွင် တွေ့နိုင်၏။ ဤဓာတ်ပြောင်းလဲမှုသည် ဒသမသုညငါး (၀.၀၅) စက္ကန့် အတွင်း ဖြစ်ပေါ်နိုင်သဖြင့် အလွန်လျင်မြန်၏။ အပိုဒ်(င)နှင့် (စ)တွင် ဖော်ပြထားသော ဓာတ်ပြောင်းလဲမှုများမှာလည်း အလွန်တိုတောင်းသော(၀.၀၀၀၀၀၀၁၂) စက္ကန့်အတွင်းပေါ် ပေါက်နိုင်သဖြင့် ဟိုက်ဒရိုဂျင်ဗုံးလုပ်ရာတွင် ဤလုပ်နည်း လုပ်ဟန် (၃)မျိုးကို အသုံးပြုနိုင်၏။

အပိုဒ်(က)မှ (ဂ)အထိ ဖြစ်သော ပြောင်းလဲမှုနှုန်းသည် နှေးကွေးသည့်အပြင် လျှပ်စစ်စွမ်းအားပမာဏမှာလည်း သေး ငယ်သဖြင့် ဟိုက်ဒရိုဂျင်ဗုံးပြုလုပ်ရာ၌ အသုံးမပြုကြချေ။

ဟိုက်ဒရိုဂျင်မိသားစု၏ အချင်းချင်းပေါင်းစည်းမှုဖြင့် ကြီး မားသော စွမ်းအားများ ထုတ်ပေးခြင်းကို **ညူကလီယား(၂) ခု ပေါင်းစည်းခြင်းနည်း**(Nuclear Fusion)ဟု သိပ္ပံပညာ တွင် ခေါ်ဆိုကြလေသည်။

ဤသို့ ခေါ်ဆိုပုံမှာ သဘာဝကျလှ၏။ အထက်ပါ ဓာတ်ပြောင်းလဲမှု ညီမျှခြင်းတို့တွင် **ဟိုက်ဒရိုဂျင် ၁** (ပရိုတီယမ်) **ဟိုက်ဒရိုဂျင် ၂** (ဂျူတဲရီယမ်)နှင့် **ဟိုက်ဒရိုဂျင် ၃** (ထရိုက်တီယမ်)တို့သည် အချင်းချင်း အပြန်အလှန် ပေါင်းစည်းကြခြင်းအားဖြင့် ရရှိလာသော **ဟီလီယမ်**ဓာတ်စင်များမှာ **ဟီလီယမ် ၃** နှင့် **ဟီလီယမ် ၄** တို့ ဖြစ်ကြ၏၊

**ဟီလီယမ် ၃** သည် ပရိုတွန်တခုနှင့် ညူထရွန်နှစ်ခုပါခြင်း၊ **ဟီလီယမ် ၄** သည် ပရိုတွန်(၂)ခုနှင့် ညူထရွန်(၂)ခု ပါခြင်း၊ တို့ကြောင့် ဟိုက်ဒရိုဂျင်ညူကလီးယားပ်စ်များ ပေါင်းစည်းထားသောသဘော ရှိလေသည်။

ဤသဘောများကို လက်တွေ့အသုံးချရာတွင်**ဟိုက်ဒရိုဂျင် ၂** ကို ထုတ်ပေးနိုင်သော **ရေပြစ်** (Heavy water=H2O2) သည် အနုမြူဗုံးလုပ်သော ယူရေနီယမ်၏ နေရာတွင် ထည့်သွင်း အသုံးပြုခြင်း ဖြစ်၏။

ရေရိုးရိုးမှာ (H20)ဟိုက်ဒရိုဂျင်အနုမြူ(၂)ခုနှင့် အောက်ဆီဂျင်**အနုမြူ**(၁)ခုတို့၏ ဓာတ်ပေါင်းဖြစ်၏။ **ရေပြစ်**မှာမူ ဟီလီယမ်အနုမြူ (၁)ခုနှင့် အောက်ဆီဂျင် အနုမြူ(၂)ခုတို့၏ ဓာတ်ပေါင်း ဖြစ်လေသည်။

ထို့ကြောင့် **ရေပြစ်**ကို ရရှိရန် အခြေခံလိုအပ်သော အရာမှာ သုံး၍မကုန်သော ရေများသာ ဖြစ်၏။ ယူရေနီယမ်သတ္တုများမှာ ရှားရှားပါးပါး ရှာဖွေယူရသော်လည်း ရေကိုမူ ရှာဖွေယူရန် မလိုချေ။ ကမ္ဘာ့သမုဒ္ဒရာကြီး (၇)စင်းမှ ရေတို့သည် ဟိုက်ဒရိုဂျင်ဗုံးထုတ်ရန် လိုအပ်သော **ရေပြစ်**ကို အတိုင်းအဆမရှိပေးစွမ်းနိုင်၏။ လေထုအတွင်းရှိ ရေခိုးရေငွေ့များမှလည်း

ရေပြစ်ကို ထုတ်ယူနိုင်၏။

စင်စစ်သော်ကား ဓာတုသိပ္ပံသဘောအရဆိုလျှင် ဤကမ္ဘာ မြေကြီးနှင့်တကွ ဤနေဗိမာန်တခုလုံးသည် **ရေနှင့်ကာဗွန်** (မီးသွေးဓာတ်)တို့ကို မူတည်၍ ဖွဲ့စည်းထားသော နယ်ပယ် တခုသာ ဖြစ်၏။ ထို့ကြောင့် **ဟိုက်ဒရိုဂျင်**(Hydrogen=H) **အောက်ဆီဂျင်**(Oxygen=O)နှင့် **ကာဗွန်**(Carbon=C) တို့သည် ဤကမ္ဘာ၏ နေဗိမာန်အတွက် အခြေခံကျသော ရုပ် ဓာတ်စင်များ ဖြစ်ကြလေသည်။

ဤသို့ အခြေခံကျသော ရုပ်ဓာတ်စင်များ၏ သဘာဝနှင့် ပမာဏတို့သည် အခြားသောဓာတ်စင်များနှင့် မတူကြကြောင်း ကို ဓာတုသိပ္ပံပညာရှင်များသည် သဘောပေါက်ပြီး ဖြစ်ကြ၏။ သာမန်ဥပမာအချို့ကို ထောက်ပြရလျှင် ဤနေဗိမာန်အတွင်း ရှိ သတ္တဘာဝအားလုံး၏ အသက်ဇီဝဓာတ်ကို ပေးသော ပရို တိန်းဓာတ်များ၊ ကာဘိုဟိုက်ဒြိတ်ဓာတ်များ၊ အဆီဓာတ်များ သည် အထက်ပါ ဓာတ်စင်(၃)မျိုးဖြင့်သာလျှင် ဖွဲ့စည်းထား ကြောင်း တွေ့ရလေသည်။

အထက်ပါဓာတ်များနှင့် **နိုင်တရိုဂျင်**(Nitrogen=N) တို့ ပေါင်းစပ်ခြင်းဖြင့် လူတို့ ယနေ့ အသုံးပြုနေကြသော ဗိုက်တာ မင်ခေါ် အသက်ရှည်ဆေး၊ အားတိုးဆေးနှင့် ဓာတ်မြေသြဇာ အမျိုးမျိုးတို့ကို ဖော်စပ်ကြရခြင်း ဖြစ်၏။

ဤနေရာတွင် ဓာတုသိပ္ပံနှင့် ဇီဝသိပ္ပံအတွင်းသို့ ခရီးဆက် ရန် မရည်ရွယ်သဖြင့် ဟိုက်ဒရိုဂျင်စွမ်းအား၏ ထူးခြားသော ဂုဏ်သတ္တိများကို အခြားဓာတ်စင်များနှင့် ကွဲပြားစွာ ရှုမြင်ရန် သာ ဖော်ပြခြင်း ဖြစ်လေသည်။

သတ္တဝါဝေနေယျတို့အပေါ်တွင် ကြီးမားသော မေတ္တာ ကရုဏာထားတတ်သော ဗုဒ္ဓသိပ္ပံတရားတော်များနှင့် လားလား မှ မအပ်စပ်သော အနုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးပြုလုပ်ပုံများကို ဤနေရာတွင် ထည့်သွင်းဖော်ပြရခြင်းမှာ **အမင်္ဂလာစကား**ပင် ဖြစ်၏။ သို့ရာတွင် ဤသို့ ဖော်ပြရခြင်း အကြောင်းရင်းသည် အနုမြူစွမ်းအားနှင့် ဟိုက်ဒရိုဂျင်စွမ်းအားတို့၏ ခြားနားပုံကို ပေါ်လွင် ထင်ရှားစေလို၍ ဖြစ်၏။

အနုမြူစွမ်းအားသည် အနုမြူကို **ဖြိုခွဲဖျက်ဆီးသောနည်း**ဖြင့် ရယူသော စွမ်းအားဖြစ်ပြီး ဟိုက်ဒရိုဂျင်စွမ်းအားသည် အနုမြူ ကို **ဖွဲ့စည်းတည်ဆောက်သောနည်း**ဖြင့် ရယူသော စွမ်းအား ဖြစ်၏။

ဖွဲ့စည်းတည်ဆောက်သောနည်းဖြင့် ရယူသော စွမ်းအား သည် ဖြိုခွဲဖျက်ဆီးသောနည်းဖြင့် ရယူသော စွမ်းအားထက် အဆပေါင်းများစွာ ကြီးမားကြောင်းကို ဟိုက်ဒရိုဂျင် စွမ်း အားက လက်တွေ့ကျကျ သက်သေပြလျက် ရှိ၏။ ထို့ကြောင့် ပင် သဘာဝလောကဓာတ်ကြီးအတွင်း၌ ပေါင်းစည်းဘက် ဓာတ်သဘောများ၏ အညမညသမ္ဘာတရားကြီးသည် ဆန့် ကျင်ဘက်ဓာတ်သဘောများ၏ ကဏ္ဍကောစပဋ္ဌိပက္ခတရား အပေါ်တွင် အနိုင်ရရှိခြင်း ဖြစ်လေသည်။ သို့သော် ဆန့်ကျင် ဘက်ဓာတ်သဘောများ၏ ကဏ္ဍကောစပဋ္ဌိပက္ခတရား၏ စွမ်း အားမှာလည်း မသေးလှကြောင်းကို အနုမြူဗုံးက သက်သေ ပြလျက် ရှိပြန်လေသည်။

အနုမြူစွမ်းအားနှင့် ဟိုက်ဒရိုဂျင်စွမ်းအားတို့သည် အထက် ပါ အတိုင်း ကွဲပြားခြားနားကြသည် မှန်သော်လည်း ရုပ်စွမ်း

အားတို့၏ သဘောသဘာဝအရေမူကား တူညီကြပေ၏။

ရုပ်စွမ်းအားဟူသမျှသည် **ရုပ်ပရမတ်စွမ်းအားနှင့် ရုပ်ခေတ်ဖွဲ့စည်းမှုစွမ်းအားဟူ၍** နှစ်မျိုးနှစ်စားသာ ရှိနိုင်၏။ ရုပ်ပရမတ်စွမ်းအားတို့၏ သဘောသဘာဝသည် ပရမတ်ရုပ်အသီးသီး၏ သီးခြားကွဲပြားစွာ နေလိုမှုကို အာကာသရုပ်ပရမတ်၏ အစွမ်းသတ္တိဖြင့် နယ်ခြားကန့်သတ်ပေးထားကြောင်းကို ရှေ့ပိုင်းတွင် အကျယ်တဝင့် ဖော်ပြခဲ့ပြီး ဖြစ်၏။

အာကာသရုပ်ပရမတ်၏ သတ္တိဖြင့် သီးခြားကန့်သတ်၍ နေလိုကြသော ပရမတ်ရုပ်များကို စုစည်းပေါင်းစပ်၍ ရုပ်ခေတ်နှင့် ရုပ်ဒြပ်အဖွဲ့အစည်းကြီးငယ်များ ဖြစ်အောင် ပြုလုပ်ပေးရန်မှာ **ပြင်ပမှ စွမ်းအားတခုခု၏** တိုက်တွန်းနှိုးဆော်မှု လိုအပ်ကြောင်းကို စွမ်းအားဥပဒေသများအရ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်၏။ ဤသို့ ပြင်ပမှ တိုက်တွန်းနှိုးဆော်မှု ပြုရသော စွမ်းအားသည် **စေတသိက်ပရမတ်စွမ်းအားများ** ဖြစ်ကြောင်း ရှေ့ပိုင်းတွင် အကျယ်တဝင့် တင်ပြခဲ့ပြီး ဖြစ်ပေသည်။

ထို့ကြောင့် အနုမြူ၏ ရုပ်ခေတ်အဆောက်အအုံကို ဖြိုခွဲဖျက်ဆီး၍ ထွက်ပေါ်လာရသော အနုမြူစွမ်းအားများသည်ဇင်း၊ ဟိုက်ဒရိုဂျင်ခေတ်တခုနှင့် တခုတို့ကို ပေါင်းစပ်ပေး၍ ရရှိလာသော ပေါင်းစည်းရေး စွမ်းအားများသည်ဇင်း၊ အနှစ်သာရအနေဖြင့် ဆိုလျှင် **ရုပ်တို့၏ ဖွဲ့စည်းမှုစွမ်းအားများကို** ထုတ်ယူခြင်းသာ ဖြစ်ကြောင်း တွေ့ရလေသည်။

ရုပ်တို့၏ ဖွဲ့စည်းဖြစ်ပေါ်မှုတွင်(ကံ၊ စိတ်၊ ဥတု၊ အာဟာရ) တည်းဟူသော အကြောင်းတရား(၄)ပါး ပါဝင်သည့်အနက် **စိတ်၏ ဦးဆောင်မှု**အခန်းသည် ပဓာနကျ၏။ ရုပ်တို့၏ ဖွဲ့စည်း

ဖြစ်ပေါ်မှုအတွက် တိုက်တွန်းနှိုးဆော်ပေးရသော စေတသိက်ပရမတ်စွမ်းအားများမှာ စိတ်ပရမတ်စွမ်းအင်များမှ ရရှိကြခြင်း ဖြစ်လေသည်။

ထို့ကြောင့် **အနုမြူ၏ ဖွဲ့စည်းမှုထဲ၌ရှင်း၊ ဟိုက်ဒရိုဂျင်၏ ဖွဲ့စည်း** ဖြစ်ပေါ်မှုထဲ၌ရှင်း၊ **စေတသိက်ပရမတ်စွမ်းအားများ သည် အဓိကအခန်းမှ ပါဝင်နေကြသည်ဟု** ဗုဒ္ဓသိပ္ပံအရ နားလည်ရပေ၏။

ဤနေရာ၌ **အထူးသတိပြုသင့်သောအချက်မှာ စေတသိက် ပရမတ်စွမ်းအားများ ပါဝင်နေခြင်းသည် စိတ်ပရမတ်စွမ်း အင်များ ပါဝင်နေခြင်း မဟုတ်ကြောင်းကို** သိပ္ပံနည်းကျစွာ ဖော်ပြခဲ့ပြီး ဖြစ်၏။

ဗုဒ္ဓသိပ္ပံ၏အလိုရ စေတသိက်ပရမတ်များသည် စိတ်ပရမတ်များနှင့် အတူမကွာသာ ဖြစ်၍ အတူသာ ချုပ်ငြိမ်းကြသည်မှာ အလွန်မှန်၏။ စေတသိက်ပရမတ်စွမ်းအားသည် စိတ်ပရမတ်စွမ်းအင်နှင့် အတူတကွဖြစ်၍ အတူတကွချုပ်ရမည်မှာ သိပ္ပံစွမ်းအင်ဥပဒေသအရ တိကျမှန်ကန်လှသည်။ သို့သော် **စွမ်းအင်ချုပ်ခြင်းနှင့် စွမ်းအားချုပ်ခြင်းတို့မှာ** လက်တွေ့သိပ္ပံပညာအရ အလွန်ကွဲပြား ခြားနားကြသည်။

**စွမ်းအင်ချုပ်ခြင်း** (Recess of Energy) ဆိုသည်မှာ ထိုစွမ်းအင်မှ **စွမ်းအား**(Force)ထုတ်လုပ်မှု ရပ်ဆိုင်းသွားသော အနက်အဓိပ္ပာယ် ရှိ၏။

**စွမ်းအားချုပ်ခြင်း** (Recess of Force) ဆိုသည်မှာကား ထိုစွမ်းအားမှ **အလုပ်** (Work)တခုခုအဖြစ်သို့ ပြောင်းလဲသွားပြီး၍စွမ်းအားကုန်ခန်းသွားသောအနက်အဓိပ္ပာယ်ရှိ၏။

ထို့ကြောင့် စေတသိက်ပရမတ်စွမ်းအား ချုပ်ငြိမ်းသွားတိုင်း **အလုပ်** တခုခုအဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်၍ ထို **အလုပ်များမှာ** တိုက်တွန်းနှိုးဆော်မှု အလုပ်များနှင့် **သွေးထိုးလှုံ့ဆော်မှုအလုပ်များ** ဖြစ်ကြောင်း ရှေ့ပိုင်းတွင် အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပေသည်။

စွမ်းအားဟူသမျှကို စွမ်းအင်ကသာ ထုတ်ပေးနိုင်သဖြင့် စွမ်းအင်နှင့် စွမ်းအားတို့မှာ အတူတွဲ၍ ဖြစ်ပေါ်ခြင်း၊ အတူတွဲ၍ ချုပ်ငြိမ်းခြင်း ဖြစ်ရပေသည်။ စွမ်းအင် ချုပ်ငြိမ်းခြင်းသည် ရပ်ဆိုင်းမှုတရပ် ဖြစ်သော်လည်း **စွမ်းအားချုပ်ငြိမ်းခြင်းမှာ အလုပ်တခု** **ပြီးမြောက်သွား**ခြင်းဟုသာ သိပ္ပံနည်းအရ နားလည်အပ်ပေသည်။

ဤအလုပ်တခုသည် နောက်အလုပ်တခုအတွက် စွမ်းအားသစ်တရပ်ကို ထုတ်လုပ်ပေးမည်ဆိုပါက အလုပ်သည် တခုမှတခုသို့ ဆက်သွားနိုင်ပေ၏။

ထို့ကြောင့် စိတ်ပရမတ်စွမ်းအင်နှင့် စေတသိက်ပရမတ်စွမ်းအားတို့ ချုပ်ငြိမ်းသွားကြစေကာမူ ၎င်းတို့၏ အလုပ်များ၊ လုပ်ဆောင်ချက်များမှာကား ချုပ်ငြိမ်းသွားနိုင်ခြင်း မရှိချေ။

ဤသဘောတရားအရဗုဒ္ဓသိပ္ပံတွင် **ကံ၏အကြောင်းတရား၊ ကံ၏ အကျိုးတရားများကို** တိကျပြတ်သားစွာ ညွှန်ပြတော်မူခြင်း ဖြစ်သည်။ ဗုဒ္ဓသိပ္ပံအလို**အ**ရ **ကံဆိုသည်မှာ အလုပ်**ပင် ဖြစ်၏။

အလုပ်တခုကို လုပ်ရန် စွမ်းအားတခု လို၏၊ **စွမ်းအားတခု** (A Force)သည် **အလုပ်တခု**(A *W*ork)ကို ပြီးမြောက်စေနိုင်ကြောင်း လက်တွေ့သိပ္ပံပညာတွင် အောက်ပါပုံရှင်နည်းဖြင့်

တွက်ချက်ရသည်ဟု တင်ပြပြီး ဖြစ်၏။

$$\text{စွမ်းအား} = \frac{\text{အလုပ်}}{\text{ခရီးရောက်မှု}}$$

$$F = \frac{W}{d}$$

ထို့ကြောင့် **စွမ်းအားတခုသည် အလုပ်တခုကို** ခရီးရောက်အောင် လုပ်နိုင်သဖြင့် စေတသိက်ပရမတ်စွမ်းအားဖြင့် ပြုလုပ်လိုက်သော အလုပ်တခုသည် (မနောကံ၊ ဝစီကံ၊ ကာယကံ) တည်းဟူသော **ကြံစည်မှုအလုပ်၊ ပြောဆိုမှုအလုပ်နှင့် ဆောင်ရွက်မှုအလုပ်များအဖြစ်သို့** အဆင့်ဆင့်ပြောင်းလဲသွားသော အခါ ကံမြောက်ခြင်း အလုပ်ပြီးမြောက်ခြင်း အဆင့်သို့ ရောက်လေသည်။

ထိုအလုပ်သည် ချုပ်ငြိမ်းသည်ဟူ၍ မရှိပေ။ စေတသိက်ပရမတ်စွမ်းအားမှ အသွင်ပြောင်းလာသော အလုပ်ဖြစ်၍ **စွမ်းအား၏ ပရမတ္ထတရားမှ အလုပ်၏ ပရမတ္ထတရား**(From Conservation of Force to Conservation of Work) အဖြစ်သို့ ကူးပြောင်းကာ ထာဝရလုပ်ပြီးသား ဖြစ်နေပေတော့သည်၊

ထို့ကြောင့် ကုသိုလ်စေတသိက်စွမ်းအားများဖြင့် လုပ်လိုက်သမျှသော အလုပ်တို့သည်ငင်း၊ အကုသိုလ်စေတသိက်စွမ်းအားဖြင့် လုပ်လိုက်သမျှသော အလုပ်တို့သည်ငင်း သံ်သာစကြာဝဠာတွင် ဘယ်သောအခါမှ ပျောက်ပျက်နိုင်သော **ကုသိုလ်ကံအလုပ်များနှင့်** **အကုသိုလ်ကံအလုပ်များ** အဖြစ် ခရီးသွားလျက် ရှိနေကြသည်သာ ဖြစ်ပေ၏။

ထို့ကြောင့် မကောင်းမှု အကုသိုလ်ကံ အလုပ်များကို လုပ်မိပါက အလွန်ပင် ကြောက်မက်ဘွယ် ဖြစ်သလို ကောင်းမှု ကုသိုလ်ကံ အလုပ်များကို လုပ်မိပြီးပါက အလွန်ပင် အားတက်ဖွယ် ကောင်းပေ၏။ အဘယ့်ကြောင့်ဆိုသော် ထိုအလုပ်များသည် စကြာဝဠာကုန်ကျယ်သရွေ့ မကောင်းမှု၊ ကောင်းမှုတို့ကို ဖန်တီးနိုင်ကြခြင်းကြောင့်ပင် ဖြစ်ပေ၏။

ဤသဘောအရ သင်္ခတစကြာဝဠာတခွင်၌ **အပြုသဘောရှိသော ဖွဲ့စည်းဖြစ်ပေါ်မှု အစုစုတို့သည်** ကုသိုလ်စေတသိက်စွမ်းအားတို့မှ ပြုလုပ်လိုက်သော **ကုသိုလ်ကံအကြောင်းတရား၏ လက်ရာများ** ဖြစ်ကြသကဲ့သို့ **အဖျက်သဘောရှိသောဖွဲ့စည်းဖြစ်ပေါ်မှု အစုစုတို့သည်** အကုသိုလ်စေတသိက်စွမ်းအားတို့မှ ပြုလုပ်လိုက်သော **အကုသိုလ်ကံအကြောင်းတရား၏ လက်ရာများ** ဖြစ်ကြကြောင်းကို ကောင်းစွာ သဘောပေါက်မိသင့်ကြပေ၏။

ထိုသို့ သဘောပေါက်မိကြလျှင် ကောင်းမှုကုသိုလ်ကံအလုပ်များကို ဆောင်၍ မကောင်းမှု အကုသိုလ်ကံအလုပ်များကို ရှောင်ရှားသင့်ကြပေသည်။ အဘယ်ကြောင့် ဆိုသော် ကောင်းသော လုပ်အားများသည် ကောင်းသော ရုပ်အဖွဲ့အစည်းများကို ဖန်တီးနိုင်သကဲ့သို့ မကောင်းသော လုပ်အားများသည် မကောင်းသော ရုပ်အဖွဲ့အစည်းများကို ဖန်တီးနိုင်၏။

ဤအချက်ကို လက်တွေ့ သိပ္ပံနည်းအရ တိုက်ရိုက်သရုပ်ပြရန် မဖြစ်နိုင်သော်လည်း လုပ်အားနှင့်လုပ်ရပ်၊ လုပ်ရပ်နှင့်ရုပ်ဒြပ်တို့၏ ဆက်စပ်ဖြစ်ပေါ်မှုကိုကား ရှေ့ပိုင်းတွင် တင်ပြခဲ့သော ပုံရှင်နည်းများအရ အောက်ပါအတိုင်းတွက်ချက်ပြနိုင်ပေသည်။

လုပ်အား/စွမ်းအား = ရုပ်ဒြပ် × ရုပ်အရှိန်

$$F = m \times a$$

သို့ရာတွင် $$F = \frac{w}{d}$$

ထို့ကြောင့် $$\frac{w}{d} = m \times a$$

$$w = m \times a \times d$$

ဤပုံရှင်နည်းများအရ **အလုပ်နှင့် ရုပ်**တို့သည် အညမည ဆက်သွယ်မှု ရှိကြကြောင်း ညွှန်ပြ၏။ **အလုပ်တခု**( $W$ )၏ ပမာဏသည် **ရုပ်တခု**( m )ကို **ရွေ့လျားအရှိန်** ( a )ဖြင့် ဖြင့် တစုံတခုသော **ခရီး**( d )သို့ ရောက်အောင် ပို့ဆောင်နိုင်ကြောင်းကို အထက်ပါသိပ္ပံပုံရှင်နည်းများက အနက်အဓိပ္ပာယ်ဆောင်ကြလေသည်။

သို့ဖြစ်ရာ **စိတ်ပရမတ်စွမ်းအင်ထူး**မှ ထွက်ပေါ်လာသော **စေတသိက်ပရမတ်စွမ်းအားထူး**တို့သည် လုပ်အားအဖြစ်ဖြင့် **အလုပ်**( w )ကို လုပ်သောအခါတိုင်း **ပရမတ်ရုပ်** ( m ) တို့ကို ရွေ့လျားမှု **အရှိန်**( a )ဖြင့် **ခရီးရောက်မှု** ( d )သို့ ရောက်အောင် ပို့ဆောင်နိုင်ကြသည်မှာ ထင်ရှားလှပေ၏။

ဤနည်းအားဖြင့်သာလျှင် သင်္ခတစကြာဝဠာအတွင်း၌အပြုသဘောဆောင်သော ရုပ်ပရမတ်ရွေ့လျား ပြောင်းလဲမှုများသည် ကုသိုလ်ကံအကြောင်းတရားများအရ ဖြစ်ပွားနေကြသကဲ့သို့ အဖျက်သဘောဆောင်သော ရုပ်ပရမတ်ရွေ့လျား ပြောင်းလဲမှုများသည် အကုသိုလ်ကံ အကြောင်းတရားများအရ ဖြစ်ပွားနေကြပေသည်။

စိတ်ပရမတ်စွမ်းအင်ကိုယ်စီပါဝင်လျက်ရှိသောသတ္တလောက သားများအတွင်း၌ကား သတ္တဝါတဦးချင်း အနေဖြင့်ရင်း၊ သတ္တဝါအစုအဝေးအနေဖြင့်ရင်း၊ မကောင်းသော အကုသိုလ် စေတသိက်စွမ်းအားများဖြင့် ပြုလုပ်လိုက်သော မကောင်းမှု အကုသိုလ်ကံအလုပ်တို့သည် **အဖျက်သဘောဆောင် ရုပ်ဒြပ် ရွေ့လျားပြောင်းလဲမှုများကို** ဖြစ်ပေါ်စေသကဲ့သို့ ကောင်း သော ကုသိုလ်စေတသိက်စွမ်းအားများဖြင့် ပြုလုပ်လိုက်သော ကောင်းမှုကုသိုလ်ကံ အလုပ်တို့သည် **အပြုသဘောဆောင် သော ရုပ်ဒြပ်ရွေ့လျား ပြောင်းလဲမှုများကို** ဖြစ်ပေါ်စေ လေသည်။

ရုပ်ပရမတ်စွမ်းအင်နှင့် ရုပ်စွမ်းအားတို့၏ သဘောသဘာဝ ကား အပြုသဘောဆောင်သော ကုသိုလ်ကံအလုပ်တွင် အသုံး ခံရလျှင် အပြုသဘော ဆောင်ကြပြီး အဖျက်သဘောဆောင် သော အကုသိုလ်ကံအလုပ်တွင် အသုံးခံရလျှင် အဖျက်သဘော ဆောင်ကြမည်သာ ဖြစ်၏။ **ရုပ်ပရမတ်စွမ်းအင်၏ ပင်ကိုယ် စွမ်းအားတွင် အပြုသဘောတရား၊ အဖျက်သဘောတရား၊ ကောင်းသောအမှု၊ ဆိုးသောအမှုစသော (မာယာများ) သည် လုံးဝ မရှိနိုင်ကြချေ။**

အပြုသဘော၊ အဖျက်သဘော၊ ကောင်းသောအမှု၊ ဆိုး သောအမှု၊ အပြုယောင်ယောင်ဆောင်၍ အဖျက်လုပ်မှု၊ အကောင်းယောင်ယောင်ဆောင်၍ အဆိုးလုပ်မှု စသော **(မာယာ)**များသည် စိတ်ပရမတ်စွမ်းအင်ကိုယ်စီ ပါဝင်နေကြ သော သတ္တလောကသားများသာလျှင် ပြုလုပ်နိုင်ကြပေ၏။

သတ္တလောကသားဟု ဆိုရာ၌ ဖြဟ္မာဘုံ (၂၀)၊ နတ်ဘုံ

(၆)ရုပ်၊ လှူဘုံ၊ တိရစ္ဆာန်ဘုံ၊ ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံဟူ၍ အမျိုးအစားအားဖြင့် (၃၁)ဘုံရှိကြောင်း ဗုဒ္ဓသိပ္ပံအရ တိကျစွာ ညွှန်ပြထား၏။ အရေအတွက် ပမာဏအားဖြင့် မှုကား ပြဟ္မာဘုံ(၁)ဘုံစီသည် မည်မျှများပြားကြောင်း၊ နတ်တဘုံစီသည် မည်မျှရှိကြောင်း၊ လူ့ဘုံပေါင်း မည်မျှရှိကြောင်းစသည်အားဖြင့် ဗုဒ္ဓသိပ္ပံသည် ရေတွက်၍ မပြချေ။ ဤသို့ ရေတွက်မပြသည်မှာ သတ္တဘာဝသည်(အနာဓိအနန္တ) ရေတွက်၍ မရအောင် များပြားသော ပရမတ္ထသဘောဆောင်ယူနေခြင်းကြောင့် ဖြစ်၏။

သိပ္ပံပညာသည် သတ္တဘာဝ၏ (အနာဓိအနန္တ) သဘောကိုမူ ဇီဝသိပ္ပံများအရ ကောင်းစွာ နားလည်ထားပြီး ဖြစ်၏။ **ဗိုင်းရပ်စ်ပိုးများ**(Virus)ဟု ခေါ်သော မရေမတွက်နိုင်သော ပိုးများ၊ **ဘက်တီရီးယား** (Bacteria)ဟု ခေါ်သော မရေမတွက်နိုင်သော ပိုးများမှသည် ဆင်၊ ဝေလငါးအထိ ဖြစ်သော သတ္တဝါများ၌ သတ္တဘာဝများ ချည်းသာ ဖြစ်ကြ၏၊

သတ္တဘာဝသားတို့သည် စိတ်ပရမတ်စွမ်းအင်ကိုယ်စီပါဝင်၍ စိတ်ပရမတ်၊ စေတသိက်ပရမတ်နှင့် ရုပ်ပရမတ်စွမ်းအားသုံးရပ်တို့၏ အညမညသမ္ပယုတ်ကျအောင် ဖွဲ့နှောင်၍ ဖြစ်ပေါ်လာကြသော **စိတ်ရှိသက်ရှိသတ္တဝါများ** ဖြစ်ကြ၏။ ထို့ကြောင့် သတ္တဝါအသီးသီး၏ စိတ်ပရမတ်စွမ်းအင်အသီးသီးတို့မှ ထုတ်လုပ်သော စေတသိက်ပရမတ်စွမ်းအားအသီးသီးဖြင့် အမျိုးမျိုးသော အလုပ်များကို လုပ်ဆောင်နိုင်ကြ၏။ ထို့ကြောင့် ဗုဒ္ဓသိပ္ပံတွင် **သတ္တဝါတခု ကံတခုဟု** ဆိုရိုးပြုခြင်း ဖြစ်ပေသည်။

သတ္တဝါတခုစီ၏ **ကုသိုလ်ကံအလုပ်၊ အကုသိုလ်ကံအလုပ်**

ကိုနှင့်အခြား မည်သည့်သတ္တဝါတဦးဦးကမှ စိုးမိုးချယ်လှယ်နိုင်ခြင်း မရှိချေ။ ကံတည်းဟူသော အလုပ်၏ ပရမတ္ထသဘောပင် ဖြစ်၏။

သတ္တဝါတဦးသည် မကောင်းမှုလုပ်လျှင် မကောင်းသလို ဖြစ်ပြီး ကောင်းမှုလုပ်လျှင် ကောင်းသလို ဖြစ်မည်ဆိုသော **ကမ္မ၏ ပရမတ္ထသဘောတရား**မှာ သိပ္ပံပညာက သိထားသော **စွမ်းအင်၏ ပရမတ္ထသဘောတရား** (Conservation of Energy) **စွမ်းအား၏ ပရမတ္ထသဘောတရား** (Conservation of Force) **အလုပ်၏ ပရမတ္ထသဘောတရား** (Conservation of work)နှင့် ထိုအလုပ်တို့ကြောင့် ရွေ့လျား ပြောင်းလဲ ဖြစ်ပေါ်ရသော ရုပ်အဖွဲ့အစည်းများတွင် ပါဝင်ကြသော **ရုပ်တို့၏ ပရမတ္ထတရား**(Conservation of Matter)စသော သိပ္ပံပညာ၏ ပရမတ္ထတရားများအရ အလွန်ပင် မှန်ကန်ကြောင်း တွေ့ရလေသည်။

သို့သော် သိပ္ပံပညာသည် စွမ်းအင်၏ ပရမတ္ထတရားကို သိပါသော်လည်း **စွမ်းအင်၏ အကြောင်းတရား**ကိုမူ ယနေ့အထိ လုံးဝ သိနိုင်စွမ်းမရှိအောင် ဖြစ်နေရပေ၏။

လက်တွေ့သိပ္ပံပညာတွင် ပိုင်နိုင်စွာ အသုံးပြုနေသော လျှပ်စစ်စွမ်းအား၊ သံလိုက်စွမ်းအား၊ အပူစွမ်းအား၊ အသံစွမ်းအား နှင့် အလင်းရောင်စွမ်းအားတို့၏ ဖြစ်ပေါ်ရခြင်း အကြောင်းရင်းကို သိပ္ပံပညာရှင်တို့ ရှာမရကြချေ။

အဆိုပါ စွမ်းအားတို့ကို ထုတ်လုပ်နိုင်သော နည်းနိဿယများသည် အကြောင်းရင်းစစ်စစ်များ မဟုတ်ကြချေ။ သာမည အကြောင်းတရားများသာ ဖြစ်ကြ၏။ ဥပမာ၊ အားကောင်း

သော သံလိုက်ကြီးနှစ်ခု၏ ဝန်ရိုးစွန်း ၂ ခုအကြားတွင် ကြေးနန်းကြိုးခွေတခု ထားပြီး ယင်းကြေးနန်းခွေကို လှည့်ပတ်ပေးလျှင် လျှပ်စစ်ဓာတ်အား ထွက်လာ၏။ ဤနည်းဖြင့် လျှပ်စစ်ဓာတ်အားကို သိပ္ပံအင်ဂျင်နီယာများ ထုတ်ဖော်တတ်ကြ၏။ သို့သော် ဘာကြောင့် လျှပ်စစ်အား ထွက်လာရသည်ကိုမူ အကြောင်းရင်း ရှာမရချေ။

အနုမြူသိပ္ပံပညာရှင်တို့ ယနေ့ ရင်ဆိုင်နေရသော ပြဿနာမှာ စွမ်းအားပြဿနာများပင် ဖြစ်၏။ သိပ္ပံနယ်ပယ်တွင် စွမ်းအားအမျိုးမျိုးကို အသုံးချနေပါလျက် ယင်းတို့အကြောင်းကို အတိအကျမသိသေးသည်မှာ အမှန်ပင် ဖြစ်၏။

အနုမြူဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးတို့ကို ပြုလုပ်၍ ဖောက်ခွဲ စမ်းသပ်နေကြသော်လည်း ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော စွမ်းအားတို့အကြောင်းကို အတိအကျ ဘာမှ မသိကြချေ **တီအင်တီ**(Tri-Nitro-Toluine)ခေါ် လူလုပ် ယမ်းအား။ ပမာဏဖြင့် နှိုင်းဆ ခန့်မှန်း၍သာ ဖော်ပြနေခြင်း ဖြစ်သည်။

အနုမြူသိပ္ပံပညာရှင်များအတွက် အခြေခံအကျဆုံးသော။ စွမ်းအင်ပြဿနာမှာ **ရုပ်ဒြပ်** (Atomic Matter)ဟူသမျှတွင် ဘာကြောင့် **လျှပ်စစ်ဓာတ်ဖို၊ လျှပ်စစ်ဓာတ်မ**(Positive and Negative Electric Charge)နှင့် **ညူကလီယားရုပ်ဓာတ်** (Nuclear Particles)ဟူသမျှတွင် ဘာကြောင့် **ညူကလီယားဓာတ်ဖို၊ ညူကလီယားဓာတ်မ** (Positive and Negative Nucleonic Charge) တို့သည် တိတိကျကျ ပါဝင်နေကြရသနည်းဟူသော ပြဿနာကြီးပင် ဖြစ်၏။

ဤပြဿနာသည်သာလျှင် စွမ်းအင်ဟူသမျှ၏ အဓိက

အကြောင်းတရားကို ရှာဖွေသော ပြဿနာ ဖြစ်၏။ (**စွမ်းအင်ကို ဖန်ဆင်း၍ မရ၊ ချေဖျက်၍လည်း မရ၊ ပြောင်းလဲ၍သာ ရသည်**)ဟု သိထားသော အနုမြူ သိပ္ပံပညာရှင်များအဖို့ **စွမ်းအင် ဘယ်ကရသနည်း**ဆိုသော ပြဿနာမှာ ယနေ့တိုင် မဖြေနိုင်သော ပြဿနာကြီး ဖြစ်ပေ၏။

ဤပြဿနာကို (သဘာဝစွမ်းအင်သည် သဘာဝအတိုင်း ရသည်)ဟု သာမန်လူတို့ အဖြေ ပေးနိုင်ကြသော်လည်း (သဘာဝအတိုင်း)ဆိုသောကိစ္စကိုပင် သိပ္ပံပညာရှင်တို့သည် စူးစမ်း ဖော်ထုတ်နေကြရခြင်း ဖြစ်၏။ သဘာဝအတိုင်း ဖြစ်ပျက်နေသောကိစ္စများကိုပင် မသိရှိကြ၍ သိအောင် ရှာဖွေ စူးစမ်းနေရသောအလုပ်မှာ သိပ္ပံပညာ၏အလုပ်ပင် ဖြစ်၏။ သဘာဝ၏ လျှို့ဝှက်ချက်များ၊ ဆန်းကြယ်မှုများကို သိပ္ပံပညာရှင်တို့သည် သိရှိနားလည်ရန် ကြိုးပမ်းနေကြခြင်း မဟုတ်ပါလော။

သဘာဝအတိုင်း ဖြစ်ပျက်နေသော သဘာဝ၏လျှို့ဝှက်ချက်များကို အတိုင်းမသိသောဉာဏ်တော်ဖြင့် ကိုယ်တိုင်ကြံစည်အားထုတ်၍ သိမြင်တော်မူသော ဗုဒ္ဓက (**သံတစကြာဝဠာကြီးတခုလုံးမှာ စိတ်ပရမတ်စွမ်းအင်၊ စေတသိက်ပရမတ်စွမ်းအားနှင့် ရုပ်ပရမတ်စွမ်းအင်များ၏ လှုပ်ရှားမှုဖြင့် ဖြစ်၊ပျက် ပြုပြင်ပြောင်းလဲနေကြသော သံ်ါရနိယာမနယ်ပယ်ကြီးပါတကား**)ဟု အနုမြူသိပ္ပံပညာရှင်တို့ သိလို၍ ရှာဖွေနေသော သဘာဝစွမ်းအင်၏ အဓိကအကြောင်းတရားများကို တိကျပြတ်သားစွာ ထုတ်ဖော် ဟောကြားထားပြီး ဖြစ်ကြောင်း ကောင်းစွာ နားလည်သင့်ကြပြီတကား။

# အခန်း (၁၄)

# စိတ်ပရမတ်စွမ်းအင်၏ ဖွဲ့စည်း တည်ဆောက်ပုံကို သိပ္ပံပညာ အမြင်ဖြင့် တင်ပြခြင်း

သိပ္ပံတစကြာဝဠာကြီးတခွင်လုံးရှိ စိတ်ပရမတ်စွမ်းအင်တို့သည် စေတသိက်ပရမတ်စွမ်းအားများကို ထုတ်လုပ်ကာ ရုပ်ပရမတ်တို့၏ ဖွဲ့စည်းဖြစ်ပေါ်မှုအစုစုနှင့် ပျက်ပြားယိုယွင်းမှုအစုစုတို့ကို ပြုပြင် ဖန်တီးပေးကြသည်ဆိုလျှင် **စိတ်ပရမတ်စွမ်းအင်တို့၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ပျက်ပြားယိုယွင်းမှုအစုစုတို့ကိုလည်း ဘယ်သူက ပြုပြင်ဖန်တီးပေးနေပါသနည်း** ဟု မလွဲမသွေ မေးခွန်းထုတ်ရပေလိမ့်မည်။

စိတ်ပရမတ်စွမ်းအင်တို့၏ ဖွဲ့စည်းတည်ဆောက်မှုအစုစုနှင့် ပျက်ပြားယိုယွင်းမှုအစုစုတို့ကို ထိုစွမ်းအင်အား ပိုင်ဆိုင်ထားကြသောသူများကိုယ်တိုင်သာလျှင် ပြုပြင်ဖန်တီးနိုင်ကြသည်ဟု ဗုဒ္ဓမြတ်ဘုရားက တိကျပြတ်သားစွာ ညွှန်ပြတော်မူပေ၏။

စိတ်ပရမတ်စွမ်းအင်အား ပိုင်ဆိုင်ထားကြသောသူများမှာ သက်ရှိသတ္တဝါများသာ ဖြစ်ကြ၏။ သက်ရှိသတ္တဝါတိုင်းတွင် စိတ်ပရမတ်စွမ်းအင် ကိုယ်စီ ရှိကြ၏။

သတ္တဝါအသီးသီး၏ စိတ်ပရမတ်စွမ်းအင် အသီးသီးမှာ တခုနှင့်တခု စွမ်းအင်ပမာဏချင်း လုံးဝ မတူညီနိုင်ကြ၍ တသီးတခြားစီသာလျှင် ဖြစ်ကြပေ၏။

ဤသို့ တသီးတခြားစီရှိ၍ စွမ်းအင်ပမာဏချင်း မတူညီကြသည်မှာ မှန်သော်လည်း ပရမတ်တို့၏ သဘောသဘာဝအရ **စိတ်ပရမတ်ဟူသမျှ၏ အခြေခံ ဖွဲ့စည်းတည်ဆောက်ပုံမှာမူ** အတူတူသာလျှင် ဖြစ်ရပေမည်။

ရုပ်ပရမတ်တို့၏ ဖွဲ့စည်းတည်ဆောက်မှုမှာလည်း အခြေခံအားဖြင့် လျှပ်စစ်ဓာတ်ဖိုနှင့် ဓာတ်မ၊ အနုမြူဓာတ်ဖိုနှင့် ဓာတ်မဟူ၍ ရှိကြခြင်းကြောင့် အခြေခံတူညီကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

ထိုကြောင့် စိတ်ပရမတ်တို့၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံမှာ တူညီရမည်သာ ဖြစ်လေသည်။ ဤသဘောမှာ သိပ္ပံသဘောတရားများအရ စွမ်းအင်တို့၏ ပရမတ္ထတရားနှင့်အညီ ကောက်ချက်ချရခြင်း ဖြစ်သည်။

စွမ်းအင်ပြဿနာများကို အစရှာမရအောင် ဖြစ်နေသော ယနေ့ ညူကလီယားသိပ္ပံပညာသည် စိတ်ပရမတ်စွမ်းအင်ကို ရုပ်အနုမြူတို့၏အတွင်းပိုင်း၌ မည်မျှ နက်ရှိုင်းစွာ ထိုးဖောက်ရှာဖွေသော်ငြားလည်း တွေ့ရှိရလိမ့်မည် မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် **ရုပ်အနုမြူဖွဲ့စည်းပုံတွင် စေတသိက်ပရမတ်စွမ်းအားများသာလျှင် ပါဝင်နိုင်ကြသည်။ စိတ်ပရမတ်စွမ်းအင် ပါဝင်ခြင်း မရှိချေ။** စေတသိက်ပရမတ်စွမ်းအားများသည် **ရုပ်အနုမြူ၏ ဖွဲ့စည်းရေးစွမ်းအားများ** အဖြစ် ပါဝင်ကြခြင်းဖြစ်၍ အနုမြူကို ခွဲစိတ်ထုတ်ယူသောအခါ

ထွက်လာသော စွမ်းအားများမှာ စေတသိက်ပရမတ်နှင့် ရုပ်ပရမတ်စွမ်းအားများသာဖြစ်သည်ဟု ဆိုရပေမည်။

သို့သော် စေတသိက်ပရမတ်တို့၏ အရှိတရားကို လုံးဝ မသိတတ်ကြသော သိပ္ပံပညာရှင်များအတွက် ထိုစွမ်းအား များကို ရုပ်ပရမတ်စွမ်းအားသက်သက်ဟုသာ ထင်မြင် ယူဆ ကြ၏။

အနုမြူဖွဲ့စည်းရာတွင် ရုပ်ပရမတ်စွမ်းအားများ ပါဝင်ကြ သည်မှာ အမှန်ပင် ဖြစ်၏။ သို့သော် ယင်းတို့သည် အနုမြူ၏ အခြေခံရုပ်ဓာတ်များ၊ရုပ်ဓာတ်ခန္ဓာများ တည်ဆောက်ရာတွင် အီလက်ထရွန်များ၊ ပရိုတွန်များ၊ ညူထရွန်များ၊ ဖိုတွန်များ၊ ညူထရီနိုများ စသည်အားဖြင့် ယခု တွေ့ရှိပြီးသမျှ (၉၀)ခန့် သော လက္ခဏာရုပ်များအဖြစ် ပါဝင်လျက် ရှိနေကြ၏။

ယင်းတို့အားလုံးသည် အနုမြူအဆောက်အဦ၏ **အုပ်ချပ် လေးများသာလျှင်** ဖြစ်ကြ၏။ ယင်းအုပ်ချပ်လေးများသည် အာကာသရုပ်ပရမတ်၏ ကန့်သတ်ထားမှုကြောင့် တခုနှင့်တခု နီးနီးကပ်ကပ် ပေါင်းစပ်၍ မနေနိုင်ကြပါချေ။ ဤသို့ နီးနီး ကပ်ကပ် ပေါင်းစပ်၍ နေစေရန်မှာ စေတသိက်ပရမတ် စွမ်း အားတို့၏ ဆွဲငင်စုစည်းမှုကို လိုအပ်သည်။ ထို့ကြောင့် **စေတသိက်ပရမတ်စွမ်းအားများသည် ရုပ်ပရမတ်အုပ်ချပ် လေးများကို ဆက်စပ်ပေးသော ဘိလပ်မြေဟု** ဆိုရမည် ဖြစ်ပေသည်။

စေတသိက်ပရမတ် ဘိလပ်မြေဖြင့် ရုပ်ပရမတ်အုပ်ချပ်လေး များကို ဆွဲငင်ပေါင်းစပ်ပေးထားသော်ငြားလည်း အာကာသ ရုပ်ပရမတ်သည် ကျဉ်းကြုတ်၍သာ သွားသည်၊ ပျောက်ပျက်၍

သွား မသွားချေ။ ရုပ်ပရမတ်၏ သဘောမှာလည်း ထာဝရ သဘောသာ ဖြစ်ချေသည်။

ထို့ကြောင့် ရုပ်အနုမြူတခုကို ဖွဲ့စည်းရာတွင် ပရမတ်ရုပ် အားလုံး ပါဝင်ကြပြီး တခုနှင့်တခု နီးနီးကပ်ကပ် ဆက်စပ် နေရန် စေတသိက်ပရမတ်စွမ်းအားဖြင့် ပုံသွင်းထားရလေ သည်။ ဤသို့ ပုံသွင်းမထားလျှင် ပရမတ်ရုပ်ဓာတ်တို့သည် သူ့သဘောသူဆောင်ကာ ပြန့်ကြဲလျက်သာ နေကြမည် ဖြစ် ပေသည်။

ယနေ့ အနုမြူသိပ္ပံပညာသည် ပရမတ်ရုပ်များကို တွေ့ရှိရန် အလားအလာ လုံးဝ မရှိသေးချေ။ ယခုအထိ တွေ့ရှိပြီး ဖြစ် သော ရုပ်ဓာတ်ခန္ဓာလေး(၉၀)မျှကိုပင် အလွန်ခက်ခဲပင်ပန်း စွာ ရှာဖွေစူးစမ်းနိုင်မှ တွေ့ခဲ့ရခြင်း ဖြစ်၏။ (မေဆွန်များ) ကို တွေ့ရှိရန် နှစ်ပေါင်းများစွာ ကြာ၍ ငွေပေါင်းများစွာ ကုန်ကျပြီး စက်ကိရိယာကြီးများစွာ တည်ဆောက်ခဲ့ရ၏။ (ညူထရီနိုလေး)တခုကို ဖမ်းဆီးရမိရန် **ညူကလီယားစင်ကြီး** (Nuclear Pile)ဆောက်လုပ်၍ နှစ်ပေါင်းများစွာ စိတ်ရှည် လက်ရှည် ရှာဖွေခဲ့ရ၏။

ယခုအထိ တွေ့ရှိထားသော **ရုပ်ဓာတ်ခန္ဓာလေးများ** (Nuclear Particles)မှာ မတော်တဆ တွေ့ခဲ့ခြင်း မဟုတ် ချေ။ ခက်ခဲပင်ပန်းစွာ အနုမြူသိပ္ပံပညာရှင်ပေါင်းများစွာတို့ ၏ မနေမနား ကြိုးစားရှာဖွေမှုကြောင့် တွေ့လာရခြင်း ဖြစ် သည်။

ယနေ့ တွေ့ရှိထားသော ရုပ်ဓာတ်ခန္ဓာလေးများ၏ သက် တမ်းမှာ အလွန်တိုလွန်းပြီး အသေအချာ မတွေ့ရမီပင် အလွန်

လျင်မြန်စွာ ပျောက်ကွယ်သွားခြင်း၊ ဓာတ်ပြောင်းသွားခြင်း၊ ဇီဝပြောင်းသွားခြင်း စသည်တို့ကြောင့် အလွန်အာရုံစူးစိုက်တတ်သော သိပ္ပံပညာရှင်တို့၏ ဉာဏ်မျက်စေ့မှာ သိရုံသာသိလိုက်ကြသည်၊ ဖမ်းဆုပ်၍ မပြနိုင်ကြချေ။

ထိုကြောင့် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသ စသော အခြေခံ ပရမတ်ရုပ်များကို တွေ့ရှိရန်မှာ အလှမ်းအလွန်ဝေးလှသေးသည်ဟု ဆိုရခြင်း ဖြစ်ပေသည်။ အဆိုပါ ပရမတ်ရုပ်များကို လူသားတို့ ပြုလုပ်ရယူသော စက်ကိရိယာများဖြင့် ရှာဖွေ၍ကား ရနိုင်ဖွယ်မရှိချေ။ လူသားတို့ ပိုင်ဆိုင်သော စိတ်ပရမတ်စွမ်းအင်၊ စေတသိက်ပရမတ်စွမ်းအားများဖြင့် ရှာဖွေလျှင်မူ တွေ့နိုင်စရာ အကြောင်းများစွာ ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် **ပရမတ်ကို ပရမတ်ချင်းသာလျှင် နားလည်နိုင်၍ ရှာဖွေတွေ့ရှိနိုင်မည်**ဟု စွမ်းအင်သဘောတရားအရ ယူဆရပေသည်။

ပရမတ်ရုပ်များကို ပိုမိုတိုးတက်လာသော ညူကလီယား သိပ္ပံပညာဖြင့် ရှာဖွေတွေ့ရှိနိုင်သည့်တိုင်အောင် ထိုပရမတ်ရုပ်များကို ဆွဲငင်ပေါင်းစည်းပေးသော စေတသိက်ပရမတ်စွမ်းအားများကို ဘယ်ကလာသလဲ ဟူသောပြဿနာ ပေါ်ကြဦးမည်သာ ဖြစ်၏။

ယခုပင်လျှင် ဟိုက်ဒရိုဂျင်ဗုံးပြုလုပ်ရာ၌ (ဟိုက်ဒရိုဂျင် ညူကလီယပ်စ်များ) စုပေါင်း၍ ပိုမိုကြီးမားသော (ဟီလီယမ် ညူကလီယပ်စ်) ဖွဲ့စည်း ဖြစ်ပေါ်စေရာတွင် လျှပ်စစ်ဗို့အားသန်းနှင့် ချီ၍ ထွက်လာသော စွမ်းအားများသည် ဘယ်ကလာမှန်း အသေအချာမပြောနိုင်ကြချေ။ ယင်းစွမ်းအားများ

ဘယ်သို့ သွားမလဲဆိုသည့် အချက်ကိုမူ သာ၍ပင် မပြောနိုင်အောင် ရှိပေသည်။

(နေ)၏ ကြီးမားသော စွမ်းအင်သည်(Solar Energy) ဟိုက်ဒရိုဂျင်စွမ်းအားများဖြင့် အဓိက တောက်လောင်နေခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များ နားလည်ထားကြ၏။ (နေ)၏ အလင်းရောင်၊ အပူအား၊ ဆွဲငင်အား၊ ပေါက်ကွဲအား စသည်တို့မှာ ဟိုက်ဒရိုဂျင်ဗုံးကြီးများ ပေါက်ကွဲနေသည့် သဘောရှိလေသည်။ ဤနည်းအားဖြင့် (နေ)သည် ဤကမ္ဘာမြေကြီးနှင့် ဂြိုဟ်ကြီး ၉ လုံးပါဝင်သော ဤ(နေဝိမာန်)ကို အလင်းဓာတ်၊ အဆင်းဓာတ်၊ အပူဓာတ်နှင့် အသက်ဇီဝဓာတ်များ ပေးနေခြင်း ဖြစ်ပေသည်။

ဤမျှထူးခြား၍ အရေးပါလှသော ဟိုက်ဒရိုဂျင်စွမ်းအားတို့၏ ဖြစ်ပေါ်ရခြင်း အကြောင်းတရားအရင်းအမြစ်ကို သိပ္ပံပညာရှင်တို့မှာ ယနေ့အထိ ရှာကြံ၍ မရနိုင်သေးချေ။ သို့သော် အဖျက်သဘောတွင် အသုံးပြုရန် ဟိုက်ဒရိုဂျင်ဗုံးကိုကား လုပ်တတ်နေကြပြီ ဖြစ်သည်။

ဟိုက်ဒရိုဂျင်ဗုံး ဖောက်ခွဲသောအခါ ကြောက်မက်ဖွယ်ကောင်းသော ရုပ်ပြောင်းလဲမှု၊ ဓာတ်ပြောင်းလဲမှုနှင့် ဇီဝပြောင်းလဲမှုများ ဖြစ်ကြသည်ဟူသော အချက်မှလွဲ၍ အသေအချာ ဘာမှ မသိကြချေ။

ဤသို့ဖြင့် ကြောက်မက်ဖွယ်အစွမ်းထက်သော သဘာဝ**စွမ်းအင်ကြီးများ၏ အရင်းအမြစ်များ**ကို အသေအချာ နားလည်သဘောပေါက်ခြင်း မရှိသေးပဲ လုပ်ရင်းကိုင်ရင်း စမ်းတဝါးဝါး ရှာဖွေစူးစမ်းကာ ထိုစွမ်းအင်ကြီးများနှင့် ကိုင်တွယ်

ကစားနေကြသော သိပ္ပံပညာရှင်ကြီးများမှာ အဖျက်သဘော နောက်သို့သာ လိုက်နေမည်ဆိုပါက ဤလူ့ဘောင်မှာ ဒုက္ခ အကြီးအကျယ် တွေ့ကြုံရမည်သာ ဖြစ်လေသည်။

သိပ္ပံပညာကျော် ဒေါက်တာအိုင်စတိုင်းကမူ အနုမြူဗုံး ၂ လုံးကြောင့် ဟီရိုရှီမားနှင့် နာဂါစာကီမှ လူသားများစွာ မရှု မလှသေကြေပျက်သုဉ်းရပြီး နောက်ပိုင်းတွင် အနုမြူစွမ်းအင် နှင့် ဟိုက်ဒရိုဂျင်စွမ်းအင်တို့ကို အပြုသဘောသက်သက်သာ သုံးကြရန် သေသည့်အချိန်အထိ တိုက်တွန်း ရေးသားသွား ခဲ့၏။

ဒေါက်တာအိုင်စတိုင်းက အဘယ်ကြောင့် ဤသို့ တိုက် တွန်းခဲ့သနည်း။ သူ ဖော်ထုတ်ခဲ့သော ရုပ်နှင့်စွမ်းအင်တို့၏ အညမညသမုတိသစ္စာသီဝရီကြီး၏ အထွေထွေသဘောတရား များအရ ကြီးမားသောစွမ်းအင်များကို ဖျက်ဆီးဖြိုခွဲသည့် အခါတိုင်း ဖွဲ့စည်းထားသောရုပ်များသည် ပြိုကွဲပျက်ပြုန်းရ ကြောင်းကို သိမြင်ခဲ့၏။

ထိုသို့ ပြိုကွဲပျက်ပြုန်းရသော စွမ်းအင်ဂယက်လှိုင်းတို့သည် သင်္ချာစကြာဝဠာတခုလုံးသို့ အလင်းရောင်၏ ခရီးနှုန်းဖြင့် အလွန်လျင်မြန်စွာ ရိုက်ခတ်ပဲ့တင်သွားကြောင်း အောက်ပါ အတိုင်း ကွင်းကွင်းကွက်ကွက် သိမြင်နိုင်ပေသည်။

ရုပ်စွမ်းအင် = ရုပ်ဓာတ်ပမာဏ×(အလင်းရောင်ခရီးနှုန်း)၂

$$E = m \times c^2$$

ထို့ကြောင့် $\frac{E}{m} = c^2$

$$c = ၁၈၆,၀၀၀ \text{ မိုင်/စက္ကန့်}$$

ထို့ကြောင့် $\frac{E}{m} = (၁၈၆၀၀၀)^{၂}$ မိုင်/စက္ကန့်/စက္ကန့်

၍ ပုံရှင်နည်းက ညွှန်ပြသည်မှာ ဖွဲ့စည်းထားသော ရုပ် ဓာတ်တခု ပြိုကွဲပျက်ပြားရာတွင် ထွက်ပေါ်လာသော **စွမ်းအင် ပမာဏ**(Energy Perunit of the Mass)သည် **အရှိန် နှုန်း**( Acceleration )တစက္ကန့်လျှင်=$(၁၈၆)^{၂} \times (၁၀)^{၆}$= $၃၄၅၉၆ \times (၁၀)^{၆}$ မိုင်ဖြင့် ခရီးပြင်းနှင်နေသော စွမ်းအင် လှိုင်းများဖြစ်ကြောင်း သိရလေသည်။

အိုင်စတိုင်းကိုယ်တိုင် နားလည်ခဲ့သော ရုပ်စွမ်းအင်လှိုင်း များတွင် အမြန်ဆုံးခရီးနှင်နိုင်ကြသော အလင်းရောင်(ဖိုတွန်) လှိုင်းများမှာ တစက္ကန့်လျှင် ၁၈၆,၀၀၀ မိုင်နှုန်းသာ ဖြစ်၏။

ယခု ရုပ်ဓာတ်တခုဖွဲ့စည်းမှုပျက်ပြား၍ ထွက်ပေါ်လာသော စွမ်းအင်လှိုင်းတို့၏ ဂယက်သည် တစက္ကန့်လျှင် $၃၄၅၉၆ \times (၁၀)^{၆}$ မိုင်နှုန်းဖြစ်နေရာ အိုင်စတိုင်းကိုယ်တိုင်ပင် သူ ဖော် ထုတ်ခဲ့သော အနုမြူစွမ်းအင်နှင့် ဟိုက်ဒရိုဂျင်စွမ်းအင်တို့၏ သဘာဝနှင့် ပမာဏကို နားမလည်နိုင်အောင် ဖြစ်သွားရ လေသည်။

အိုင်စတိုင်း သိထားသောအချက်မှာ သင်္ခတစကြာဝဠာ အတွင်း၌ အမြန်ဆုံးသော ရုပ်စွမ်းအင်လှိုင်းသည် အလင်း ရောင်(ဖိုတွန်)လှိုင်းသာလျှင်ဖြစ်၍ အခြားသော မည်သည့် ရုပ်စွမ်းအင်မဆို အလင်းရောင်ထက် ပို၍ ခရီးမနှင်နိုင်ဟု အိုင်စတိုင်းကိုယ်တိုင် အသေအချာ ပြောဆို ရေးသားခဲ့ဘူး၏။

သို့ရာတွင် ယခု သူ နောက်ဆုံး ဖော်ထုတ်လိုက်သော

**ရုပ်နှင့် စွမ်းအင်တို့၏ အညမညသီ၀ရိအရ** ရုပ်ဓာတ်တခု၏ ကျစ်လစ်သိပ်သည်းသော ဖွဲ့စည်းမှုအဆောက်အအုံကို အစမှ ရိုက်ချိုးဖြိုဖျက်လိုက်သည်ရှိသော် ထွက်ပေါ်လာသော စွမ်းအင် လှိုင်းဂယက်မှာ အလင်းရောင် (ဖိုတွန်)တို့ထက်ပင် အဆ ပေါင်းများစွာ လျင်မြန်သော **အရှိန်အဟုန်** (Accelera-tion)ဖြင့် စကြာ၀ဠာကုန် ကျယ်သရွေ့ မရပ်မနား ရိုက်ခတ် သွားပုံကို အထက်ပါ ပုံရှင်နည်းအရ ပြတ်သားစွာ သိမြင်လာ ခဲ့လေသည်။

ထိုအခါ ရုပ်တို့၏ ဖွဲ့စည်းရေးစွမ်းအင်တွင် ရုပ်သက်သက် မျှ၏ စွမ်းအင်ပမာဏထက် အဆများစွာကြီးမားသော စွမ်း အင်ပမာဏသည် ကိန်းအောင်းလျက်ရှိနေပုံကို ဒေါက်တာ အိုင်စတိုင်းသည် သတိထားမိသည်နှင့်တပြိုင်နက် ရုပ်စွမ်းအင် **တို့ထက် ပိုမိုကြီးမားသော စွမ်းအင်များသည် သဘာ၀ လောကဓာတ်ကြီးအတွင်း၌ ရှိနိုင်ပါတကားဟု** သူ၏စိတ် တွင် ထင်ရှားစွာ သိမြင်လာခဲ့လေသည်။ဤအမြင်ကို စဘင်၍ သက်သေပြရန် ကြိုးပမ်းရင်း လူသားတို့ ပြည့်စုံစွာနားမလည် နိုင်သေးသော အနုမြူစွမ်းအားနှင့် ဟိုက်ဒရိုဂျင်စွမ်းအား တို့ကို အပြုသဘောမှတပါး အဖျက်သဘောအရ လုံး၀ အသုံးမပြုကြရန် တိုက်တွန်းပန်ကြားရင်း လူအဖိုးတန်ရတနာ တပါးဖြစ်သော သိပ္ပံပညာကျော်ကြီးမှာ ကွယ်လွန်သွားရရှာ လေသည်။

သူ ကွယ်လွန်သွားသော်လည်း သူ့အလုပ်ကား မပြီးပြတ်ခဲ့ ချေ။သူ သိလိုလှသော သဘာ၀လောကဓာတ်အတွင်းမှ ရုပ် စွမ်းအင်တို့ထက် သာလွန်ကြီးမားသော စွမ်းအင် ဆိုသည်မှာ

**စိတ်ပရမတ်စွမ်းအင်**ဖြစ်ကြောင်းကို ဗုဒ္ဓမြတ်ဘုရားက လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀-ခန့်ကပင် အတိအကျ ရှင်းလင်း ညွှန်ပြသွားသည်ကို ဒေါက်တာအိုင်စတိုင်း သိရှိသွားစေချင်လှ ပါဘိသည်။

**ဗုဒ္ဓသိပ္ပံအရ စိတ်ပရမတ်စွမ်းအင်သည် ရုပ်ပရမတ် စွမ်းအင်တို့ထက် (၁၇)ဆတိတိ ပိုမိုကြီးမားသည်ဟု လူ သားတို့၏စိတ်ကို မူတည်၍ ညွှန်ပြခဲ့ပေ၏။**

ဤသို့ (၁၇)ဆတိတိ ပိုမိုကြီးမားကြောင်း မည်သို့ သိရသနည်းဟူမူ ရှေ့ပိုင်းတွင် အကျယ်တဝင့် တင်ပြခဲ့သော **ရုပ်သက်နှင့် စိတ်သက်**တို့၏ ခြားနားချက်မှ ရရှိခြင်း ဖြစ်၏။ **စိတ်သက် တသက်သည် ရုပ်သက် (၁၇)သက်နှင့် ညီမျှ ကြောင်း** ဗုဒ္ဓသိပ္ပံ၏ ညွှန်ပြချက်ကို ယနေ့သိပ္ပံပညာအနေဖြင့် ဝေဖန်ရန် အရည်အချင်းမမှီသေးသည်မှာ ဝန်ခံရမည်သာ ဖြစ်၏။

သို့သော် အိုင်စတိုင်းသီဝရီအရ သဘာဝလောကဓာတ် အတွင်း၌ ရုပ်စွမ်းအင်တို့ထက် သာလွန်ကြီးမားသောစွမ်းအင် များ ရှိသည်ကို သိပ္ပံပညာအမြင်ဖြင့် လုံးဝ လက်ခံထားပြီး ဖြစ်ရာ ဗုဒ္ဓသိပ္ပံ၏ တိကျပြတ်သားသောအဆိုပြုချက်ကို ငြင်း ပယ်ရန် မဖြစ်နိုင်ချေ။ သက်သေပြရန်သာ ကြိုးပမ်းရန် ရှိပေ သည်။

**အိုင်စတိုင်းသာ ဆက်၍ အသက်ရှင်နေမည် ဆိုပါက** သူ၏ ရုပ်ခါတ်နှင့် ရုပ်ဓာတ်စွမ်းအင်တို့၏ အညမည သမုတိ သစ္စာသီဝရီကို အခြေခံပြု၍ **ဗုဒ္ဓ၏ ရုပ်ပရမတ်နှင့် စိတ် ပရမတ်စွမ်းအင်တို့၏ အညမည ပရမတ္ထသီဝရီကို** အောက်ပါ

အတိုင်း ချမှတ်ဖွယ်ရာ ရှိလေသည်။

စိတ်ပရမတ်စွမ်းအင် = ရုပ်ပရမတ် × (စိတ်စွမ်းအင်လှိုင်း ခရီးနှင်နှုန်း)၂

$$E^1 = m \times (17\ c)^2$$

$$\therefore \frac{E^1}{m} = (17\ c)^2$$

$$\frac{E^1}{m} = (17)^2\ (c)^2$$

∴ $\dfrac{\text{စိတ်ပရမတ်စွမ်းအင်}}{\text{ရုပ်ပရမတ်}}$ =(၁၇)၂ × (၁၈၆၀၀၀)၂ မိုင်/စက္ကန့်/စက္ကန့်

ဤပုံရှင်နည်းသည် အိုင်စတိုင်း၏ ပုံရှင်နည်းကို တိုက်ရိုက်မှီး၍ **အဆိုပြုချက်တရပ်အဖြစ်** တင်ပြလိုက်ခြင်းသာ ဖြစ်၏။ ရုပ်ဓာတ်စွမ်းအင်လှိုင်းတွင် အမြန်ဆုံးဖြစ်သော အလင်းရောင် (ဖိုတွန်)၏ ခရီးနှင်နှုန်းမှာ (c=၁၈၆၀၀၀ မိုင်/စက္ကန့်)ဖြစ်၍ ရုပ်စွမ်းအင်လှိုင်းထက်(၁၇)ဆပို၍ မြန်သော **စိတ်စွမ်းအင်လှိုင်း၏ ခရီးနှင်နှုန်း**မှာ (၁၇×c=၁၇×၁၈၆၀၀၀)မိုင်/စက္ကန့် ဖြစ်သည်ဟု အဆိုပြုနိုင်ပေသည်။

ထိုအခါတွင် အိုင်စတိုင်း၏ ရုပ်ဓာတ်စွမ်းအင်နှင့် ရုပ်ဓာတ်ပမာဏတို့၏ အညမညတရားကို ဖော်ပြသော ပုံရှင်နည်းအား **စိတ်ပရမတ်စွမ်းအင်နှင့် ရုပ်ပရမတ်တို့၏ အညမညတရားကို** ဖော်ပြသော ပုံရှင်နည်းအဖြစ်သို့ ပြောင်းလဲကြည့်၍ ရနိုင်လေသည်။

အထက်ပါ ပုံရှင်နည်းတွင် ($\frac{E^{1}}{m}$)၏ အနက်အဓိပ္ပာယ်မှာ စိတ်ပရမတ်စွမ်းအင်နှင့် ရုပ်ပရမတ်စွမ်းအင်တို့၏ အချိုးအဆသည် (၁၇)$^{၂}$ (၈)$^{၂}$ ဖြစ်ကြောင်း ညွှန်ပြလေသည်။

ဤသဘောအရ သဘာဝလောကဓာတ်ကြီးအတွင်း၌ ရုပ်စွမ်းအင်များထက် သာလွန်သော စွမ်းအင်များသည် အိုင်စတိုင်း တွေ့ရှိခဲ့သော (၈)$^{၂}$ ထက် (၁၇)$^{၂}$ = (၂၈၉)ဆမျှအထိ ကြီးမားသော **စိတ်ပရမတ်စွမ်းအင်များ**ဖြစ်ကြောင်းသိပ္ပံနည်းကျစွာ အဆိုပြု တင်ပြနိုင်ပေ၏။

ဤမျှပမာဏရှိသော စိတ်ပရမတ်စွမ်းအင်သည် မည်သို့မည်ပုံ ဖွဲ့စည်းတည်ဆောက်ထားသနည်း။ ဘာကြောင့် ရုပ်စွမ်းအင်တို့ထက် ကြီးမားရသနည်း။ စိတ်ပရမတ်စွမ်းအင်၏ ဖွဲ့စည်းတည်ဆောက်ပုံတွင် ရုပ်စွမ်းအင်တို့ထက် သာလွန်ထူးခြားသော အရာသည် အဘယ်နည်း။

ဤမေးခွန်းများကို သိပ္ပံနည်းကျကျ ဖြေဆိုရန်မှာ **ဗုဒ္ဓသိပ္ပံ**ကိုပင် အခြေခံပြုရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ သိပ္ပံပညာသည် စိတ်ပရမတ်ဖွဲ့စည်းတည်ဆောက်ပုံကို ကေန်ကေ လေ့လာနိုင်စွမ်း မရှိခြင်းကြောင့် ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓ ညွှန်ပြခဲ့သော ဖွဲ့စည်းပုံအနေအထားများကိုမူ သိပ္ပံဥပဒေသများနှင့် သိပ္ပံသဘောတရားများအရ ဆင်ခြင်သုံးသပ်၍ ရနိုင်ကောင်းသည်ဟု အဆိုပြုရပေလိမ့်မည်။

ရှေးဦးစွာ ဗုဒ္ဓသိပ္ပံမှ တိကျစွာ ညွှန်ပြထားသော **စိတ်ပရမတ်ဖွဲ့စည်းပုံ**ကို လေ့လာကြည့်ကြပါစို့။

စိတ်ပရမတ်တခုသည် **စွမ်းအင်အစုအဝေးကြီးတခု** ဖြစ်

သည်မှာ အလွန်သေချာရကား မည်သို့မည်ပုံ ဖွဲ့စည်းတည် ဆောက်ထားသည်ကို သိပ္ပံပညာအမြင်ဖြင့် အလေးအနက် စူးစမ်းဆင်ခြင် ကြည့်ရန် လို၏။

**သမုတိသစ္စာတရားများဖြင့်သာ** အဓိက ဖော်ဆောင်ထား သော သိပ္ပံပညာအားလုံးတွင် အခြေခံအကျဆုံးသော **ပရမတ္ထ သစ္စာတရား(၂)ပါးသာလျှင်** ပါဝင်ကြ၏။ ယင်းတို့မှာ **စွမ်း အင်ပရမတ္ထတရား**(Energy is Absolute)နှင့် **စွမ်းအား ပရမတ္ထတရား**(Force is Absolute)တို့ပင် ဖြစ်ကြ၏။

စွမ်းအင်ပရမတ်နှင့် စွမ်းအားပရမတ်တို့သည် ပရမတ် တရားတို့တွင် ရှိအပ်သော အရည်အချင်းအားလုံးနှင့် ပြည့်စုံ၏၊ ဖန်ဆင်း၍မရ၊ ဖျက်ဆီး၍မရ၊ အစမရှိ၊ အဆုံးမရှိ၊ အသွင်တမျိုး မှ တမျိုးသို့ ပြောင်းလဲ၍သာ ရနိုင်သည်။

ထို့ကြောင့် သိပ္ပံသဘောတရားများအရ **စွမ်းအင်အစု အဝေးကြီး**တခုဟု သိထားသော စိတ်ပရမတ်တခုကို ဖွဲ့စည်း တည်ဆောက်ထားသော အရာများမှာ **စေတသိက်ပရမတ် စွမ်းအားကြီးများသာ** ဖြစ်ရပေမည်။ အခြားမည်သည့်အရာမှ မဖြစ်နိုင်ချေ။

စိတ်ပရမတ်တခုကို ဖွဲ့စည်းတည်ဆောက်ထားသော **စေ တသိက်ပရမတ်စွမ်းအားကြီးများ** (Major Forces of Mind)သည် အခြားသော **စေတသိက်ပရမတ်စွမ်းအားငယ် များ** (Minor Forces of Mind)နှင့် လုံးဝ မတူပဲ တမူ ထူးခြားသော ဝိသေသလက္ခဏာများ ရှိကြရမည် ဖြစ်၏။

ဤသို့ မတူ တမူထူးခြားသော စေတသိက်ပရမတ်စွမ်းအား ကြီးများမှာ **သဗ္ဗစိတ္တသာဓာရဏ**ဟု ခေါ်သော **စွမ်းအားကြီး**

(၇)ခုပင် ဖြစ်ကြောင်း ဗုဒ္ဓသိပ္ပံမှ အလွန်တိကျပြတ်သားစွာ ညွှန်ပြထားပေသည်။

သဗ္ဗစိတ္တသာဓာရဏဟူသော ဝေါဟာရနှင့်အညီ အဆိုပါ စွမ်းအားကြီး(၇)ခုတို့သည် စိတ်ပရမတ်တိုင်း၏ ဖွဲ့စည်းတည်ဆောက်ပုံတွင် မလွဲမသွေပါနေကြပေ၏။ ဗုဒ္ဓသိပ္ပံမှ တိကျစွာ ညွှန်ပြထားသော စွမ်းအားကြီး(၇)ခုတို့၏ အမျိုးအမည်နှင့် ဝိသေသလက္ခဏာများမှာ အောက်ပါအတိုင်း ဖြစ်ကြလေသည်။

## စိတ်ပရမတ်စွမ်းအားကြီး (၇)ပါး
(Seven Main Forces of Mind)

| | | | |
|---|---|---|---|
| ၁။ | ဖဿ | = | အာရုံထိတွေ့မှု စွမ်းအားကြီး။ |
| ၂။ | ဝေဒနာ | = | အာရုံခံစားမှု စွမ်းအားကြီး။ |
| ၃။ | သညာ | = | အာရုံမှတ်သားမှု စွမ်းအားကြီး။ |
| ၄။ | စေတနာ | = | အာရုံဆွဲငင်မှု စွမ်းအားကြီး။ |
| ၅။ | ဧကဂ္ဂတာ | = | အာရုံအပေါ် စူးစိုက်မှု စွမ်းအားကြီး။ |
| ၆။ | မနသိကာရ | = | အာရုံကို နှလုံးသွင်းမှု စွမ်းအားကြီး။ |
| ၇။ | ဇီဝိတိန္ဒြိယ | = | အာရုံကို ထိန်းသိမ်းမှု စွမ်းအားကြီး။ |

အထက်ပါ စွမ်းအားကြီး(၇)ခုတို့သည် စိတ်ပရမတ်တခု၏ ဖွဲ့စည်းတည်ဆောက်ပုံတွင် မဏ္ဍိုင်ကြီး (၇)ခု (7 Main Pillers) နှင့် အသွင်တူ၏။ စိတ်တိုင်းတွင် ဤမဏ္ဍိုင်ကြီး (၇)ခုကို အားပြု၍ ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်လေသည်။

ဤစွမ်းအားကြီး(၇)ခု၏ သဘာဝလက္ခဏာများကို ကြည့်လျှင် ဖဿသည် **ထိတွေ့မှုစွမ်းအား** (Afferent Force) ဖြစ်၍ အာရုံဟူသမျှဆီသို့ သွားရသော **အလုပ်** (Work)ကို လုပ်၏။ **ဝေဒနာသည် ခံစားမှုစွမ်းအား**(Efferent Force) ဖြစ်၍ **အာရုံဟူသမျှ**ထံမှ ပြန်လာရသော **အလုပ်** (Work)ကို လုပ်၏။

**သညာသည် မှတ်သားမှုစွမ်းအား**(Recording Force) ဖြစ်၍ ဝေဒနာစွမ်းအား သယ်ယူလာသော အာရုံကို မှတ်သားရသော **အလုပ်**ကို လုပ်၏။ **စေတနာသည် ဆွဲငင်မှုစွမ်းအား** (Attraction Force)ဖြစ်၍သညာစွမ်းအား မှတ်ထားသော အာရုံကို စွဲမြဲအောင် ဆွဲဆောင်ရသော **အလုပ်**ကို လုပ်၏။

**ကေဂ္ဂတာသည် ရှုးစိုက်မှုစွမ်းအား** (Concentration Force)ဖြစ်၍ စေတနာစွမ်းအားမှ ဆွဲဆောင်ထားသောအာရုံကို စူးစူးစိုက်စိုက် လေ့လာရသော **အလုပ်**ကိုလုပ်၏။ **မနသိကာရသည် နှလုံးသွင်းမှုစွမ်းအား** (Intuition Force) ဖြစ်၍ ကေဂ္ဂတာစွမ်းအားမှ စူးစူးစိုက်စိုက် လေ့လာထားသော အာရုံကို ပြည့်စုံစွာ နှလုံးသွင်းရသော **အလုပ်**ကိုလုပ်၏။ **ဇီဝိတိန္ဒြိယသည် ထိန်းသိမ်းမှုစွမ်းအား** (Maintaining Force)ဖြစ်၍ နှလုံးသွင်းပြီးသောအာရုံကို မပျောက်မပျက်ရအောင် ထိန်းသိမ်းသော**အလုပ်**ကို လုပ်ရလေသည်။

**စိတ်**ပရမတ်တိုင်းတွင် မဏ္ဍိုင်ကြီးများအဖြစ် ပါဝင်ကြသော အထက်ပါ **စွမ်းအားကြီး**(၇)ပါးတို့၏ **အလုပ်များ** (Works)ဆိုသည်မှာ ( $F=\frac{W}{d}$ )(စွမ်းအား= $\frac{\text{အလုပ်}}{\text{ခရီးရောက်မှု}}$ )

ဟူသော သိပ္ပံနည်းအရ တကယ်တန်း ခရီးရောက်အောင် အသီးသီး လုပ်ဆောင်ပေးကြခြင်း ဖြစ်သည်။

စိတ်ပရမတ်စွမ်းအင်ကို ပိုင်ဆိုင်ထားသော သတ္တဝါတိုင်းသည် စိတ်စွမ်းအားကြီးများ၏ အလုပ်သဘောကို ထာဝစဉ်သတိပြု၍ ရသော်လည်း ယနေ့ သိပ္ပံပညာအနေဖြင့်မူကား **ယင်းစွမ်းအားကြီးအသီးသီး၏ ပမာဏ**( F )ကိုင်း၊ လုပ်ပေးသော **အလုပ်၏ပမာဏ**(W)ကိုင်း၊ယင်းအလုပ်၏ **ခရီးရောက်မှုအတိုင်းအတာ**( d )ကိုင်း ကေန်ကေ တွက်ချက်ပြရန် ကြံဖန်နေဆဲပင် ဖြစ်၏။

မသိကိန်းသုံးခုပါဝင်သော ထို ပုံရှင်နည်းတွင် နှစ်ခုကို လက်တွေ့ တိုင်းတာ ညွှန်ပြနိုင်မည်ဆိုလျှင် ကျန်တခု၏ပမာဏကို ရှာဖွေ၍ရမည် ဖြစ်ပေသည်။

ယနေ့စိတ်ပညာဆိုင်ရာလက်တွေ့သိပ္ပံနယ်ပယ်၌စိတ်တခုလုံး၏(စွမ်းအား စုစုပေါင်း)မှ လုပ်ပေးသော(အလုပ်စုစုပေါင်း)ကို တစုံတခုသော ဖန်တီးယူသည့်အခြေအနေမျိုးတွင် ခရီးမည်မျှရောက်သည်ကိုလေ့လာ၍ စိတ်စွမ်းအားများ၏ ပမာဏကို ရှာကြံသော သာဓကများစွာ ရှိ၏။

သို့ရာတွင် ဖော်ပြပါ စိတ်စွမ်းအားကြီး(၇)ခုတို့ကို တခုစီခွဲခြား၍ ပမာဏနှင့် သဘာဝကို တွက်ချက်တိုင်းတာရန်ကား စိတ်သည် ရုပ်မဟုတ်ခြင်းကြောင့် မည်သည့်နည်းနှင့်မှ ဖြစ်နိုင်စရာအကြောင်း မရှိချေ။

**ဗုဒ္ဓ**သိပ္ပံအရ အဆိုပါ စွမ်းအားကြီး(၇)ခုကို တခုစီ ခွဲပြနိုင်ခြင်းမှာ ဗုဒ္ဓမြတ်ဘုရား၏ အတိုင်းမသိသော စိတ်ပရမတ်စွမ်းအင်လှိုင်းများဖြင့် ဉာဏ်တော်ကွန်ယက်အမျိုးမျိုးကို ဖြန့်

ကျက်နိုင်ခြင်းကြောင့်သာ ဖြစ်ပေသည်။

ထို့ကြောင့် စိတ်စွမ်းအားကြီး(၇)တန်သည် သက်ဆိုင်ရာ အလုပ်အသီးသီးကို လုပ်ကြကြောင်း( $F=\frac{W}{d}$ )သိပ္ပံနည်းအရ သိရှိရသော်လည်း ၎င်းတို့၏ပမာဏကို တွက်ချက်ပြ၍ ရနိုင်မည် မဟုတ်ချေ။ သဘောသဘာဝကိုသာ သိပ္ပံနည်းများက ဖော်ပြနိုင်ပေသည်။

စိတ်စွမ်းအားကြီး(၇)တန်တို့၏ သဘောသဘာဝကို လေ့လာသောအခါ တခုနှင့်တခုတို့သည် **ကွင်းဆက်ကွင်းဆက်စွမ်းအားများ**(A Chain Reaction of Forces) ဖြစ်လျက်ရှိကြောင်း တွေ့ရ၏။ ပထမဆုံးသော **ဖဿစွမ်းအား**သည် ဤ **ကွင်းဆက်လှုပ်ရှားမှု** (Chain Reaction) ၏ အစဖြစ်ကြောင်း တွေ့ရသည်။

**ဖဿစွမ်းအားသည် အလိုအလျောက် နိုးကြားနိုင်သော သဘော မရှိချေ**။အာရုံတခုခုအပေါ်သို့ ကျရောက် ရိုက်ခတ်မိစေရန် ပထမဦးစွာ စွမ်းအားနိုးကြွအောင် ပြုလုပ်ပေးရန် လို၏။သိပ္ပံသဘောအရ စွမ်းအားတခုသည် အရာဝတ္ထုတခုခု အပေါ်တွင် အစဉ် ကျရောက်ရိုက်ခတ်နိုင်စေရန် ကြိုတင်စီမံမှု တခုခု ရှိရမည်သာ ဖြစ်၏။

ထို့ကြောင့် ဖဿစွမ်းအားနိုးကြွစေရန် လှုပ်ရှားပေးမည့် အကြောင်းခံတရား လိုအပ်နေ၏။ ဖဿစွမ်းအား နိုးကြွလာလျှင် ကျန်စွမ်းအားများမှာ အဆင့်ဆင့်နိုးကြား၍ သက်ဆိုင်ရာအလုပ်များကို လုပ်သွားကြမည်သာ ဖြစ်လေသည်။

သို့ဖြစ်ရာ စိတ်ပရမတ်ဖွဲ့စည်းပုံတွင် ဖဿစွမ်းအားကို

စတင်နိုးကြွအောင် လှုပ်ရှားပေးမည့်အင်္ဂါရပ်တခုသည် ပါဝင်ရမည်ဟု သိပ္ပံသဘောတရားအရ ကောက်ချက်ချရပေမည်။

ထိုသို့သော စတင်လှုပ်ရှားမှုအင်္ဂါရပ် (Starter)သည် အမှန်ပင်ရှိကြောင်းကို ဗုဒ္ဓသိပ္ပံက တိကျပြတ်သားစွာ ညွှန်ပြပြန်လေသည်။အဆိုပါအင်္ဂါရပ်ကား အခြားမဟုတ်၊ (**ဘဝင်စလနနှင့် ဘဝင်ပစ္ဆေဒ**)တည်းဟူသော **မူလစိတ်သက်လှိုင်းစုံတွဲ**ပင် ဖြစ်ကြလေသည်။

**စိတ် စတင်လှုပ်ရှားမှု အင်္ဂါရပ်**(Mind Starter)

(၁) ဘဝင်စလန = အခြေခံ စိတ်စွမ်းအင်လှိုင်းအဖွင့် (စိတ်တံခါးအဖွင့်)

(၂) ဘဝင်ပစ္ဆေဒ =အခြေခံ စိတ်စွမ်းအင်လှိုင်းအပိတ် (စိတ်တံခါးအပိတ်)

စိတ် စတင်လှုပ်ရှားမှု အင်္ဂါရပ်သည် စိတ်ပရမတ်၏ ဗဟိုချက် အဆောက်အအုံ(Mind Heart Core)အဖြစ် စိတ်၏ဖွဲ့စည်းပုံတွင် ပါဝင်လျက်ရှိရမည် ဖြစ်၏။ သို့မှသာ စိတ်စွမ်းအားကြီး(၇)တန်သည် ထိုဗဟိုချက်ကိုမူတည်လျက် ဖြာထွက်လာသော စွမ်းအင်လှိုင်းများအဖြစ် အလုပ် လုပ်နိုင်ကြပေမည်။

ဤနေရာ၌ ဘဝင်စလနနှင့် ဘဝင်ပစ္ဆေဒ စွမ်းအင်လှိုင်းများ၏ သဘောသဘာဝကို သိပ္ပံမျက်စေ့ဖြင့် ရှုကြည့်ရန်လို၏။ ဘဝင်စလနစွမ်းအင်လှိုင်းသည် စိတ်ပရမတ်တံခါးကို ဖွင့်ပေးသောလှိုင်း ဖြစ်ပြီး ဘဝင်ပစ္ဆေဒသည် စိတ်ပရမတ်တံခါးကို ပိတ်ပေးသော စွမ်းအင်လှိုင်း ဖြစ်သည်။

ဤသို့ဆိုလျှင် ဖွင့်ပေးသောစိတ်တံခါးမှာ ပိတ်သွားသည်

မှန်ပါက ဘယ်ကဲ့သို့ စိတ်ခရီး ဆက်ရမည်နည်းဟု စဉ်းစား စရာ ဖြစ်နေ၏။

သာမန်အမြင်အရ စဉ်းစားစရာ ဖြစ်သော်လည်း **သိပ္ပံ ပညာအမြင်အရမူကား စိတ်တံခါးဖွင့်ခြင်း၊ ပိတ်ခြင်းတို့သည် ရောမအလုပ်ကြီးများကို** စိတ်ပရမတ်စွမ်းအားကြီးက ပြုလုပ် လိုက်ခြင်းဟု မှတ်တမ်းတင်ရပေသည်။

(စွမ်းအင်ကို ဖန်ဆင်း၍ မရ၊ ဖျက်ဆီး၍ မရ၊ ပြောင်းလဲ၍ **သာ** ရနိုင်သည်)ဟူသော သိပ္ပံဥပဒေသအရ စိတ်တံခါး ဖွင့် ခြင်း၊ ပိတ်ခြင်း စသော လုပ်အားများသည် ပျောက်ပျက် မသွားကြချေ။ ထိုလုပ်အားတို့သည် ဖဿစွမ်းအားကြီး နိုးကြွ အောင် တိုက်တွန်းနှိုးဆော်လိုက်ပေ၏။

နိုးကြွားလာသော **ဖဿစွမ်းအားကြီး**သည် အာရုံများ ဆီသို့သွားသော **အဝဇ္ဇာနအလုပ်**နှင့် အာရုံများဆီမှ ပြန်လာ လော **ဝိညာဏအလုပ်**နှစ်ရပ်တို့ကို ကျေပြွန်စွာ လုပ်ဆောင် ပေး၏။ ထိုအလုပ်များ၏လှုပ်ရှားမှုကြောင့် ဝေဒနာစွမ်းအား ကြီးမှာ နိုးကြွားလာရလေသည်။

နိုးကြွားလာသော **ဝေဒနာစွမ်းအားကြီး**သည် အာရုံများ ကို ကြိုဆိုလက်ခံသော **သမ္ပဋိစ္ဆနအလုပ်**နှင့် စူးစမ်းလေ့လာ ရသော **သန္တီရဏအလုပ်**တို့ကို ကျေပြွန်စွာ လုပ်ဆောင်ပေး ၏။ ထိုအလုပ်များ၏ လှုပ်ရှားမှုကြောင့် သညာစွမ်းအားကြီး မှာ နိုးကြွားလာရလေသည်။

နိုးကြွားလာသော **သညာစွမ်းအားကြီး**သည် ဝေဒနာ စွမ်းအားကြီးထံမှ အလုပ်များကို လက်ခံယူကာ အပြီးအပိုင် သုံးသပ် ဆုံးဖြတ်ရသော **ဝေါဋ္ဌဗ္ဗနအလုပ်**နှင့် ယင်းဆုံးဖြတ်

ချက်ကို ပထမဆုံးအဆင့် အတည်ပြုခံယူလိုက်ရသော **ဇဝနအ**လုပ်တို့ကို သေချာစွာ လုပ်ဆောင်ပေး၏။ ထိုအလုပ်များ၏လှုပ်ရှားမှုကြောင့် စေတနာစွမ်းအားကြီးမှာ နိုးကြားလာရသည်။

နိုးကြားလာသော **စေတနာစွမ်းအားကြီး**သည် သညာစွမ်းအားကြီးမှ ပထမအဆင့် အတည်ပြုထားသော အလုပ်များကို လက်ခံယူကာ ဒုတိယအကြိမ်အတည်ပြု ခံယူခြင်း **ဇဝနအလုပ်**နှင့် တတိယအကြိမ် အတည်ပြုခံယူခြင်း **ဇဝနအလုပ်**တို့ကို လှိုက်လှဲစွာ တာဝန်ယူ လုပ်ဆောင်ပေးလေသည်။ ထိုအလုပ်များ၏ လှုပ်ရှားမှုကြောင့် ဧကဂ္ဂတာစွမ်းအားကြီးမှာ နိုးကြားလာရလေသည်။

နိုးကြားလာသော **ဧကဂ္ဂတာစွမ်းအားကြီး**သည် စေတနာစွမ်းအားကြီးမှ နှစ်ကြိမ်တိုင် ခံယူအတည်ပြုလိုက်သော အာရုံများကို ထပ်မံ၍ အသေအချာ စူးစိုက်လေ့လာပြီးနောက် စတုတ္ထအကြိမ် ခံယူ အတည်ပြုခြင်း **ဇဝနအလုပ်**နှင့် ပဉ္စမအကြိမ် ခံယူအတည်ပြုခြင်း **ဇဝနအလုပ်**တို့ကို ကျေနပ်အားရစွာ လုပ်ဆောင်ပေးလေသည်။ ထိုအလုပ်များ၏ လှုပ်ရှားမှုကြောင့် မနသိကာရစွမ်းအားကြီးမှာ နိုးကြားလာရလေသည်။

နိုးကြားလာသော**မနသိကာရစွမ်းအားကြီး**သည်ဧကဂ္ဂတာစွမ်းအားကြီးမှ ကျေနပ်အားရစွာ ခံယူအတည်ပြုပေးလိုက်သော အာရုံများကို ဆဋ္ဌမအကြိမ် အတည်ပြု ခံယူခြင်း **ဇဝနအလုပ်**နှင့် နောက်ဆုံးအကြိမ် အတည်ပြုခံယူခြင်း **ဇဝနအလုပ်**တို့ကို ပြုလုပ်ကာ အပြီးအပိုင် အတည်ပြုခံယူလိုက်သည်။ ဤအလုပ်များကြောင့် ဇီဝိတိန္ဒြေစွမ်းအားကြီးမှာ နိုးကြားလာလေသည်။

နိုးကြားလာသော **ဇီဝိတိန္ဒြေစွမ်းအားကြီး**သည် မနသီကာရ စွမ်းအားကြီးက အပြီးအပိုင်ခံယူ အတည်ပြုထားသော အာရုံများကို လက်ခံယူ၍ ကောင်းစွာ ထိန်းသိမ်းခြင်း-**တဒါလမ္ဗဏအလုပ်** ပထမအဆင့်နှင့် လုံခြုံစွာ ထိန်းသိမ်းခြင်း-**တဒါလမ္ဗဏအလုပ်**ဒုတိယဆင့်တို့ကိုအဆုံးသတ်အဖြစ် တာဝန်ကျေပြွန်စွာ ဆောင်ရွက်လိုက်လေသည်။

ဤနည်းအားဖြင့် **သဗ္ဗစိတ္တသာဓာရဏ**ဟု ဗုဒ္ဓမြတ်ဘုရား နာမည်ပေးထားခဲ့သော စိတ်စွမ်းအား(၇)တန်တို့သည် သက်ဆိုင်ရာ အလုပ်တာဝန်အသီးသီးကို မှန်မှန်ကန်ကန်နှင့် ကျေပြွန်စွာ ဆောင်ရွက်ပြီးသည့်အခါတိုင်း **ဇီဝိတိန္ဒြေစွမ်းအားကြီး** အတွင်း၌ သက်ဆိုင်ရာ အာရုံခံစားမှုများသည် ထိန်းသိမ်းထားပြီး ဖြစ်ကြသည်ဟု သိပ္ပံနည်းကျသော **စွမ်းအား၏ ပရမတ္ထတရား**(Law of Conservation of Force) နှင့် **အလုပ်၏ ပရမတ္ထတရား**(Conservatiom of work) များအရ အခိုင်အမာနားလည်ရပေသည်။

ထို့ကြောင့် သက်ရှိသတ္တဝါဟူသမျှတို့၏ **မနောကံအလုပ်များ**၊ **ဝစီကံအလုပ်များ**၊ **ကာယကံအလုပ်များ**သည် ထိုသတ္တဝါ၏ စိတ်ပရမတ်ဖွဲ့စည်းပုံအတွင်း၌ ဘယ်သောအခါမှ ပျောက်ပျက်ခြင်းမရှိဘဲ လုံခြုံစွာ ထိန်းသိမ်းပြီး ဖြစ်နေကြပုံကို ဗုဒ္ဓမြတ်ဘုရားက ကံ၊ **ကံ၏ အကျိုးအကြောင်းတရားဟူသည် သတ္တဝါတိုင်း မလွန်ဆန်နိုင်သောတရား** ဖြစ်၍ မြတ်ဘုရားကိုယ်တိုင် မလွန်ဆန်နိုင်ဟု အတိအလင်း ရှင်းပြတော်မူခဲ့ခြင်းဖြစ်ပေ၏။

အထက်တွင် ဖော်ပြခဲ့သော **စိတ်စွမ်းအားကြီး**(၇)တန်နှင့်

၎င်းတို့အသီးသီး၏ လုပ်ရပ်(၁၄)ပါးတို့ကို ၎င်းတို့အား စတင်နိုးကြားအောင် ဖန်တီးပေးသော **စိတ်စတင်လှုပ်ရှားမှုအင်္ဂါရပ်(၂)ရပ်**နှင့် ပေါင်းစပ်၍ ကြည့်သောအခါ ပရမတ်စွမ်းအင်၏ ဖွဲ့စည်းတည်ဆောက်ပုံ အနေအထားကို (ပုံ)တွင် ဖော်ပြထားသည့်အတိုင်း အလွန်ကြည်လင် ပြတ်သားစွာ တွေ့ရပေသည်။

ဤပုံသည် စိတ်ပရမတ်၏ ဖွဲ့စည်းတည်ဆောက်ပုံ ဖြစ်၏။ ဤပုံကို သိပ္ပံနည်းအရ မည်သို့ နားလည်ရမည်နည်း။ အထက်တန်း ရူပဗေဒသိပ္ပံပညာရှင်များနှင့် စက်မှုလက်မှုသိပ္ပံပညာရှင်များဆိုလျှင် ဤပုံကို ဤအနေအထားထက်ပို၍ ကောင်းအောင် ရေးဆွဲပြသနိုင်ကြမည်ဟု ယုံကြည်၏။ ဤပုံကို မြင်ရုံမျှဖြင့် အထက်တန်း သိပ္ပံပညာရှင်များသည် ဤသို့ ဖွဲ့စည်းတည်ဆောက်ထားသော **စွမ်းအားစနစ်**(System of Forces) သည် **အလိုအလျောက် မောင်းနှင်နိုင်သော စွမ်းအားစနစ်** (Automation of Forces) ဖြစ်ကြောင်း ကောင်းစွာ သတိပြုမိကြမည်သာ ဖြစ်ပေသည်။

သို့သော် ဗုဒ္ဓဘာသာဝင်အားလုံးမှာ အထက်တန်းသိပ္ပံပညာရှင်များ မဖြစ်နိုင်ကြချေ။ ထိုသို့ မဖြစ်နိုင်ရုံမျှဖြင့် သတ္တဝါဝေနေယျအားလုံးအပေါ်တွင် အညီအမျှ တန်းတူညီတူ မေတ္တာထားတတ်သော ဗုဒ္ဓမြတ်ဘုရား၏ တရားဓမ္မတို့ကို သေချာကျနစွာ သိခွင့်မရသည်ရှိသော် မိမိတို့ကိုယ်ကို ဗုဒ္ဓဘာသာဝင်အဖြစ် ယုံကြည်ခံယူသော အသိပညာရှင်နှင့် အတတ်ပညာရှင်များ၏ တာဝန်သာ ဖြစ်ချေသည်။ **ဗုဒ္ဓမြတ်ဘုရားကိုယ်တော်တိုင်မှာမူကား ဆင်းရဲချမ်းသာ လူတန်းစားနှင့် အလွှာ**

မရွေး၊ မျက်နှာကြီး၊ မျက်နှာငယ်ဟူ၍ ခွဲခြားတော်မမူ၊ ဆူကြွ နိမ့်မြင့် ရှိရှိသမျှ သတ္တဝါဝေနေယျကို တန်းတူရည်တူ ထား၍ ကြီးမားသော မေတ္တာဖြင့် ကြည်ဖြူစွာသာလျှင် တရား ဓမ္မတို့ကို မရရအောင် ပြသတော်မူလေသည်။

ဤသို့သော မေတ္တာခေတ်ဖြင့် သတ္တဝါဝေနေယျအားလုံး အတွက် အလေးအနက် ဟောဖော်ညွှန်ပြခဲ့သော ဗုဒ္ဓမြတ် ဘုရား၏ **စိတ်အဘိဓမ္မာဒေသနာသည်** တခုခေတ်တွင် ပြဿနာ များစွာ ပေါ်နေသော အနုမြူသိပ္ပံပညာအား ကြီးမားသော အလင်းရောင်ကို ပေးဆောင်နိုင်သည်ဟု တထစ်ချ ယုံကြည် ကာ လက်ဝယ်ရှိပြီးသမျှသော သိပ္ပံနည်းများဖြင့် မမှိတ်မသုန် ကြိုးစား၍ စူးစမ်းလေ့လာသင့်လှပေ၏။

ဤစာရေးသူ၏ လက်ဝယ်ရှိ သိပ္ပံနည်းများဖြင့် စိတ်ပရမတ် စွမ်းအင်၏ ဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာသောအခါ **စိတ် ပရမတ်ဟူသမျှသည် အလိုအလျောက် မောင်းနှင် ထိန်းသိမ်း သော စွမ်းအားစံနစ်ကြီး** (Self- Propelling & Sustaining System of Forces or Perfect Automation) ဖြစ်ကြောင်း ထူးကဲစွာ တွေ့မြင်ရလေသည်။

ပုံတွင် ဖော်ပြထားသည့်အတိုင်း **စိတ်စတင်လှုပ်ရှားမှု အင်္ဂါရပ်တွင်** ပါဝင်သော ဘဝင်္ဂစလနနှင့် ဘဝင်္ဂုပစ္ဆေဒစွမ်း အင်လှိုင်းနှစ်ခုသည် **စိတ်ပရမတ်၏ နှလုံးအိမ်** (Heart core) ကို ဖွဲ့စည်းထား၏။ ယင်းတို့၏ လှုပ်ရှားမှုသဘာဝသည် ရှေ့ အခန်းများ၏ တခနေရာတွင် ဖော်ပြခဲ့သော ပြိုင်အားစုံတွဲ (Couple of Forces)၏ သဘောသဘာဝအတိုင်း ဖြစ် ကြ၏။

ဘဝင်္ဂစလနစွမ်းအားမှ ဖြစ်ပေါ်သော လှိုင်းသည် ဘဝင်္ဂ ပစ္ဆေဒစွမ်းအားကို နိုးကြွစေသကဲ့သို့ ဘဝင်္ဂပစ္ဆေဒချုပ်ငြိမ်း ရာမှ ဖြစ်ပေါ်သောလှိုင်းသည် ဘဝင်္ဂစလနကို နိုးကြွစေ၏။ ဤနည်းအားဖြင့် ယင်းစွမ်းအားနှစ်ခုသည် တခုနှင့်တခု စွမ်း အားပမာဏချင်းတူကာ (အဖွင့်နှင့်အပိတ် ပြိုင်အားနှစ်ရပ်) အနေအထားဖြင့် အပြန်အလှန်နိုးကြွလှုပ်ရှားမှုကိုပြုကာ စိတ် ပရမတ်၏ နှလုံးအိမ်အင်္ဂါရပ်ကို တည်ဆောက်ထားကြသည်။ သိပ္ပံသဘောတရား အပြည့်အဝဖြင့် နားလည်၍ရသော ဖွဲ့စည်း ပုံကြီး ဖြစ်ပေ၏။

တဖန် စိတ်ပရမတ်နှလုံးအိမ်(သို့မဟုတ်)စိတ်ပရမတ်တံခါး ပေါက်၏ အဖွင့်အပိတ်ကြောင့် ဖြစ်ပေါ်သော လှိုင်းဂယက် (Momentum of Forces)သည် ဖဿစွမ်းအားကြီးကို ရိုက်ခတ်၍ နိုးကြားစေ၏။ ဤသို့ နိုးကြားလာသော ဖဿ စွမ်းအားသည် အဝိဇ္ဇာလှိုင်းကို ဖွင့်၍ ဝိညာဏ်လှိုင်းဖြင့် ပိတ် စေ၏။ ဤနည်းအားဖြင့် ဖဿစွမ်းအား၏ အလုပ်တာဝန် ပြီးဆုံးခြင်းသို့ ရောက်သည်။

သို့ရာတွင် ဖဿစွမ်းအား၏ အလုပ်ကြောင့် ဖြစ်ပေါ်သော ဂယက်လှိုင်းသည် ဝေဒနာစွမ်းအားကို လှုပ်နှိုးလိုက်ပြန်သည်။ နိုးလာသော ဝေဒနာစွမ်းအားသည် သမ္ပဋိစ္ဆနလှိုင်းကို ဖွင့်၍ သန္တီရဏလှိုင်းဖြင့် ပိတ်ကာ သက်ဆိုင်ရာအလုပ်ကို လုပ်ပြန် သည်။ ထိုအလုပ်များ၏ လှုပ်ရှားမှုဂယက်လှိုင်းကြောင့် သညာ စွမ်းအားကြီးမှာ နိုးကြွလာရလေသည်။

ဤနည်းအားဖြင့် သညာ၊ စေတနာ၊ ကေဂ္ဂတာ၊ မနသိ ကာရ၊ ဇီဝိတိန္ဒြိယ စသော စိတ်စွမ်းအားကြီးများသည်

သက်ဆိုင်ရာ **အလုပ်တစုံစီကို** (အဖွင့်လှိုင်း၊ အပိတ်လှိုင်းတစုံ) စီဖြင့်(Couple of Waves) ညီညီညာညာလုပ်ဆောင်သွားကြသည်မှာ **လှိုင်းစကြာရတနာ**(A Complete System of waves)ဟု ဆိုရိုးပြုလောက်ပေသည်။

အကယ်၍သာ စွမ်းအားကြီးတခုစီ၏ **ပမာဏ**( F )ကိုငင်း၊**လှိုင်းများ၏အလျား**(*Wave* length)ကိုငင်း သိနိုင်မည်ဆိုလျှင် ထိုစွမ်းအားမှ လုပ်ပေးသော **အလုပ်ပမာဏ**( W ) ကို တွက်ယူ၍ ရနိုင်၏။ သို့ရာတွင် အဆိုပါ မသိကိန်းအားလုံးကို ယနေ့ သိပ္ပံပညာအရ သိအောင်မလုပ်နိုင်သဖြင့် စိတ်စွမ်းအားတခုစီ၏ အလုပ်ကို တွက်ပြရန် ခဲယဉ်းလှပေသည်။

သို့သော် စိတ်စွမ်းအားကြီး(၇)တန်၏ ဖွဲ့စည်းပုံမှာ စိတ်တံခါး ဗဟိုချက်တခုကို မှုတည်၍ စွမ်းအားပမာဏတူညီစွာ ဖြစ်ပေါ်လာကြပြီး အချိန်၊နေရာ၊ အကွာအဝေးတူညီစွာ လှုပ်ရှားကြသည်ဟု ယူဆရ၏။

ထို့ပြင် စိတ်စွမ်းအားကြီးတခုသည် **လုပ်အားလှိုင်း** (သို့မဟုတ်) **စိတ်သက်လှိုင်းတစုံစီကို** လှိုင်းအလျားညီညာစွာ ဖြစ်ပေါ်လာစေသဖြင့် စိတ်စွမ်းအားကြီး (၇)တန်မှ တူညီသော စိတ်သက်လှိုင်းများသည် စိတ်တံခါးတည်ရာ ဗဟိုချက်ကို မှုတည်၍ **တိကျသောစက်ဝိုင်းပုံလမ်းကြောင်း**(Circular Ring of Paths)ကို ဖြစ်ပေါ်စေနိုင်၏။

အကယ်၍ အဆိုပါ စက်ဝိုင်းပုံလမ်းကြောင်းသည် စိတ်သက်တသက် ချုပ်ငြိမ်းတိုင်း စိတ်တံခါးကို ဗဟိုပြု၍ နေရာပြောင်းသွားမည်ဆိုလျှင် စိတ်သက်လှိုင်းများသည် **အနှစ်မပါသော ထုလုံးပုံလမ်းကြောင်းများ** (Hollow Spherical

Shape of Paths)ကို ဖြစ်ပေါ်စေနိုင်၏။

စိတ်သက်လှိုင်းများသည် စိတ်တံခါးကို ဗဟိုပြု၍ အဝိုင်းညီညာသောလမ်းကြောင်းများဖြင့် ခရီးသွားရာတွင် လမ်းကြောင်း နေရာပြောင်းမည်ဆိုပါက ဗဟိုချက်ကို မူတည်၍သာ ပြောင်းနိုင်၏။ အခြားနည်းဖြင့် မပြောင်းနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် စိတ်သက်လှိုင်းများကို သက်ဆိုင်ရာ စိတ်စွမ်းအားကြီး (၇)တန်မှ ထိန်းချုပ်၍ ယင်းစွမ်းအားကြီးများကို စိတ်တံခါးဗဟိုချက်မှ ထိန်းချုပ်ထားခြင်းကြောင့် ဖြစ်လေသည်။ ဤသို့သော စနစ်သည် **အလိုအလျောက်စွမ်းအားထိန်းစံနစ်**ပင် ဖြစ်ကြောင်း သိပ္ပံပညာက သိရှိထားလေသည်။

ဤစနစ်တွင် စိတ်စွမ်းအားကြီးတခုစီ၏ **ပမာဏ**ကိုဎင်း၊ စိတ်သက်လှိုင်းများ၏ **အလျား**ကိုဎင်း၊ စိတ်စွမ်းအားကြီးတခုစီ၏ **အလုပ်**ကိုဎင်း၊ တွက်ချက်ပြခြင်းငှာ သိပ္ပံပညာအနေဖြင့် မတတ်သာသော်ငြားလည်း ဤစနစ်ကြီးမှ ပေါ်ထွက်လာနိုင်သော စွမ်းအားအမျိုးအစားကိုမူ (Resultant Forces) သိရှိနိုင်၏။

ဤသို့သော ဝန်းဝိုင်းသဏ္ဌာန်ဖြင့် အလိုအလျောက် စွမ်းအားထိန်းစနစ်တရပ်မှ ပေါ်ထွက်လာနိုင်သော စွမ်းအားအမျိုးအစားမှာ **ပြိုင်အားစုံတွဲ** (Couple of Forces) အမျိုးအစားပင် ဖြစ်လေသည်။

**စိတ်ပရမတ်လှိုင်းစကြာ**မှ ဤသို့ ထွက်ပေါ်လာနိုင်သော ပြိုင်အားစုံတွဲမှာ အခြားမဟုတ်၊ **ကုသိုလ်စိတ်စွမ်းအားကြီး** (F1)နှင့် **အကုသိုလ်စိတ်စွမ်းအားကြီး**(F2)တို့ပင် ဖြစ်ကြလေသည်။

**ကုသိုလ်စိတ်စွမ်းအားကြီး** (F1) နှင့် **အကုသိုလ်စိတ်စွမ်းအားကြီး** (F2) တို့သည် စိတ်တံခါးကို ဗဟိုပြုလျက် ပြိုင်အားတို့၏ သဘောသဘာဝအတိုင်း **အားလက်တန်** (Arm of the Couple) ကို ဖြစ်ပေါ်စေကာ ဆန့်ကျင်ဘက် အရပ်မျက်နှာများသို့ အကြိတ်အနယ်ယှဉ်ပြိုင်၍ ဆွဲငင်နေကြလေသည်။

ဤဆွဲငင်မှုကြောင့် **စိတ်ပရမတ်လှိုင်းစကြာမှာ** အရှိန်အဟုန်ပြင်းစွာ လည်ပတ်လျက်ရှိရမည်သာ ဖြစ်သည်ဟု သိပ္ပံသဘောတရားများအရ နားလည်ရပေသည်။

ဤကဲ့သို့ ဖွဲ့စည်းတည်ဆောက်ထားသော **စိတ်ပရမတ်လှိုင်းစကြာ**၏ စွမ်းအားကြီးများ ဖွဲ့စည်းထားပုံစနစ်သည် ကြီးမားသော စွမ်းအင်ကြီးကို အလိုအလျောက် ထိန်းသိမ်းပဲ့ကိုင်မောင်းနှင်နိုင်သော စနစ်ကြီး ဖြစ်ကြောင်း သိပ္ပံပညာသဘောတရားများနှင့် နည်းနိဿယများအရ သက်သေပြ၍ ရနိုင်ပေ၏။ ဤသို့ သက်သေပြရန်အတွက် ပထမဦးစွာ သိပ္ပံပညာတွင် **စွမ်းအင်ထိန်းသိမ်းမှု**၏ အချက်အချာဖြစ်သော **ပင်ကိုယ်စွမ်းအင်သဘောတရားများ** (Laws of Inertia) အကြောင်းကို လေ့လာရပေမည်။

မြန်မာဘာသာဖြင့် လွယ်ကူစွာ နားလည်စေရန် **ပင်ကိုယ်စွမ်းအင်သဘောတရား**ဟု ဆိုအပ်သော အင်္ဂလိပ်ဘာသာအရ **(အင်နားရှား)** သည် စွမ်းအင် (Energy) နှင့် စွမ်းအား (Force) ပါဝင်သော မည်သည့်ဖွဲ့စည်းမှုမျိုးမှာမဆိုမလွဲမသွေ တွေ့ရသော **ဂုဏ်သတ္တိများ** ဖြစ်ကြ၏။

စွမ်းအင်နှင့် စွမ်းအားတို့သည် သိပ္ပံပညာမှ သိထားသော

ပရမတ်တရားများ ဖြစ်ကြရာ ယင်းတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသော အရာဝတ္ထုအဖွဲ့အစည်းအစုစုတို့မှာ ဖွဲ့စည်းစဉ်က ပါဝင်သော စွမ်းအင်တို့ကို ထိန်းသိမ်းထားတတ်သော သဘော ရှိခြင်းကို (**အင်နားရှား**)ဟု နားလည်ရပေသည်။

**အင်နားရှား**၏ သဘောတရားသည် စွမ်းအင်၊ စွမ်းအား တို့နှင့် ဆိုင်သော ယနေ့ အနုမြူသိပ္ပံပညာ၊ ညူကလီယားသိပ္ပံပညာ နယ်ပယ်သစ်များတွင် အလွန်ရေပန်းစားလျက် ရှိ၏။ (**အင်နားရှား**)သဘောတရားနှင့် ကင်းသောအရာသည် သိပ္ပံပညာက သိထားသော စကြာဝဠာတခွင်၌ မရှိချေ။

**အင်နားရှား**၏သဘောကို လွယ်ကူသောဥပမာတရပ်ဖြင့် တပ်ပြရလျှင် ပိသာလေးတခုကို စားပွဲပေါ်တွင် တင်၍ လက်ညှိုးဖြင့် အသာတွန်းကြည့်သောအခါ ပိသာလေးသည် ရွေ့သွားခြင်းမပြုဘဲနေမည်သာ ဖြစ်၏။ ဤသို့ အလွယ်တကူ ရွေ့လျားခြင်းမပြုသည်မှာ အရပ်စကားဖြင့်ဆိုလျှင် လေးလံသောအရာဝတ္ထုတခုဖြစ်၍ဟု သာမညပြောဆိုကြသော်လည်း သိပ္ပံစကားဖြင့်ဆိုလျှင် (ပိသာလေး၏ **အင်နားရှား**)ကြောင့်ဟု ပြောဆိုရမည် ဖြစ်သည်။

ပိသာလေးကို ရွေ့ရှားသည်အထိ လက်ညှိုးဖြင့်တွန်းရန်မှာ (**အား**)အတန်စိုက်ထုတ်ရမည်သာ ဖြစ်၏။ လိုအပ်သော (**အားပမာဏ**)သည် တပိသာ ရှိရပေမည်။သို့မှသာ ပိသာလေး စတင် ရွေ့လျားလေသည်။ တွန်းသော(**အား**)သည် တပိသာ မပြည့်မချင်း ပိသာလေးသည် ရွေ့လျားမည် မဟုတ်ချေ။

ဤသဘောတရားကို ဟူ၍ ရှေးပိုင်းတွင် ဖော်ပြခဲ့သော

**နယူတန်၏ ဥပဒေသ အမှတ်(၁)**ကို ချမှတ်ခဲ့ခြင်း ဖြစ်သည်။ (ရုပ်တခုသည် ရပ်တည်နေလျှင်ဖြစ်စေ၊ ရွေ့လျားနေလျှင် ဖြစ်စေ **ပြင်ပမှ စွမ်းအား** (External Force) တခုခုက လာရောက်ပြုပြင်ခြင်းမရှိပဲ ထိုအခြေအနေမှ ပြောင်းလဲလိမ့်မည် မဟုတ်)ဟု ဖော်ပြခဲ့သော အဆိုပါ ဥပဒေသအမှတ်(၁) သည် **ရုပ်၏ အင်နားရှား**ဆိုင်ရာ ဥပဒေသပင် ဖြစ်၏။

ထို့ကြောင့် ရုပ်စွမ်းအင်နှင့် ရုပ်စွမ်းအားများအကြောင်းကို ကောင်းစွာနားလည်သော သိပ္ပံပညာတွင် **အင်နားရှား**၏သဘောတရားမှာ ရုပ်ဟူသမျှ၏ မူလဖွဲ့စည်းတည်ဆောက်ပုံတွင် ပါဝင်လာသော မူလစွမ်းအားများ၊သို့မဟုတ် ပင်ကိုယ်စွမ်းအားများသည် ထိုရုပ်အခြေအနေကို ထိန်းသိမ်းထားတတ်ကြသည်ဟု ဆိုလိုပေ၏။အနက်အဓိပ္ပာယ်အားဖြင့်မူကား **ရုပ်တခု၏အင်နားရှားဆိုသည်မှာ ထိုရုပ်၏ဖွဲ့စည်းမှုစွမ်းအင်နှင့် စွမ်းအားကိုပင် ဆိုလိုပေသည်**။

လက်တွေ့သိပ္ပံနည်းများအရ ရုပ်ဝတ္ထုတို့၏(အင်နားရှား)တို့ကို ရုပ်ဝတ္ထုတို့၏ အလေးချိန်(*W*eight)ဖြင့် ယေဘုယျအားဖြင့် တိုင်းတာ ညွှန်ပြ၏။အလေးချိန်ဖြင့် ညွှန်ပြနိုင်သော ရုပ်ဝတ္ထု၏(အင်နားရှား)သည် ထိုရုပ်ဝတ္ထုကို အလျားလိုက် ရွေ့လျားအောင်ပြုလုပ်ရာတွင် အခြေအနေထိန်းသော စွမ်းအားမျိုးဖြစ်၍ ၎င်းကို **အလျားလိုက်ရွေ့လျားမှုဆိုင်ရာ အင်နားရှား** (Inertia of Translatory Motion) ဟု ခေါ်ဆိုသတ်မှတ်ရလေသည်။

ရုပ်တို့သည် အလျားလိုက်သာလျှင် ရွေ့လျားကြသည်မဟုတ်၊ စက်ဝိုင်းပုံဖြင့်လည်း လည်ပတ် ရွေ့လျားနိုင်ကြ၏။

ဤသို့ စက်ဝိုင်းပုံဖြင့် လည်ပတ်ရွေ့လျားရာတွင် ရုပ်အခြေအနေကိုထိန်းသော စွမ်းအားမျိုးကို (**ပတ်လည်ရွေ့လျားမှုဆိုင်ရာအင်နာႋရှား** (Inertia of Rotational Motion) ဟု သတ်မှတ်လေသည်။

အထက်ပါ(အင်နာႋရှား)နှစ်မျိုးနှစ်စားတို့သည် သဘာဝနှင့် ပမာဏချင်း မတူညီကြချေ။ အလျားလိုက် ရွေ့လျားနေသော ရုပ်အခြေအနေများ၏ (အင်နာႋရှား)မှာ တွက်ချက်ယူ၍ လွယ်ကူသော်လည်း ပတ်လည်ရွေ့လျားနေသော ရုပ်အခြေအနေများ၏ (အင်နာႋရှား)မှာ တွက်ချက်ယူရန်ခဲယဉ်း၏။အထူးသဖြင့် ပတ်လည်ရွေ့လျားမှုတို့သည် အနုမြူဖွဲ့စည်းပုံအတွင်းရှိ အီလက်ထရွန်များ၏ ရွေ့လျားမှုမျိုးဖြစ်ပါက ပို၍ အတွက်အချက်များ ခက်ခဲ ရှုတ်ထွေးလှလေသည်။ ပတ်လည်လှုပ်ရှားမှု လမ်းကြောင်းများသည် ပြောင်းလဲနေပြီး လမ်းကြောင်း၏အသွင်အပြင်မှာလည်း စက်ဝိုင်းပုံ တိတိကျကျမဟုတ်ပဲ ဘဲဥပုံ သဏ္ဌာန်ဝိုင်းသောလမ်းကြောင်းများ ဖြစ်ပါက ထိုသို့သော ရုပ်အခြေအနေများ၏ (အင်နာႋရှား)မှာ သိပ္ပံဖော်မြူလာကြီးပေါင်းများစွာသုံး၍တွက်ချက်ရမည်သာဖြစ်၏။

ဤသို့ သိပ္ပံပုံရှင်နည်းပေါင်းများစွာသုံး၍ တွက်ချက်ကြည့်သော်ငြားလည်း အနုမြူအဖွဲ့အစည်းအတွင်းရှိ အီလက်ထရွန်များ၏ (အင်နာႋရှား)ကို ပြည့်စုံစွာ သိနိုင်စွမ်း မရှိချေ။ **ကွင်တမ်မက္ကင်နစ်** (Quantum Mechanics)နှင့် **စွမ်းအင်လှိုင်းမက္ကင်နစ်** (*W*ave-Mechanics)စသော အနုမြူသိပ္ပံစွမ်းအင်လှိုင်းများ၏ အင်နာႋရှားကို ရှာဖွေသည့် အတွက်အချက်များမှာ သင်္ချာဗေဒသိပ္ပံပညာ၏ အလွန်ရှုတ်ထွေး

သောနယ်ပယ်သာလျှင် ဖြစ်ပေ၏။ သဘောတရားသိပ္ပံ၏ နယ်ပယ် မဟုတ်ချေ။သဘောတရားသိပ္ပံပညာရှင်များအနေဖြင့် တွက်ချက်တတ်ရန်လည်း မလွယ်ကူချေ။

သို့ရာတွင် (အင်နားရှား)နှင့်ပတ်သက်၍ အလျားလိုက်ရွေ့လျားမှုဆိုင်ရာ အင်နားရှားနှင့် ပတ်လည်ရွေ့လျားမှုဆိုင်ရာ အင်နားရှား နှစ်မျိုးသာရှိရာ သက်ဆိုင်ရာ အမျိုးအစားအလိုက် လွယ်ကူသော အနေအထားအမျိုးမျိုးတွင်(အင်နားရှား)ကို သိပ္ပံပိုရှင်နည်းများဖြင့် တွက်ယူ၍ရလေသည်။

စိတ်ပရမတ်၏ဖွဲ့စည်းတည်ဆောက်ပုံသည် **ပတ်လည်ရွေ့လျားမှုဆိုင်ရာအင်နားရှား၏** သဘောသဘာဝနှင့် အကြုံးဝင်ပေ၏။

**စိတ်ပရမတ်လှိုင်းစကြာကို** ပတ်လည် ရွေ့လျားအောင်ပြုလုပ်ပေးနေသော စွမ်းအားကြီးနှစ်ရပ်မှာ **ကုသိုလ်စိတ်စွမ်းအားကြီး** (F 1)နှင့် **အကုသိုလ်စိတ်စွမ်းအားကြီး** (F2) တို့ပင် ဖြစ်၏။

ထိုစွမ်းအားကြီး ၂-ခုတို့သည် **စိတ်ပရမတ်လှိုင်းစကြာ**၏ ဗဟိုချက် စိတ်တံခါးပေါက်ကြီးကို ဖြတ်၍သွားသော စွမ်းအားလက်တံ၊တနည်းအားဖြင့် **စိတ်ပရမတ်လှိုင်းစကြာ၏အချင်း**(Radius of Gyration of Mind)ကို ဒေါင့်မှန်ပြုလျက် ဆန့်ကျင်ဘက်အရပ်မျက်နှာများသို့ အားပြိုင်ဆွဲငင်နေကြခြင်း ဖြစ်၏။ထို့ကြောင့် ၎င်းတို့သည် စိတ်ပရမတ်လှိုင်းစကြာအဝန်းအား ဒေါင့်မှန်အနေအထား (Tangent to the Gyration of Mind )ဖြင့် ဆွဲအားပြိုင်နေကြသည်ဟု နားလည်ရပေ၏။

ဤသို့သော စက်ဝိုင်းပုံအနေအထားဖြင့် လှုပ်ရှားလှည့်ပတ်နေသော **စိတ်ပရမတ်လှိုင်းစကြာ၏** (အင်နားရှား)မှာ ကုသိုလ်စိတ်စွမ်းအားကြီး(F 1)ကို မူတည်သော စွမ်းအားနှင့် အကုသိုလ်စိတ်စွမ်းအားကြီး (F 2)ကို မူတည်သော စွမ်းအင် ၂-ရပ်ပေါင်း ဖြစ်ရပေမည်။

ဤသို့သောအနေအထားအတွက် (အင်နားရှား)ကို တွက်ချက်သော သိပ္ပံပုံရှင်နည်းမှာ ခအောက်ပါအတိုင်း ဖြစ်၏။

$$\text{(စက်ဝိုင်းအသွင်) အင်နားရှား} = \frac{၃}{၂} \text{ (ရုပ်ပမာဏ)} \times \text{(အချင်းဝက်)}^{၂}$$

$$I_{circular} = \frac{3}{2} \; m \; r^2$$

စိတ်ပရမတ်လှိုင်းစကြာတွင် ပြိုင်အားကြီး ၂ ခု ပါဝင်နေခြင်းကြောင့် အထက်ပါ အင်နားရှားကို ၂ ဆ ပြုလုပ်ရန်လို၏။ ထိုအခါတွင် ကုသိုလ်စိတ်စွမ်းအား (F1) နှင့် အကုသိုလ်စိတ်စွမ်းအား (F2) တို့ကြောင့် ဖြစ်ပေါ်သော (အင်နားရှား)မှာ ခအောက်ပါအတိုင်း ဖြစ်သည်။

$$2I = 2 \times \frac{3}{2} \; mr^2$$
$$= 3 \; mr^2$$

အကယ်၍ စိတ်ပရမတ်လှိုင်းစကြာသည် စက်ဝိုင်းပုံသဏ္ဍာန်လမ်းကြောင်းတမျိုးတည်း မလှည့်ပဲ စိတ်တံခါးကို ဗဟိုပြု၍ အဆက်မပြတ်သော စိတ်ပရမတ်လှိုင်းတို့သည် ပတ်လည်အပြည့်မျှ ဖြစ်ပေါ်ကြမည် ဆိုလျှင် **အနှစ်မပါသော ထုလုံးပုံစံ**

(Hollow Spherical Paths) လမ်းကြောင်းများ ဖြစ်ပေါ်နေမည်။

ဤအနေအထားမျိုးတွင် ကုသိုလ်စွမ်းအားကြီးနှင့် အကုသိုလ်စွမ်းအားကြီး ၂ ခုတို့ကြောင့် ဖြစ်ခေါ်သော အင်နားရှား မှာ အောက်ပါအတိုင်း ဖြစ်ကြောင်း သိပ္ပံပုံရှင်နည်းများက ညွှန်ပြသည်။

(အနှစ်မပါသော) (ထုလုံးအသွင်) အင်နားရှား $= \frac{၅}{၃}$ (ရုပ်ပမာဏ)× (အချင်းဝက်)၂

$$\text{Ispherical} = \frac{5}{3}\,mr^2$$

ထို့ကြောင့် $2\,I = 2 \times \frac{5}{3}\,mr^2$

$$= 3\tfrac{1}{3}\,mr^2$$

အထက်ပါ ပုံရှင်နည်းများအရ **စိတ်ပရမတ်လှိုင်းစကြာ** သည် စက်ဝိုင်းပုံ မျဉ်းကောက်တကြောင်းတည်းအတိုင်း လှုပ်ရှားနေလျှင် ဖြစ်စေ၊ အနှစ်မပါသော ထုလုံးပုံ မျဉ်းကောက် လမ်းကြောင်းပေါင်းများစွာဖြင့် လှုပ်ရှားနေလျှင် ဖြစ်စေ၊ ပိုင်ဆိုင်ထိန်းသိမ်းထားသော **အင်နားရှားစွမ်းအင်ပမာဏမှာ** ($3\,mr^2$) နှင့် ညီကြောင်း ခန့်မှန်းတွက်ချက်၍ ရပေသည်။

တဖန် သိပ္ပံသဘောတရားများအရ စဉ်းစားစရာတခုမှာ **စိတ်ပရမတ်လှိုင်းစကြာ**၏ ဖွဲ့စည်းတည်ဆောက်ပုံ အနေအထားတွင် စိတ်တံခါးဗဟိုချက်တွင် အဖွင့်၊ အပိတ်စွမ်းအား (၂)ရပ်သည် အပြန်အလှန် အကြောင်းအကျိုး ပြုနေကြသော

ပြိုင်အားနှစ်ခု၏ သဘောသရုပ်ကို ဆောင်လျက်ရှိကြပြန်သည်။ ထို့ကြောင့် စိတ်တံခါးအဖွင့်၊ အပိတ်စွမ်းအား နှစ်ရပ်ကြောင့် ဖြစ်ပေါ်နိုင်သော (အင်နားရှား)ကိုလည်း ထည့်သွင်းစဉ်းစား ရပေမည်။

ဤသို့သော ဗဟိုချက်တခုကို မူတည်၍ ပတ်လည်လှုပ်ရှား မှုဆိုင်ရာ အင်နားရှားကို တွက်ချက်နိုင်သော သိပ္ပံပုံရှင်နည်းမှာ **အောက်ပါအတိုင်း** ဖြစ်၏။

(ဗဟိုချက်) အင်နားရှား = ရုပ်ပမာဏ×(အချင်းဝက်)၂

$$I\ central = mr^2$$

ထို့ကြောင့် စိတ်ပရမတ်လှိုင်းစကြာကြီးတခုလုံး၏ အတွင်း အပြင် စိတ်စွမ်းအားကြီးများကြောင့် အလိုအလျောက် ပိုင်ဆိုင်ထိန်းသိမ်းထားသော **အင်နားရှားစွမ်းအင် စုစုပေါင်း**မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

$$I\ total = 3\ mr^2 + mr^2$$

$$I\ total = 4\ mr^2$$

ထို့ကြောင့် **စိတ်ပရမတ်အင်နားရှားစွမ်းအင်** = 4 $mr^2$

ဤနည်းအားဖြင့် **စိတ်ပရမတ်လှိုင်းစကြာ၏ အင်နားရှား စွမ်းအင်ပမာဏ**မှာ (4 $mr^2$) နှင့် ညီကြောင်း အထက်ပါ အတိုင်း ခန့်မှန်းတွက်ချက်၍ ရလေသည်။

ဤနေရာ၌ (m) (ရုပ်ပမာဏ)ပါဝင်နေခြင်းကို မရှင်း မလင်း ဖြစ်စရာအကြောင်း ရှိပေသည်။

စိတ်ပရမတ်သည် ရုပ်ပရမတ်နှင့် လုံးဝမသက်ဆိုင်သဖြင့် စိတ်ပရမတ်စွမ်းအင်တွင် ရုပ်ပါဝင်နေခြင်းမှာ စောဒကတက် စရာဖြစ်ဖွယ် ရှိလေသည်။ သို့ရာတွင် သိပ္ပံနည်းများ၏ သဘော သဘာဝကို သိထားသူများအတွက် ဤအချက်မှာ ပြဿနာ

မဟုတ်ချေ။ သိပ္ပံနည်းအားလုံးသည် ရုပ်ကို အမှီပြုထားသော နည်းများ ဖြစ်၍ သိပ္ပံပုံရှင်နည်း အသီးသီးမှာ **ရုပ်ပမာဏနှင့် ချိန်းထိုး၍သာလျှင်** တွက်ချက်ရခြင်း ဖြစ်၏။

လက်တွေ့သိပ္ပံနယ်ပယ်တွင် ကိုင်တွယ်စမ်းသပ်၍ ရသော အရာမှာ ရုပ်ရှိသော အရာသာ ဖြစ်၏။ ထို့ကြောင့် ပရမတ် သဘောဆောင်သော **စွမ်းအင်နှင့် စွမ်းအားတို့ကို** တိုင်းထွာ ရာတွင် ရုပ်ပမာဏနှင့် ချိန်စက်၍သာလျှင် တိုင်းတာ၍ ပြရလေ သည်။ အခြားနည်းလမ်း မရှိချေ။ ထို့ကြောင့် **လက်တွေ့သိပ္ပံ ပညာနယ်ပယ်တွင် ရုပ်နှင့် စွမ်းအား၊ စွမ်းအင်တို့မှာ ဘယ် သောအခါမှ ကင်းကွာ၍ မရကြချေ။**

သဘာဝလောကဓာတ်ကြီး၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ လည်း ဤသဘောအတိုင်းသာ ဖြစ်၏။ စွမ်းအင်၊ စွမ်းအား နှင့် ရုပ်တို့မှာ သဘာဝလောကဓာတ်ကြီးတခုလုံးတွင် ဘယ် သောအခါမှ ကင်းကွာသည် မရှိချေ။ အတူယှဉ်တွဲ၍ ဖြစ်ပြီး အတူယှဉ်တွဲ၍ ပျက်ကြသည်သာ ဖြစ်၏။ ထို့ကြောင့်ပင် **ဗုဒ္ဓ** သိပ္ပံက စိတ်ပရမတ်စွမ်းအင်၊ စေတသိက်ပရမတ်စွမ်းအားနှင့် ရုပ်ပရမတ်များသည် **အညမညသမ္ပယုတ်ကျသောအခါ အပြု သဘော၊ အဖြစ်သဘော ဆောင်ကြပြီး ကဏ္ဍကောစ ပဋိ ပက္ခကျသောအခါ အဖျက်သဘော၊ အပျက်သဘောဆောင်** ကြသည်ဟု တိတိကျကျ ညွှန်ပြထားခြင်း ဖြစ်လေသည်။

ထို့ကြောင့် **စိတ်ပရမတ်သိုင်းစကြာသည် စိတ်စွမ်းအား ကြီးများဖြင့်သာ ဖွဲ့စည်းတည်ဆောက်ထားသည် မှန်သော် လည်း ရုပ်ပရမတ်နှင့် ကင်းကွာ၍ မရချေ။**

ရုပ်ပရမတ်သည် စိတ်ပရမတ်လှိုင်းစကြာ၏ လှည့်ပတ်လှုပ်

ရှားမှု နယ်နိမိတ်အတွင်းသို့ **ဥပ္ပါဒစိတ်သက်လိုင်း**မှ တဆင့် ဝင်ရောက်လာခြင်း ဖြစ်၏။ ဥပ္ပါဒစိတ်သက်လိုင်းက သယ်ဆောင်လာသောအာရုံ **ရုပ်ပရမတ်** (m)သည် စိတ်ပရမတ်လိုင်းစကြာ၏ နယ်နိမိတ်တလျှောက် လှည့်ပတ်လှုပ်ရှားနေခြင်း ဖြစ်သည်ဟု ဖော်ပြပါပုံရှင်နည်းများတွင် (m) ၏ အခန်းကဏ္ဍကို နားလည်ရမည် ဖြစ်ပေသည်။

စင်စစ်သော်ကား ရုပ်ပရမတ်များသည် **စိတ်ပရမတ်လိုင်းစကြာ**၏ လှည့်ပတ်ဆွဲငင်မှုနှင့် လှည့်ပတ်တွန်းကန်မှုများကို အစဉ်အမြဲ ခံယူနေကြရသည်သာ ဖြစ်၏။ဤအချက်ကို ပရမတ်သုံးပါးတရားတွင် အကျယ်တဝင့် ရှင်းပြခဲ့ပြီးဖြစ်ရာ ယခုတင်ပြသောသိပ္ပံနည်းများက အတည်ပြု သက်သေဆောင်ကြခြင်းသာ ဖြစ်လေသည်။

ထိုကြောင့် စိတ်ပရမတ်အင်နားရှားစွမ်းအင်၏ ပမာဏကို တိုင်းတာညွှန်ပြသော သိပ္ပံပုံရှင်နည်းတွင် ( m )(ရုပ်ပရမတ်) ပါဝင်နေခြင်းမှာ သဘာဝလောကဓာတ်ကြီး၏ လက်တွေ့သဘောဖွဲ့စည်းတည်ဆောက်မှုများနှင့် လုံးဝ ပဏာရပြီး လိုက်လျောညီထွေရှိသည်ဟု သိပ္ပံနည်းကျစွာ ရှုမြင် နားလည်အပ်ပေသည်။

ထို့ပြင် စိတ်ပရမတ်အင်နားရှားစွမ်းအင်သည် **စွမ်းအင်** (Energy)သာဖြစ်၍ **စွမ်းအား**(Force)မဟုတ်ချေ။ စွမ်းအင်တို့၏ သဘောသဘာဝအရ စွမ်းအားကို ထုတ်ပေးနိုင်သော အရည်အချင်း ရှိကြသဖြင့် စိတ်ပရမတ်အင်နားရှား စွမ်းအင်ကြီးမှာ စွမ်းအားများကို ထုတ်ပေးနိုင်လေသည်။ ဤသို့ ထုတ်ပေးသောစွမ်းအားများမှာ အခြားမဟုတ်၊ စေတသိက်

ပရမတ်စွမ်းအားများပင် ဖြစ်လေသည်။

သိပ္ပံနည်းများအရ အင်နားရှားစွမ်းအင်မှ စွမ်းအား ထုတ်ပေးနိုင်သော သဘောသဘာဝကို အောက်ပါ ပုံရှင်နည်း ဖြင့် ညွှန်ပြလေသည်။ ထိုသို့ ထုတ်ပေးနိုင်သောစွမ်းအားအစု အဝေးကို သိပ္ပံပညာတွင် **လှုပ်ရှားစွမ်းအင်** (Kinetic Energy=K-E)ဟု ခေါ်တွင်လေသည်။

| | | |
|---|---|---|
| အင်နားရှား | = | ၂ × လှုပ်ရှားစွမ်းအင် |
| I | = | 2 ( K-E ) |
| သို့ရာတွင် I total | = | $4\ mr^2$ |
| ထို့ကြောင့် 2 (KE) | = | $4\ mr^2$ |
| K-E | = | $2\ mr^2$ |

အထက်ပါ **လှုပ်ရှားစွမ်းအင်** (K-E) မှာ စိတ်ပရမတ် အင်နားရှားစွမ်းအင်ကြီးမှ ထုတ်ပေးနိုင်သော အလုပ်လုပ်ရ မည့် စွမ်းအားအစုအဝေး၏ ပမာဏကို ညွှန်ပြခြင်း ဖြစ်၏။ ထို့ကြောင့် အထက်ပါ လှုပ်ရှားစွမ်းအင် ( K-E ) သည် **စေတသိက်ပရမတ်စွမ်းအားပင်** ဖြစ်သည်ဟု သိပ္ပံနည်းအရ နားလည်ရပေ၏။

ရုပ်များကို ဖွဲ့စည်းဖြစ်ပေါ်စေခြင်းနှင့် ပျက်စီးယိုယွင်းစေ ခြင်း စသော အလုပ်ကိစ္စများကို ပြုလုပ်ပေးသော စွမ်းအား များမှာ စေတသိက်ပရမတ်စွမ်းအားများ ဖြစ်ခြင်းကြောင့် ရုပ်နှင့်ဆက်စပ်နေသော စွမ်းအင်များသည် စေတသိက်ပရမတ် ၏ အထက်ပါ လှုပ်ရှားစွမ်းအင်အမျိုးအစားသာ ဖြစ်သည်။ စိတ်ပရမတ်စွမ်းအင်ကြီးသည် ရုပ်နှင့် တိုက်ရိုက်ဆက်သွယ်

ခြင်းမရှိကြောင်း ပရမတ်သုံးပါးတရား၌ အကျယ်တဝင့် တင်ပြထားပြီး ဖြစ်သည်။

ထို့ကြောင့် အိုင်စတိုင်းသီဝရီအရ တွက်ချက် ရယူသော ပုံရှင်နည်းတွင် ဖော်ပြထားသော စွမ်းအင် ( E ) သည် စိတ်ပရမတ်လှုပ်ရှားစွမ်းအင် ( K-E of the Mind ) သို့မဟုတ် **စေတသိက်ပရမတ်စွမ်းအားသာ** ဖြစ်သည်ဟု နားလည်ရပေမည်။

ထိုအခါ အိုင်စတိုင်းသီဝရီကို အခြေခံပြု၍ ဗုဒ္ဓသိပ္ပံနည်းအရ တွက်ချက်ရရှိသော ပုံစံများနှင့် အထက်တွင် တွက်ချက်ရရှိသော ပုံစံများကို အောက်ပါအတိုင်း ဆက်သွယ်ပေါင်းစပ်၍ တင်ပြနိုင်လေသည်။

ဗုဒ္ဓ၏ စိတ်ပရမတ်နှင့် ရုပ်ပရမတ် အညမညသီဝရီအရ

$$E^1 = m(17c)^2$$

အင်နားရှားသဘောတရားအရ

$$KE = 2mr^2$$

သို့ရာတွင် $KE = \frac{1}{2}E^1$

ထို့ကြောင့် $2\,mr^2 = \frac{1}{2}\,m\,(17c)^2$

$$r^2 = \frac{(17c)^2}{4}$$

သို့ရာတွင် $I\ total = 4\,mr^2$

$$= 4\,m\frac{(17c)^2}{4} = (17c)^2\,m$$

အကယ်၍ $m = 1$ ယူနစ် ဖြစ်လျှင်

$$I\ total = (17c)^2$$

သို့ရာတွင် $c = 186000$ မိုင်/စက္ကန့်

$$\therefore \quad I\ total = (17 \times 186000)^2 \text{ မိုင်/စက္ကန့်/စက္ကန့်။}$$
$$= (3162)^2 \times 10^6$$
$$= 9 \times 10^6 \times 10^6$$
$$I\ total = 9 \times 10^{12} \text{ မိုင်/စက္ကန့်/စက္ကန့်။}$$

အထက်ပါ တွက်ကိန်းများအရ **စိတ်ပရမတ်လှိုင်းစကြာကြီး၏ အင်နားရှားစွမ်းအင်ပမာဏ** သို့မဟုတ် **စိတ်ပရမတ်စွမ်းအင်ပမာဏသည်** ရုပ်ပရမတ်(၁)ယူနစ်အပေါ်တွင် မူတည်၍ တွက်သောအခါ **စွမ်းအင်လှိုင်းအရှိန်အဟုန်** (၉×၁၀^၁၂) မိုင်/စက္ကန့်/စက္ကန့် ဖြစ်ကြောင်း တွေ့ရသည်။

ဤမျှ ကြီးမားသော အရေအတွက် ပမာဏ၏ အနက်အဓိပ္ပာယ်မှာ သိပ္ပံသဘောတရားအရ စိတ်ပရမတ်စွမ်းအင်သည် တစက္ကန့်အတွင်း၌ ၁ စက္ကန့်လျှင် မိုင်ပေါင်း (၉×၁၀^၁၂) ခန့် လျင်မြန်သော **အရှိန်အဟုန်** (Acceleration)ဖြင့် ခရီးပြင်းနှင်နိုင်သော **စွမ်းအင်လှိုင်းကြီး** ဖြစ်ကြောင်း ဖော်ပြလေသည်။

ဤမျှ ကြီးမားသော အရှိန်အဟုန်ဖြင့် ခရီးပြင်းနှင်နိုင်သော စွမ်းအင်လှိုင်းများသည် အနုမြူသိပ္ပံပညာရှင်တို့ သိထားသော အလင်းရောင် (ဖိုတွန်လှိုင်း)၏ ခရီးနှင်နှုန်း (c) ထက် အဆပေါင်းများစွာ ကြီးမားလျင်မြန်ခြင်းကြောင့် သိပ္ပံသုတေသနနယ်ပယ်တွင် မည်သို့သော ရုပ်ပစ္စည်း စက်ကိရိယာမျိုးနှင့်မျှ စူးစမ်းရှာဖွေ၍ တွေ့နိုင်မည် မဟုတ်ချေ။

သို့သော် အနုမြူသိပ္ပံပညာအရ ဒေါက်တာအိုင်စတိုင်း ညွှန်ပြခဲ့သော အချက်တခုမှာ အလင်းရောင်စွမ်းအင်လှိုင်းထက်

ပို၍ မြန်သောအရာဟူ၍ မရှိနိုင်။ အကယ်၍ စွမ်းအင်လှိုင်းတခု သည် အလင်းရောင်လှိုင်းထက် ပို၍ လျင်မြန်သောအဟုန်ဖြင့် ခရီးနှင်နိုင်မည်ဆိုပါက ထိုစွမ်းအင်လှိုင်းသည် ရုပ်ခေတ်အဖွဲ့ အစည်းများကို ဆွဲငင်ပေါင်းစပ် ဖွဲ့စည်းခြင်း သို့မဟုတ် ပြိုကွဲ ပျက်ပြားအောင်လုပ်ခြင်း စသော အလုပ်များကို ကြိုက်သလို ပြုလုပ်နိုင်သည်ဟု နားလည်ထားပြီး ဖြစ်ကြ၏။

ထို့ကြောင့် စိတ်ပရမတ်စွမ်းအင်လှိုင်းများသည် သဘာဝ လောကခေတ်ကြီးအတွင်းရှိ ဖွဲ့စည်းတည်ဆောက်မှု အစုစုတို့ကို ရုပ်ပရမတ်များအား ကုသိုလ်စေတသိက်စွမ်းအားများဖြင့် အညမညသမ္ပယုတ္တပြုခြင်းအားဖြင့်၎င်း၊ ပျက်စီးယိုယွင်းမှု အစုစု တို့ကို ရုပ်ပရမတ်များအား အကုသိုလ်စေတသိက်စွမ်းအား များဖြင့် ကဏ္ဍကောစ ပဋိပက္ခပြုခြင်းအားဖြင့်၎င်း၊ ပြုလုပ်ကြ သည်ဟု ဗုဒ္ဓသိပ္ပံအရ တိကျပြတ်သားစွာ ညွှန်ပြထားခြင်း ဖြစ်လေသည်။

အနုမြူသိပ္ပံ၊ ညူကလီယပ်စ်သိပ္ပံပညာများအရ စိတ်ပရမတ် စွမ်းအင်ကြီး ဖွဲ့စည်းတည်ရှိပုံ၊ စေတသိက်ပရမတ်စွမ်းအား များ ထွက်ပေါ်လာပုံနှင့် ရုပ်ပရမတ်စွမ်းအင်များက အခြေ အနေပေးပုံတို့ကို ဤစာအုပ်တွင် တင်ပြခဲ့သည့်အတိုင်း အသေ အချာ သက်သေပြ၍ နားလည်နိုင်ကြသော်လည်း သိပ္ပံနည်း အရ **စိတ်ပရမတ်စွမ်းအင်ထုနှင့် စေတသိက်ပရမတ်စွမ်းအား** ထုတို့ကို သာမန်ရုပ်စွမ်းအင်နှင့် ရုပ်စွမ်းအားအမြင် သက် သက်ဖြင့်သာ ကြည့်နေမည်ဆိုပါက **ကုသိုလ်စေတသိက်စွမ်း အားနှင့် အကုသိုလ်စေတသိက်စွမ်းအား**နှစ်ခုကို အတူတူဟု သာ ရှုမြင်ကြစရာအကြောင်း ရှိလေသည်။ မည်သည့်နည်းနှင့်မျှ

ခွဲခြား ရှုမြင်တတ်ကြမည် မဟုတ်ချေ။

သိပ္ပံသဘောတရားများအရ စွမ်းအင်ဟူသမျှသည်၎င်း၊ စွမ်းအားဟူသမျှသည်၎င်း၊ အတူတူချည်းသာ ဖြစ်သည်ဟူသော ပရမတ်အမြင်ရှိခြင်းမှာ သဘာဝကျသော်လည်း **အပြုသဘော ဆောင်သော စွမ်းအင်နှင့် စွမ်းအားများမှာ အဖျက်သဘော ဆောင်သောစွမ်းအင်နှင့် စွမ်းအားများထက် ဂုဏ်သတ္တိ**အရာ တွင် များစွာ ကွဲပြားခြားနားကြောင်းကို ညူကလီယားသိပ္ပံ၏ နောက်ဆုံး လေ့လာချက်များအရ ရိပ်စားမိလာကြပေပြီ။

**ပထမဆုံးသင်ခန်းစာမှာ** အနုမြူစွမ်းအားနှင့် ဟိုက်ဒရိုဂျင် စွမ်းအားတို့၏ ခြားနားချက်ကို သိမြင်ရခြင်း ဖြစ်၏။ အနုမြူ စွမ်းအားသည် အနုမြူကို ဖျက်ဆီးခြင်းဖြင့် ရယူသောစွမ်းအား ဖြစ်ပြီး ဟိုက်ဒရိုဂျင်စွမ်းအားသည် အနုမြူကို တည်ဆောက်၍ ရသော စွမ်းအား ဖြစ်၏။ ထိုစွမ်းအားနှစ်ရပ်တွင် ဖွဲ့စည်း တည်ဆောက်၍ ရသော ဟိုက်ဒရိုဂျင်စွမ်းအားသည် ဖျက်ဆီး ဖြိုခွဲ၍ရသော အနုမြူစွမ်းအားထက် ကြီးမားကြောင်း တွေ့ရှိခဲ့ ကြသည်။

**ဒုတိယသင်ခန်းစာမှာ** အဆင်းရုပ်များ၏ ဂုဏ်သတ္တိသည် ထိုရုပ်တို့တွင် ပါဝင်သော စွမ်းအားအရေအတွက် ပမာဏနှင့် မသက်ဆိုင်ပဲ ထိုရုပ်စွမ်းအင်များ ခရီးသွားသော ရွေ့လျားမှု လှိုင်း အတိုအရှည်နှင့်သာ သက်ဆိုင်ကြောင်း တွေ့လာရသည်။ ဤသဘောတရားသည် **စိတ်စွမ်းအင်လှိုင်းနှင့် ရုပ်စွမ်းအင် လှိုင်းတို့၏ ဂုဏ်သတ္တိချင်း** ခြားနားပုံကို လှိုင်းတို့၏ ခရီးနှင်ပုံ နှင့် လှိုင်းအလျား အတိုအရှည်တို့အရ နားလည်နိုင်ကြကြောင်း ကို သက်သေပြလျက်ရှိ၏။

အလွန်အင်အားကြီးမား၍ အရှိန်အဟုန်ပြင်းစွာ ခရီးသွားနိုင်သော စိတ်စွမ်းအင်လှိုင်းတို့မှာ သိပ္ပံပညာအမြင်အရကြည့်လျှင် ရုပ်စွမ်းအင်လှိုင်းတို့ထက် အဆပေါင်းများစွာ (တို၍စိတ်သော)လှိုင်းများ ဖြစ်ကြမည်သာ ဖြစ်သည်။

တန်ခိုးသတ္တိထက်မြက်ကြသော ခရမ်းရောင်ရုပ်လှိုင်း၊ ခရမ်းရင့်ရောင်ရုပ်လှိုင်းတို့မှာ အလွန်လျင်မြန်သော လှိုင်းတိုလေးများ ဖြစ်ကြရာ ၎င်းတို့ထက် အဆရာထောင်မကအောင် လျင်မြန်သော လှိုင်းတိုလေးများဖြင့် စိတ်စိတ်ကလေး ခရီးသွားသော **စိတ်လှိုင်းများ**၏ တန်ခိုးသတ္တိမှာ အထူးပြောစရာမလိုချေ။

သိပ္ပံနည်းကျသော လှိုင်းသဘောတရားအမြင်ဖြင့် ကြည့်လျှင် **ကုသိုလ်စိတ်လှိုင်းနှင့် အကုသိုလ်စိတ်လှိုင်းတို့**၏ ဂုဏ်သတ္တိချင်း ခြားနားပုံကို ကောင်းစွာ နားလည်၍ ရမည်သာဖြစ်၏။ ညူကလီယားသိပ္ပံပညာသည် **လှိုင်းမက္ကင်နစ်** (Waves Mechanics) သဘောတရားတွင် အလွန်နက်နဲစွာ စူးစမ်းလေ့လာနေသဖြင့် စွမ်းအင်နှင့် လှိုင်းသဘောတရားအရ တန်ခိုးသတ္တိခြားနားပုံများကို ပိုင်နိုင်စွာ နားလည်လာသော တနေ့ဝယ် **ကုသိုလ်စိတ်လှိုင်းနှင့် အကုသိုလ်စိတ်လှိုင်းတို့**၏ ကြီးမားသော ခြားနားမှုသဘောတရားကို ပိုမိုနားလည်လာမည်ဟု ယုံကြည်မိပေသည်။

ယနေ့အထိ လေ့လာရရှိသော လှိုင်းသဘောတရားတွင် လူတို့၏ အမြင်အရ **လက်ဝဲရစ်လှုပ်ရှားသော လှိုင်း** (Left Spining Waves) နှင့် **လက်ျာရစ်လှုပ်ရှားသော လှိုင်း** (Right Spining Waves) များ၏ ဆန့်ကျင်ခြားနားမှု

များကို ညူကလီယားသိပ္ပံဘွင် တွေ့ရှိထားပြီ ဖြစ်၏။

ထို့ကြောင့် စွမ်းအင်လှိုင်းတို့၏ ဂုဏ်သတ္တိခြားနားမှုတွင် လှိုင်းအတိုအရှည်သဘောနှင့် လက်ဝဲရစ်၊ လက်ျာရစ်သဘော တရားတို့သည် အထောက်အထားပြုလျက် ရှိကြပြီဖြစ်ရာ ကုသိုလ်စိတ်စွမ်းအင်လှိုင်းနှင့် အကုသိုလ်စိတ်စွမ်းအင်လှိုင်း တို့၏ ခြားနားသော တန်ခိုးသတ္တိများကိုသာမက အဗျာကတ စိတ်စွမ်းအင်လှိုင်းများ၏ သဘောသဘာဝကိုပါ သိပ္ပံနည်း ကျကျ နားလည်ကြရန် အလှမ်းမဝေးတော့ပြီလောဟု လူသား စင်စစ်ဖြစ်သော ဗုဒ္ဓမြတ်ဘုရား၏ ထုံးကို နှလုံးမူကာ သိပ္ပံပညာ ကျော် လူသားတို့၏ ကြိုးပမ်းချက်များအပေါ်ဝယ် မျှော်ခေါ် အားထားမိပေ၏။

ဤသို့ အားထားသည့်အတိုင်း **အဖြူသဘောများကိုသာ** ဆောင်တတ်သော **ကုသိုလ်စိတ်** စွမ်းအင်လှိုင်းနှင့် **အဖျက် သဘောများ**ကိုသာ ဆောင်တတ်သော **အကုသိုလ်စိတ်**စွမ်း အင်လှိုင်းတို့၏ အလွန်တရာခြားနားသော သဘောသဘာဝ အဖုံဖုံကို သိပ္ပံပညာရှင်တို့ အလုံးစုံ ရိပ်စားမိလာသော တနေ့ ဝယ် ယခုအခါ အဖျက်သဘောသို့သာ အဓိကရှေ့ရှုနေသော အနုမြူသိပ္ပံနှင့် ညူကလီယားသိပ္ပံ သုတေသနလုပ်ငန်းများသည် ရပ်တန့်းက ရပ်၍ ဤကမ္ဘာမြေကြီးကို အခြေပြုသော ဤလူ့ ဘောင်ကြီးတခုလုံးအတွက်သာမက သံခ်တစကြာဝဠာတခွင် လုံးကိုပါ အကျိုးကျေးဇူးပြုနိုင်မည့် ဤကမ္ဘာသားတို့၏ စွမ်း ဆောင်ချက်များကို အထင်အရှား တွေ့မြင်နိုင်စရာအကြောင်း ရှိပေ၏။

အကယ်၍ မျှော်လင့်ထားသည့်အတိုင်း **အဖြူသဘောများ**

ကိုသာ ဆောင်တတ်သော ကုသိုလ်စိတ်စွမ်းအင်လှိုင်းနှင့် အပျက်သဘောများကိုသာ ဆောင်တတ်သော အကုသိုလ်စိတ် စွမ်းအင်လှိုင်းတို့၏ အလွန်တရာ ခြားနားသော သဘောသဘာဝတို့ကို မျက်ကွယ်ပြု၍ လူသားတို့ ပိုင်ဆိုင်ထားသော စိတ်ပရမတ်စွမ်းအင်လှိုင်းများကို အကောင်းအဆိုး မခွဲခြားပဲ ပရမ်းပတာ အသုံးပြုသွားကြမည်ဆိုလျှင် ဤကမ္ဘာမြေကြီးကို အခြေပြုသော ဤလူ့ဘောင်ကြီးတခုလုံးသာမက သင်္ခတစကြာဝဠာတခွင်လုံးကိုပါ ပျက်စီးယိုယွင်းအောင် ဤကမ္ဘာသားတို့က ပြုလုပ်နိုင်ကြောင်း ကုသလစိတ်လှိုင်းဖြင့် သတိပေးရေးသားလိုက်ရပါသတည်း။

# အခန်း (၁၅)

# နိဗ္ဗာန်ပရမတ်တရားနှင့် အသင်္ခတ နယ်ကြီးအတွင်းသို့ သိပ္ပံသဘောတရားများဖြင့် ချဉ်းကပ်ခြင်း

ရုပ်ပရမတ်တရား၊ စေတသိက်ပရမတ်တရားနှင့် စိတ်ပရမတ်တရားကြီး သုံးပါးတို့သည် သင်္ခတနယ်ကြီးအတွင်း (ဖြစ်ခြင်းနှင့် ပျက်ခြင်း)အမှု ကိစ္စအဝဝတို့၏ အခြေခံအကြောင်းတရားကြီးများ ဖြစ်ကြောင်းကို ရှေ့ပိုင်းတွင် အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပြီးလေပြီ။

ယခု တင်ပြမည့် **အသင်္ခတနယ်ကြီးမှာကား** သင်္ခတနယ်ကြီးနှင့် လုံးဝ ကွဲပြား ခြားနား၍ **ပရမတ်လေးပါး အခြေခံအကြောင်းတရား အားလုံး၏ အညမညမဟာသမ္ဘူဟကျရာ ထာဝရ တည်မြဲသော နယ်ပယ်ကြီးသာလျှင်** ဖြစ်ပေ၏။

အသင်္ခတဓာတ် မြတ်သော ထာဝရနယ်ပယ်ကြီး၏ ဖွဲ့စည်းဖြစ်ပေါ်မှုဆိုင်ရာ အခြေခံအကြောင်းတရားကြီး လေးပါးတို့မှာ (ရုပ်ပရမတ်တရား၊ စေတသိက်ပရမတ်တရား၊ စိတ်ပရမတ်တရားနှင့် နိဗ္ဗာန်ပရမတ်တရား)တို့ပင် ဖြစ်ကြပေ၏။

စိတ်ပရမတ်တရား၊ စေတသိက်ပရမတ်တရားနှင့် ရုပ်ပရမတ်

တရားသုံးပါးတို့ကို စွမ်းအင်ထုနှင့် စွမ်းအားထုများဟု သိပ္ပံနည်းကျကျ သက်သေပြခဲ့ပြီး ဖြစ်၏။ နိဗ္ဗာန်ပရမတ်တရားဆိုသည်ကား သိပ္ပံသဘောတရားအမြင်အရ မည်သို့သော အချင်းအရာကို ဆိုလိုပါသနည်း။

**နိဗ္ဗာန်ပရမတ်တရားဆိုသည်ကား** ပရမတ်တို့၏ သဘော သဘာဝတွင် ကျန်ပရမတ်သုံးပါးနှင့် အတူတူပင် ဖြစ်သော်လည်း ယင်း၏ အနှစ်သာရမှာ ပရမတ်သုံးပါး၏ စွမ်းအင်ထု၊ စွမ်းအားထုများဖြင့် အညမညမဟာသမူဟကျအောင် ဖွဲ့စည်းတည်ထောင်ထားခြင်းကြောင့် **ထာဝရတည်မြဲ၍** အလွန်တရာ မြေချမ်းသာသော **သန္တိသုခအပေါင်း ခညောင်းစည်ပင်ရာ ဘုံဗိမာန်စခန်းသာကြီး၏** စင်စစ်ဧကန်ရှိကြောင်းမှန်ကိုယထာဘူတ ကျနသေချာစွာ ပြောဆိုညွှန်ပြသော တရားတော်ထူးကြီး ဖြစ်ပေ၏။

ထို့ကြောင့် နိဗ္ဗာန်ပရမတ်တရားဘော်ကြီး၏ အလိုအရ သန္တိသုခအပေါင်း ခညောင်းစည်ပင်ရာ **နိဗ္ဗာန်ဘုံကြငှန်းသာကြီးမှာ ဧကန်ဧကရှိသော အရှိတရားစစ်စစ်ကြီး** ဖြစ်၍ **အသင်္ခတဓာတ်ဌာနဟု** နာမ မည်တွင်ကာ **အကောင်အထည် အသွင်သဏ္ဌာန်အားဖြင့်** ထူးခြားဆန်းကြယ် အံ့ဘွယ်ဘနန်း ရောင်စုံယှက်သန်းလျက် တကယ်တန်းရှိသော နယ်ပယ်စခန်းကြီးဖြစ်သည်ဟု သိပ္ပံနည်းကျကျ အသေးအနက် ခံယူနားလည်ရပေ၏။

ဤတွင် အစဉ်အလာအမြင်ဖြင့် နိဗ္ဗာန်ဆိုသည်မှာ အသွင်သဏ္ဌာန်မရှိ၊ နေရာဌာန မရှိ၊ ရုပ်-နာမ်-ဓမ္မ-သင်္ခါရတို့၏ ထာဝရချုပ်ငြိမ်းရာ(သုညတလက္ခဏာ) (Total Anihilition)

ဖြစ်၍ **သုခုမရုပ်ပရမတ်အကောင်အထည်နှင့် တကယ်ရှိသော ဘုံပိမာန်ကြွင်နီးသဘွယ်** စိခြယ် ရေးသားခြင်းမှာ (သာသနာ့အန္တရာယ်)ဟု အချို့သောပုဂ္ဂိုလ်များ အနေဖြင့် စေတနာရှေ့ထား၍ ပြစ်တင်စကား ပြောကြားကြမည့်အရေးကို(ပန်းကလေးနှင့်ပေါက်သလို)သဘောထားကာ ဆက်လက်ရေးသားတင်ပြပါမည်။

သဘာဝလောကဓာတ်ကြီး တခုလုံး၌ အချုပ်အခြာဖြစ်သော အကြောင်းရင်းတရားမှာ **ပရမတ်ဓာတ်လေးပါးသာ** လျှင်ရှိသည်ဟု ဗုဒ္ဓသိပ္ပံက တိကျပြတ်သားစွာ ညွှန်ပြထား၏။ **ပရမတ္ထဓာတ်တို့၏ သဘောသဘာဝသည် မဖောက်မပြန် ကေန်ကေ ထာဝရရှိသော အရှိဓာတ်များ** (Permanent Objective Realities) ဟု ဆိုလို၏။ **ပရမတ္ထသစ္စာဆိုသည်မှာ မဖောက်မပြန် ကေန်ကေ ထာဝရမှန်သော အမှန်တရားများ** (Permanent Objective Truths) ကို ဆိုလို၏။

ဤအဆိုအမိန့်များအပေါ်တွင် တစုံတရာ အငြင်းပွားစရာ မရှိလျှင် **ပရမတ္ထဟူသော** ဗုဒ္ဓသိပ္ပံဝေါဟာရ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၌ ကေန်ကေ **တူညီသောပရမတ္ထအမြင်** ဆိုက်ကြပြီဟု ဆိုရမည် ဖြစ်၏။

ဗုဒ္ဓသိပ္ပံ အဆိုအမိန့်တွင် **သမုတိသဘောနှင့် ပရမတ္ထသဘောဟူ၍** သဘောနှစ်ရပ်တို့ကို ခွဲခြားသတ်မှတ်သကဲ့သို့ သိပ္ပံပညာတွင်လည်း **ယာယီသဘော** (Relative) နှင့် **ထာဝရသဘော** (Absolute) ဟူ၍ ခွဲခြားသတ်မှတ်ချက်များရှိကြောင်း သိခဲ့ရပြီ ဖြစ်သည်။

ဗုဒ္ဓသိပ္ပံအလိုအရ ရုပ်ပရမတ်၊ စေတသိက်ပရမတ်၊ စိတ်ပရမတ်နှင့် နိဗ္ဗာန်ပရမတ်တို့မှာ **လေးပါးသော ပရမတ်ခေတ်သဘောများ** ဖြစ်ပြီး ကျန် ခေတ်သဘောအားလုံးမှာ **သမုတိခေတ်သဘောများသာ**တည်းဟု အတိအလင်း ဖွင့်ဆို၏။သိပ္ပံပညာတွင် **စွမ်းအင်၊စွမ်းအား**နှင့် ၎င်းတို့ အကြိုးဝင်သော သိပ္ပံဥပဒေသများ၊နိယာမများသည်သာလျှင် ထာဝရ အမှန်သဘောဆောင်ယူ၍ ကျန် အရာခပ်သိမ်းတို့မှာ ယာယီ အမှန်သဘောများသာ ဖြစ်ကြလေသည်။

ထို့ကြောင့် ရုပ်ပရမတ်၊ စိတ်မရမတ်နှင့် စေတသိက်ပရမတ် သုံးပါးတို့ကို သိပ္ပံပညာအမြင်အရ စွမ်းအားထုးနှင့်စွမ်းအင်ထုးများဟု ကြီးမားသောပမာဏနှင့် ဂုဏ်သတ္တိများကိုမူတည်၍ သုံးသပ် တင်ပြခဲ့ပြီး ဖြစ်၏။

**နိဗ္ဗာန်ပရမတ်** ဆိုသည်မှာကား **ကုသလစိတ်ပရမတ်၊ ကုသလစေတသိက်ပရမတ်နှင့် အနတ္တရုပ်ပရမတ်** စွမ်းအင်ထုး၊စွမ်းအားထုးများဖြင့် ဖွဲ့စည်းတည်ဆောက်ထား၍ **အစဉ်ထာဝရ တည်မြဲနေသော ထာဝရနေရာကြီး** (Absolute Time and Absolute Space) ဟု သိပ္ပံသဘောတရားများအရ အဓိပ္ပာယ် ဖွင့်ဆိုအပ်ပေသည်။

သိပ္ပံပညာက အတော်အတန်နားလည်ထားသော သခ်ောတစကြာဝဠာတွင် ထာဝရတည်မြဲသော အချိန်နှင့် နေရာဟူသည် မရှိချေ။ သခ်ောတစကြာဝဠာအတွင်းရှိ အချိန်၊ နေရာဟူသမျှမှာ ဘယ်ကမ္ဘာ၊ ဘယ်ဂြိုဟ်၊ ဘယ်ကြယ်စုကြီးများမှာမဆို ယာယီအချိန်၊နေရာ (Relative Time and Space) သာလျှင် ဖြစ်ပေသည်။

ဤသဘောတရားကြောင့် သင်္ခတစကြာဝဠာကြီးအတွင်း၌ ဖွဲ့စည်းဖြစ်ပေါ်သမျှ အရာခပ်သိမ်းတို့သည် ပျက်စီးယိုယွင်းနေကြရပေ၏။အချိန်နှင့် နေရာသည် ထိုသို့သော ဖြစ်မှု၊ပျက်မှု အစုစုတို့နှင့် ထက်ကြပ်မကွာ လိုက်ပါပြောင်းလဲနေရသဖြင့် ယာယီသာလျှင် တည်တံ့သော၊ ယာယီသာလျှင် မှန်ကန်သော၊ယာယီသာလျှင် ရှိနေသော အချိန်၊ နေရာတို့ ဖြစ်ကြရပေသည်။

ထို့ကြောင့် သင်္ခတစကြာဝဠာသည် ဖြစ်ခြင်းအကြောင်းတရားကြီးဖြစ်သော အညမညသမ္ဗူဟတရားနှင့် ပျက်ခြင်းအကြောင်းတရားဖြစ်သော ကဏ္ဍကောဝစ ပဋိပက္ခတရားတို့အားပြိုင်လွန်ဆွဲရာဌာနကြီး ဖြစ်၏။ မရပ်မနား လှုပ်ရှားပြောင်းလဲနေ၏။

ဤသို့ ဖြစ်ခြင်းအကြောင်းတရားနှင့် ပျက်ခြင်းအကြောင်းတရားတို့ အားပြိုင် လွန်ဆွဲနေကြ၍ မရပ်မနား လှုပ်ရှားပြောင်းလဲနေခြင်းကိုပင် သင်္ခါရနိယာမတရားကြီးဟု ခေါ်တွင်ခြင်း ဖြစ်သည်။

**သင်္ခါရနိယာမတရားကြီး**သည် သင်္ခတစကြာဝဠာတခွင်၌ **အချုပ်အချာအာဏာပိုင်**ပင် ဖြစ်၏။ သင်္ခါရနိယာမကြောင့် ဖွဲ့စည်းဖြစ်ပေါ်မှု အစုစုတို့မှာ ပျက်စီး ယိုယွင်းကြရပေ၏။ ဖွဲ့စည်းဖြစ်ပေါ်မှု အစုစုတို့၏သက်တမ်းသည် ဖွဲ့စည်းရေးစွမ်းအားများ အရှိန်အဟုန်ကောင်းနေဆဲကာလအတွင်းသာလျှင် တည်တံ့ကြ၏။နောက်ဆုံးတွင် ပျက်ပြုန်းယိုယွင်းကြရသည်သာ ဖြစ်၏။ ပျက်စီးယိုယွင်းမှု စွမ်းအားများကြောင့် ပျက်စီးယိုယွင်းမှုများ မရပ်မနားဖြစ်ပွားနေစဉ်မှာပင် ဖွဲ့စည်း

တည်ဆောက်မှုစွမ်းအားများကြောင့် ဖွဲ့စည်းဖြစ်ပေါ်မှုအစုစုတို့မှာ မရပ်မနား ပေါ်ပေါက်လာနေကြသည်။

ထိုကြောင့် သင်္ခတစကြာဝဠာတခွင်လုံး၌ အသစ်အသစ်တို့သည် မရပ်မနား ဖြစ်ပေါ်နေချိန်ဝယ် အဟောင်းအဟောင်းတို့သည် မရပ်မနား ပျက်ပြားလျက်ရှိကြ၏။ ဤသို့ အသစ်မှ အဟောင်း၊ အဟောင်းမှအသစ် ဖြစ်ပြီးတိုင်း ပျက်၊ ပျက်ပြီးတိုင်းဖြစ်ကာ တဝဲလယ်လယ် ရပ်နားဖွယ်မရှိခြင်းကိုပင် သံသရာနယ်ဟု ဗုဒ္ဓသိပ္ပံမှ ခေါ်ဝေါ် မှတ်သားထားလေသည်။

**သင်္ခတစကြာဝဠာသည်** သံသရာနယ်ကြီးသာလျှင် ဖြစ်၏။ သံသရာနယ်ကြီးတွင် သင်္ခါရနိယာမတရားကြီးမှာ အသျှင်သခင်ဖြစ်၍ ဖြစ်ချင်ပါသော်လည်း ပျက်စီးယိုယွင်းကြရ၏။ မဖြစ်ချင်ပါသော်လည်း ဖြစ်ကြရ၏။ မပျက်ချင်ပါသော်လည်း ပျက်ကြရ၏။ ထိုကြောင့် သင်္ခတနယ်မှာ အလိုသို့ မလိုက်၊ အကြိုက်သို့မပါ၊ သင်္ခါရနိယာမ၏ လုပ်တိုင်းသာ ခံရ၍ သံသရာဝဲဂယက်အတွင်း၌ ခိုင်မြဲခြင်း မရှိကြပါတကား၊ ဒုက္ခကြီးလှပါတကား၊ သောက ရောက်ရပါတကား။

* ဖြစ်ချင်တိုင်း ဖြစ်လို ပျက်ချင်တိုင်း ပျက်လိုကြသည်က (လောဘမီးကြီး)ပါတကား။

* ဖြစ်ချင်တိုင်း မဖြစ်ရ၊ ပျက်ချင်တိုင်း မပျက်ရ၊ မဖြစ်ချင်ပါလဲ ဖြစ်ရ၊ မပျက်ချင်ပါလဲ ပျက်ရကြသည်က (ဒေါသမီးကြီး)ပါတကား။

* သင်္ခါရ နိယာမအတိုင်း ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန် ပျက်ကြရသည်ကိုပင် အလိုသို့လိုက် အကြိုက်သို့ပါ

**သယောင် ထင်ယောင်မြင်မှား ဖြစ်ကြရသည့်က (မောဟမီး ကြီး)**ပါတကားဟု ဗုဒ္ဓမြတ်ဘုရားဘ ထင်ရှားစွာ ညွှန်ပြတော်မူသည်။

ဤသို့ ညွှန်ပြတော်မူပြီးနောက် ဤသို့သော သံသရာဝဋ်ဆင်းရဲကြီး၊ ဤသို့သော ဒုက္ခမီး၊ ဤသို့သော သောကမီး၊ ဤသို့သော လောဘမီး၊ ဤသို့သော ဒေါသမီး၊ ဤသို့သော မောဟမီး၊ အသီးသီးတို့ ခိုင်ညီးခတောက်လောင်လျက် ရှိသော သံသရာဘောင် သခ်ိတနယ်ပယ်တခွင်မှ ကင်းစင်လွတ်မြောက်ရာ ဖြစ်သော **နိဗ္ဗာနခေတ် မြတ်သော အသင်္ခတနယ်သည်** ကေန်ကေ အရှိကြီး ရှိပါလေသည်ဟု အသေအချာညွှန်ပြ၍ ထိုနယ်ကြီးသို့ သွားရာလမ်းခရီးကိုပင် တိတိကျကျ ချမှတ်၍ ပေးထားခဲ့သော မြတ်ဗုဒ္ဓကား **ကျေးဇူးတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ပညာတော်အနန္တ၊ တန်ခိုးတော်အနန္တ၊ မေတ္တာတော်အနန္တနှင့်** ပြည့်စုံသော ပုဂ္ဂိုလ်ထူးကြီးပါတကား။

✻ ဗုဒ္ဓမြတ်ဘုရား ညွှန်ပြ၍ ထားခဲ့သည့် နိဗ္ဗာန်ပရမတ် မြတ်သော **အသင်္ခတနယ်**ပယ်တခွင်၌ သခ်ါရနိယာမတရားဆိုသည်မှာ အနားပင် မသိနိုင်ပဲ ဝေးစွာ ရှဲလျက် နေရသဖြင့် **သံသရာဝဲဂယက်တည်းဟူသော ဒုက္ခပင်လယ်ကြီးမှာ လုံးဝ ချောက်ခန်း၍ သွားပြီ ဖြစ်ရာ အချမ်းသာကြီး ချမ်းသာလှပါတကား။**

✻ **အသင်္ခတနယ်ပယ်တခွင်ဝယ်** ဖြစ်ချင်မှသာလျှင် ဖြစ်ရ၍ ပျက်ချင်မှသာလျှင် ပျက်ရသဖြင့် လိုချင်သမျှ လိုသလိုသာ ရပြီး **ဘာမဆို အလိုကျနိုင်သဖြင့် ဘယ်အရာကိုမျှ တမ်းတငမ်းဆမ်းစရာမလိုသော(အလောဘချမ်းသာကြီး)**ပါတကား။

✳ **အသင်္ခတနယ်တခွင်ဝယ်** ဖြစ်ချင်းတိုင်းဖြစ်(စေ)ရ၊ပျက်ချင်တိုင်း ပျက်(စေ)ရ၊ မဖြစ်ချင်ပါလျှင် မဖြစ်(စေ)ရ၊ မပျက်ချင်ပါလျှင် မပျက်(စေ)ရ သဖြင့် (စေ)တလုံးပိုင်ကာ လိုရာသို့လိုက်၊ ကြိုက်ရာသို့ ဆောင်နိုင်သဖြင့် မကျေနပ်စရာဟူ၍ တမှုမျှပင် မရှိသော (အဒေါသချမ်းသာကြီး)ပါတကား။

✳ **အသင်္ခတနယ်တခွင်ဝယ်** ဖြစ်ချင်သမျှအကုန် ဖြစ်(စေ)ရပြီး ပျက်ချင်သမျှ အကုန်ပျက်(စေ)ရ၍ **အနန္တတန်ခိုးအရှိန်အဝါနှင့် လိုရာကို(စေ)စားနိုင်သဖြင့် ထင်ယောင်မြင်မှားဖြစ်စရာဟူ၍** မှုမျှပင်မရှိသော **သန္တိသုခ၊ တုပကင်းကွာအလွန်တရာ မြေသည့်** (အမောဟချမ်းသာကြီး)ပါတကား။

ဤသို့အားဖြင့် နိဗ္ဗာန်ပရမတ်တရားဟူသည် (စေ)တလုံးပိုင်ရှင်တို့ ပျော်ရွှင်ချမ်းမြေ့ နှလုံးမွေ့လျော်ရာ သန္တိသုခအဖြာဖြာတို့နှင့် ပြည့်စုံစွာ တန်ဆာဆင်အပ်သော **အသင်္ခတနယ်ကြီး၏ ထာဝရအရှိတရား၊ ထာဝရအဖြစ်တရား၊ ထာဝရအစစ်တရား၊ ထာဝရအမှန်တရားတို့ကို** ကေန်ကေ ညွှန်ပြသော တရားထူးကြီးပင် ဖြစ်ပေ၏။

နိဗ္ဗာန်ပရမတ်တရား၏ အဆိုအမိန့်များအရ အသင်္ခတနယ်သည် သုခုမရုပ်ပရမတ်အကောင်အထည်ဖြင့် အမှန်တကယ်ရှိသော အရှိတရားကြီး ဖြစ်ပါသည်ဟု အဘယ်အထောက်အထားများကို ကိုးကား၍ တင်ပြရပါသနည်း။

ဗုဒ္ဓမြတ်ဘုရား ဟောကြားထားသော ရုပ်ပရမတ်တရား၊ စေတသိက်ပရမတ်တရားနှင့် စိတ်ပရမတ်တရားတို့ သဘောသဘာဝများကို သိပ္ပံနည်းကျကျ ကိုးကား၍ **နိဗ္ဗာန်ဘုံ၏အရှိတရားကို** နားလည်ရခြင်း ဖြစ်ပေသည်။

ပရမတ္ထတရားတို့မည်သည် ဖန်ဆင်းသူလည်း မရှိ၍ ဖျက်ဆီးနိုင်သူလည်း မရှိ၊ အစလည်း ရှာမရနိုင်သဖြင့် အဆုံးဟူ၍လည်း မရှိနိုင်၊အခရေအတွက်အားဖြင့်ရင်း၊ အရည်အချင်းအားဖြင့်ရင်း၊ အတိအကျတိုင်းတာ၍လည်း မရနိုင်ဟူ၍ ပရမတ္ထသဘာဝလက္ခဏာများကို ရှေ့ပိုင်းတွင် အကျယ်တဝင့် တင်ပြထားပြီး ဖြစ်၏။

ထို့ကြောင့် သခ်ီတနယ်တခွင်၌ ကျင်လည်နေကြသော စိတ်ပရမတ်၊ စေတသိက်ပရမတ်နှင့် ရုပ်ပရမတ်တို့သည် မည်သည့်နည်းနှင့်မျှ လုံးဝဥဿုံဖျက်ဆီးပစ်၍ မရပါချေ။ သို့ပါ နည်းကျသော စွမ်းအင်နှင့် စွမ်းအားတို့၏ ပရမတ်သဘောတရားအရ အသွင်တမျိုးမှ တမျိုးသို့သာ ပြောင်းလဲ၍ ရနိုင်ပေသည်။

ထို့ကြောင့် သခ်ီတနယ်တွင် ကျင်လည်နေကြရသော စိတ်ပရမတ်၊ စေတသိက်ပရမတ်နှင့် ရုပ်ပရမတ်တို့သည် အသခ်ီတနယ်ကြီးအတွင်းသို့ ချဉ်းကပ်ကြမည်ဆိုလျှင် ထိုနယ်ကြီးကို ချဉ်းကပ်နိုင်သော အသွင်အပြင်များအဖြစ်သို့ ပြောင်းလဲသွားကြရမည်သာ ဖြစ်၏။

ဤသို့ အသွင်အပြင် ပြောင်းလဲကြရမည့်ကိစ္စ၌ ရုပ်ပရမတ်တို့၏ အခြေခံ ပင်မဓာတ်များ ဖြစ်သော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောနှင့် အာကာသရုပ်များ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သဒ္ဒ၊ ဖောဋ္ဌဗ္ဗ စသော သတ္တိရုပ်များနှင့် ဥပါစယ၊ သန္တတိ၊ ဇာရတနှင့် အနိစ္စတ စသော လက္ခဏာရုပ်များသည် ပရမတ်ရုပ်များ ဖြစ်ကြပေရာ ရှိရင်းစွဲပရမတ္ထသဘာဝထက်ပို၍ ၎င်းတို့ အလိုအလျောက် ပြောင်းလဲနိုင်စရာ အကြောင်း လုံးဝမရှိချေ။

အဆိုပါ ပရမတ်ရုပ်များကိုယူ၍ ထူးခြားဆန်းကြယ် အံ့ဘွယ်သော ဖွဲ့စည်းတည်ဆောက်မှုအမျိုးမျိုး ပြုလုပ်ကာ အသွင်ပြောင်း ပုံလောင်းပေးနိုင်သော အရာမှာ စိတ်ပရမတ်စွမ်းအင်ထူးနှင့် စေတသိက်ပရမတ်စွမ်းအားထူးများသာ ဖြစ်ကြ၏။

ထို့ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ခရီးဖြင့် အသခ်တနယ်ကြီး အတွင်းသို့ အရောက်သွားကြမည်ဆိုလျှင် စိတ်ပရမတ်စွမ်းအင် နှင့်စေတသိက်ပရမတ်စွမ်းအားတို့ကိုအထူးထူးသောနည်းလမ်း များဖြင့် အားပေးပျိုးထောင်ကြရမည်သာ ဖြစ်လေသည်။

စိတ်ပရမတ်စွမ်းအင်သည် စွမ်းအင်သာဖြစ်၍ တိုက်ရိုက် အလုပ်မလုပ်နိုင်ချေ။တိုက်ရိုက်အလုပ်လုပ်နိုင်သော စေတသိက် ပရမတ်စွမ်းအား၏အခန်းကဏ္ဍမှာ နိဗ္ဗာန်မဂ်ဖိုလ်ခရီးလမ်းသို့ သွားရာတွင် အလွန်ပင် အရေးပါရမည်သာ ဖြစ်၏။

ဤသို့ အရေးပါခြင်းကြောင့် ဗုဒ္ဓမြတ်ဘုရားက **ကုသိုလ်စေတသိက်များနှင့် အကုသိုလ်စေတသိက်များ**၏အကြောင်း ကို အသေးစိတ် ဟောပြော ပြသခဲ့ခြင်း ဖြစ်သည်။

စိတ်ပရမတ်စွမ်းအင်ကြီးမှ ထုတ်ပေးသမျှသော စွမ်းအား များသည် ကုသိုလ်စေတသိက်စွမ်းအားများ ဖြစ်မှသာလျှင် နိဗ္ဗာန်ခရီးလမ်းသို့ မြန်း၍ ရနိုင်သည်။ အကုသိုလ်စေတသိက် စွမ်းအားများမှာမူကား နိဗ္ဗာန်ခရီးလမ်းနှင့် လုံးဝဆန့်ကျင် ဘက်ဖြစ်သော အပါယ်လေးဘုံခရီးလမ်း၊ သို့မဟုတ်လျှင် အနည်းဆုံး သံသရာခရီးလမ်းသို့သာ ဆွဲငင်နိုင်စွမ်းရှိကြမည်ဟု သိပ္ပံနည်းကျစွာ နားလည်ရပေမည်။

ဤအချက်ကို ထင်ရှားစေရန် **စိတ်ပရမတ်လှိုင်းစကြာ**၏

**ဖွဲ့စည်းတည်ဆောက်ပုံ**ကို အသေအချာ လေ့လာ သုံးသပ်ကြည့်ကြပါစို့။

စိတ်ပရမတ်လှိုင်းစကြာတွင် ဖွဲ့စည်းပါဝင်သော စိတ်စွမ်းအားကြီး(၇)တန်နှင့် ၎င်းတို့၏လုပ်ငန်းစဉ်များဖြစ်သော စိတ်သက်လှိုင်း(၁၄)လှိုင်းတို့သည် စိတ်တံခါး အဖွင့်၊အပိတ်လှိုင်း ၂-ဆင့်ကိုဗဟိုပြု၍ လှည့်ပတ် လှုပ်ရှားနိုင်သော်ငြားလည်း ၎င်းတို့တွင် **အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ အယုတ်နှင့်အမြတ်၊ အမှန်နှင့်အမှား၊ ကုသိုလ်နှင့်အကုသိုလ်** တရားဟူ၍ ခွဲခြားသိတတ်သောသဘောသည် လုံးဝ မရှိချေ။

တနည်းအားဖြင့်ဆိုသော် စိတ်ပရမတ်လှိုင်းစကြာ၏ ပင်ကိုယ်မူလသဘာဝသည် ဘာကိုမျှ မှတ်တတ်ခြင်း၊သိတတ်ခြင်း၊ ဆုံးဖြတ်တတ်ခြင်း မရှိချေ။**ထာဝရအလုပ်လုပ်နိုင်၍ ထာဝရတည်မြဲသော ပရမတ်စွမ်းအင် အဆောက်အအုံကြီး**အသွင်ဖြင့်သာလျှင် **ထာဝရရှင်သန်**နေခြင်း ဖြစ်သည်။ ထို့ကြောင့် **စိတ်ပရမတ်၏ ပင်ကိုယ်သဘောသတ္တိမှာ ဘာမျှမသိသေးသောဂုဏ်ထူးဝိသေသနှင့် ပြည့်စုံ၏**။* (Absolute Mind is Absolutely Unconscious)

သို့ရာတွင် စိတ်ပရမတ်အသီးသီးသည် သဘာဝလောကခေတ်ကြီးအတွင်း၌ အထီးထီးနေချင်၍ မရနိုင်ကြချေ။ **မရေ**

---

* သိပ္ပံနည်းကျသော စိတ်၏ သုညတလက္ခဏာတရပ်ဟု ဆိုအပ်ပါသည်။
ဤအချက်ကို ရှင်းသင်းချန် သီးခြားစာအုပ်ဘအုပ် ရေးရဘွယ် ရှိပါသည်။

မတွက်နိုင်သော ဘဝတူစိတ်ပရမတ်များနှင့် မရေမတွက်နိုင်သော ရုပ်ပရမတ်များဖြင့် အတူယှဉ်တွဲ၍သာ နေကြရလေသည်။

ထို့ကြောင့် စိတ်ပရမတ်တိုင်းသည် စိတ်ပရမတ်စွမ်းအင်လှိုင်းများနှင့် ရုပ်ပရမတ်လှိုင်းများ၏ရိုက်ခတ်မှုကို အစဉ်မပြတ် တဖျပ်ဖျပ် ခံစားနေရ၏။ ယင်းသို့သော ရိုက်ခတ်မှုများသည် ဥပ္ပါဒလှိုင်းများအသွင်ဖြင့် စိတ်ပရမတ်လှိုင်းစကြာ၏ နယ်နိမိတ်ဘောင်ကို ထိပါးလာကြခြင်း ဖြစ်သည်။

ဤအခါတွင် **ဖဿစိတ်စွမ်းအားလှိုင်းသည်** အဝိဇ္ဇာနှင့် ဝိညာဏ**အလုပ်**တို့ကို လုပ်၏။ **ဝေဒနာစိတ်စွမ်းအားလှိုင်းသည်** သမ္ပဋိစ္ဆနနှင့် သန္တိရဏ **အလုပ်**တို့ကို လုပ်၏။ **သညာစိတ် စွမ်းအား**လှိုင်းသည် ဝေါဋ္ဌဗ္ဗနနှင့်ဇဝန**အလုပ်**တို့ကို လုပ်၏။ **စေတနာစိတ်စွမ်းအား**လှိုင်းသည် ဇဝနနှင့်ဇဝန**အလုပ်**တို့ကိုလုပ်၏။ **ဧကဂ္ဂတာစိတ်စွမ်းအား**လှိုင်းသည် ဇဝနနှင့် ဇဝန**အလုပ်**တို့ကို ထပ်၍လုပ်၏။ **မနသိကာရစိတ်စွမ်းအား**လှိုင်းသည် ဇဝနနှင့် ဇဝန**အလုပ်**တို့ကို ထပ်၍လုပ်၏။ **ဇီဝိတိန္ဒြေစိတ်စွမ်းအား** **လှိုင်းသည်** တဒါလမ္ဗဏနှင့် တဒါလမ္ဗဏ**အလုပ်**တို့ကို လုပ်၏။

နောက်ဆုံးဖြစ်သော ဇီဝိတိန္ဒြေစိတ်စွမ်းအား၏ တဒါလမ္ဗဏ **အလုပ်များသည် စိတ်ပရမတ်၏ အလုပ်များတွင်** အရေးအပါဆုံး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တဒါလမ္ဗဏ**အလုပ်**ဖြင့် စိတ်ပရမတ်သည် ဘဝသံသရာတလျှောက် **(မှတ်စုများ)တပုံကြီး စုဆောင်းလာခဲ့သည်**။ ထိုမှတ်စုများတွင် ပါဝင်သမျှကို **(သိတတ်)လာသည်**။ သိတတ်သမျှ အကြောင်းအရာအားလုံးကို အပြန်အလှန် ဆက်စပ်ပေါင်းရုံး

၍ (တွေးခေါ်စဉ်စားတတ်)လာသည်။ တွေးခေါ်စဉ်းစားရာမှ **အဆုံးအဖြတ်ပေးလာသည်။** အဆုံးအဖြတ်ပေးရာမှ **မြော်မြင်ကြံဆလာသည်။** ဤနည်းအားဖြင့် **ဓမ္မာရုံအသိများ** သည် မနေ့ောကံအလုပ်များကို မရပ်မနား လုပ်တတ်လာလေသည်။

စိတ်ပရမတ်တခုသည် စေတသိက်ပရမတ်စွမ်းအားများကို ထုတ်၍ ဓမ္မာရုံအသိများကို တိုးပွားအောင်လုပ်ကာ မနောကံအလုပ်များကို လုပ်တတ်လာသောအဆင့်သည် **အလွန်မြင့်မားသော စိတ်အဆင့်**တရပ်ဖြစ်သည်ဟု အလေးအနက်သဘောပေါက်အပ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအဆင့်သည် စိတ်စွမ်းအင်မှ လုပ်ဒေါ်နိုင်သော လုပ်အားများဖြင့် **အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ အယုတ်နှင့်အမြတ်၊ အမှန်နှင့်အမှား၊ ကုသိုလ်နှင့် အကုသိုလ်**တရားဟူ၍ ပိုင်းခြားဆုံးဖြတ်၍လုပ်တတ်သော အလွန်တိုးတက်သည့် အဆင့်ကြီးဖြစ်၏။

ဤသဘောအရ မတိုးတက်သေးသောအဆင့်တွင် ရှိနေကြသည့် စိတ်ပရမတ်များမှာလည်း မရေမတွက်နိုင်အောင်ရှိကြသည်ဟု နားလည်ထားအပ်ပေသည်။ သခ်တစကြာဝဠာကြီးအတွင်း၌ **မတိုးတက်သေးသော စိတ်ပရမတ်များသည်** ရုပ်ပရမတ်တို့ကို ဖွဲ့စည်းတည်ဆောက်ပေးရန် မဆိုထားနှင့် ရုပ်ပရမတ်တို့၏အပေါ်တွင် လုံးဝမှီတွယ်၍ လိုက်ပါခိုကပ်နေရသောဘဝများဖြင့် သံသရာဝဲဩဃတွင် ဒုက္ခအကြီးအကျယ်ကို ရင်ဆိုင်နေရသောသဘော ရှိကြပေသည်။

နိဗ္ဗာန်ပရမတ်ဓာတ်ကို ထင်ဟပ်နိုင်စွမ်းရှိကြသော စိတ်

ပရမတ်တို့မှာ **အလွန် အဆင့်အတန်းမြင့်လာသောစိတ်များ**သာဖြစ်ကြသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် **အကောင်းနှင့်အဆိုး၊အကျိုးနှင့်အပြစ်၊ အယုတ်နှင့်အမြတ်၊ အမှားနှင့်အမှန်၊ အကုသိုလ်နှင့်ကုသိုလ်**တရား အပြားပြားကို ခွဲခြားသိမြင် ဆင်ခြင်စဉ်းစား၍ **ဆုံးဖြတ်နိုင်သောအနေအထားသို့** ရောက်ရှိလာကြပြီး ဖြစ်ပေ၏။

ဤသို့သော **အနေအထားကို** ရောက်ရှိလာသော **စိတ်**ပရမတ်တခုတွင် **ဓမ္မာရုံအသိတရားများမှာ** အလွန်ပင် ရှင်သန်ကြီးထွားလာကြသဖြင့် ဆင်ခြင်စဉ်းစား၍ကောင်းသော၊ မှန်သော၊ မြတ်သော ကုသိုလ်စေတသိက်စွမ်းအားများဖြင့် **ကုသိုလ်ကံအလုပ်များ** (မနော၊ဝစီ၊ကာယ)ကို လုပ်ဆောင်ပေးခြင်းဖြင့် စိတ်ပရမတ်လှိုင်းစကြာတွင် ကုသိုလ်စွမ်းအားကြီး(F 1)၏ဆွဲငင်အားသည် ကြီးထွားလာကာ အကုသိုလ်စွမ်းအား(F 2)ကို အနိုင်ယူမည် ဖြစ်၏။

ဤအခါတွင် သံသရာကို လည်စေနိုင်သော ကုသိုလ်စွမ်းအားနှင့် အကုသိုလ်စွမ်းအားတို့၏ **ပြိုင်အားစနစ်**(Couple of Forces)မှာ မလွဲမသွေ ရပ်ဆိုင်း ပျက်ပြားသွားရလေသည်။ ဤသို့သော အခြေအနေ၌ **စိတ်ပရမတ်လှိုင်းစကြာသည်**ကုသိုလ်စိတ်စွမ်းအားကြီး( F1 )၏ဆွဲငင်မှုအရှိန်အဟုန်ဖြင့် သင်္ခတနယ်တခွင်မှ လွတ်မြောက်ကာ အသင်္ခတနယ်အတွင်းသို့ ရောက်ရှိသွားမည်သာ ဖြစ်လေသည်။

အလားတူစွာပင် အကုသိုလ်စွမ်းအားကြီး ( F2 ) သည် အလွန်အားကောင်းလာလျှင် ကုသိုလ်စွမ်းအားကြီး ( F1 ) ကို အနိုင်ယူကာ သံသရာ၏ အောက်ဆုံးစခန်းများ ဖြစ်သော

မဟာအဝိစိသည့် အကုသိုလ်နယ်ကြီးအတွင်းသို့ နက်ရှိုင်းစွာ ဆွဲယူသွားနိုင်လေသည်။

ဤစာအုပ်တွင် အကုသိုလ်နယ်အကြောင်းကို အကျယ်မချဲ့လိုသဖြင့် နိဗ္ဗာန်ပရမတ် မြတ်သောအသင်္ခတနယ်ကြီးအတွင်းသို့ ချဉ်းနင်းဝင်ရောက်ပုံအကြောင်းစုံကိုသာ ကုသိုလ်စိတ်စွမ်းအားကြီးဖြင့်ပင် ဆက်လက်စူးစမ်းကြည့်ကြပါစို့။

ကုသိုလ်စိတ်စွမ်းအားကြီး ( F1 )သည် အလွန်အမင်းအင်အားကြီးမားလာ၍ အကုသိုလ်စိတ်စွမ်းအား ( F2 ) အပေါ်တွင် အောင်မြင်စွာ အနိုင်ယူလိုက်သောအခါ **စိတ်ပရမတ်လှိုင်းစကြာရတနာကို သံသရာလည်စေရန် ဖန်တီးထားသော ပြိုင်အားစနစ်ကြီး**မှာ လုံးဝ ရပ်စဲသွားရလေသည်။

ပြိုင်အားစနစ်ကြီး လုံးဝ ရပ်စဲသွားသည်နှင့် တပြိုင်နက် ထိုစနစ်ကြီးပေါ်တွင် အမှီပြုလျက်ရှိသော သင်္ခါရနိယာမတရားကြီးမှာ လုံးဝ ပြောင်းလဲသွားရလေသည်။ ဤပြောင်းလဲမှုသည် သင်္ခတနယ်နှင့် အသင်္ခတနယ်တို့၏ ကွဲပြားခြားနားချက်များအတွက် **အခြေခံပြောင်းလဲမှုကြီး** ဖြစ်၍ အသေအချာလေ့လာရန် လို၏။

သင်္ခတနယ်တွင် သင်္ခါရနိယာမတရားကြီး၏ အာဏာပိုင်စိုးမှုကြောင့် ဖြစ်ခြင်းနှင့် ပျက်ခြင်းဟူသမျှသည် ထာဝရဒွန်တွဲနေကြ၏။ ဖြစ်လာသမျှသော အရာခပ်သိမ်းတို့သည် မလွဲမသွေပျက်ကြရပေ၏။ ထို့ကြောင့် **သင်္ခတနယ်တွင် သင်္ခါရနိယာမသည် ဧကန်ဧကာဓမ္မမှန်ပေ၏**။

သို့ရာတွင် သင်္ခါရနိယာမတရားကြီးကို သိပ္ပံနည်းကျကျစူးစမ်းလေ့လာသောအခါဖြစ်ခြင်းအကြောင်း တရားနှင့်ပျက်ခြင်း

အကြောင်းတရားတို့သည် တခြားစီဖြစ်ကြောင်း တွေ့လာရ၏။

သံတစကြာဝဠာတခွင်၌ ဖြစ်ခြင်းအကြောင်းတရားသည် (ပေါင်းစည်းဘက်ဓာတ်သဘောများ၏ အညမညသမ္ပယုတ္တတရားကြီး) ဖြစ်ပြီး ပျက်ခြင်းအကြောင်းတရားသည် (ဆန့်ကျင်ဘက် ဓာတ်သဘောများ၏ ကဏ္ဍကောစ ပဋိပက္ခတရားကြီး) ဖြစ်ကြောင်း သိပ္ပံနည်းကျစွာ လေ့လာတွေ့ရှိခဲ့ပြီး ဖြစ်ပေသည်။ ထိုတရားကြီး ၂ ပါးတို့သည် သံတစကြာဝဠာတခွင်၌ အတူယှဉ်တွဲ၍ (အားပြိုင်လှုပ်ရှား)လျက် ရှိနေကြ၏။

ဖြစ်ခြင်း အကြောင်းတရားဖြစ်သော (ပေါင်းစည်းဘက်ဓာတ်သဘောများ၏ အညမညသမ္ပယုတ္တတရား)အတွက် ပြိုင်အားမှာ **ကုသိုလ်စိတ်စွမ်းအားကြီး** ( F1 )ဖြစ်၍ ပျက်ခြင်းအကြောင်းတရား ဖြစ်သော (ဆန့်ကျင်ဘက်ဓာတ်သဘောများ၏ ကဏ္ဍကောစ ပဋိပက္ခတရား)အတွက် **ပြိုင်အားမှာ အကုသိုလ်စိတ်စွမ်းအားကြီး** ( F2 )ဖြစ်လေသည်။

ထို့ကြောင့် ကုသိုလ်စိတ်စွမ်းအားကြီးမှ အကုသိုလ်စိတ်စွမ်းအားကြီး အပေါ်တွင် လုံးဝ အောင်မြင်စွာ အနိုင်ရရှိလာခြင်းသည် (ပေါင်းစည်းဘက်ဓာတ်သဘောများ၏ အညမညသမ္ပယုတ္တတရားကြီး)က (ဆန့်ကျင်ဘက်ဓာတ်သဘောများ၏ ကဏ္ဍကောစပဋိပက္ခတရားကြီး)အပေါ်တွင် **အကြွင်းမဲ့အနိုင်ယူလိုက်ခြင်း** (Absolute Victory of the Kusala Forces upon Akusala Forces)ပင် ဖြစ်လေသည်။

ဖြစ်ခြင်း အကြောင်းတရားကြီးသည် ပျက်ခြင်းအကြောင်းတရားတို့ပေါ်တွင် အကြွင်းမဲ့ အနိုင်ယူ၍ အောင်လံထူလိုက်သည်နှင့် တပြိုင်နက် ဆန့်ကျင်ဘက်ဓာတ်သဘောများ၊ ကဏ္ဍ

ကောစခေတ်သတောများနှင့် ပဋိပက္ခခေတ်သတောများစသည် များပြားသော အဖျက်ခေတ်သတောများသည် လုံးဝ ဇာတ် သိမ်း၍ထာဝရချုပ်ငြိမ်းကုန်ကြရလေသည်။

ထိုအခါတွင် ပေါင်းစည်းဘက်ခေတ်သတောများ၊ အညှ မညခေတ်သတောများနှင့် သမူဟခေတ်သတောများ စသည် အားဖြင့် အပြုခေတ်သတော၊ အဖြစ်ခေတ်သတောများသည် သာလျှင် ရှင်သန်ကြီးထွားလျက် ထာဝရခိုင်မြဲတိုးဘက်နေကြ လေသည်။ ဤသည်ပင်လျှင် နိဗ္ဗာန်ခေတ်မြတ်သောအသင်္ခတ နယ်ကြီး၏ ထာဝရပရမတ် ဖြစ်ရပ်ကြီးပေတည်း။ ဤဖြစ်ရပ် ကြီးကား အပျက်သတောများနှင့် လုံးဝကင်းစင်ကြည်လင်ချမ်း မြေ့နှလုံးမွေ့လျော် သာယာရှင်ပျော်ဘွယ်အတိနှင့် အပြည့် ကြီးပြည့်လျက် ရှိသဖြင့် **သန္တိသုခဘုံအမတကြီး** ပေတည်း။

ထို့ကြောင့် နိဗ္ဗာနဘုံကျင့်စဉ်းသို့ မြန်းကြွတော်မူခဲ့ကြကုန် သော အရိယာနွယ်ဝင် သူတော်စင်အပေါင်းတို့သည် ထာဝရ အပြုသတောနှင့် ထာဝရအဖြစ်သတောသာလျှင်ဖြစ်သော ကု သလစိတ်ပရမတ်၊ ကုသလစေတသိက်ပရမတ်နှင့် ရုပ်ပရမတ် ခေတ်များဖြင့် ထာဝရမပျက်စီးနိုင်သော ဖွဲ့စည်းတည်ဆောက် မှုများကိုသာလျှင်ပြုကာ အန္တိသုခအပေါင်းကို ငြိမ်းချမ်း သာယာစွာ စံပျော်လျက် ရှိနေကြသည်သာ ဖြစ်ပေ၏။

ထို့ကြောင့် နိဗ္ဗာနခေတ် မြတ်သောအသင်္ခတနယ်ကြီးကား သင်္ခတနယ်နှင့် လားလားမျှ မတူသဖြင့် အဝိဇ္ဇာနယ်ဖွား ရုပ်၊ နာမ်၊ ခန္ဓာ၊ သင်္ခါရနိယာမတရားတို့၏ ထာဝရဇာတ်သိမ်း၍ ချုပ်ငြိမ်းရာ **မဟာအမတ ထာဝရအချိန်၊ နေရာကြီးသာလျှင်** ဖြစ်သည်မှာ အလွန်ထင်ရှားလှပေသည်။

သင်္ခတနယ်တခွင်ဝယ် စိတ်ပရမတ်၊ စေတသိက်ပရမတ်နှင့် ရုပ်ပရမတ်ခေတ်များသည် ပရမတ္ထခေတ်သဘာဝများစင်စစ် ကေန်ဖြစ်ပါလျက် သင်္ခါရနိယာမတရားကြီး၏ လက်အောက်တွင် ဖြစ်ချင်တိုင်းဖြစ်၍ ပျက်ခြင်တိုင်း ပျက်သမျှဒဏ်ကို အလူးအလိမ့်ခံကြရ၏။ ကုသိုလ်ကံပြိုင်အားနှင့် အကုသိုလ်ကံပြိုင်အားကြီးတို့၏ အားပြိုင်လှုပ်ရှားမှုအောက်ဝယ် မရပ်မနားလည်ပတ်နေရသော သံသရာစက်ရထားကြီးအတွင်း၌ လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့၏ လောင်မြိုက်မှု ဝဋ္ဋဒုက္ခအဝဝကိုခံကာ စုန်ချီဆန်ချီ ရွှေလျားနေကြရရှာသော သတ္တဝါအနန္တတို့သည်ကား သနားဖွယ်ကောင်းလှပေ၏။

စင်စစ်သော်ကား သတ္တဝါဟူသမျှသည် စိတ်ပရမတ်၊ စေတသိက်ပရမတ်နှင့် ရုပ်ပရမတ်တည်းဟူသော ထာဝရအစွမ်းထက်သည့် **ပရမတ္ထစွမ်းအင်၊စွမ်းအားကြီးများ**ကို ပိုင်ဆိုင်ထားကြ၏။ ထိုသို့ ပိုင်ဆိုင်ထားသော ပရမတ္ထစွမ်းအားကြီးများကို **ကုသိုလ်ကံအလုပ်များ**လုပ်ရာတွင်သာ မှန်ကန်စွာ အသုံးချသွားမည်ဆိုလျှင် နိဗ္ဗာန်ပရမတ် ဘုံကြငှန်းကြီးဆီသို့ သတ္တဝါဟူသမျှ လှမ်းတက်ခွင့် ရနိုင်ကြသည်သာ ဖြစ်၏။

နိဗ္ဗာန်ပရမတ်ဘုံကြငှန်းဆီသို့ လှမ်းတက်ရာဖြစ်သော လမ်းကြောင်းကြီးကို မဟာကရုဏာရှင်၊မေတ္တာရှင်ဖြစ်သောဗုဒ္ဓမြတ်ဘုရားက ကိုယ်တိုင်ကြိုးပမ်းအားထုတ်၍ရှာဖွေကာဖြောင့်ဖြူးစွာဖောက်လုပ်ပေးသွားခဲ့ပြီး ဖြစ်၏။**ဗုဒ္ဓမြတ်ဘုရားကိုယ်တိုင် ခင်းကျင်းပေးသွားသော နိဗ္ဗာန်လမ်းကြီး**ကား အောက်ပါ ဂုဏ်အင်္ဂါများဖြင့်ပြည့်စုံသော သတ္တဝါတိုင်းအဖို့ မည်သည့်ယာဉ်ရထားမှမလိုပဲကိုယ်တိုင်ပင် လွယ်ကူစွာသွားရောက်နိုင်လေသည်။

## မဂ္ဂင်(၈)ပါး ဂုဏ်အင်္ဂါများ

| | | | |
|---|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ | = | မှန်သောတရားကို ကောင်းစွာ သိမြင်ခြင်း။ |
| ၂။ | သမ္မာသင်္ကပ္ပ | = | မှန်သောအကြံကို ကောင်းစွာ ကြံခြင်း။ |
| ၃။ | သမ္မာဝါစာ | = | မှန်သောစကားကို ကောင်းစွာ ပြောဆိုခြင်း။ |
| ၄။ | သမ္မာကမ္မန္တ | = | မှန်သောအလုပ်ကို ကောင်းစွာ လုပ်ခြင်း။ |
| ၅။ | သမ္မာအာဇီဝ | = | မှန်သော အသက်မွေးမှုကို ကောင်းစွာ ပြုခြင်း။ |
| ၆။ | သမ္မာဝါယမ | = | မှန်သော လုံ့လဝိရိယကို ကောင်းစွာ အားထုတ်ခြင်း။ |
| ၇။ | သမ္မာသတိ | = | မှန်သော ထိန်းသိမ်းမှုကို ကောင်းစွာပြုခြင်း။ |
| ၈။ | သမ္မာသမာဓိ | = | မှန်သော တည်ကြည်ငြိမ်းချမ်းမှုကို ကောင်းစွာ ဖြစ်ပေါ်စေခြင်း။ |

အထက်ပါ မဂ္ဂင်(၈)ပါး တရားတော်ထူးကြီးသည် နိဗ္ဗာန်ဘုံကြွင့်နိုးသို့ မြန်းလိုကြသော သတ္တဝါတိုင်းအတွက် ကိုယ်တိုင်ကိုယ်ကျ တကယ်လုပ်လျှင် တကယ်ရမည့် သေချာပေါက်လုပ်ငန်းစဉ်ကြီးများပင် ဖြစ်ကြပေသည်။

ဤလုပ်ငန်းစဉ်ကြီး (၇)ရပ်သည် တခုနှင့်တခု ဆက်စပ်နေသောသဘော ရှိ၏။ဤသဘောကြောင့် ပထမဆုံး စတင်ရမည့် **သမ္မာဒိဋ္ဌိလုပ်ငန်းစဉ်**သည် အလွန်ပင် အရေးကြီးလှပေသည်။သမ္မာဒိဋ္ဌိလုပ်ငန်းစဉ်မှာ မှန်သောတရားကို ကောင်းစွာ သိမြင်ရေး ဖြစ်၏။ ဤအရေးတွင် ပထမအဆင့်၌ မှန်သောတရားများနှင့် မမှန်သောစကားများကို ခွဲခြားတတ်ရန်လို၏။ ဤသို့ ခွဲခြားတတ်သည်နှင့်တပြိုင်နက် ဒုတိယအဆင့်၌ မှန်သောတရားများကို သိမြင်ခြင်းသို့ရောက်အောင် ကြိုးပမ်းအားထုတ်ရပေမည်။သတ္တဝါတို့သည် (သိတိုင်းမမြင်၊မြင်တိုင်းမသိ)တတ်သော **အဝိဇ္ဇာနယ်သူနယ်သားများ** ဖြစ်ကြခြင်းကြောင့် မှန်သောတရားများကိုပင် သိအောင်၊မြင်အောင် အစွမ်းကုန် ကြိုးစားအားထုတ်ရလိမ့်မည်ဟု နှလုံးသွင်းအပ်ပေသည်။

ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူခဲ့သမျှ တရားဓမ္မအဝဝတို့သည် မှန်သောတရားများချည်းသာ ဖြစ်ကြပေ၏။ သို့ရာတွင် ဗုဒ္ဓမြတ်ဘုရားသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀-ခန့်က ဟောကြားပြသခဲ့သော တရားဓမ္မတို့ကို နှုတ်ဖြင့်ကျက်မှတ်သူ၊ စာဖြင့်ရေးမှတ်သူ၊ လက်ဖြင့် ကူးယူသူ အဆင့်ဆင့်တို့ကို ဖြတ်သန်း၍ နောက်ဆုံး စက်ဖြင့် ရိုက်နှိပ်သောအဆင့်သို့ ရောက်ရှိသာရခြင်းဖြစ်၍ ဗုဒ္ဓမြတ်ဘုရား၏ မှန်သောတရားဓမ္မတို့တွင် မမှန်သောစကားအစအနများသည် တိုးဝင်ခိုအောင်း၍ သမိုင်းကြောင်းတလျှောက် ခရီးပေါက်ခဲ့ကြသည်လည်းရှိ၊ လမ်းတွင် ပျောက်ဆုံးကြသည်လည်း ရှိမည်မှာ မငြင်းသာသောကိစ္စ ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓမြတ်ဘုရား၏ မှန်သောတရားဓမ္မတို့တွင် မမှန်သောစကားအစအနများ တိုးဝင်နေခြင်းကို (သမိုင်းစဉ်၏ မလွဲမရှောင်သာသော ဖြစ်ရပ်ပါတကား)ဟု ရိုးသားစွာ သတိပြု၍ သတ္တဝါအသီးသီး၏ စိတ်ပရမတ်စွမ်းအင်၊ စေတသိက်ပရမတ်စွမ်းအားနှင့် ရုပ်ပရမတ်အင်အားများဖြင့် ခြင့်ချိန်တိုင်းထွာ၍ **မှန်သောတရားဓမ္မများကို ကောင်းစွာ သိမြင်အောင်** အစွမ်းကုန် ကြိုးပမ်း အားထုတ်ရမည်သာ ဖြစ်၏။

သတ္တဝါအသီးသီး၏ စိတ်ပရမတ်စွမ်းအင်၊ စေတသိက်ပရမတ်စွမ်းအားနှင့် ရုပ်ပရမတ်စွမ်းအင်အားများမှာ တဦးနှင့်တဦး ထပ်တူညီမျှခြင်းမဖြစ်နိုင်ကြသဖြင့် မှန်သောတရားဓမ္မများကို ဗုဒ္ဓမြတ်ဘုရားထံမှ ခံယူရာတွင် ထပ်တူထပ်မျှဖြစ်ချင်မှ ဖြစ်ပေမည်။ဗုဒ္ဓမြတ်ဘုရား သက်တော်ထင်ရှား တရားဓမ္မများ ဟောကြားနေသည်ကို နာကြားရသော သတ္တဝါများသော်မှ သောတာပန်၊သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ် ဟူ၍ အဆင့်ဆင့်အသီးသီးတွင် ခံယူချက်အသီးသီးဖြင့် **ပါရမီရှိသမျှသာ** ဖြစ်နိုင်ကြ၏။ မြတ်ဘုရားကိုယ်တိုင် ဟောပြနေပါလျက် သောတာပန်အဆင့်မျှပင် မရောက်သူများလည်း အသင်္ချေ အနန္တ ရှိခဲ့ကြပေသည်။

* ထို့ကြောင့် ဗုဒ္ဓမြတ်ဘုရား ဟောကြားပြသတော်မူခဲ့သော မှန်သောတရားဓမ္မတို့ကို မှန်ကန်စွာသိအောင်ပြုပြီးနောက် မြင်အောင်လည်း ပြုကြရန် လို၏။ အသိတရားကို အမြင်နှင့်သာလျှင် မှန်ကန်ကြောင်း သက်သေပြ၍ ရနိုင်၏။ ထို့ကြောင့် အသိတရားမှန်ပေါ်သို့ ရောက်ရှိသူများသည်

အမြင်မှန်များကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လာကြလိမ့်မည်။ ထိုအခါတွင် **သမ္မာဒိဋ္ဌိအမြင်**သည် ထိုသတ္တဝါအား **သံသယ** ဟူသမျှ ကင်းစင်စေလျက် ဗုဒ္ဓမြတ်ဘုရားကို ထင်ရှားစွာ ဖူးမြင်ရပြီး ရှေ့တော်မှောက်၌ ကိုယ်တိုင်ကိုယ်ကျ တရားနာရ သကဲ့သို့ ကြီးစွာသော ပီတိသောမနဿသည် ကေန်ကေ ဖြစ်လာပေအံ့။

* ထိုသို့ အမြင်မှန်သော တရားဓမ္မတို့ကို သိမြင်လာသော သတ္တဝါသည် စေတသိက်ပရမတ်စွမ်းအားဖြင့် ကြံစည်ခြင်း အလုပ်များကို ပြုလုပ်သောအခါတိုင်း မှန်သောအကြံအစည် များကိုသာ ကောင်းစွာ ထုတ်လုပ်လေသည်။ ဤအခါတွင် **သမ္မာသင်္ကပ္ပလုပ်ငန်းစဉ်**မှာ အောင်မြင်လာပေအံ့။

* မှန်သောအကြံအစည်များရှိသော သတ္တဝါသည် မှန် သောစကားကိုသာ ကောင်းစွာဆို၍ မှန်သောအလုပ်ကိုသာ ကောင်းစွာ လုပ်လာမည် ဖြစ်၏။ အကြောင်းမူ အကြံအစည် သည် အပြောအဆိုနှင့်အလုပ်အကိုင်ကို လမ်းညွှန်ခြင်းကြောင့် ဖြစ်၏။ ဤအခါတွင် **သမ္မာဝါစာနှင့် သမ္မာကမ္မန္တလုပ်ငန်း စဉ်ကြီးများ**မှာ အောင်မြင်လာပေအံ့။

* မှန်သောစကားကို ဆို၍ မှန်သောအလုပ်များကိုသာ လုပ်တတ်သော သတ္တဝါသည် မိမိ၏ အသက်ရှင်သန်ရေး၊ ကျန်းမာရေး၊ ချမ်းသာရေးတို့အတွက် အသက်မွေးမှုပြုရာတွင် တပါးသောသတ္တဝါအပေါ်၌ မတရားအဓမ္မ အနိုင်ယူ စော် ကားသော လုပ်ငန်းအဝဝကို ရှောင်ကြဉ်ရမည်သာ ဖြစ်၏။ အကြောင်းမူ မိမိအသက် ရှင်သန်လိုသကဲ့သို့ အခြားသတ္တဝါ များလည်း အသက်ရှင်သန်လိုကြမည်မှာ အမှန်ပင် ဖြစ်၏။ မိမိ

ကျန်းမာ၊ ချမ်းသာလိုသကဲ့သို့ အခြားသတ္တဝါများလည်း အသက်ရှိသူများပီပီ ကျန်းမာ၊ ချမ်းသာလိုကြမည်သာ ဖြစ်၏။ ဤသို့သော **ကိုယ်ချင်းစာတရားဖြင့်** မိမိအသက်ရှင်သန်ရေးကို မွေးသော သတ္တဝါမှာ **သမ္မာအာဇီဝလုပ်ငန်းစဉ်**တွင် မုချ အောင်မြင်လာပေအံ့။

※ အသက်မွေးမှုမှန်သော သတ္တဝါသည် အသက်ရှင်သန်နေမည်သာ ဖြစ်၏၊ ကျန်းမာနေမည်သာ ဖြစ်၏၊ ကိုယ်ရော စိတ်ပါ ချမ်းသာနေမည်သာ ဖြစ်၏။ ထိုအခါတွင် မှန်သော လုံ့လဝီရိယကို လုပ်ငန်းအဝဝ၌ ကောင်းစွာ စိုက်ထုတ်နိုင်မည်သာ ဖြစ်သည်။ ဤနည်းအားဖြင့် **သမ္မာဝါယမလုပ်ငန်း**မှာ အောင်မြင်လာပေအံ့။

※ ဤသို့ မှန်ကန်သော လုပ်ငန်းစဉ်များကို ကောင်းစွာ ပြုလုပ်တတ်သော အကျင့်စာရဂများကို မှန်ကန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရမည်ဖြစ်၏။ အဝိဇ္ဇာမှောင်ကင်းစင်အောင် ပြုပြင်လုပ်ဆောင်ထားသမျှကို သတိဝီရိယဖြင့် ထိန်းသိမ်းကာ ကောင်းစွာ နှလုံးသွင်းထားရမည် ဖြစ်၏။ အဝိဇ္ဇာမှောင် အတွင်းသို့ ပြန်လည်သက်ဆင်းမိခြင်း မရှိအောင် သတိကြီးစွာ ထား၍ ရှောင်ရှားရမည် ဖြစ်၏။ ဤနည်းအားဖြင့် **သမ္မာသတိလုပ်ငန်းစဉ်ကြီး**မှာ အောင်မြင်လာပေအံ့။

ဤသို့သော လုပ်ငန်းစဉ်ကြီး(၇)ရပ်ကို တည့်မတ်မှန်ကန်စွာ သတိချပ်၍ အောင်မြင်စွာ လုပ်ဆောင်လာသည်ရှိသော် **ထွက်ပေါ်လာသော ရလာဒ်ကြီး**မှာကား သမ္မာသမာဓိတည်းဟူသော မှန်ကန်သည့် တည်ကြည်ငြိမ်းချမ်းမှုကြီးပင် ဖြစ်၏။ စိတ်ပရမတ်၊ စေတသိက်ပရမတ်နှင့် ရုပ်ပရမတ်စွမ်းအားကြီး

(၃)ရုပ်တို့၏ မဖောက်မပြန် မှန်ကန်သော ကုသိုလ်ကံလုပ်ရပ်ကြောင့် ရရှိလာသော ရလာဒ်ကြီးမှာ အလွန်တည်ကြည်ငြိမ်းချမ်းသော သမ္မာသမာဓိရလာဒ်ကြီးပင်တည်း။

ဤသို့ ရရှိလာသော သမ္မာသမာဓိရလာဒ်ကြီး၏ အနေအထားကို သိပ္ပံနည်းကျစွာ နားလည်၍ ရပေသည်။ ဖော်ပြခဲ့သော စိတ်ပရမတ်လှိုင်းစကြာတွင် အားပြိုင်လှုပ်ရှားနေကြသော ကုသိုလ်စိတ်စွမ်းအားကြီး ( F1 )နှင့် အကုသိုလ်စိတ်စွမ်းအားကြီး ( F2 )တို့သည် သူမနိုင် ကိုယ်မသာ ဖြစ်သောအခါတွင် စိတ်ပရမတ်လှိုင်းစကြာမှာ ချာရဟတ်ပမာလည်၍ သံသရာဝဲဂယက်ကြီး(ထ)နေရခြင်း ဖြစ်သည်။

အထက်ပါ မဂ္ဂင်(၈)ပါး လုပ်ငန်းစဉ်များအရ သတ္တဝါတဦး၏ စိတ်ပရမတ်လှိုင်းစကြာတွင် ကုသိုလ်စိတ်စွမ်းအားကြီး ( F1 )မှာ တဖြေးဖြေး အားကောင်းလာ၏။ သမ္မာဒိဋ္ဌိအဆင့်မှ သမ္မာသတိအဆင့်သို့ တက်လှမ်းလာသော သတ္တဝါတဦး၏ စိတ်ပရမတ်စွမ်းအင်သည် တမြှင့်မြှင့်ကြီးထွားလာခြင်း ဖြစ်သည်။

သမ္မာသတိအဆင့်တွင် အချိန်ကြာမြင့်စွာ ထိန်းသိမ်းထားသော သတ္တဝါတဦး၏ စိတ်ပရမတ်စွမ်းအင်သည် ကုသိုလ်စိတ်စွမ်းအားကြီး ( F1 )ကိုလည်း တဖြေးဖြေး ကြီးထွားလာစေသည်။

ဤသို့ တဖြေးဖြေးကြီးထွားလာသော ကုသိုလ်စိတ် စွမ်းအားကြီးသည် တခုသော အဆင့်တွင် တဘက်မှ ဆန့်ကျင်လှုပ်ရှားနေသော အကုသိုလ်စိတ်စွမ်းအားကြီးကို တိတိကျကျအနိုင်ရဆဲကာလ၌ ပြိုင်အားစနစ်ဖြင့် မရပ်မနားလှည့်ပတ်

လှုပ်ရှားနေရသော စိတ်ပရမတ်လှိုင်းစကြာသည် ကုသိုလ်စိတ်စွမ်းအားကြီးက ဘရိတ်များအုပ်လိုက်သကဲ့သို့ တဖြေးဖြေးနှေး၍ သွားလေသည်။

သံသရာတခွင်ဝယ် ချားရဟပ်အသွင်ဖြင့် မရပ်မနားလှည့်ပတ်လှုပ်ရှားနေရသော စိတ်ပရမတ်လှိုင်းစကြာသည် ကုသိုလ်စိတ်စွမ်းအားကြီး၏ အရှိန်အဝါကြောင့် တဖြေးဖြေးနှေး၍ လာသော အဆင့်သည် သမ္မာသမာဓိအဆင့်ပင် ဖြစ်၏။

ဤအဆင့်သို့ ရောက်ရှိလာသော စိတ်ပရမတ်လှိုင်းစကြာသည် ပတ်ဝန်းကျင်မှ ရိုက်ခတ်လာသော **အဝိဇ္ဇာနှ၊ ဥပ္ပါဒလှိုင်းဂယက်များ**၏ ဒဏ်ကို ကြံ့ကြံ့ခံနိုင်သော အနေအထားသို့ ရောက်ရှိလာ၏။

ဤအခါတွင် စိတ်ပရမတ်လှိုင်းစကြာမှ ကုသလစိက်သက်လှိုင်း အနုအယဉ်များသည် ပတ်ဝန်းကျင်ရှိ ရုပ်ပရမတ်အတွင်းမှ အပြစ်အနာအဆာကင်း၍ ထာဝရတည်မြဲခြင်းရှိသော **ရုပ်ပရမတ်အုပ်ချုပ်များ**ကိုသာ ဆွဲငင်ရယူလျက် အလွန်အင်အားကြီးမားသော ကုသိုလ်စေတသိက် ပရမတ်စွမ်းအားများဖြင့် ဆက်စပ်စုပေါင်းကာ အကောင်းဆုံး၊ အလှဆုံး၊ အယဉ်ဆုံး၊ အနုဆုံးဖြစ်သော မဖောက်မပြန် ကေန်ကေ ထာဝရတည်မြဲသော **အနတ္တလက္ခဏာရုပ်မြတ်မဟာ**ကို သေချာစွာ ဖွဲ့စည်းတည်ဆောက်နိုင်လာလေသည်။

သခ်ိတစကြာဝဠာတခွင်၌ ဖွဲ့စည်းတည်ဆောက်၍ ရသောရုပ်ဟူသမျှမှာ အတ္တရုပ်များချည်းသာ ဖြစ်ကြ၍ အလွန်တရာကြမ်း၏၊ ခက်ထန်၏၊ မာကျော၏၊ မရပ်မနား ဖောက်ပြန်ပြောင်းလဲတတ်၏။ **အတ္တရုပ်များမှာ** ပထဝီ၊ တေဇော၊

အာပေါ၊ ဝါယောတည်းဟူသော မဟာဘူတကြီးလေးပါးကို အဓိကအခြေခံထားပြီး ဖွဲ့စည်းကြခြင်း ဖြစ်၍ ရသနှင့် ဖောဋ္ဌဗ္ဗ သတ္တိရုပ်များ လွန်ကဲသော ရုပ်ကြမ်းကြီးများ ဖြစ်ကြ၏။

အနုတ္တလက္ခဏာရုပ်မြတ်မှာကား အနုတ္တအာကာသနှင့် အနုတ္တဝဏ္ဏ၊ ဂန္ဓ၊ သဒ္ဒ ရုပ်ပရမတ် စသည်အားဖြင့် **ထာဝရ တည်မြဲသော အနုတ္တသတ္တိရုပ်များကို** အဓိကအခြေခံထားပြီး ဖွဲ့စည်းတည်ဆောက်ခြင်းဖြစ်၍ အကောင်းဆုံး၊ အလှဆုံး၊ အယဉ်ဆုံး၊ အချောဆုံးနှင့် အနုဆုံးသော လက်ရာမွန်ဖြစ်၏။*

ဤသို့သော လက်ရာမွန်ကို **သမ္မာသမာဓိအဆင့်၌** ရင့်ကျက်လာသော ကုသိုလ်စိတ်ပရမတ်လှိုင်းစကြာသည် ဖော်ပြပါ သတ္တိရုပ်များကို အခြေခံပြု၍ သေချာစွာ ဖွဲ့စည်းတည်ဆောက်လာ၏။ ဖွဲ့စည်းတည်ဆောက်ပုံမှာ သင်္ဘာစကြာဝဠာ အတွင်းမှာပင် အာကာသ ရုပ်ဘောင်ထွင်း၍ အနုတ္တသတ္တိရုပ်များကို လိုသလိုသွတ်သွင်းကာ အသေအချာ ဖွဲ့စည်းတည်ဆောက်ခြင်းအမှုကို **သမ္မာသမာဓိအဆင့်ရှိ စိတ်ပရမတ်စွမ်းအင်ကြီးက စိတ်တိုင်းကျ ပြုလုပ်နေခြင်း** ဖြစ်သည်။

ဤသို့ ပြုလုပ်နေသည်နှင့်အမျှ ကုသိုလ်စိတ်စွမ်းအားကြီးမှာလည်း ကြီးမားသထက် ကြီးမားလာ၍ နောက်ဆုံးတွင် အကုသိုလ်စိတ်စွမ်းအားကြီးကို လုံးဝ ချေဖျက်လျက် အပြတ်အသတ် အနိုင်ယူကာ အောင်မြင်တော်မူလေသောအခါ

---

* **အလွန်အနုမာနကျသော အယူအဆများသာ** ဖြစ်ပါ၏။

* ဤအယူအဆများကို သက်သေပြရန်မှာ ယနေ့နျူကလီယား သိပ္ပံပညာသည် ရှေ့သို့များစွာ ချီရပေအုံးမည်။

ကာသိုလ်စိတ်ပရမတ်လှိုင်းစကြာသည် အသေအချာ ဖွဲ့စည်းတည်ဆောက်ပြီး ဖြစ်သော အနန္တလက္ခဏာရှပ်မြတ်မဟာနှင့်အတူ သဥပါဒိသေသ နိဗ္ဗာန်ဓာတ်ရှိရာ အသင်္ခတနယ်ကြီးအတွင်းသို့ အရှိန်အဟုန်ပြင်းစွာဖြင့် ချဉ်းနှင်းဝင်ရောက်သွားလေတော့သတည်း။

# နိဂုံးချုပ်

ဤစာအုပ်တခုလုံးတွင် ပါဝင်သော အကြောင်းအရာများ အနက် ဗုဒ္ဓဝေါဟာရများကို ကိုးကားဖော်ပြချက်တို့မှတပါး ကျန် စာလုံး၊စာသားဟူသမျှမှာ **အနုမာနအယူအဆများသာ** ဖြစ်ကြသည်ဟု ဆိုနိုင်ပေ၏။

အနုမာနအယူအဆများတွင် သိပ္ပံနည်းအရ ကြောင်းကျိုး ဆင်ခြင်၍ တင်ပြထားသော အချက်အလက်၊ အဓိပ္ပာယ်နှင့် အတွေးအခေါ်ပေါင်း များစွာ ပါဝင်ကြသကဲ့သို့ သိပ္ပံနည်း များဖြင့် လက်လှမ်းမမှီသေး၍ အထောက်အထားအခိုင်အလုံ မတင်ပြနိုင်ဘဲ ရည်မျှော် ကြံဆရုံမျှသာ တတ်နိုင်သော အကြောင်းအရာများ ပါဝင်ကြသည်မှာ အမှန်ပင် ဖြစ်၏။

အထူးသဖြင့် နိဗ္ဗာနဓာတ်နှင့် မြတ်သော အသခ်တနယ် ကြီးအတွင်းသို့ သိပ္ပံသဘောတရားများဖြင့် ချဉ်းကပ်ရန် ကြိုးပမ်းခြင်းသည် အထွေထွေအပြားပြားသော နိဗ္ဗာန်အယူ အဆများအပေါ်တွင် ကလျာဏပုထုဇဉ်တို့၏ ကျဉ်းမြောင်း သော ဉာဏ်အမြင်ကို အစွမ်းကုန်ချဲ့ထွင်၍ စဉ်းစားကြည့်ကြ ရန် တိုက်တွန်းနှိုးဆော်ချက်တရပ်သာလျှင် ဖြစ်ပါ၏။

အဓိကအားဖြင့် ဟိနာယနဗုဒ္ဓဝါဒီများနှင့် မဟာယန ဗုဒ္ဓဝါဒီများ၏ နိဗ္ဗာန်အမြင်တရားနှစ်ပါးတို့သည်၎င်း၊အခြား သော နိဗ္ဗာန်အယူအဆ ဂိုဏ်းဂဏ အမျိုးမျိုးတို့သည်၎င်း၊ **သဥပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်** နှစ်တန် သောနိဗ္ဗာန်တို့သည်၎င်း၊ အသွင်အပြင် အနှစ်သာရအားဖြင့်

ဖွင့်ဆိုပုံများ အလွန်ခြားလျက်ရှိပေရာ ယင်းသို့သော အယူ **အဆ**အပြားပြားအတွင်းမှ **နိဗ္ဗာန်ပြဿနာများ**ကို ယခုခေတ်တွင် အတော်ပင် ရင့်သန်လာသော သိပ္ပံသဘောတရားများဖြင့် ချဉ်းကပ်လေ့လာ၍ ပါရမီရှင် သူတော်စင်အပေါင်းတို့သည် ဆင်ခြင်စဉ်းစားကာ ဆုံးဖြတ်ကြစေလိုပါ၏။

သို့မှသာလျှင် အဆိုပါပြဿနာများအတွင်းမှ တူညီသော အခြင်းအရာတို့ကို **နိဗ္ဗာန်၏ယေဘုယျဝိသေသလက္ခဏာများ** အဖြစ် အထင်အရှား ဖော်ထုတ်၍ရမည်ဟု ယုံကြည်ကိုးစားမိပေသည်။

ဗုဒ္ဓမြတ်ဘုရားသည် အလွန်သဘာဝကျသော **သဘာဝအဘိဓမ္မာဆရာကြီး** စင်စစ်ကေန် ဖြစ်သည့်အားလျော်စွာ အကြောင်းအကျိုး ညီညွတ်မှန်ကန်သော **သဘာဝနိယာမတရား၊ သဘာဝဓမ္မတရားများ**ကို မိမိအလိုလို ကိုယ်တော်တိုင်သာ ကြံစည်အားထုတ်၍ သိမြင်လာခြင်း ဖြစ်၏။ထို့ကြောင့် **ဗုဒ္ဓ၏**ဓမ္မဟူသမျှတို့သည် အလွန်နက်နဲသော ဩကာသနိယာမ **များနှင့် သတ္တနိယာမများ၊ သင်္ခတဓမ္မများနှင့် အသင်္ခတဓမ္မ များ၏** အကြောင်းအကျိုး ဖြစ်စဉ်အသွင်သွင်ကို ကေန်ကေ သိမြင်၍ ညွှန်ပြခြင်းသာလျှင် ဖြစ်ပေသည်။

ဗုဒ္ဓမြတ်ဘုရားသည် (ဓမ္မ)ကို တည်ထွင်ဖန်တည်းခြင်း မဟုတ်။ ကေန်ကေ သိမြင်တော်မူ၍ ညွှန်ပြခဲ့ခြင်းသာလျှင် ဖြစ်ပေ၏။(ဓမ္မ)ဟူသမျှသည် ဖန်ဆင်း၍ရင်း၊ ဖန်တည်း၍ရင်း ရစကောင်းသောအခြင်းအရာလည်း မဟုတ်ပါချေ။

အကယ်၍သာ သိပ္ပံပညာသည် ဩကာသနိယာမများနှင့် သတ္တနိယာမများကို ကြောင်းကျိုးမှန်ကန်စွာ စူးစမ်းရှာဖွေ

ရသော မူလတာဝန်ကြီးအား ကျေပြွန်စွာထမ်းဆောင်နေမည်ဆိုလျှင် ထိုသို့သောသိပ္ပံပညာရှင်သည် **ဗုဒ္ဓ၏လမ်းစဉ်အတိုင်း** လိုက်နာ ကျင့်ကြံလျက် ရှိသည်ဟုပင် ဆိုနိုင်ဖွယ်ရှိလေသည်။

သို့ဖြစ်ရာ **ဩကာသနိယာမများနှင့် သတ္တနိယာမများကို** တစုံတခုသော အတိုင်းအတာအထိ လေ့လာ သိရှိထားသော သိပ္ပံပညာသည် ဗုဒ္ဓမြတ်ဘုရား ရှေးဆောင် ညွှန်ပြသွားသော သဘာဝတရားဓမ္မများအား ဝေါဟာရ ခြားနားချက်များကို ကျော်လွှား၍ နားလည်သဘောပေါက်ရန် ကြိုးပမ်းမည်ဆိုပါက သိပ္ပံပညာအတွက် အတိုင်းမသိသော တိုးတက်မှုများကို မုချဆက်ဆက် ရရှိမည်သာ ဖြစ်ပေသည်။

ထိုအခါတွင် အပြန်အလှန်အကျိုးကျေးဇူးပြုသည့်သဘောအားဖြင့် ပိုမိုတိုးတက်လာသော သိပ္ပံသဘောတရားများ၊ သိပ္ပံအတွေးအခေါ်များနှင့် သိပ္ပံအသိတရားများသည်....

(က) ဗုဒ္ဓညွှန်ပြသွားသော **သင်္ခတနယ်နှင့် ရုပ်၊ နာမ်၊** ဓမ္မ သင်္ခါရတရားများကိုရင်း၊

(ခ) ထိုနယ်မှ လွတ်မြောက်ရာ နည်းလမ်းမှန်ဖြစ်သော **ပရမတ်လေးပါးအခြေခံတရားနှင့် သစ္စာလေးပါး မြတ်တရား**တို့ကိုရင်း၊

(ဂ) ထိုနည်းလမ်းမှန်ဖြင့် **ထာဝရလွတ်မြောက်ခြင်း၊ ထာဝရချမ်းသာခြင်းနှင့် ထာဝရငြိမ်းချမ်းခြင်း**တို့ကို ရရှိစေသော **နိဗ္ဗာနခေတ်** မြတ်သော **အသင်္ခတနယ်ကြီး**အတွင်းသို့ချဉ်းကပ်ပုံ အကြောင်းစုံကိုရင်း၊

ကောင်းစွာ နားလည် ခံယူပြီးသကာလ လူတောင်နှင့်တကွ သတ္တလောကကြီးတရပ်လုံး၏ အတိုင်းမသိသောအကျိုးစီးပွား များကို အပြုသဘောသက်သက်ဖြင့်သာ အစွမ်းကုန် ဆောင် ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသတည်း။

ဗုဒ္ဓသိပ္ပံ စီရံ တိဌတု

**သိပ္ပမ်မျိုး**

၁၀-၁၁-၇၀

# သိပ္ပံနည်းကျဗုဒ္ဓအဘိဓမ္မ




## သိပ္ပံမျိုး

သိပ္ပံဘွဲ့(ရန်ကုန်) မဟာဝိဇ္ဇာ(ကော်နဲလ်)